www.burmeseclassic.com



www.burmeseclassic.com

# ချစ်သူနမ်းမယ့်
# ပန်းဖြစ်ချင်တယ်

## လွန်း☆တာမှို



www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ထုတ်ဝေသူ | - | ဦးကျော်ဆန်း (မြဲ-၀၉၃၂)<br>ရဲအောင်စာပေ၊ အမှတ်(၂)၊<br>ချွန်း(၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊<br>ရန်ကုန်မြို့။ |
| အတွင်းနှင့်အဖုံးပုံနှိပ်သူ | - | ဦးကျင်ရင် (ရွှေခြေသို့ပုံနှိပ်တိုက်)<br>အမှတ်-၂၂၅၊ ၃၂လမ်း၊ ပန်းဘဲတန်းမြို့နယ်၊<br>ရန်ကုန်မြို့။ |
| ပုံနှိပ်ခြင်း | - | ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ |
| အုပ်ရေ | - | ၅၀၀ အုပ် |
| တန်ဖိုး | - | ၁၀၀ ကျပ် |
| ဖြန့်ချိရေး | - | ဖိုးလပြည့်စာပေ<br>အမှတ်-၂၂၃၊ ၃လွှာ၊ ၃၁-လမ်း၊<br>ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။<br>ဖုန်း - ၀၉ ၅၁၆၃၇၆၄၊ ၀၉-၅၀၈၉၈၉၄ |

၈၉၅.၈၃

လွန်းတာမို

ချစ်သူနမ်းမယ့်ပန်းဖြစ်ချင်တယ်/လွန်းတာမို၊ ရန်ကုန်။

ရဲအောင်စာပေ၊ ၂၀၁၃။

(၂၈၈)စာ၊ ၁၂ စင်တီမီတာ × ၁၇.၇ စင်တီမီတာ

(၁) ချစ်သူနမ်းမယ့်ပန်းဖြစ်ချင်တယ်


BURMESE CLASSIC .com

## အခန်း ( ၁ )

နေနန်းတော်တဲ့ ...

နာမည်လေးက အပျံစားခမ်းနားနေပေမယ့် ...

ဘဝလေးက မခမ်းနားနိုင်ရှာတဲ့ ကောင်လေးတစ်ယောက်။

အဝတ်အစားလေးက နွမ်းနွမ်း ... ဆံပင်လေးက တစ်စစီ ဖွာလန်ကြဲပြီး ပခုံးလေးထက်မှာဝဲလို့။ ရန်ကုန်ဘူတာကြီးကနေ ထွက်လာပြီး ရထားလမ်းတစ်လျှောက်မှာတွေ့လာသည့် စီးကရက်ဘူးခွံတွေ၊ ဘီယာဘူးခွံတွေကို ပိတ်ပိတ်ကန်ရင်း လမ်းလျှောက်လာတာလေ။

မျက်ဝန်းလေးတာ ... မိုက်မိမိုက်ကန်း ဂျစ်ကန်ကန်မျက်ဝန်းလေး။

တုံးဆိုတိုက် ကျားဆိုကိုက် မိုက်ပြတော့မည့် မျက်ဝန်းလေး။

ကောင်လေးရဲ့အသက်က အများဆုံးရှိမှ နှစ်ဆယ်ပေါ့။ ပိန်သွယ်သွယ်လေးပေမယ့် အရပ်ကလေးကတော့ မြင့်ပါသည်။

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အနက်ရောင်တီရှပ်အဟောင်းလေးကို ဂျင်းဘောင်းဘီရှည် ဟောင်းကလေးနဲ့တွဲကာ ထိုကောင်လေးက ဝတ်ထားသည်။ ပြောရရင် ... ထိုကောင်လေးလျှောက်လာတာ ပတ်ဝန်းကျင်ကိုလည်း သိပ်ဂရုစိုက်ပုံမရ။ ဘီယာဘူးခွံတွေ့လျှင် ဖြောင်းခနဲဝိတ်ကန်သည်။ မတွေ့လျှင်တော့ ကွန်ကရစ် ဇလီဗာတုံးတွေပေါ်ကနေ မျက်နှာထားတင်းတင်းလေးနဲ့ ဆက်ပြီးတော့ လျှောက်သွား၏။

တကယ်တော့ ... ဒီရထားသံလမ်းတွေဟာ နေနန်းတော် နေ့စဉ်လာနေကြ ပြန်နေကြ လမ်းတွေလေ။

ခုတော့ ... အမှောင်ရိပ်ကလေးတွေက သန်းလာနေပြီမို့ ခြေလှမ်းကို နှစ်ဆလှမ်းကာ အရှိန်ကိုမြှင့်ပါသည်။ ရှေ့ကိုလှမ်းကြည့်လိုက်တော့ ရှေ့မှာ သူနဲ့ဆို ရွယ်တူလောက်လေးတွေပဲရှိမည့် ကောင်လေးတစ်သိုက်။

"ဟာ ... "

သူတို့အလည်မှာ အဖြူရောင်ဂါဝန်ရှည်ကြီး ဝတ်ထားသည့် ကောင်မလေးတစ်ယောက်က ဒူးထောက်ထိုင်ကာ တဟင့်ဟင့် လေးနှင့် ငိုယိုတောင်းပန်နေရှာသည်။

"အဟင့် ... ကျွန်မကို မနှောက်ယှက်ပါနဲ့ရှင်"

"ကျွန်မ တောင်းပန်ပါတယ် ... "

"ဟား ဟား ... မင်း ဒီလိုတောင်းပန်တိုင်း ငါတို့က မင်းကို သနားမယ်ထင်လို့လား၊ ဟေ့ကောင်တွေ ... ဘာရပ်လုပ်နေတာလဲ၊ ဒီကောင်မလေးဆီမှာ ပိုက်ဆံဘယ်လောက်ပါလဲဆိုတာ ရှာကြည့်ကြစမ်း ... မသနားနဲ့ ပါသမျှအကုန်ယူ ... "

"အဟင့် ... မပါပါဘူး ... ကျွန်မ ... ကျွန်မ ... ထွက်ပြေး





လာတာပါ"

"မင်း ... မင်း ငါတို့ကို မလိမ်နဲ့နော် ... "

"မလိမ်ပါဘူးရှင် ... မလိမ်ပါဘူး ... အဟင့် ဟင့် ဟင့်"

ကိုယ်နဲ့မဆိုင်တာမြင်ရင် ဝင်မရှုတ်တတ်တာလည်း နေနန်းတော်ရဲ့အကျင့်။ သို့သော် ... ခက်နေတာက ယောကျ်ားသား လေး ယောက်အလည်မှာ ရောက်နေတာက တဟင့်ဟင့်လေး ရှိုက်ငိုတောင်းပန်နေရှာတဲ့ မိန်းကလေး။ ပြီးတော့လဲ ... နေရာက လူသူအသွားအလာမရှိသော ရထားလမ်းပေါ်မှာ။

"ဟိတ် ... မင်းတို့အားလုံး ရပ်လိုက်စမ်း ... "

"ဟင် ... "

"ဟာ ... "

သူတို့ရှိနေတဲ့နေရာဆီကို နေနန်းတော်က တည့်တည့်ပဲ လျှောက်ကာ ဝင်သွားလိုက်သည်။

"ဟေ့ကောင် ... ကိုယ်နဲ့မဆိုင်တဲ့ကိစ္စကို မင်းလာမရှုတ်နဲ့နော် ... "

"ဒီပွဲက သိပ်ကြည့်လို့မကောင်းဘူးထင်လို့ပါ ... ဟိတ် ... ကောင်မလေး ... ဒီကောင်တွေကို မင်းဂရုမစိုက်နဲ့၊ မင်း ... အခု ဒီနေရာကနေ ထွက်သွားတော့ ... "

"ဟင် ... "

မေ့ ရှိုက်သံလေးရပ်သွားကာ အရပ်မြင့်မြင့်ကြီးနဲ့ ရုတ်တရက်ပေါ်လာသည့် ကောင်လေးတစ်ယောက်ရဲ့ မျက်ဝန်းတွေကို အသက်ရှူမှားစွာ မေ မျက်တောင်တွေကော့သွားအောင် ကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်မိသည်။

မေနဲ့ဆို ရွယ်တူလောက်ပဲရှိမည့် ကောင်လေး။

ဆံပင်ရှည်တွေက ပခုံးစွန်းလေးပေါ်မှာ ဝဲဖြာကျလို့။

"ဟေ့ကောင် ... မင်းဘာပြောတာလဲ၊ ထွက်သွားရမှာ မင်း ထွက်သွားရမှာ ... "

"ငါ ထွက်မသွားဘူးဆိုရင်ရော ... " —

"ဟာ ... ကြာတယ်ကွာ"

"ဟိတ် ... "

"ဖြောင်း ... ဘောင်း ... "

"အမလေး ... "

မေ ကြောက်ပြီး လန့်အော်လိုက်မိတာ မျက်တောင်ခတ်ဖို့တောင် သတိမရ။ မေ ကြည့်နေရင်း နှစ်ယောက်က မှောက်သွားသည်။ နှစ်ယောက်က ထွက်ပြေးသွားသည်။ ဟိုဆံပင်ရှည်ရှည်လေးနဲ့လူကတော့ ကိုယ်မှာကပ်သွားသည့် ဖုန်တွေကိုခါရင်း အေးဆေးပါလား။

ကြည့်စမ်း ... တော်တော်မိုက်တာပဲ။

မေ မျက်ရည်တွေကို ကပျာကယာပွတ်သပ်ရင်း ဝမ်းသာအားရလေး ထရပ်သည်။ သူ့ကို ကျေးဇူးတင်ကြောင်းပြောဖို့ လှမ်းကြည့်လိုက်တော့ ...

"ဟာ ... "

ဆံပင်ရှည်ရှည်နဲ့လူက ထွက်သွားပြီ။

မေ နောက်မှာတစ်ယောက်တည်း ကျန်နေခဲ့တာကိုလည်း





ဂရုစိုက်ပုံမရ။ ကိုယ့်လမ်းကိုယ်သွားတော့ဆိုတဲ့ သဘောလား။

တော်တော်ရက်စက်တဲ့လူ။

တော်တော် အသည်းမာတဲ့လူ။

သူ ... မေ့ကို ဝင်ကယ်လိုက်လို့ မေဒုက္ခရောက်မသွားတာလေ။ လက်တလောအချိန်မှာ မေ အားကိုးနိုင်တာဆိုလို့ သူတစ်ယောက်တည်း။

မေ လှမ်းကြည့်လိုက်တော့ ...

မေနဲ့ ခပ်လှမ်းလှမ်းကိုပင် သူက ရောက်သွားခဲ့ပြီ။

"ဟာ ... ရှင် ... ခဏနေဦးလေ ... ဒုက္ခပါပဲ ... "

ဂါဝန်ရှည်ကြီးကို မ,ကာ မေ ပြေးလိုက်ရတာ ဒေါ်ပွပွလေးနဲ့ပါ။ ဒုက္ခရောက်နေတဲ့ မိန်းကလေးကို တစ်ယောက်တည်းထားပြီး ထွက်သွားတာ။ ဒီလူမှာ ခံစားတတ်တဲ့နှလုံးသား မရှိလို့လား။

သေချာတာက ဝိန်းပိတ်အောင်မှောင်သွားသည့် ရထားလမ်းကြီးပေါ်မှာ မေတစ်ယောက်တည်း မလျှောက်ရဲပါ။

"ဒီမှာ ... ဒီမှာ ... ရှင် ခဏလောက်ရပ်ပါဦး ... "

ဒါလည်း ... မေ့ကို သူ လှည့်မကြည့်။

"ရှင် ... ရှင် မသွားနဲ့နော် ... "

မေ အသည်းအသန် ပြေးလိုက်တော့မှ သူ့ခြေလှမ်းတွေကို မှိသွားသည်။

"မင်း ... မင်း ... ငါ့နောက်ကို ဘာဖြစ်လို့လိုက်လာတာလဲ"

ခြေလှမ်းတွေ ရပ်သွားတာလည်းမဟုတ်ဘဲ လှည့်မကြည့်ဘဲ ဆက်လျှောက်ရင်း မေ့ကိုမေးတာ။ မေ လိုက်လာတာကိုလည်း သူက လက်ခံချင်ပုံမရပါ။ ပြန်ဖြေလိုက်သည့်အသံက မာထန်နေ



www.burmeseclassic.com

www.burmeseclassic.com



သလို ချော်မှာတိုလည်း ထပ်မော့သည်။

ဘယ်ဆိုးလို့လဲဟင်။

အနီးကပ်လေး သေသေချာချာကြည့်တော့မှ သူ အသား လေးဖြူသားပဲ။ အမှောင်ထဲမှာပင် သူ့အသားလေးက ဝင်းထင်းနေ၏။ တစ်ခုပဲပြောစရာရှိတာက မဖြီးမသင်ဘဲထားသည့် ဆံပင်ရှည် တွေက ဖရိုဖရဲနဲ့ အလဲလဲအပြိုပြိုဖြစ်နေတာ။

"ရှင် … ရှင် … တော်တော်အသည်းမာတဲ့လူ သိလား"

"ဟွန်း … ဒီမှာ … မင်း ဘာပြောပြော ငါဂရုမစိုက်ဘူး သိလား"

"ရှင့်ကို ကျွန်မ ကျေးဇူးတင်တယ်"

"မလိုဘူး … အဲဒါတွေအားလုံး လေထဲဝဲပစ်လိုက် … "

"ဘာ … ဘာပြောတယ် … "

ခုထိလည်း သူ မေ့ကို လှည့်မကြည့်သေးပါ။

"ငါ့ကို ကျေးဇူးတင်စရာမလိုဘူးလို့ ပြောတာလေ … "

ဆံပင်ရှည်တွေကြားထဲ လက်ထိုးသွင်းကာဖွရင်း သူ့လမ်းကို ပဲ သူဆက်လျှောက်နေသည်။ မေ မောလာတော့ အသက်ရှူသံ လေးက ပြင်းလာ၏။ သူ့ခြေလှမ်းတွေကိုမှီအောင် မနည်းလိုက်နေ ရတဲ့အဖြစ်က မေ့အတွက်တော့ ရင်မော နာကျင်ဖွယ်ရာပင်။

"ရှင် … ရှင် … ကျေးဇူးအတင်မခံချင်လည်းနေပါ၊ ကျွန်မ တစ်ခုပဲ ရှင့်ကိုပြောပါရစေ … ကျွန်မ … ကျွန်မ ဒုက္ခရောက်နေလို့ လူကြီးတွေအလစ်မှာ ထွက်ပြေးလာတာ … "

"ဘာပြောတယ် … မင်းက ထွက်ပြေးလာတာ … "

သည်တော့မှ နေနန်းတော် သူမကို လှည့်ကြည့်မိသည်။





အမှောင်ရိပ်အောက်မှာမြင်နေရသည့် မျက်နှာလေးကပင် ဝင်းနှစ်အိစက်လို့။ ဘယ်လိုဖြစ်တာလဲဟင် … ဒီကောင်မလေး မင်္ဂလာသတို့သမီး ဝတ်စုံလေးနဲ့ ထွက်ပြေးလာတာလား။

"ဟုတ်တယ်လေ … ကျွန်မ အရမ်းမုန်းတဲ့လူတစ်ယောက်ရဲ့ ရင်ခွင်ထဲကို မဝင်ချင်လို့ လက်ဝတ်လက်စားတွေပါ အကုန်ချွတ် ထားခဲ့ပြီးတော့ ကျွန်မ ထွက်ပြေးလာတာ … ကျွန်မရဲ့ ရည်ရွယ် ချက်က ဒီရထားသံလမ်းပေါ်မှာ ကိုယ့်ကိုယ်ကိုယ် ရထားအတိုက်ခံ ပြီး သတ်သေမလို့ … "

မေ အမှန်အတိုင်းပဲ ဖွင့်ပြောသည်။

မေ့ စကားအဆုံးမှာ သူ့နှုတ်ခမ်းလေးတွေက ခပ်လျော့ လျော့အရိပ်ကလေးဖုံးကာ မဲ့သွား၏။

"ဟွန်း … အဲဒါဆိုလည်း မင်း ခဏစောင့်လိုက်လေ၊ နောက် ဆယ်မိနစ်လောက်နေရင် ရန်ကုန်–မန္တလေး အမြန်ရထားက ဒီနေ ရာကနေ ဖြတ်တော့မှာ … ဟုတ်ပြီလား၊ သေမယ်ဆိုလည်းသေလို့ ရတယ်၊ မင်းသဘောပဲ … ငါ့နောက်ကိုတော့ မင်းမလိုက်ပါနဲ့"

အို … ကြည့်စမ်း … ဒီလူ။

ပြောပြီးတာနဲ့ ချာခနဲလှည့်ထွက်သွားခဲ့ပြီ။

မေ့ကို ပြောသွားလိုက်တာလည်း ရက်ရက်စက်စက်။

သေမယ်ဆိုလည်း သေလို့ရတယ်။ မင်းသဘောပဲတဲ့။

"ဟာ … ဟာ … ရှင် မသွားနဲ့ဦးနော် … "

ရထားလမ်းတစ်လျှောက်မှာ လူက ရှင်းနေသလို ရထား လမ်းဘေးတစ်လျှောက်မှာရှိနေသည့် နေအိမ်လေးတွေဆီက မီး



www.burmeseclassic.com

www.burmeseclassic.com



ရောင်ကြိုးကြိုးကျဲကျဲလေးတွေက လင်းတချို့ မှိန်တချို့နှင့်။

မေ သူ့နောက်ကို ခပ်သွက်သွက်လေး ပြေးလိုက်တော့ ပန်း ချင်းယှဉ်ထိလုနီးပါး အနေအထားလေးအရောက်မှာ သူ့ကိုမှီသွားသည်။

"ဟာ ... မင်းလိုက်လာပြန်ပြီ ... "

နေနန်းတော် စိတ်ပျက်သံကလေးနှင့် ညည်းသည်။

မေက ဂရုမစိုက်ဘဲ သူ့မျက်နှာလေးကို မကျေမနပ်ကလေး လှည့်ကြည့်ကာ ...

"ရှင် ... ရှင် ... ဘယ်လိုလူလဲဟင်၊ လူတစ်ယောက်ကို သေချင်သေဆိုပြီး ထားခဲ့တာ၊ ရှင့်မှာ ... ညာတာထောက်ထားတတ်တဲ့ အသည်းနှလုံးလေးတောင် မရှိတော့ဘူးလား ... "

"ဟာ ... အဲဒါ ... မင်းကိစ္စလေ ... "

"ဒီမှာ ... ရှင်စကားပြောတာ ဂျစ်တစ်တစ်မပြောနဲ့၊ စောစောက ဟိုလူဆိုးလေးယောက်ကို ရှင်ထိုးကြိတ်လိုက်တာ မြင်ကတည်းက ရှင့်စိတ်ဓာတ်ကို ကျွန်မ လေးစားသွားတာ ... ပြီးတော့လဲ ... အမှောင်ထဲမှာ ကျွန်မကိုတစ်ယောက်တည်း ထားခဲ့ပြီး၊ ရှင် ခပ်မိုက်မိုက် လှည့်ထွက်သွားတယ် ... ဒါလည်း ကျွန်မ အံ့ဩတယ်"

တကယ်လည်း မေ အံ့ဩသွားခဲ့တာဖြစ်သည်။

ဒီလူ ဘယ်လိုလူလဲဆိုသည့် အသိတစ်ခုက မေ့ကို ချည်နှောင်သွားခဲ့၏။ လူတိုင်းက မေ့ကိုစိတ်ဝင်စားခဲ့သလောက် ဒီလူနဲ့ကျမှ ပစ်ပစ်ခါခါလုပ်တာကို ခံစားလိုက်ရတော့ မေ အံ့လည်းဩ စိတ်လည်းတိုနဲ့ သူ့နောက်ကို သွက်သွက်လေး ပြေးလိုက်ခဲ့ရတာ





ပါ။

"အဲဒါ ... ဘယ်သူနဲ့မှ ငါမပတ်သက်ချင်လို့ လှည့်ထွက်လာခဲ့တာလေ ... အရေးကြီးတာ မင်းကို ပြဿနာရှာမယ့်ကောင်တွေ မင်းအနားမှာ ရှိမနေဖို့ဘဲ လိုနေတာ မဟုတ်ဘူးလား ... အဲဒီအတွက် မင်းကိုငါကူညီလိုက်တာ ကျန်တာတွေ ငါဘာမှသိလည်း မသိချင်ဘူး ... စိတ်လည်း မဝင်စားဘူး ... "

"ရှင် ... ရှင် ... တကယ်ပြောနေတာ ... "

သူ့ကိုမော့ကြည့်ရင်း မခြောက်တတ်သေးသည့် မျက်ရည်စက်တွေကို မေက သုတ်ပစ်သည်။

ပြီးတော့မှ ... မေ သူ့ကို ပြောလိုက်မိတာက ...

"ဒီမှာ ... ရှင်က ကျွန်မကို စိတ်မဝင်စားပေမယ့် ကျွန်မကတော့ ရှင့်ကိုစိတ်ဝင်စားတယ် ... ထွက်ပြေးလာတုန်းက ကိုယ့်ကိုယ်ကိုယ် သတ်သေမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ထွက်ပြေးလာခဲ့ပေမယ့် ... ခုတော့ ... ကျွန်မ ရည်ရွယ်ချက်ကို ပြောင်းပစ်လိုက်ပြီ၊ ရှင် ဘယ်လောက်ပဲ ကျွန်မကို အော်ထုတ်ထုတ် မောင်းထုတ်ထုတ် ရှင့်နောက်ကို ကျွန်မ လိုက်မယ် ... "

"ဘာပြောတယ် ... "

ဒုတိယအကြိမ်မြောက်အဖြစ်နဲ့ နေနန်းတော် သူမကို လှည့်ကြည့်လိုက်ရပြန်ပြီ။

"မင်း ... မင်း ... အဓိပ္ပာယ်မရှိတာတွေ စိတ်ရူးပေါက်ပြီး၊ ငါ့ကိုလာပြောမနေနဲ့ ... မင်းပုံစံလေးနဲ့ မင်းမျက်နှာထားလေးကို ကြည့်လိုက်ကတည်းက မင်းဘယ်အဆင့်အတန်းကနေ လာတယ်ဆိုတာ ငါသိတယ် ... အကောင်းဆုံးက ဟိုရှေ့မှာ ပူနေတောင်



www.burmeseclassic.com

www.burmeseclassic.com



ဘူတာ ... ခင်းနေခဲ့တဲ့အကောင်းဆုံးရိပ်မြုံလေး တစ်ခုကိုပဲ အဲဒီ နေရာကနေ ခင်းလှည့်ပြန်သွားလိုက်ပါ ... ငါ့နောက်ကို လိုက်ပြီး ဒုက္ခခံဖို့ ခင်းလုံးဝ မစဉ်းစားနဲ့ ... ငါက လမ်းပေါ်မှာ တစ်ယောက်တည်းလျှောက်သွားနေတာ ... ငါ့နောက်ကိုလိုက်လာရင် မင်းပါ မျောသွားလိမ့်မယ် ... ရှင်းတယ်နော် ... "

"ရတယ် ... ကျွန်မ ဂရုမစိုက်ဘူး"

"ဘယ်လို ... "

"ကိုယ် မချစ်မနှစ်သက်သူတစ်ယောက်ကို လက်ထပ်လိုက်ရတာထက်စာရင် ကိုယ်ယုံကြည်တဲ့လူတစ်ယောက်အနားမှာပဲ၊ သေတဲ့အထိ ကျွန်မ နေသွားချင်တယ်"

"ဟား ... ဟား ... မင်း ... မင်းက ငါ့ကိုယုံတယ်ဟုတ်လား၊ ဟား ... ဟား ... ကောင်မလေးရာ ... မင်း အရူးမထစမ်းနဲ့ကွာ၊ မင်းက ငါ့ကိုယုံတယ်ပြောရလောက်အောင် ငါ့မှာ ဘာဂုဏ်သိက္ခာတွေရှိနေလို့လဲဟင် ... မင်းပြောလေ ... မနက်မိုးလင်းတာနဲ့ နှင်းဆီကုန်းဘူတာနားကနေ မြို့ထဲရောက်အောင် ဒီမီးရထားလမ်းပေါ်ကနေ ငါလျှောက်လာတာ ပြန်ရင်လည်း ဒီလမ်းအတိုင်းငါပြန်တယ်"

"ရှင် နေတာကရော ... "

"ငမိုးရိပ်ချောင်းစပ်က ကျူးကျော်တဲလေးတစ်လုံးမှာ ငါနေတာလေ ... "

ကြည့်စမ်း ... သူနေတာ ...

ငမိုးရိပ်ချောင်းစပ်က ကျူးကျော်တဲလေးမှာ နေတာတဲ့။

"ဟင် ... ဒါဆို အရမ်းလည်း လွတ်လပ်ပြီး အရမ်းလည်း ပျော်စရာကောင်းမှာပေါ့ ... ရတယ် ... ကျွန်မ မသေချင်တော့ဘူး။





ကျွန်မကို ဘယ်သူမှ ရှာလို့မတွေ့အောင် အဲဒီချောင်းစပ်ကလေးက တဲကလေးမှာ ရှင်နဲ့အတူတူ ကျွန်မ လိုက်နေမယ် ... "

"မင်း ... အရူးမထနဲ့ ... "

"ရှင် ပြောချင်တာပြော ... ကျွန်မ လိုက်မယ် ... "

"မင်း ... မင်း တကယ်ပြောနေတာ"

တစ်ကိုယ်လုံး အေးစက်သွားခဲ့တာ ...

နေနှန်းတော် မေ့နိုင်ပါတော့မလား။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂ )

"ကြီးကြီးမိုးရေ ... ကြီးကြီးမိုး ..."

"ဟဲ့ ... ဟဲ့ ... ဘယ်သူလဲဟင် ... အိုးလေးလား ..."

"ဟောဟဲ ... ဟောဟဲ ..."

တိုက်ရှေ့ဧည့်ခန်းကျယ်ကြီးထဲကနေ နောက်ဖေးမီးဖိုခန်း ရောက်အောင် ဒရောသောပါး ပြေးလာရတော့ အိုးလေးဆိုသည့် အရပ်ပုပြတ်ပြတ်လေးနှင့် အလုပ်သမားကောင်မလေး မောနေသည်။

"ဟဲ့ ... မေးနေတာဖြေလေ ... အိုးလေး ... ကြည့်ပါဦး။ ပြေးလာတာလည်း မျက်လုံးပြူး မျက်ဆန်ပြူးနဲ့ ..."

"မမမြတ်သောမေလေ ... မမမြတ်သောမေ ..."

"ဟင် ... မေ ဘာဖြစ်လို့လဲ ..."

"မင်္ဂလာပွဲကို ရောက်မလာဘဲ ထွက်ပြေးသွားလို့တဲ့ ..."

"ဘုရားရေ ... မေ ထွက်ပြေးသွားတယ် ..."





ကြီးကြီးမိုး ... ရင်ဘတ်ကိုဖိရင်း ဘုရားပါ တ,လိုက်ရသည်။

"ဟုတ် ... ဟုတ်ရဲ့လား အိုးလေးရယ် ... နင်ပြောတာကို ကြားရတာ ငါရင်တုန်လိုက်တာနော် ..."

"ရှင် ... ရှင်မတုန်နဲ့ ကြီးကြီးမိုး ... အဲဒါ ... အိုးလေး တကယ်ပြောနေတာ၊ စီစဉ်ထားတဲ့ မင်္ဂလာပွဲလည်း ရုတ်ရုတ်သည်း သည်းနဲ့ ပျက်သွားလို့ ... အန်တီလှိုင်းမခ တော်တော်ဒေါပွနေတယ်၊ အိုင်ဘာ ဦးလေးစံလည်း အပြောခံရတာ ခေါင်းတောင်မဖော်နိုင် တော့ဘူးတဲ့ ..."

"ဘုရား ... ဘုရား ... ဒါကြောင့်မို့ အရင်နေ့တွေကတည်းက မေ ပြောပြောနေတာ ... ဦးမင်းသိက္ခာကို လက်မထပ်ချင်ဘူး၊ ဦးမင်းသိက္ခာကို မယူချင်ဘူးနဲ့ ... မင်္ဂလာအခမ်းအနား ကျင်းပ တော့မယ့်အချိန်ကိုရောက်မှ မေက ထွက်ပြေးသွားတာဆိုတော့ ဦးမင်းသိက္ခာလည်း အရှက်ကွဲရပြီပေါ့ ..."

ကြီးကြီးမိုးတစ်ယောက် ခြေမကိုင်မိ လက်မကိုင်မိနဲ့ ပျာ ယာခတ်ကာ ချပြီးသား ရေနွေးအိုးကိုလည်း မီးဖိုပေါ်ပြန်တင်လို့ တင် ... ရေစင်အောင်ဆေးပြီးသား၊ ဖရုံညွှန့် အခက်အဖျားလေးတွေ ကိုလည်း ရေဇလုံထဲ ပြန်ပစ်ထည့်လို့ထည့်နဲ့ ကယောင်ချောက်ချား ဖြစ်ကာ ဘာလုပ်လို့လုပ်ရမှန်းလည်းမသိ။

"အဲဒါ ... အခုပဲ ဦးလေးစံဖုန်းဆက်လို့ ဒီအကြောင်း အိုးလေး သိလာတာ ... ရဲစခန်းတွေမှာလည်း လူပျောက်တိုင်ချက်ဖွင့်ပြီး၊ တစ်မြို့လုံးလူစုခွဲပြီး လိုက်ရှာနေတယ်တဲ့ ... ဦးမင်းသိက္ခာနဲ့ သူ့လူ တွေရော အန်တီလှိုင်းမခနဲ့ ကုမ္ပဏီက ဝန်ထမ်းတွေပါ လူစုခွဲပြီး လိုက်ရှာနေကြတာ ... အဲဒါ ... မမမြတ်သောမေ အိမ်ကိုပြန်ရောက်



www.burmeseclassic.com

www.burmeseclassic.com



ခြံစောင့်ကြီး ဦးဘမောင်က အပြေးအလွှားသွားကာ ခြံထဲ အဝင်တံခါးကို သွားဖွင့်သည်။

ကားနောက်ခန်းမှာ ဒေါ်လှိုင်းမခ မျက်နှာတစ်ခုလုံး နီမြန်းလျှက်။

လူက ဆင်းမလာခင် ဖုန်းသံတွေက အရင်မြည်ကာ ကားထဲမှာ ဆူညံနေသည်။

"ပြော ... ဦးလေးစံ ... ပြော ... ပြော ... "

"ကျွန်တော်တို့ ရှာတာနဲ့နေပြီ ... "

"မတွေ့ရင် ရှင်ပြန်မလာခဲ့နဲ့လို့ ကျွန်မပြောထားတယ်လေ၊ ဦးလေးစံ ... မတွေ့ဘဲနဲ့ ကျွန်မဆီ ဖုန်းဆက်မနေနဲ့ အလကား အချိန်ကုန်တယ် ... "

ဖုန်းပြောရင် ဒေါ်လှိုင်းမခ ကားပေါ်က ဆင်းသည်။

ကြီးကြီးမိုးရော အိုးလေးကပါ အခန်းဝမှာ ခေါင်းလေးတွေ ကိုယ်စီငုံ့ကာ ... ဒေါ်လှိုင်းမခ ဆင်းလျှောက်လာတာကိုလည်း လှမ်းမကြည့်ရဲ။ ဒေါ်လှိုင်းမခက ပွဲတက်ဇာ ဝမ်းဆက်အဖြူကို အနက်ရောင် ပုဝါခြုံထားတာက ဖရိုဖရဲနှင့် လျှော့တိလျှော့ရဲပြန်လာခဲ့ရတာဖြစ်သည်။

အချိန်ကပ်ပြီးတော့မှ မင်္ဂလာပွဲ ပျက်ခဲ့ရသည်။

ဧည့်သည်တွေကို ဟန်မပျက် ဧည့်ခံနေဆဲမှာ ရှိသမျှလူအင်အားသုံးပြီး မြတ်သောမေ ပြေးနိုင်သမျှ လမ်းတွေကို ပိတ်ဆို့ရှာခဲ့ပေမယ့် အားလုံးအချည်းနှီးပဲဖြစ်ခဲ့၏။ သတို့သား ဦးမင်းသိက္ခာလည်း အရှက်ကွဲ ... ဒေါ်လှိုင်းမခလည်း မျက်နှာမဖော်ရဲအောင်ဖြစ်ကာ





ပြန်ခဲ့ရလေတဲ့ တစ်လမ်းလုံးမှာ ဒေါသမီးတို့ကသာ အလျှံငြီးငြီး တောက်လောင်လာခဲ့ရလျှက်။

ဦးစံ ဖုန်းကိုပိတ်ချပြီး တိုက်ထဲကိုလှမ်းဝင်တော့ ခေါင်းထဲမှာ မိုက်ခနဲဖြစ်ကာ လဲတော့မလိုတောင် ဖြစ်သွားသည်။

"ငါ့ကို ... ငါ့ကို သံပုရာရည်တစ်ခွက် မြန်မြန်ဖျော်ခဲ့စမ်း"

နောက်ဆုံးတော့ ဧည့်ခန်းအလယ်က ဆိုဖာဆက်တီခုံပေါ်မှာပဲ မှီထိုင်ချကာ တစ်ကိုယ်လုံး စိတ်လွတ်ကိုယ်လွတ် ပစ်လဲကျသွားသည်။

"ဟဲ့ ... အိုးလေး ဘာငိုင်နေတာလဲ ... သံပုရာရည်တစ်ခွက် မြန်မြန်ဖျော်ခဲ့လေ ... သွား ... သွား မြန်မြန်လုပ် ... "

ကြီးကြီးမိုး အိုးလေးကို အတင်းတွန်းလွှတ်နေ၏။

"မမိုးလားဟင် ... "

"ဟုတ်တယ်လေ မမ ... "

"မင်္ဂလာပွဲ ... မင်္ဂလာပွဲ ပျက်သွားပြီလေ ... မမိုးရဲ့"

"ရှင် ... "

သိထားတာကို ကြီးကြီးမိုး ထုတ်မပြောရဲ။

ဘယ်သူသတင်းပို့တာလည်းဆိုပြီး အမှုက ပတ်ချင်ပတ်နေဦးမည်။

"မအေကို အရှက်ခွဲတဲ့သမီး ... "

"ဘာ ... ဘာတွေဖြစ်ကုန်ကြလို့လဲ မမရယ် ... "

"အလှပြင်ဆိုင်ကနေ မြတ်သောမေ ထွက်ပြေးသွားတယ်လေ"

"အို ... ဟုတ်လား ... "



www.burmeseclassic.com

www.burmeseclassic.com



"ဟိုဘက်အသိုင်းအဝိုင်းတွေလည်း အရှက်ကွဲ၊ မင်္ဂလာပွဲက လည်း ရုတ်ရုတ်သဲသဲနဲ့ပျက် ... မိဘက မြင့်စေချင်လို့ တိမ်ပေါ် ရောက်အောင် ဆွဲတင်ပေးတာကို ပက်ပက်စက်စက်ခုန်ချပြီးတော့မှ ထွက်ပြေးသွားတာ၊ ဟွန်း ... ပွဲပျက်ပြီးတော့မှ ပြန်လာရဲပြန်လာ ကြည့် ... "

ကိုယ့်ထက်အသက်ငယ်ပေမယ့် မမလို့ခေါ်ပြီး ရှေ့မှာ ဒူး ထောက်ထိုင်ရတာ လှိုင်းမခဆိုတဲ့ အရှိန်အဝါတွေကြောင့်ပါပဲ။

အိုးလေးက သံပုရာရည်ခွက်ကလေးကို လာချပေးသည်။

"ပြန် ... ပြန်လာမှာပါ မမရယ် ... မေလေးက ဘယ်ကိုမှ သွားတတ်လာတတ်တာမှ မဟုတ်တဲ့ဟာကို ... အပြင်ထွက်ရင် တောင် ဘယ်တုန်းက တစ်ယောက်တည်းထွက်ဖူးလို့လဲ၊ အားလုံး ကိုကြောက်ပြီး တစ်နေရာမှာပုန်းနေလို့ အလွယ်တကူ ရှာလို့မတွေ့ တာဘဲနေမှာ၊ မမ မယုံရင်ကြည့်လိုက် ... တစ်ရက်နှစ်ရက်နေရင် မေလေး ဒီကိုပဲပြန်လာမှာ သေချာတယ် ... အဝေးကြီးရောက်သွား အောင်လည်း မေလေး သွားရဲမှာ မဟုတ်ဘူး ... "

ခေါင်းမီးတောက်ကြတာလည်း ခြံထဲရှိသမျှလူတိုင်းလိုလိုပါ။ အားလုံးကလည်း မေလေးမှ မေလေး ချစ်ခဲ့ကြတာ။ ပြောရရင် မိတဆိုး ဖတဆိုးမလေးဆိုပြီး ကရုဏာတွေ တလှေကြီးနဲ့ မေလေး ကို အချစ်ပိုခဲ့ကြတာလေ။

မိထွေးလက်ပေါ်မှာ ကျန်နေခဲ့တဲ့ သမီးလေး။

မိထွေးချယ်လှယ်သမျှ နာခံခဲ့ရတဲ့ သမီးလေး ...

အခု ... မေလေးနဲ့ အတင်းအကြပ်ပေးစားဖို့ စီစဉ်ခဲ့တဲ့ မောင်မင်းသိက္ခာဆိုတာ ဒိတ်ဒိတ်ကြဲ လူပျို့လူလွတ်။ ကုမ္ပဏီ စီးပွား





ရေး လုပ်ငန်းရှင်တစ်ယောက်ရယ်ပါပဲ။ သူ့ရဲ့ ဝုဏ်ဒြပ်ကြီးမား ခန့် ထည်မှုတွေကြောင့်သာ ဦးမင်းသိက္ခာလို့ အမည်တပ်ခံထားရပေ မယ့် အသက်နှစ်ဆယ့်ရှစ်နှစ်သာရှိသေးသည့် လူငယ်တစ်ဦးဘဝနဲ့ ဒီမင်္ဂလာပွဲကို မောင်မင်းသိက္ခာက ခေါင်းညိတ်လက်ခံခဲ့တာလေ။

ပြောရရင် ... မောင်မင်းသိက္ခာ သံယောဇဉ်ရှိခဲ့တာက စံမြန်းရိပ်ဆိုသည့် မိန်းကလေး။ ဒါကို မလိုသူတွေက စံမြန်းရိပ်ဆို သည့်မိန်းကလေးနဲ့ နီးစပ်မှုရှိသွားမှာကြောက်လို့ ဒေါ်လှိုင်းမခနဲ့ တိုင်ပင်ပြီး မြတ်သောမေနဲ့ပေးစားဖို့ စီစဉ်ခဲ့ကြတာပါ။

ခုတော့ ... ပွဲက ပျက်ခဲ့ပြီပေါ့။

မောင်မင်းသိက္ခာရဲ့ အဖေ၊ အမေ၊ အဖိုး၊ အဖွားတွေ ညီအစ်မ တွေအပါအဝင် ဒေါ်လှိုင်းမခအဆုံး ခေါင်းချင်းဆိုင်တိုင်ပင်ပြီး ဒီ ပြဿနာကိုရှင်းဖို့ ကြိုးစားခဲ့သမျှတွေအားလုံး ဒီညမှာပဲ အဆုံးသတ် ခေါင်းလောင်းထိုးသံ တစ်ခုနဲ့ပဲ ဇာတ်သိမ်းသွားခဲ့ရပြီပေါ့။

"အို ... ဘာပဲဖြစ်ဖြစ် ဒီလိုအသိုင်းအဝိုင်းကြီးတစ်ခုလုံးကို ခမ်းတနား ဖိတ်ကြားပြီးတော့မှ ပွဲပျက်အောင် လုပ်သွားတာကို ကျွန်မ အသည်းနာတယ်၊ ဒီခြံထဲကို မြတ်သောမေ ပြန်လာရင်လည်း တွေ နားတွေရိုက်ပြီးတော့ကို ကျွန်မ ဆုံးမမယ် ... "

ညရောက်လို့ အိပ်ရာဝင်တော့လည်း တော်တော်နဲ့ဒေါ်လှိုင်း မခ အိပ်လို့မရ၊ ထ,လျှောက် ပုတီးစိတ်တော့လည်း စိတ်က ဘုရား ရှင်ဆီမှာမရှိ၊ ဝင်လာသမျှ ဖုန်းတွေကို ကိုင်တော့လည်း မြတ်သော မေကို ရှာမတွေ့သေးပါဆိုသည့်အဖြေတွေကပဲ ဖုန်းတစ်လုံးပြီး သုံးဆိကနေ စိတ်ပျက်ဖွယ် တက်လာနေခဲ့သည်။ အချိန်ကြည့် လိုက်တော့လည်း ညတစ်နာရီကျော်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဒါဆို မြတ်သောမေ ဘယ်ရောက်သွားပြီလဲ။

ရေထဲပဲ ခုန်ချသွားပြီလား။ တစ်နေရာရာမှာ ဒုက္ခပဲရောက်နေပြီလား။ သေချာတာက ... မြတ်သောမေက လည်ပတ်နေသမျှ လုပ်ငန်းတွေ၊ ငွေတွေ၊ အမွေတွေအားလုံးရဲ့ သုံးပုံနှစ်ပုံကို အတိအကျ စာချုပ်စာတန်းတွေနဲ့ ပိုင်ဆိုင်ထားခဲ့တာ။

ဒေါ်လှိုင်းမခကတော့ ...

အမွေဝေစုရဲ့ သုံးပုံတစ်ပုံကိုပဲ မိထွေးအဖြစ်နဲ့ ခံစားခွင့်ရှိခဲ့တာလေ။ အကယ်၍သာ ဦးမင်းသိက္ခာနဲ့ မြတ်သောမေ လက်ထပ်သွားခဲ့မည်ဆိုလျှင်တော့ ... အခြေအနေက တစ်မျိုးပြောင်းပြီး မိမိဘက်မှာ အလေးသာလာမလားဆိုသည့် မျှော်လင့်ချက်တွေနှင့် တစ်ချက်ခုတ်နှစ်ချက်ပြတ်သဘောမျိုး ဒေါ်လှိုင်းမခ ကြံစည်ခဲ့တာဖြစ်သည်။

ခုတော့ ... အားလုံးလွဲချော်ခဲ့ရသည့်အပြင် မိမိပါ စိတ်သောကရောက်နေတဲ့အဖြစ်။ မြတ်သောမေကိုတော့ မတွေ့တွေ့အောင် ရှာနိုင်မှဖြစ်မည်။ ဒီတစ်ကြိမ်လွဲရင်တော့ နောက်တစ်ကြိမ် စီစဉ်သင့်ရင် စီစဉ်ရမည်။

ဒီလိုပဲ ... ပုတီးစိတ်ရင်း ဒေါ်လှိုင်းမခ တွေးသည်။

ဒီဇာတ်လမ်းမှာ တကယ်အရေးကြီးတာက မင်းသိက္ခာ။

ပျောက်သွားတဲ့မြတ်သောမေကို ပြန်ရှာတွေ့ခဲ့လျှင်တောင်မှ အရင်ကလို ခေါင်းညိတ်လက်ခံနိုင်ပါဦးတော့မလား။



အခန်း ( ၃ )

"အို ... ကြည့်ပါဦး ... ဒီတဲကလေးမှာရှင်နေတာ"

အမှောင်ထုအောက်မှာ ငြိမ်သက်နေသည့် တဲကလေးကို ကြည့်ရင်း မေ့မျက်တောင်လေးတွေ ကော့တက်သွားတာ။ တစ်ကိုယ်လုံး အေးစက်သွားရသည့်အထိပဲ ဖြစ်သည်။ နေနန်းတော်က ဘာမှမပြောဘဲ ဝါးလှေကားလေးကိုနင်းကာ တဲအိမ်လေးပေါ် လှမ်းတက်သည်။ ပြီးတော့မှ ... ဂျင်းဘောင်ဘီနောက်အိတ်ကလေးထဲက ဂတ်မီးခြစ်လေးကိုဆွဲထုတ်ကာ ဖရောင်းတိုင်လေးမှာ မီးကူးလိုက်တော့မှ တဲကလေးက ဝါကျင်ကျင်အရောင်လေးတွေနဲ့ လင်းထိန်သွားခဲ့၏။

"ဟုတ်တယ် ... ငါနေတာ ဒီတဲလေးပဲ၊ တစ်ခုတော့ရှိတယ်နော် ... လေတွေတဝေါဝေါတိုက်ပြီး ချောင်းကမ်းပါးနဲ့နီးတဲ့ ဒီနေရာလေးမှာ မင်းမနေရဲဘူးဆိုရင် ဒီအိမ်ရှေ့ကနေပဲ မင်းလှည့်ပြန်သွားလို့ရတယ် ... ရှင်းတယ်နော် ... ဟွန်း ..."

နေနန်းတော် လှည့်မကြည့်ဘဲပြောရင်း တဲကောင့်လေးမှာ



www.burmeseclassic.com

www.burmeseclassic.com



ခွေလိပ်ထောင်ထားသည့် ဖျာဟောင်းလေးတစ်ချပ်ကို ဖြန့်ကာခင်းသည်။

"ကျွန်မ တက်လာပြီနော်"

နေနန်းတော် မဲ့မဲ့လေးပြုံးမိ၏။

ဝါးကြမ်းခင်းဆီမှ ကျိုးကျိုးကျွတ်ကျွတ်အသံနှင့်အတူ အဖြူရောင်ဂါဝန်ရှည်ကြီးနှင့်။ သူမလေးက တဲပေါ်ကို သတ္တိရှိရှိနှင့်တက်လာသည်။

"ရတယ် ... ဒီဖျာပေါ်မှာ မင်းထိုင်လိုက် ... "

မေ အံ့ဩနေမိတာက ဆံပင်ရှည်ခွေခွေဝဲဝဲကလေးတွေနှင့် ဒီကောင်လေး။ ကြည့်ပါဦး ... ဒီဂျစ်တစ်တစ်ကောင်လေးက ဒီတဲလေးပေါ်မှာ တစ်ယောက်တည်း နေသတဲ့။ သူ့ခြေလှမ်းကြီးကြီးတွေနောက်ကို မေ မနည်းမီအောင် လိုက်ခဲ့သမျှ ဒီတဲလေးပေါ်ရောက်မှ တစ်ကိုယ်လုံး ကိုင်ရိုက်ထားသလို ခြေဖဝါးလေးတွေကပါ နာချင်နေသည်။

မေ ကိုယ့်ခြေသလုံးလေးကိုပြန်နှိပ်ကာ ကိုင်ရင်း သူ့ကိုလှမ်းကြည့်လိုက်တော့ ... သူက နောက်ထပ် ဖယောင်းတိုင်တစ်တိုင်ကို ထွန်းကာ အခန်းထဲဝင်သွား၏။ သူပြန်ထွက်လာတော့ ခပ်ပါးပါး ပလပ်စတစ် ပန်းကန်နှစ်ချပ်နှင့် ဟင်းထည့်ပန်းကန်လုံးတွေ ဇွန်းတွေပါ သူနှင့်အတူ ပါလာသည်။

"မင်း ဆာနေမှာပဲဆိုတာသိလို့ ထမင်းနဲ့ဟင်းတွေ ရေနွံသာထိပ်ကနေ ငါတစ်ခါတည်း ဝယ်လာတာ ... မစားနိုင်ရင် မျက်လုံးမှိတ်ပြီးတော့မျိုချ၊ ဒါက ... သီးစုံကုလားဟင်း၊ ဒါက ... ကြက်အူဆီပြန် ... "





"ပေး ... ပေးပါ ... ကျွန်မပဲ ထည့်မယ်"

"ရတယ် ... မလိုဘူး၊ မင်းက ဧည့်သည် ငါကအိမ်ရှင် ... "

ထမင်းရော ဟင်းပါ သူကပဲ ပန်းကန်ထဲထည့်ပေးသည်။ ပြီးတော့လည်း တံစက်မြိတ်အောက်က ရေတိုင်ကီ အဟောင်းလေးထဲကနေ လက်ဆေးဖို့ ရေကို သူကပဲ ခပ်ပေး၏။

"ကျွန်မလက်နဲ့ စားရမှာလား ... "

"ဟာ ... လက်နဲ့မစားလို့ မင်းက ဘာနဲ့စားချင်လို့လဲ"

"အဲလိုကြီး ကျွန်မ မစားတတ်ဘူး ... "

"ပြဿနာပဲ ... "

သူ မျက်မှောင်လေး ကျုံ့သွားတာက စိတ်ပျက်လက်ပျက်။

"ဟာ ... မေ့လို့နော်၊ မေ့လို့ ... မေ့လို့ ... ရှင် လက်နဲ့စားရင် ကျွန်မလည်း လက်နဲ့စားမယ် ... ဘယ်လိုစားရမလဲဆိုတာ ကျွန်မကိုသင်ပေး ... "

သူ့ နှုတ်ခမ်းလေးမဲ့သွားတာ ခပ်လျှောင်လျှောင်အရိပ်ကလေးနဲ့။

"ရှင် ... ရှင် အဲလိုမပြုံးနဲ့နော် ... "

"ငါသိတယ် ... မင်းထပ်မပြောနဲ့၊ ငါ ခင်းပေးထားတဲ့ ဖျာကြမ်းလေးပေါ်မှာထိုင်ပြီး မဖြစ်နိုင်တာကို မျှော်လင့်နေရင် မင်းလုံးဝမှားသွားလိမ့်မယ် ... ငါ့ဆီမှာ ခက်ရင်းနဲ့ဇွန်း မရှိဘူး"

စကားကိုလည်း အပိုမပြော ...

မေ့မျက်နှာကို လှမ်းကြည့်ဖို့လည်း သူစိတ်ဝင်စားပုံမရ။

"အဲဒါကြောင့်မို့ လက်နဲ့စားတာကို သင်ပေးပါလို့ ရှင့်ကိုပြော



www.burmeseclassic.com

www.burmeseclassic.com



နေတာလေ ... "

"ငါ ဘယ်လိုစားလည်းဆိုတာ မင်းကြည့်လိုက်ပေါ့ ... "

သူအရင် အားပါးတရ စားပြသည်။

မေကတော့ သူ့မျက်နှာလေးကိုကြည့်လိုက် ထမင်းပန်းကန်လေးကို ငေးလိုက်နဲ့၊ မေ တစ်သက်လုံး ဇွန်းနဲ့ခက်ရင်းနဲ့စားလာတာကိုလည်း သူသိအောင် မေ မပြောချင်တော့ပါဘူး။ နောက်ဆုံးတော့ သူ စားသလို မေလည်း စားလိုက်ရုံပဲ ရှိတော့တာပေါ့။

စားကြည့်တော့လည်း အဆင်ပြေပါသည်။

"ဒီ ... ဒီထဲလေးမှာ ရှင်တစ်ယောက်တည်းနေတာ ကြာပြီလား"

"ဟင့်အင်း ... အရင်တုန်းကနေတာ၊ အဘအိုဆိုတဲ့ အန္တိပ်သည်အဖိုးကြီးတစ်ယောက်နဲ့နေတာ၊ ငါနဲ့လမ်းပေါ်မှာတွေ့ပြီး အဘအိုက သူ့စံမြန်းရှင်သန်ရာ နန်းတော်လေးကို ခေါ်လာခဲ့တာလေ၊ လွန်ခဲ့တဲ့သုံးလလောက်ပဲ လေဖြတ်ပြီး အဘအိုဆုံးတယ်၊ အခု ... ငါတစ်ယောက်တည်းနေတယ်"

"ဒါ ... ဒါဆို၊ ဟို ကျူထရံလေးမှာ ကပ်ထားတဲ့ ပန်းချီပုံစာရွက်လေးထဲကပုံက ဘယ်သူ့ပုံလဲ ... အမျိုးသမီးတစ်ယောက်တည်း ငယ်ငယ်ချောချောလေး ..."

"နောက်တစ်ခါထပ်မမေးနဲ့၊ ထပ်လည်းမစပ်စုနဲ့ ... မင်းသိအောင် ငါတစ်ခါတည်းဖြေမယ်၊ အဲဒါ ... ငါ့မေမေပဲ ... "

"ဘုရားရေ ... ကြည့်စမ်း ... "

သူ့မေမေတဲ့။





ပန်းချီပုံလေးက တစ်ကြောင်းဆွဲခဲခြစ်ပန်းချီပုံလေးပါ။ ရေးထားတဲ့ စာရွက်လေးကပင် ဝါကျင့်ကျင့်ရောင်လေးပြောင်းကာ ဟောင်းနွမ်းလို့ ... သူက မစပ်စုနဲ့ဆိုလို့ မေ မစပ်စုတော့ပါဘူး။

သို့သော် ... ရင်ထဲမှာတော့ မတင်မကျနဲ့။

"ဒီမှာ ... မင်းကိုတစ်ခုတော့ ငါရှင်းရှင်းပဲပြောမယ်နော်၊ မင်းက ငါသွားတဲ့နောက်ကို အတင်းလိုက်လာလို့ မင်းကိုငါခေါ်လာတာ၊ ဒီပတ်ဝန်းကျင်မှာနေတဲ့လူတွေက စပ်စုတယ် ... မင်းကိုဘယ်သူလဲ၊ ဘယ်ကလဲနဲ့မေးရင် ငါဖြေတတ်မှာမဟုတ်ဘူး၊ ငါပြောချင်တာက မနက်ဖြန်မနက် မိုးလင်းတာနဲ့ မင်းအိမ်ကိုပဲ မင်းပြန်ပါ"

"ဟွန်း ... "

သူ့စကားအဆုံးမှာပဲ မေ့နှုတ်ခမ်းလေးက မဲ့သွားသည်။

"ကောင်းပြီလေ ... ဒါဆို ... ကျွန်မ အခု ဘယ်မှာအိပ်ရမှာလဲ ... "

"အထဲက အခန်းလေးထဲမှာ အိပ်ပေါ့ ... "

"ရှင်ကရော ... "

"အပြင်မှာပဲ ငါအိပ်မယ် ... "

စားပြီးတော့လည်း မေအိပ်ရမယ့်အိပ်ယာလေးကို သူက ကိုယ်တိုင်ပြင်ပေးသည်။ ကျူးကျော်တဲလေးမှာနေတယ်ဆိုပေမယ့် အိပ်ရာလေးကတော့ သပ်သပ်ရပ်ရပ်ကလေးနဲ့ ခေါင်းအုံးကလေးကပါ ဖြူဖွေးလို့။

"ရှင် ... ရှင် မအိပ်နဲ့ဦးနော် ... "

"ဟင် ... မင်းဘာလုပ်ချင်သေးလို့လဲ ... "

"ရှင်က မစပ်စုနဲ့ပြောပေမယ့် ကျွန်မ ရှင့်အကြောင်းတွေကို



www.burmeseclassic.com

www.burmeseclassic.com



သိချင်သေးတယ် ... ရှင့်အကြောင်းကိုလည်း ကျွန်မ စိတ်ဝင်စားတယ်၊ ရှင်မပြောချင်လည်း ကျွန်မကတော့ တညလုံးမေးနေမှာပဲ"

သူပြန်လည်း မဖြေ။

မေ့ကို မထိအောင်ရှောင်ပြီး တဲကလေးရဲ့ ရှေ့ဖက်အခန်းကို သူပြန်ထွက်သွား၏။ မေ ဖယောင်းတိုင်မီးအလင်းရောင်ကလေးနဲ့ နောက်ဖေးမီးဖိုခန်းလေးထဲ ဝင်ကြည့်တော့လည်း အိုးခွက်ပန်းကန်လေးတွေကအစ၊ စင်ကလေးပေါ်မှာ သူ့နေရာလေးနဲ့သူ သပ်သပ်ရပ်ရပ်ကလေး။

မေကတော့ ကလေကချေ လူဆိုးကောင်လေးတွေရဲ့ လက်ထဲကနေ မေ့အရှက်နဲ့သိက္ခာကို ကာကွယ်ပေးခဲ့လို့ သူ့ကို ကျေးဇူးတင်မဆုံးဖြစ်နေတာပါ။ ပြီးတော့လည်း ... သူ့စရိုက်သူ့ပုံစံလေးနှင့် သူနေရတဲ့ဘဝလေးကို မေ တကယ်ပဲ စိတ်ဝင်စားမိသည်။

လမ်းပေါ်မှာ ကျင်လည်သွားလာနေတဲ့ ကောင်လေးဆိုပေမယ့် ထူနက်နက် မျက်ခုံးတန်းတွေနှင့် ပြာလဲ့လဲ့မျက်ဝန်းအစုံက မေ့ကို စွဲဆောင်နေခဲ့သည်။ အသားလေးက အရမ်းဖြူတာမဟုတ်ပေမယ့် ဝင်းဝင်းစိုစိုလေးနှင့် အရပ်ကလေးမြင့်ကာ ကြည့်ကောင်းနေခဲ့တာဖြစ်သည်။

မေ့ဘဝတစ်လျှောက်လုံးမှာ ... ဒီလိုကောင်လေးတစ်ယောက်နှင့် ဒီလို လွတ်လွတ်လပ်လပ်ကလေး ပြောဆိုခွင့်ရခဲ့တာလည်း ဒါဟာ ပထမဆုံးပင်။ ဒီလိုဖြစ်ခဲ့တာလည်း မာမီလှိုင်းမခကြောင့်။ ဒက်ဒီဆုံးပြီးကတည်းက မေ့အပေါ်မှာ ရက်ရက်စက်စက် ထိန်းချုပ်အနိုင်ယူလာတဲ့ မာမီလှိုင်းမခရဲ့ အတ္တကြီးမားမှုတွေကြောင့်။





ခုတော့ ... အရာရာကို မေ့ပျောက်ပြီး လွတ်လပ်မှုတွေနှင့် ပတ်ဝန်းကျင်အသစ်တစ်ခုအောက်မှာ မေ စိတ်ဝင်စားနေခဲ့သည်။

မေ စိတ်အဝင်စားဆုံးက ... မာကြောကြော ဖျတ်ဆတ်ဆတ်ပြောတတ်တဲ့ ဆံပင်ရှည်ရှည်လေးနဲ့ ထိုကောင်လေး။

မေ နောက်ဖေးခန်းထဲက ပြန်ထွက်လာတော့ ကျေးဇူးရှင်က တဲရှေ့ခန်း ဝါးထရံလေးမှာ ကျောကပ်မှီကာထိုင်လို့။ မေကလည်း သူနှင့်မျက်နှာချင်းဆိုင်ဖြစ်မယ့် နေရာလေးမှာ တမင်ဝင်ထိုင်သည်။

ဂါဝန်ရှည်ကြီးတဖားဖားနှင့် မေဖြစ်နေတာကိုလည်း သူက မျက်စိနောက်ပုံရ၏။ မေ့ကိုမကြည့်ဘဲ တဲရှေ့က အမှောင်ထုထဲကိုပဲ သူငေးစိုက်ကာ ကြည့်နေခဲ့သည်။

"မင်းကိုငါပြောခဲ့တယ်နော် ... ငါ့ဘဝကို မစပ်စုနဲ့၊ စိတ်မဝင်စားနဲ့ဆိုတာ၊ ဒါပေမဲ့ ... မင်းသိပ်သိချင်ရင် တချို့အချက်အလက်တွေ‌ပေါ့ ငါပြောပြနိုင်ပါတယ် ... ဟုတ်တယ် ... မင်းစိတ်ဝင်စားနေတဲ့ ဒီပန်းချီပုံထဲက အမျိုးသမီးက ငါ့အမေပဲ၊ ငါ ... ငါးနှစ်သားအရွယ်ကတည်းက အမေနဲ့ကွဲသွားတာ၊ ဒီပန်းချီစာရွက်ကလေးက အဖေနဲ့အမေ ညားကာစက အဖေကိုယ်တိုင် အမေ့ကိုကြည့်ပြီး ဆွဲပေးခဲ့တဲ့ ပုံတူပန်းချီကားလေး ... အခု ... အဖေလည်းဆုံးပြီ၊ ရွာမှာလည်း ငါခင်တွယ်ရမယ့်ဆွေမျိုးတွေ တစ်ယောက်မှ မရှိတော့လို့ ဒီပန်းချီပုံလေးကိုပြပြီး အမေ့ကိုလိုက်ရှာမလို့ ရန်ကုန်ကို ငါတက်လာတာ"

"အို ... ဒီပန်းချီပုံလေးကိုပြပြီး ... ရန် ... ရန်ကုန်မှာ ရှင့်အမေကို လိုက်ရှာနေတာ ... ဟုတ်လား ..."



www.burmeseclassic.com

www.burmeseclassic.com



မေ အံ့သြရလွန်း၍ မျက်တောင်လေးပင် မခတ်နိုင်ပါ။

သည်အချက်လေးတစ်ချက်တည်းနှင့်ပင် သူ့ကို မေ ပိုပြီး တော့တောင် စိတ်ဝင်စားသွားခဲ့ရပြီ။

"ဟုတ်တယ်လေ ... အမေ့ကိုတွေ့ချင်လို့ ရန်ကုန်ကိုငါတက်လာတာ ... ဒါပေမဲ့ ... ရှာမတွေ့ခဲ့ပါဘူး၊ အမေ့ရဲ့သတင်းအစအန လေးတောင် ဒီနေ့အထိ ငါမရခဲ့ဘူး၊ နောက်တော့ ... အဘအိုနဲ့တွေ့ ပြီး ဒီငမိုးရိပ်ချောင်းဘေးက ကျူးကျော်တဲလေးကို ငါရောက်လာခဲ့ တယ်၊ မနက်မိုးလင်းတာနဲ့ မီးရထားသံလမ်းအတိုင်း လျှောက်ပြီး မြို့ထဲကိုသွားတယ် ... ရသမျှအလုပ်တွေ ငါအကုန်လျှောက်လုပ် တယ်၊ ဘယ်သူ့ကိုမှ စကားအပိုမပြောခဲ့သလို၊ ဘယ်သူ့ကိုမှလည်း ခင်တွယ်ဖို့ ငါမကြိုးစားခဲ့ဘူး၊ ခေါ်ရင်သွားတယ် ... ခိုင်းရင်လုပ် တယ်၊ စိမ်ခေါ်ရင် ပြန်ထိုးတယ် ..."

"အမလေး ... ရှင်အသတ်အပုတ် အထိုးအကြိတ်ကျွမ်းတာ ကျွန်မသိတယ်၊ စောစောက ဟိုလေးယောက်ကို ရှင်ထိုးပစ်လိုက် တာ၊ ကျွန်မ တစ်ကိုယ်လုံးအေးစက်လို့ ... ကျွန်မ အံ့သြတာက ရှင် အသည်းမာတာ ..."

"ဟွန်း ... အဲဒါ မင်းထင်လို့ပါ ..."

"ပြီးတော့ ... ခုထိလည်း ရှင့်နာမည်ကို ကျွန်မ မသိရသေး ဘူး"

"ငါ့နာမည် ... နေနန်းတော် ..."

"ဘယ် ... ဘယ်လို ... ရှင့်နာမည် နေနန်းတော် ဟုတ်လား"

ကြည့်စမ်း ... သူ့နာမည်လေးဟာ သူ့ဘဝနဲ့မလိုက်အောင်





ဓာကယ်ခမ်းနားနေတဲ့နာမည်လေး။ နေ ... နေနန်းတော်တဲ့။ ပြော ပြီးတော့မှ ... သူတစ်ယောက်တည်း ပြုံးနေတာ နှုတ်ခမ်းစွန်း ကလေးကပါ ကွေးလို့။

"ဟွန်း ... ဘာပဲပြောပြော ရှင့်နာမည်လေးကိုတော့ ကျွန်မ ဓာကယ်သဘောကျတယ်သိလား ... နေနန်းတော် ... ကျွန်မ တစ် သက်လုံး ကျွန်မ မြင်ဖူးလာတဲ့ယောကျ်ားလေးတွေထဲမှာ ရှင့်ကို ကျွန်မ စိတ်အဝင်စားဆုံးပဲ ... ကျွန်မက မြတ်သောမေပါ။ ကျွန်မ ဘဝမှာ ဒီလို ဝါးကြမ်းခင်းနှင့်ထနိမိုးအိမ်ကလေးပေါ် တက်ဖူးတာ ဆိုလို့ ဒါ ... ပထမဆုံးပဲ၊ အထူးအဆန်းလည်းဖြစ်နေသလို အိပ်မက် မက်နေသလိုလည်း ကျွန်မ ခံစားနေရတယ် ..."

"မင်း စိတ်ကူးယဉ်မနေနဲ့ မြတ်သောမေ ..."

"ဟင် ... ဘာဖြစ်လို့လဲ ..."

"ငါ ... လူတွေကို မုန်းတယ် ..."

ပြောပြီးတာနဲ့ မေ့အနားကနေ သူ ဖျတ်ခနဲထကာ အတွင်း ခန်းထဲ ဝင်သွားသည်။ ပြန်ထွက်လာတော့ သူ့လက်ထဲမှာ ခေါင်းအုံး တစ်လုံးနှင့် စောင်တစ်ထည်ပါလာသည်။

"မင်းကို လက်ခံမှာလည်း ဒီတစ်ညပဲ လက်ခံမှာ ..."

ဖျာကြမ်းပေါ် စောင်နှင့်ခေါင်းအုံးကိုပစ်ချရင်း သူ ... ခပ် ပြတ်ပြတ်ပဲပြော၏။ မေ ဂရုမစိုက်သလိုရယ်လိုက်တော့ မေ့ကို ဆတ်ခနဲ လှည့်ကြည့်လိုက်တာ အေးစက်စက်မျက်ဝန်းလေးတွေနဲ့။

"မင်း ... မင်း ... ငါ့ကို ဂရုမစိုက်သလိုကြည့်ပြီး ရယ်မနေနဲ့ နော်၊ ငါ မင်းတို့လို ပိုက်ဆံချမ်းသာတဲ့လူတန်းစားတွေနဲ့ မပတ် သက်ချင်ဘူး ... မနက်မိုးလင်းတာနဲ့ မင်းပြန်ရမယ် ..."



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ မပြန်ရဲဘူး ..."

"ဘာပြောတယ်ကွ ..."

နေနန်းတော် ... ဒေါပွသွားသည်။

"ဒီမှာနေရတာ လွတ်လပ်ပြီးတော့ ကျွန်မပျော်တယ်"

"မင်း ... မင်း ... အဓိပ္ပာယ်မရှိတာတွေ မပြောနဲ့ ..."

နေနန်းတော် အော်ပစ်လိုက်တာ တူးတူးခါးခါး။

"ဒီနေရာကို မင်းဘာထင်နေလို့လဲဟင် မြတ်သောမေ ... မင်းလို ရွှေမှုန့်စားပြီးမွေးလာတဲ့ ကောင်မလေးတစ်ယောက် နေသင့်တဲ့နေရာလို့ မင်းထင်နေလို့လား၊ မင်းအတွက် ... မလုံခြုံလို့ ပြောနေတာ၊ ပြီးတော့ ... မန်က်မိုးလင်းတာနဲ့ မင်းကိုလူတွေတွေ့သွားရင် ငါ့ကို ဘယ်လိုပြောကြမလဲ ..."

"ဘယ်လိုပြောပြော ကျွန်မ ဂရုမစိုက်ဘူး ..."

မေ နှုတ်ခမ်းလေးမဲ့ကာ အပြတ်ပဲပြောမိ၏။

"အစကတည်းကတော့ ရှင့်ကို ကျွန်မ ယုံတယ်သိလား၊ နေနန်းတော် ... အခုနေ ရှင် ... ကျွန်မကို စော်ကားလည်းကျွန်မခံမယ်၊ ကျွန်မဘဝက ထူးမှမထူးတော့တာ၊ ကိုယ့်ကိုယ်ကိုယ် သတ်သေဖို့ အထိတောင်ရည်ရွယ်ပြီး ... ကျွန်မ ထွက်ပြေးလာခဲ့တာ၊ အခု ... ဆက်ပြီးတော့ ရှင်သန်နေဖို့ ဆုံးဖြတ်လိုက်တာ ရှင့်ကြောင့် ... ကိုယ် မချစ်မနှစ်သက်သူတစ်ယောက်က ရွှေဘုံရွှေနန်းမှာ ဘယ်လိုပဲထားထား ပျော်မှာမဟုတ်လို့ ဒီမင်္ဂလာပွဲကြီးကိုဆန့်ကျင်ပြီး မိတွေးကိုပါ စိမ်ခေါ်ခဲ့တာ ... ပြန်သွားရင်လည်း မိထွေးရဲ့အတွာမာနတွေအောက်မှာ ကျွန်မ ရှင်ရက်နဲ့သေရတော့မှာ၊ ရှင် ... ကျွန်မကို ကူညီပါ နေနန်းတော် ... ရှင်ဘယ်နေရာပဲသိပ်သိပ် ကျွန်မအိပ်မယ်၊ ရှင်ဘာနဲ့ပဲ





ကျွေးကျွေး ကျွန်မစားမယ် ... ဒါကိုမှ ရှင်လက်မခံရင် ဒီငမိုးရိပ်ချောင်းထဲကိုခုန်ချပြီး ကျွန်မကိုယ်ကျွန်မ သတ်သေမယ် ..."

"ဘာပြောတယ် ..."

သူ့ မျက်တောင်တွေကော့ကာ မျက်ဝန်းတွေပါ အေးစက်သွားကဲ့။

မြတ်သောမေဆိုသည့် ... မင်္ဂလာပွဲက ထွက်ပြေးလာသော ကောင်မလေး တစ်ယောက်ကို ကြည့်ကာ ... ။

သူ ... အသက်ရှူ မှားခဲ့ရပြီ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၄ )

"အဟင့် ... ဒီကြမ်းပြင်တွေကို ပြောင်အောင်တိုက်ဆိုလည်း စံမြန်းတိုက်ပါ့မယ်မမရဲ့ ... စံမြန်းကိုတော့ မရိုက်ပါနဲ့၊ မမမြတ်သောမေကိုလည်း စံမြန်း မသိပါဘူး ... မင်္ဂလာပွဲကြီးပျက်သွားတာလည်း စံမြန်းနဲ့ဘယ်လိုမှ မပတ်သက်ပါဘူး ... အဟင့် ... ဟင့် ဟင့်"

"နင် ... နင် ... ပြောင်လိမ်ပြောင်စားလုပ်ပြီး၊ အခုမှ ... လာငိုမနေနဲ့၊ ဒီမင်္ဂလာပွဲပျက်သွားတာ နင်တရားခံ ... မြတ်သောမေက နင့်ကိုတွေ့ပြီး သနားသွားလို့ ဒီမင်္ဂလာပွဲကို ဖျက်သွားတာ"

"အဟင့် ... အဲဒါလည်း မဟုတ်ပါဘူးမမရဲ့ ..."

"အဟင့် ... ဟင့် ... ဟင့် ..."

ဒူးထောက်ထိုင်ကာ ရှိုက်ငိုနေရှာတဲ့ စံမြန်းရိပ်လေး။

ခမ်းနားခေတ်မှီသော ဧည့်ခန်းကျယ်ကြီးထဲမှာ ထိုရှိုက်သံလေးက သနားစဖွယ်လေးပေါ်ထွက်နေတာ ... မျက်နှာမှာ ရောင်စုံမိတ်ကပ်တွေ ချယ်သထားသည့် မိန်းမလှတစ်ယောက်က ကြမ်း





တမ်းစွာ ကိုင်ဆောင့်ရိုက်နှက်နေသောကြောင့်။

ဒါကို ... ဒေါ်လှိုင်းမခကိုယ်တိုင် လက်ပိုက်ရပ်ကြည့်ကာ နှုတ်ခမ်းမဲ့နေတာက ဆက်ရိုက်စေချင်သောဆန္ဒတွေနဲ့။

"ဘာလို့မဟုတ်ရမှာလဲ ... ဘာလို့မဟုတ်ရမှာလဲ စံမြန်းရိပ်ရဲ့ ... မြတ်သောမေက သူ မချစ်တာကို အတင်းလက်ထပ်ပေးတယ်ဆိုပြီး စွတ်စွဲနေတဲ့ကြားထဲ ... အိမ်ဖော်က အိမ်ဖော်လိုမနေဘဲ တငိုငို တရယ်ရယ်ဖြစ်နေတော့ ... ဟိုက ပွဲဖျက်သွားတာပေါ့၊ အဲဒါ ကိုကြီးမင်းသိက္ခာကို ပိုင်တယ်ဆိုပြီး နင်ဂြိုဟ်ဝင်မွှေလို့ဖြစ်သွားတာ"

ပြောလိုက်ရိုက်လိုက် ဆံပင်ကိုဆောင့်ဆွဲလိုက်နဲ့ ... ဧည့်ခန်းတစ်ခုလုံး ပွက်ပွက်ညံနေတာ ... ကြာတော့ အိမ်ထိန်းတော်ကြီး ဖွားရေစဉ် ခြေတုန်လက်တုန်နဲ့ ဧည့်ခန်းဆီ အပြေးတစ်ပိုင်း ထွက်လာခဲ့ရသည်။

"ဘာ ... ဘာဖြစ်နေတာလဲ လိုက်ဖြာ ... စံမြန်းလေးကိုဆူနေတာလား ..."

"ဟာ ... မဆူလို့ရမလား ဖွားရေစဉ်ရဲ့ ... ဒီလောက်သောက်သောက်လဲ အကုန်အကျခံပြီး ပြင်ဆင်ထားတဲ့မင်္ဂလာပွဲကြီး ပျက်သွားတာ ဒီကောင်မ ပယောဂပါနေလို့ ဆူနေတာ ... ဖွားရေစဉ်သိတဲ့အတိုင်း ကိုကြီးမင်းသိက္ခာ လက်ထပ်တော့မယ်ဆိုတာ သိတဲ့နေ့ကတည်းက ကြမ်းတိုက်လည်းငို၊ တံမြက်စည်းလှဲလည်းငိုနဲ့၊ အိမ်မှာ ကျက်သရေတစ်စက်မှမရှိအောင် ဒီကောင်မ လုပ်နေတာ"

"အို ... လိုက်ဖြာရယ် ... မင်္ဂလာပွဲပျက်တာ၊ ဖူးစာကံအကြောင်းမပါလို့ပျက်တာပါကွယ် ... သူများတစ်ဖက်သားကို စွတ်



www.burmeseclassic.com

www.burmeseclassic.com



စွတ်စွဲစွဲတွေ မလုပ်ကောင်းပါဘူး၊ စံမြန်းလေးဆိုတာ သူ့အားကိုးတွယ်တာနေရတဲ့ သူ့ကိုကြီးမရှိတော့မှာကြောက်လို့ဆိုတာ၊ အဲဒါ ... ဖွားရေစဉ် သိပါတယ် လှိုက်ဖြာရဲ့ ... စံ ... စံမြန်းလေးကို မရိုက်ပါနဲ့ ...”

စံမြန်းလေးဘက်က ဖွားရေစဉ် ရပ်မိသည်။

“ဖွားရေစဉ်နော် ... ဖွားရေစဉ် မသိဘဲနဲ့ ဘာမှဝင်ပါမနေနဲ့၊ ကိုကြီးကို အားကိုးတွယ်တာနေရအောင် ဒီအစုတ်ပလုတ်တောသူမက ကိုကြီးနဲ့အဆင့်ချင်းတူလို့လား ... လှိုက်ဖြာတို့ ကြည့်မရတာလည်း အဲဒါကိုပဲကြည့်မရတာ ... အဲဒါကြောင့်မို့ အမြင်ကတ်ကတ်နဲ့ အကျီကြယ်သီးတွေပါ ပြုတ်ထွက်စုတ်ပြဲသွားအောင် လှိုက်ဖြာရိုက်နေတာ ...”

“လှိုက်ဖြာ ... လှိုက်ဖြာရယ် ... စံမြန်းလေးက သနားဖို့ကောင်းပါတယ်၊ ကိုကြီးမင်းသိက္ခာကို သံယောဇဉ်တွယ်တာနေတယ်ဆိုတာ အရိုးခံစိတ်ကလေးနဲ့ တွယ်တာနေတာပါ၊ ကိုကြီးမင်းသိက္ခာလို တည်တည်တန့်တန့်နေတဲ့ လူတစ်ယောက်ကို စိတ်နဲ့တောင် မပြစ်မှားရဲရှာတဲ့ မိန်းကလေးတစ်ယောက်ပါကွယ်”

“ဟာ ... မသိဘူး ... မသိဘူး ... လှိုက်ဖြာကို ဖွားရေစဉ် ဘာမှလာပြောမနေနဲ့၊ ဒီကောင်မလေးကို ကြည့်မရလို့ လှိုက်ဖြာရိုက်နေတာ ဘာဖြစ်လဲ ... ဒီခြံထဲရောက်အောင် ဒီကောင်မကို ကိုကြီးခေါ်လာကတည်းက တစ်စက်မှ လှိုက်ဖြာကြည့်လို့မရခဲ့တာ၊ ဒီကောင်မလေးနဲ့ စ,တွေ့တဲ့နေ့ကလည်း ကိုကြီးမောင်းတဲ့ကားကို လှိုက်ဖြာရော ဖွားရေစဉ်ပါ အတူတူစီးလာကြတာလေ၊ ကိုကြီးကားနဲ့ မတော်တဆ တိုက်မိတယ်ဆိုတာလည်း ဘက်မှန်ကလေးနဲ့တိုက်





မိတာ၊ ဒါကို ကတ္တရာလမ်းပေါ် လဲကျပြီး သူ့ဟာသူ သတိလစ်သွားတာ ... ဟော ... သတိလည်းပြန်ရလာရော ဘာဒဏ်ရာမှ ကြီးကြီးကျယ်ကျယ်ရတာလည်း မဟုတ်ဘဲနဲ့ အတိတ်မေ့သွားတယ်ဆိုတော့ ကိုကြီး ဘာလုပ်ရမှန်းမသိတော့ဘဲ ဒီအိမ်မှာပဲ တာဝန်အရ ခေါ်ထားလိုက်ရတာ ... ဒါ ... ဖွားရေစဉ်ပဲ စဉ်းစားကြည့်၊ ဘယ်လောက်အသည်းယားဖို့ကောင်းတဲ့ကိစ္စလည်းဆိုတာ ... အတိတ်မမေ့ဘဲနဲ့ မေ့ချင်ယောင်ဆောင်ပြီး မူယာမာယာများနေတာ ...”

“အဟင့် ...”

ပြောရင်း ... ရင်နင့်ဖွယ်လေးပေါ်လာတာ ကြမ်းပြင်မှာ ဒူးထောက်ထိုင်လျှက်ရှိသည့် စံမြန်းရိပ်လေးရဲ့ ရှိုက်သံလေး။

ဒီလိုပြောရတာလည်း လှိုက်ဖြာ အားမရနိုင်။

“ဟဲ့ ... တောသူမ၊ နင် ... နင် ... ဒီအိမ်ပေါ်မှာလာပြီး တဟင့်ဟင့်နဲ့ ခဏ ခဏငိုမနေနဲ့၊ ကျက်သရေယုတ်တယ်၊ လာဘ်တိတ်တယ်ဟဲ့ စံမြန်းရိပ်ရဲ့ ... သဘောကောင်းတဲ့ကိုကြီးမင်းသိက္ခာကိုပဲ တဟင့်ဟင့်လေးငိုငိုပြပြီး နင်ချွဲလို့ရချင်ရမယ် ... ကိုကြီးက သူ့ကားနဲ့တိုက်မိလို့ နင့်ကိုခေါ်လာခဲ့တာမှန်ပေမယ့် ငါတို့ကတော့ နင့်ကိုမုန်းတယ် ...”

“အဟင့် ... မမလှိုက်ဖြာ ... မမလှိုက်ဖြာ ... စံမြန်းကိုမုန်းနေတာ စံမြန်း သိပါတယ် ... စံမြန်းကို မမုန်းပါနဲ့၊ စံမြန်းလေ ... စံမြန်း ... ဘယ်ကလာမှန်းလည်းမသိ၊ ဘယ်ကိုသွားရမှန်းလည်းမသိတော့လို့၊ ဒီခြံကြီးထဲမှာပဲနေလိုက်ရတာပါ၊ စံမြန်းရိပ်ဆိုတဲ့ နာမည်လေးကလည်း ကိုကြီးကပေးထားလို့ စံမြန်း မှတ်ထားလိုက်တာပါ၊



www.burmeseclassic.com

www.burmeseclassic.com



အဟင့် … ဟင့် ဟင့် … ”

ညှို့ခန်းအလယ်မှာ လက်ပိုက်ရပ်ကြည့်နေသည့် ဒေါ်လှိုင်းမခကိုယ်တိုင်ကတော့ လိမ္မော်ရောင်ပြေပြေလေးဆိုးထားသည့် နှုတ်ခမ်းလေးကို မဲ့ပြီးရင်း မဲ့ရင်း၊ ဒီလိုနှုတ်ခမ်းမဲ့ရင်း … မျက်နှာလေးကိုပင့်မော့တော့ နားမှာပန်ထားသည့် စိန်နားကပ်အရောင်တွေက ဖြိုးဖြိုးဖျတ်ဖျတ် လက်သွားသည်။

“ဟွန်း … လွယ်ပါတယ် လှိုက်ဖြာရယ် … ဒီခြံထဲမှာ မထားချင်ရင် စားစရိတ်တွေပေးပြီး တစ်နေရာရာကို ပို့ပစ်လိုက်လည်း ကိစ္စပြတ်သွားတာပဲဥစ္စာ … ဒီလောက်မုန်းနေတဲ့ဟာ သံယောဇဉ်တွယ်နေစရာလိုသလား … ”

ဒေါ်လှိုင်းမခကတော့ ဒီလိုပဲအသည်းမာသူ။ ဒီလိုပဲ တစ်ကိုယ်ကောင်းဆန်သူ။ အတ္တကိုမာနနဲ့ဖုံးပြီး အရည်ဖျော်ချပစ်တော့ မျက်နှာမှာ အရိပ်ထင်စွဲနစ်ကာ ရိုးသားမှုမရှိသည့် မာယာတွေက မျက်ဝန်းမှာ တဖျတ်ဖျတ်လက်တောက်လျှက်။

လှိုက်ဖြာက ဟွန့်ခနဲ မဲ့သည်။

“ဩော် … အန်တီလှိုင်းမခရယ် … လှိုက်ဖြာက အဲလိုပို့ပစ်ချင်တာ တစ်ပိုင်းသေနေပေမယ့် ကိုကြီးက လက်မခံဘဲ ခါးခါးသီးသီး ငြင်းဆန်နေလို့ ဒီခြံကြီးထဲမှာ ဆက်ထားနေရတာလေ … လှိုက်ဖြာသဘောနဲ့သာဆိုလို့ကတော့ အနီးဆုံး ဝါးဘလောက်သောက်လောက်တော့ တန်းခနဲပဲ … ကဲ … ဖွားရေစဉ် ကြမ်းလည်းတိုက်မနေနဲ့တော့ … ဒီကောင်မကို အခန်းထဲသွင်းပြီး တံခါးပိတ် ဂျက်ချထားလိုက်တော့ တစ်နေ့ … တစ်နေ့ … လမ်းပေါ်ကပါလာတဲ့ ဒီ





အတိတ်မေ့မကို မြင်နေရတာ နေလို့မီးလို ပူတယ်၊ ကဲ … အန်တီလှိုင်းမခ … ထိုင်လေ … ”

“လာ … လာ … စံမြန်းလေး … ဖွားရေစဉ်နောက်ကိုလိုက်ခဲ့ … ”

ဖွားရေစဉ်ခေါ်တော့မှ …

မျက်ရည်စက်လေးကိုသုတ်ရင်း စံမြန်း ထ,ရပ်သည်။

တကယ်တော့ ဒီခြံကြီးထဲကို ရောက်လာသည့်နေ့ကစပြီး စံမြန်းနဲ့ဖွားရေစဉ် တစ်ခန်းထဲမှာ နှစ်ယောက်အတူအိပ်ခဲ့ရတာပါ။

“အဟင့် … ဟင့် … ဟင့် … ”

အခန်းထဲက ခုတင်လေးပေါ်ရောက်တော့မှ စံမြန်း တဟင့်ဟင့်လေးနဲ့ ရှိုက်ငိုမိသည်။ ဖွားရေစဉ်က ကြင်နာတတ်သူပီပီ စံမြန်းပခုံးလေးကိုဖက်ကာ ချော့ပါသည်။

“စံမြန်းလေးရယ် … မငိုပါနဲ့၊ ဒီခြံကြီးထဲမှာ စံမြန်းလေးကိုပဲ အငြိုးအတေးထားပြီး နှိပ်စက်နေတာ ဖွားရေစဉ်မကြည့်ရက်ပါဘူး”

“အဲဒါ … အဲဒါ … စံမြန်း ကံမကောင်းလို့ ခံရတာလားဟင် ဖွားရေစဉ် … ”

ဟင့်ခနဲရှိုက်ရင်း ဖွားရေစဉ်ကို စံမြန်း မေးမိသည်။

“ဒါပဲပေါ့ စံမြန်းလေးရယ် … မောင်မင်းသိက္ခာကို ကြောက်ကြလို့သာ ဒီခြံကြီးထဲမှာ ဆက်ပြီးတော့ စံမြန်းလေး နေခွင့်ရနေတာ၊ မောင်မင်းသိက္ခာနဲ့လှိုက်ဖြာက မောင်နှမအရင်းခေါက်ခေါက်တွေဆိုတာမှန်ပေမယ့် … စိတ်ဓာတ်ချင်းက တစ်ခြားစီပဲလေ၊ ဒီကြားထဲ ဒေါ်လှိုင်းမခနဲ့ ပေါင်းမိသွားတော့ ပိုဆိုးသွားတာပေါ့၊ ဒီဇာတ်လမ်းကို အကွက်ချ စီစဉ်ခဲ့တာလည်း လှိုက်ဖြာနဲ့ဒေါ်လှိုင်းမခပဲလေ၊



www.burmeseclassic.com

www.burmeseclassic.com



မောင်မင်းသိက္ခာက စံမြန်းလေးကို မုန်းနေတာသိလို့ အားလုံး အပြောကနေလွတ်အောင် မြတ်သောမေဆိုတဲ့ မိန်းကလေးကို လက်ထပ်ဖို့ ခေါင်းညိတ်သဘောတူခဲ့တာ၊ ခုတော့ ... မောင်မင်းသိက္ခာ တာဝန်ကျေပြီပေါ့ကွယ် ... အားလုံးရဲ့အပြောကိုလည်း မခံရတော့ဘူးပေါ့ ... ”

ဖွားရေစဉ်က ပြောရင်း ... စံမြန်းရဲ့ ဆံပင်လေးတွေကိုကိုင်ကာ ပွတ်သပ်တယုတယလေး ပွတ်သပ်ပေးနေမိသည်။

တကယ်တော့ ဖွားရေစဉ်ဆိုတာ ဒီခြံကြီးထဲမှာ ဘိုးဘွားအစဉ်အဆက် အိမ်ဖာရီယ အလုပ်တွေကို ထမ်းရွက်လာခဲ့တဲ့ အိမ်တော်စိုး အမှုထမ်းကြီးပါပဲ။ ပြောရရင် ... မောင်မင်းသိက္ခာတို့ရဲ့ အဖိုးအဖွားလက်ထပ်ကတည်းက ဒီခြံကြီးထဲမှာ ရိုးရိုးဖြောင့်ဖြောင့် အလုပ်လုပ်ခဲ့တာလေ။

မောင်မင်းသိက္ခာရဲ့အမေကို ထိန်းခဲ့ရသလို အမေ ဒေါ်သက်သခင်က ဦးဝင်းကိုကိုနဲ့ အိမ်ထောင်ကျခဲ့ပြန်တော့လည်း မွေးလာတဲ့ မောင်မင်းသိက္ခာနဲ့ နွေးလှိုက်ဖြာတို့ကို အူဝဲဆိုကတည်းက ဖွားရေစဉ်ကပဲ နို့ပိုးထိန်းကျောင်းခဲ့ရသည်။ ဒီမြေးနှစ်ယောက်ကလည်း ဖွားရေစဉ်ကို ငယ်ကျွန်အလုပ်သမားဟုပင် သဘောမထားတော့ဘဲ အဖွားအရင်းအချာကဲ့သို့ သံယောဇဉ်တွယ်တာခဲ့ကြတာလေ။

ဒါကြောင့်မို့လည်း ဒီခြံကြီးထဲမှာ ... ဦးဝင်းကိုကိုနှင့် ဒေါ်သက်သခင်ရဲ့အမိန့်ကို နာခံကြရသလို ဖွားရေစဉ်ရဲ့ ထိန်းကျောင်းကွပ်ကဲမှုတွေကိုလည်း တရိုတသေ လေးစားလိုက်နာခဲ့ကြရတာပဲ ဖြစ်သည်။

“မင်္ဂနဲ့နော် စံမြန်းလေး ... နွေးလှိုက်ဖြာ ဘယ်လိုပဲနှိပ်စက်





နှိပ်စက် စံမြန်းလေးနောက်မှာ ဖွားရေစဉ် တစ်ယောက်လုံးရှိတယ်၊ လှိုင်းမခဆိုတဲ့ ဟိုမိန်းမကိုလည်း မကြောက်နဲ့ ... သူက ကိုကိုနဲ့ သက်သခင်ကို လှိုက်ဖြာနဲ့ပေါင်းပြီး ဝင်ရောခဲ့တာမှန်ပေမယ့် မောင်မင်းသိက္ခာက လှိုင်းမခကို သံသယနဲ့ အမြဲစောင့်ကြည့်နေခဲ့တာ လက်ထပ်ပွဲပျက်သွားတာကိုလည်း တည်တည်ငြိမ်ငြိမ်လေးနဲ့ မောင်မင်းသိက္ခာ ပြန်လာခဲ့တာလေ ... ”

ဒါကို မကျေမနပ်ဖြစ်ခဲ့ကြတာ နွေးလှိုက်ဖြာနဲ့လှိုင်းမခပဲ ဖြစ်သည်။

“နွေးလှိုက်ဖြာ ... ”

“ရှင် ... အန်တီလှိုင်းမခ ... ”

“မြတ်သောမေ သတင်းကို ဘာကြားသေးလဲဟင် ... ”

ဧည့်ခန်းထဲမှာတော့ နှစ်ယောက်သား ခေါင်းချင်းဆိုင်လျှက်။

“မကြားလို့ လှိုက်ဖြာ စိတ်မောနေတာပေါ့ ... အန်တီလှိုင်းမခရယ် ... ဒီလောက် လူအင်အားအဆက်အသွယ်တွေသုံးပြီး ရှာနေတာတောင် သတင်းအစအနမရတာ၊ လှိုက်ဖြာ အံ့သြတယ် ... ”

“အန်တီလှိုင်းမခလည်း တစ်ညလုံးအိပ်မပျော်ခဲ့ပါဘူး လှိုက်ဖြာရယ် ... ခြံထဲမှာတစ်ယောက်တည်း ဘာလုပ်လို့လုပ်ရမှန်းမသိတော့လို့ လှိုက်ဖြာဆီကို ထွက်လာတာ ... ”

“အမလေး ... အဲဒါတော့ အန်တီလှိုင်းမခ စိတ်ပူမနေနဲ့၊ မြတ်သောမေက တစ်ယောက်ထဲ ဘယ်အထိရောက်အောင်သွားတတ်လို့လဲ ... သူ့သူငယ်ချင်း တစ်ယောက်ယောက်အိမ်မှာ သွား



www.burmeseclassic.com

www.burmeseclassic.com



ပုန်းနေတာပဲဖြစ်မယ်၊ ဒီဘက်ကလူတွေအားလုံး မင်္ဂလာပွဲကို ဆက်လုပ်ဖို့ စိတ်ပျက်သွားပြီဆိုမှ ပြန်လာမှာ ... "

"တကယ်လား လိုက်ဖြာရယ် ... "

"လိုက်ဖြာပြောတာ မယုံရင် စောင့်ကြည့်လိုက်လေ ... အန်တီလှိုင်းမခ ဘာပဲဖြစ်ဖြစ် ... လိုက်ဖြာကတော့ ကိုကြီးမင်းသိင်္ခကို မြတ်သောမေနဲ့ပဲ သဘောတူတယ်၊ ဖေဖေနဲ့မေမေကိုလည်း ပြောပြီးသွားပြီ၊ ဖေဖေနဲ့မေမေကလည်း မြတ်သောမေ လုပ်သွားတာကို ခွင့်လွှတ်နားလည်တယ် ... လူငယ်ချင်း မရင်းနှီးခင်မှာ အတင်းစီစဉ်လိုက်တာ မှားသွားတယ်တဲ့ ... "

"ဟုတ်တယ် ... ဟုတ်တယ် ... "

ဒေါ်လှိုင်းမခ ခေါင်းတညိတ်ညိတ်နှင့် ...

"အန်တီလှိုင်းမခ ... "

"ဟင် ... ဘာလဲ လိုက်ဖြာ ... "

"တကယ်လို့သာ မြတ်သောမေ ပြန်ရောက်မလာတော့ဘူးဆိုရင် ဒီအမွေတွေအားလုံး အန်တီလှိုင်းမခ တစ်ယောက်တည်း ခံစားရတော့မှာနော် ... "

"အမလေး လိုက်ဖြာရယ် ... လူတွေအားလုံးက အဲလိုပဲ ထင်နေကြလို့ အန်တီလှိုင်းမခ ဖြေရှင်းရခက်နေတာ၊ ဒီအမွေစုဟာ မြတ်သောမေ သေသွားခဲ့ရင်တောင် မိဘမဲ့ကလေးဂေဟာတွေနဲ့ ဘိုးဘွားရိပ်သာတွေကို လှူလိုက်ဖို့ အမွေခွဲစာချုပ်ထဲမှာ တစ်ခါတည်း လက်မှတ်ထိုးထားတာ ... "

"ဟွန်း ... ဒါကြောင့် အန်တီလှိုင်းမခက မြတ်သောမေ





ပျောက်သွားတာကို စိတ်ပူနေတာပေါ့လေ ... ဟား ဟား ... ကိုကြီးနဲ့မြတ်သောမေ လက်ထပ်လိုက်မှ အန်တီလှိုင်းမခ နိုင်သွားမယ်၊ ဒီလိုလား ... ဟား ဟား ... "

လိုက်ဖြာကတော့ ဟိုအတိတ်မေ့မလေးနဲ့ သံယောဇဉ်တွေ ဖြစ်သွားမှာကြောက်လို့ မြတ်သောမေနဲ့ အတင်းသဘောတူခဲ့တာ။ လိုက်ဖြာတို့အတွက်က ငွေမလိုဘူးလေ။ ပြီးတော့ ... အန်တီလှိုင်းမခနဲ့လိုက်ဖြာတို့က အသက်ချင်း ကွာပေမယ့် လောင်းကစားလုပ်တဲ့နေရာမှာ ဝါသနာချင်းတူလို့ ပေါင်းမိတွဲမိနေကြတာ။ ဒါကို ... ဘေးလူတွေ သိနေစရာလိုသလား။

နွေးလိုက်ဖြာသွားလျှင် ဒေါ်လှိုင်းမခ ပါသည်။

ဒေါ်လှိုင်းမခ ရှိနေလျှင် နွေးလိုက်ဖြာက သူ့မဘေးမှာ အခေါင်သင့်။ အသိုင်းအဝိုင်းက ကျယ်တော့ အပေါင်းအသင်းကစုံသည်။ ညှော်ခံပွဲတက်လိုက် ပါတီပွဲသွားလိုက်နှင့် လမ်းခွဲကြတော့လည်း အချိန်မတော် အချိန်တော်။

ညဥ့်နက်သန်းခေါင်ဆိုတာ ဒေါ်လှိုင်းမခနှင့်နွေးလိုက်ဖြာတို့ နှစ်ယောက်ရဲ့ နှမ်းလျှအိမ်ပြန် အချိန်မှန်ပဲပေါ့။ ဒါကိုသိထားတဲ့ ဖွားရေစဉ်က နှုတ်ခမ်းမဲ့မဲ့လေးနဲ့ အမြဲပြောပြောနေတတ်တာက ...

"ဒီနှစ်ယောက်တွဲမိသွားတာ ကြာရင် ခက်ကုန်ကြတော့မယ်ထင်တယ် ... မောင်မင်းသိင်္ခကလည်း သူ့အလုပ်နဲ့သူရှုတ်နေတာ၊ ညီမနဲ့မိသားစုကိုလည်း ပြန်လှည့်မကြည့်နိုင်ဘူး။ လှိုင်းမခဆိုတဲ့ မိန်းမကလည်း ယောကျ်ားဆုံးပြီးကတည်းက လေထဲမှာဝဲပြီး အဝိုင်းအဆမဲ့အောင် ပျံချင်နေတာဆိုတော့ ရှေ့လျှောက် ဒုက္ခရောက်ဖို့ပဲရှိတော့တာပေါ့၊ ဒီကြားထဲ ... မောင်မင်းသိင်္ခကိုလက်



www.burmeseclassic.com

www.burmeseclassic.com



ထပ်ပေးစားဖို့ အကွက်ချ စီစဉ်ကြသေးတယ်၊ မလွယ်ဘူး ... မလွယ်ဘူး။ တွေးကြည့်လိုက်ရင် အားလုံးရင်မောစရာတွေချည်းပဲ။ စံမြန်းရိပ်လေးကလည်း မောင်မင်းသိကွာ ကွယ်တာနဲ့ တစ်နေ့ကုန် နှိပ်စက်ခံနေရတာ။ ဘာပဲပြောပြော ဘယ်သူတွေဘာဖြစ်ဖြစ် သနားဖို့ကောင်းတဲ့ စံမြန်းရိပ်လေးကို စောင့်ရှောက်ရမယ်။ ဖွားရေစဉ် အသက်ရှင်နေသမျှ ဒီခြံကြီးထဲမှာ စံမြန်းရိပ်လေး နေခွင့်ရှိနေစေရမယ် ... ”

ဒီလိုပဲ တတွတ်တွတ်ပြောရင်း ...

မင်္ဂလာပွဲကြီး ပျက်သွားခဲ့ရတာလေ။

ဖွားရေစဉ် ရင်မောဘဲနေပါတော့မလား။

☼

အခန်း ( ၅ )

မနက်မိုးလင်းလင်းချင်း ...

ရေနံ့သာဈေးထဲကိုရောက်သွားတာ နေနန်းတော်။

“ကဲ ... ဒီဝတ်စုံလေးနှစ်စုံ ထည့်လိုက်ဗျာ ... ”

“ဟဲ့ ... နေနန်းတော် ... ဒါ ... ဒါတွေက ... ”

အယည်ဆိုင်က ကြီးကြီးဒေါ်သူဇာက မျက်လုံးပြူး မျက်ဆံပြူးနှင့် မျက်တောင်တွေပင့်ကာ စိုက်ကြည့်လျှက်။ နေနန်းတော်လို ခပ်ပေပေ ခပ်မိုက်မိုက်ကောင်လေးတစ်ယောက်က အမျိုးသမီးဝတ်စုံလေးနှစ်စုံ လာဝယ်နေတာဆိုတော့ ကြီးကြီးဒေါ်သူဇာအတွက်တော့ ဆန်းချင်လည်းဆန်းနေမှာပေါ့။

“ကောင်မလေးတစ်ယောက်ဝတ်ဖို့ပါ ... ကြီးကြီးဒေါ်သူဇာ”

“ဟား ဟား ... သိတယ် ... သိတယ် ... ညက ကောင်မလေး တစ်ယောက်ကို မင်းခိုးပြေးလာတာလေ ... ”

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဗျာ ... "

တစ်ကိုယ်လုံး ထူပူသွားကာ မျက်နှာလေးကပါ ဖြန်းခနဲနေအောင် ရဲသွားသည်။

"ဟာ ... မဟုတ်ဘူးနော် ကြီးကြီး ... ကျွန်တော် ခိုးပြေးလာတာမဟုတ်ဘူး ... "

"ရှက်မနေပါနဲ့ ... နေနန်းတော်ရယ် ... စောစောကပဲ မင်းတို့ကျူးကျော်ထဲက ထွက်လာတဲ့ ပဲပြုတ်သည်ကြီး ဒေါ်ထွန်းပြောသွားတာ၊ သူတို့လည်း မိုးလင်းမှသိလို့ အံ့သြနေတာတဲ့၊ ကောင်မလေးက ဝင်းဝင်းနှစ်နှစ်ကလေးနဲ့ ချစ်စရာလေးဆို ... "

သူ ... ကြီးကြီးဒေါ်သူဇာ နားလည်အောင်လည်း ရှင်းမပြချင်တော့ပါ။

ကျသင့်ငွေကို ခပ်ပြတ်ပြတ်ပဲ ရှင်းပေးပြီး လှည့်ထွက်လာတော့ ဈေးထဲကလူတွေ သူ့ကိုဝိုင်းကြည့်နေတာ ပြုံးတုန့်တုန့်မျက်နှာထားလေးတွေနဲ့။ ဟင်းချက်စရာတချို့ကိုလည်း သူဝယ်လာခဲ့သည်။ ဈေးထဲမှာ ပြောဆိုဝေဖန်နေတာတွေ အားလုံးကိုလည်း သူကြားလာခဲ့သည်။

သူ ရှက်ပြီးတော့ ဘယ်သူမေးတာကိုမှလည်း မဖြေခဲ့။

ကောင်မလေးက အရမ်းချစ်ဖို့ကောင်းနေလို့ ဈေးထဲမှာကြားလိုက်ရသမျှလူတွေအားလုံး အတင်းပြောစရာဖြစ်အောင် အံ့သြနေကြတာတဲ့။

"ဦးနေ ... ပြန်လာပြီလား ... "

"ဦးနေ ... ဟိုမမကို ညကခေါ်လာတာဆို ... "





"သားတို့လာကြည့်မယ်နော် ... ဦးနေ ... "

ကျူးကျော်ထဲက ကလေးတွေ ပျော်ရွှင်မြူးထူးဟန်ကလေးတွေနှင့် သူ့နောက်မှာဝိုင်းအုံပြီးတော့ ပါလာသည်။ တဲတွေမှာရှိနေသည့် လူကြီးတစ်ချို့ကလည်း အကဲခတ်ကြည့်နေသည့် မျက်ဝန်းကလေးတွေနှင့်။

မေကတော့ တဲရှေ့မှာ မျက်နှာထားတည်တည်ကလေးနှင့် ထိုင်လို့ပါ။ ကလေးတွေက မေ့ကိုကြောက်နေတာလား၊ ဘာလားတော့မသိ။ တဲရှေ့ထိတောင် မလိုက်ကြတော့ဘဲ ခပ်လှမ်းလှမ်းတစ်နေရာကနေသာ သူတို့ထက်ငယ်သော ကလေးတစ်ချို့ကို ခံတွင်းခွချီထားရင်း မျက်လုံးလေးတွေ ပေကလပ် ပေကလပ်နှင့် မေ့ရှိရာကိုပဲ လှမ်းကြည့်အကဲခတ်နေကြသည်။

ဒါတောင် ခပ်ရဲရဲချာတိတ်တစ်ယောက်က သူ့နောက်ကို အပြေးလိုက်လာကာ ...

"ဦးနေ ... "

"ဟေ ... ဘာလဲကွ ... "

"ဟိုမှာ ဦးနေ ... ခိုးပြေးလာတဲ့မိန်းမလား ... "

ကြည့်စမ်း ... ဒီကောင် စပ်စပ်စုစု။

"ဟေ့ကောင် ... မဟုတ်တာတွေ မင်းလျှောက်မပြောနဲ့နော်"

ပူတူးဆိုတဲ့ကောင်လေးကို မျက်နှာထားတင်းတင်းနဲ့ပဲ သူ ဟောက်ရသည်။ ဒါလည်း ကောင်လေးက နောက်တွန့်မသွား။ ဘောင်းဘီတိုအဟောင်း အင်္ကျီလက်တိုအဟောင်းကလေးနှင့် ဖင်ပြတ်ညှပ်ဖိနပ်လေးကို စီးထားကာ သူ့နောက်ကို ဆက်လိုက်ပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဟာ ... ဦးနေကသာ မဟုတ်ဘူးပြောနေတာ၊ အားလုံးက ပြောနေတာ ဦးနေမိန်းမ ခိုးလာတာတဲ့ ... "

"ပူတူးနော် ... မင်းတော်တော်ဖောက်ရှုတ်တဲ့ကောင် ... သွား ... သွား ... "

အော်ထုတ်တော့မှ နောက်မှာ ကျန်ခဲ့သည်။

"ရှင် ... ရှင် ပြန်လာပြီလား ... "

သူ့ တဲလေးပေါ်တက်လာတာ မျက်နှာထားတည်တည် လေးပါ။

မေ လှမ်းမေးတာကိုလည်း တစ်လုံးမှမဖြေဘဲ နောက်ဖေး အထိ တောက်လျှောက်တန်းဝင်သွားသည်။ မေ သူ့နောက်ကို ဝင် လိုက်သွားတော့မှ ...

"ရော့ ... ဒီမှာ မင်းအတွက် ဝတ်စုံနှစ်စုံဝယ်လာတာ၊ ဟို ဂါဝန်ကြီးကို ဆက်မဝတ်နဲ့တော့ ... ရေချိုးမယ်ဆိုလည်း ချိုးလို့ရ တယ်၊ ငါ မနက်အစောကြီးကတည်းက တိုင်ကီအားလုံးစာ ရေဖြည့် ပေးထားတယ် ... "

"ဟင် ... ရှင့်မှာ ပိုက်ဆံရှိလို့ဝယ်လာတာလား"

"အဲဒါ ... မင်းမမေးနဲ့ ... "

နေနန်းတော်က ဟင်းချက်စရာ သားငါးအထုတ်ကို ပစ်ချ ရင်း လှည့်မကြည့်ဘဲပြောသည်။

"ကျွန်မ ... ကျွန်မ ... ဟင်းမချက်တတ်ဘူးနော်"

"မလိုဘူး ... ငါကိုယ်တိုင်ချက်မှာ ... "

မေ မျက်စောင်းလေးဝဲသွားကာ သူ့မျက်နှာလေးကိုကြည့်မိ





"ရှင် ... ထွက်သွားတော့၊ ကျွန်မကို ဒီအနားတစ်ဝိုက်က ...မေးကြတယ် ... "

"ဟင် ... ဘာလာမေးတာလဲ"

"ခိုးပြေးလာတာလားတဲ့ ... "

"ဟာ ... ကြည့်စမ်း ... မင်း ... မင်း ဘယ်လိုပြန်ဖြေလိုက်

"ဟုတ်တယ်လို့ ... "

"သွားပါပြီကွာ ... ဒုက္ခပါပဲ ... "

နေနန်းတော်က မေ့ရှေ့ကနေ ဖြတ်လျှောက်သွားကာ ဒယ် ...စ်လုံးကို လှမ်းယူသည်။ မေ့ကိုမကြည့်ဘဲ စိတ်ပျက်လက်ပျက် ...နှာထားလေးနှင့် ခေါင်းပေါ်က ဆံပင်တွေကို တဖြင်းဖြင်းဆွဲ ...ပွ၏။

"ဘာလဲ ... နေနန်းတော် ... ကျွန်မ ဒီလိုဖြေလိုက်လို့ ရှင် ...ကျက်သွားပြီလား၊ ရှင် စိတ်မပျက်ပါနဲ့ ... နှစ်နာစရာရှိရင် ကျွန်မ ...နာမှာ ... ကျွန်မ ပတ်ဝန်းကျင်က ပြောသမျှတွေကို ခံနိုင်ရည် ...င် ကြိုးစားမယ် ... "

မေ ခပ်ယဲ့ယဲ့လေးပြုံးပြီး သူလုပ်နေသမျှကိုပဲ လိုက်ကြည့် ...ည်။ သူနဲ့ပတ်သက်ခဲ့မိမှတော့ သူ့ကျင်လည်ရာ အသိုင်းအဝိုင်း ... အလိုက်အထိုက်လေးတော့ စီးမျောလိုက်ပါရတော့မှာပဲပေါ့။

ဒီလိုပြောလိုက်ရတာကိုလည်း မေက ကျေနပ်ပါသည်။

သေချာတာတစ်ခုက မေ အိပ်ရာလေးထက်ကနေ ကို...



www.burmeseclassic.com

www.burmeseclassic.com



အော်သံ၊ ငှက်အော်သံတွေကြောင့် ဖျတ်ခနဲ လန့်နိုးလာခဲ့ချိန်မှစပြီး မေ ဆုံးဖြတ်ခဲ့သမျှတွေကို နှစ်သက်သဘောကျကာ ဒီမှာဆက်နေ သွားဖို့ နိုင်မာသွားခဲ့သည်။

သူ့ကို ကြည့်လိုက်တော့ ...

တဲရှေ့က ရေတိုင်ကီလေးထဲကို ရေတွေထမ်းပြီး လောင်း ထည့်နေတာလေ။ ညကလည်း လေတွေတဝုန်းဝုန်းတိုက်ပြီး တဲ လေး တဒုန်းဒုန်းအသံမြည်ကာ လှုပ်နေသည့်ကြားမှ မေ အိပ်ပျော် သွားခဲ့တာ မိုးလင်းမှ နိုးလာခဲ့တော့၏။

ပတ်ဝန်းကျင်ကိုလည်း အခုမှ မေ အသေအချာ ကြည့်ခွင့် ရသွားသည်။ ဟိုတုန်းက အိပ်ရာကနိုးလာတာနှင့် အပေါ်ထပ် ပြတင်းတံခါးက ကြည့်လိုက်လျှင် ခြံထဲမှာ ဝေဝေဆာဆာပွင့်လန်း နေသော ပန်းပွင့်ရောင်စုံတွေဆီမှ လွင့်ပျံ့လာသော ပန်းရနံ့ပေါင်း ကို ခံစားရင်း နိုးထလာခဲ့ရသလောက် ခုတော့ ... တဲကလေးရှေ့ သို့ ထွက်လိုက်သည်နှင့် မြင်နေရတာတွေက ချုံနွယ်ပိတ်ပေါင်းတွေ နှင့် ညစ်ထေးထေး အမှိုက်သရိုက်တွေ ဗူးခွံအစုတ်အပြတ်တွေ၊ မှို ခြောက်အကြွေတွေနှင့် ဆူးခရာချုံတောတွေပဲ ဖြစ်သည်။

ပြောရရင် ... ဒီကျူးကျော်ရပ်ကွက်လေးဟာ မေ့အိပ်မက် တွေထဲမှာပင် မြင်မက်ခဲ့ဖူးခြင်းမရှိခဲ့သည့် စုတ်ပြတ်နံချာလှသော ရပ်ကွက်လေး။

"ဟွန်း ... မင်းဘယ်လောက်ခံနိုင်ရည်ရှိသလဲဆိုတာ ငါ စောင့်ကြည့်ရဦးမယ်လေ ... ရှေ့ ... ရှေ့ကနေ ဒီပုံးနဲ့ရေတစ်ပုံး ပေး ..."





နေနန်းတော်အသံက သိမ်မွေ့နူးညံ့ခြင်းမရှိ။

မေ မျက်စောင်းလေးဝဲကြည့်ကာ သူ့လက်ထဲက ရေပုံးလေး ကို လှမ်းယူသည်။

"ခဏလေးနော် ... ကျွန်မ အဝတ်အစားလဲပြီးရင် ရှင်ခိုင်း တာမှန်သမျှ အကုန်လုပ်ပေးမယ်"

မေ ခုမှ မင်္ဂလာဝတ်စုံဂါဝန်ဖြူကြီးကို ချွတ်ခွင့်ရသွားသည်။ စိတ်ထဲမှာလည်း ခုမှအသက်ရှူချောင်သွားကာ လွတ်လပ်ပေါ့ပါး သွား၏။ မေ အဝတ်အစားသစ်ကလေးနှင့် အခန်းအပြင်ပြန်ထွက် တော့ နေနန်းတော်က မဲ့ပြုံးလေးပြုံးပြီး စိုက်ကြည့်နေတာ မေက သိလိုက်ပေ။

မေ ရေတစ်ပုံးဆွဲလာကာ သူ့ကို လှမ်းပေးလိုက်တော့မှ။

"မင်း သိပ်ပျော်နေလား မြတ်သောမေ ..."

"ပျော်နေတာထက် လွတ်လပ်နေတာကို ပိုသဘောကျ တယ်"

"မင်း စိတ်ကူးမယဉ်နဲ့ ..."

နေနန်းတော်က ခုတ်ထစ်ပြီးသား ကြက်သားတုံးကလေး တွေကို ရေဇလုံထဲမှာစိမ်ကာဆေးရင်း ကြက်သွန်၊ ငရုတ်သီးတွေ လှီးဖို့ ထောင်းဖို့ပါ တစ်ခါတည်းပြင်သည်။

"အခု ... မင်းက မင်္ဂလာပွဲကြီးတစ်ခုကနေ ကိုယ်လွတ်ရုန်း ပြီးတော့ ထွက်ပြေးလာတဲ့မိန်းကလေး ... မင်းမှာ ဆွေမျိုးအသိုင်း အဝိုင်းတွေရှိတယ် ... နောက်ခံအင်အားတောင့်တင်းတယ်၊ အချိန် မရွေး မင်းရှေ့ကို သူတို့ရောက်လာနိုင်တယ်၊ ဒါကိုသိသိကြီးနဲ့ မင်း စိတ်ကူးတွေယဉ်ပြီး ဒီမှာလာပျော်မနေနဲ့ ... လာခေါ်ရင် မင်းပြန်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သွားရမှာ ... ”

“အဲဒါ ... ကျွန်မ သဘောပါ ... ”

“ငါလက်မခံနိုင်ဘူး မြတ်သောမေ ... ”

“ဟင် ... ”

မေ ဖျတ်ခနဲမော့ကြည့်လိုက်တာ မျက်တောင်တွေ
လျှက်။

နေနန်းတော်က ငါလက်မခံနိုင်ဘူးတဲ့။

မေ မကျေနပ်တာလည်း အဲဒါပဲ။

“မင်းဘဝနဲ့ ငါ့ဘဝက အဝေးကြီး ... မင်း ငါ့နောက်
လိုက်လာတာလည်း အိပ်မက်မက်နေသလို ငါခံစားနေရတယ်၊
ချာတာက ငါကယ်တင်ရှင်မဖြစ်ချင်ဘူး၊ ဘယ်သူ့မျက်ရည်ကိုမှလည်
သုတ်ပေးနိုင်တဲ့စွမ်းအား ငါ့မှာမရှိဘူး ... ဒါကြောင့် ခပ်ပြတ်ပြတ်
မင်းကို ငါပြောနေတာ”

“ရှင် ... ရှင် ... ဘယ်လိုလူလဲ နေနန်းတော် ... ”

“ဟွန်း ... ခုထိ မင်း ငါ့ကိုနားမလည်သေးဘူးလားဟင်
ငါက လမ်းပေါ်မှာလွင့်ချင်သလို လွင့်နေတဲ့ ရွက်ဝါကြွေကွ၊ နား
လည်လား ... ငါနဲ့နေရင် မင်းဘဝလေးပါ စုတ်ပြတ်သတ်သွားမှာမို့
လို့ပြောနေတာ ... မင်း မပြန်လို့မရဘူး ... ”

ကြက်သွန်လှီးဖို့လည်း ဓါးကိုလှမ်းကိုင်သည်။

မေ့ကိုလည်း ရှုးရှုးရှားရှား လှမ်းပြောနေ၏။

မေ တုန်လှုပ်မသွားပါ။

ဒီလောက်ဆို ... သူ့စိတ်ဓာတ်ကို မေသိနေပြီပဲ။

ညကလည်း မေခြေဖွနင်းကာ တဲရှေ့ကို ချောင်းကြည့်တော့





ဖျာကြမ်းလေးပေါ်မှာ သူ ကွေးကွေးလေး အိပ်ပျော်နေတာလေ။

မဟုတ်မခံ ဓာတ်ဓာတ်ကြဲလေးနဲ့ ရိုးရိုးရှင်းရှင်းလေးနေ
တတ်သူ။ ဘယ်သူ့ကိုမှလည်း ကြောက်စိတ်ရှိပုံမရ။ ညက လေကွေ
တဝုန်းဝုန်းတိုက်လာတော့ ... မေ နည်းနည်းလေးတော့ ကြောက်
စိတ်ဝင်သွားမိသည်။

သို့သော် ... တဲရှေ့မှာ သူရှိနေတာပဲဆိုသည့် အသိက မေ့
တစ်ကိုယ်လုံးကို အင်အားအပြည့်နှင့် နွေးထွေးသွားစေခဲ့၏။

ခုလည်း မြင့်မြင့်မားမားအရပ်ကြီးနဲ့ မေ့ရှေ့မှာ အားလုံးကို
သူစိုးမိုးထားတာ။

“ဟွန်း ... မပြောလိုက်ချင်ဘူး၊ ပိုးကတ္တီပါလမ်းလို့ မင်းက
ထင်နေတာလား၊ ဒီအနောက်ကနေ လှမ်းကြည့်ရင် ငမိုးရိပ်ချောင်း
ထဲမှာ လှေတွေသင်္ဘောန်တွေ၊ သဘော်တွေ အစုန်အဆန်သွားနေတာ
ကို မင်းမြင်ရလိမ့်မယ်၊ ရေတွေတက်လာရင်လည်း မြွေဆိုးမြွေ
ဟောက်ကြီးတွေက ရေထဲမှာပါလာတာ၊ ခြေသလုံးလောက်ရှိတဲ့
စပါးအုံးမြွေကြီးတွေတောင် ပါတယ်”

“ဘုရားရေ ... ရှင် တကယ်ပြောတာ”

“မင်းမယုံရင် ဟိုဘက်နားက တဲမှာနေတဲ့ ဦးပုဆိုတဲ့
ဦးလေးကြီးကို မေးကြည့် ... သူက ရန်ကုန်တစ်မြို့လုံးကို ပတ်ခွေ
စီးဆင်းနေတဲ့ မြစ်တွေ၊ ချောင်းတွေမှာ ငါးရှာ ဖားရှာနဲ့ အသက်မွေး
လာတာ၊ သူက သဘောကောင်းတယ် ... ဘယ်နေရာရောက်
ရောက် မြစ်ချောင်းအစပ်မှာ တဲထိုးပြီးနေတယ်၊ သူ့အလုပ်သူလုပ်
တယ်၊ မခိုးဘူး၊ မဖွက်ဘူး၊ ရာဇဝတ်မှုကျူးလွန်တဲ့အလုပ်မျိုးတွေ



www.burmeseclassic.com

www.burmeseclassic.com



သူ ဘယ်တော့မှ မလုပ်ဘူး ... ”

ကြက်သွန်တွေခွာပြီး လှီးချလိုက်တာလည်း ခဏလေး။

ပြောပြောဆိုဆိုနှင့်ပဲ ဟင်းအိုးတစ်အိုးကို သူတည်ပြတော့မည်။ မေ့မှာသာ သူလုပ်နေသမျှကို တအံ့တဩ ငေးကြည့်နေခဲ့ရလျှက်။ ဘဝဆိုတာ ဒါလားဆိုတာလည်း မေက မစဉ်းစားချင်ပါ။

မေ သိချင်နေတာ ခြေသလုံးလောက်ရှိသည့် မြွေကြီးတွေအကြောင်း။ စိတ်ကမလုံတော့။ တဲထဲမှာပဲ ဟိုဟိုဒီဒီလျှောက်ကာ မေက ကြည့်နေမိသည်။

ခဏနေတော့ ဟင်းက ကျက်သွားသည်။

ကြက်သားဆီပြန်ဟင်းက မဆလာနံ့ကလေးပါမွှေးလို့။ ချဉ်ပေါင်ဟင်းအရည်သောက်ကလေးကိုလည်း သူက ချက်ပြလိုက်သေးသည်။

သူ ဟင်းထမင်းတွေ ချက်ပြုတ်နေစဉ်မှာ မေက ရေချိုးသည်။ မနေ့က အလှပြင်ဆိုင်မှာ လိမ်းလာသည့်မိတ်ကပ်တွေ၊ အိုင်းလိုင်နာတွေပါ ဖျက်ချလိုက်တော့ ဝင်းနှစ်တဲ့ အသားအရည်လေးက နဂိုရှိရင်းစွဲလေးအတိုင်း ပေါ်လာသည်။ ခက်နေတာက ကြည့်စရာမှန်က တဲလေးထဲမှာမရှိ။

သနပ်ခါးလည်းမရှိ။ ကျောက်ပျဉ်လည်းမရှိ။

ဒါကိုလည်း မေက ပြုံးမိသည်။

ဟိုဘက်ထဲမှာနေတဲ့ ခရေပြုံးဆိုတဲ့ ဆံရစ်ဝိုင်းကလေးနဲ့ ကောင်မလေးကို အကူအညီတောင်းတော့မှ ဈေးပေါသည့် သနပ်ခါးခဲကလေးနှင့် မှန်လေးတစ်ချက်ကို လာပို့ပေးသည်။





“ဟာ ... ကျေးဇူးနော် ညီမလေး ... ”

“ရပါတယ် မမရဲ့ ... သမီးက မမကို မနက်ကတည်းက မိုးနံပင်ချုံကြီးတွေကြားထဲက ချောင်းကြည့်နေတာ၊ မမက အရမ်းချစ်ဖို့ကောင်းတာပဲ ... ”

“ညီမလေးက ကျောင်းမတက်ဘူးလားဟင်”

“တက်တာပေါ့ မမရဲ့ ... ”

ခရေပြုံးဆိုသည့် နာမည်လေးနဲ့လိုက်အောင်လည်း ကောင်မလေးရဲ့အပြုံးလေးက ရိုးရှင်းသည်။

“မမ ... ”

“ဟင် ... ဘာလဲ ညီမလေး ... ”

“ဦးနေကလေ ... အရမ်းသနားဖို့ကောင်းတယ် သိလား”

“ဘာ ... ဘာပြောတယ် ... ”

ဒီစကားလေးကိုတော့ မေက မအံ့ဩဘဲ မနေနိုင်။

“ပြန် ... ပြန်ပြောစမ်း ညီမလေး ... ဦးနေ ... ဦးနေဆိုတာ နေနန်းတော်ကိုပြောတာလား။ သူ ဘာဖြစ်လို့သနားဖို့ကောင်းတာလဲ”

“ဦးနေမှာ အမေ မရှိလို့ ... အမေကိုလာရှာနေတာလေ၊ နေ့တိုင်းလည်း သွားရှာတယ် ... မတွေ့ဘူး ... တစ်ခါ တစ်ခါ ဒီတဲလေးပေါ်မှာ ဦးနေတစ်ယောက်တည်း ထိုင်ပြီး မျက်ရည်လေးဝဲနေတာ ဘယ်သူက ခေါ်ခိုင်းခိုင်း ပိုက်ဆံမရလည်း ဦးနေက လိုက်လုပ်ပေးတယ် ... သမီးတို့ကလေးတွေအားလုံးကတော့ ဦးနေ့ကို ချစ်တယ် ... မမကရော ဦးနေကိုတကယ်ချစ်လို့ ဒီနေရာအထိ လိုက်လာတာလား ... ”

www.burmeseclassic.com



"ဟွန်း … ခရေပွိုးနော် … နင် မမကိုဘာတွေလျှောက်မေး နေတာလဲ … "

ချက်ပြုတ်ပြီးလို့ နောက်ဖေးခန်းထဲကအထွက်မှာ ခရေပွိုး ပြောတာကို နေနန်းတော်က ကြားသွားခဲ့တာ ဖြစ်သည်။

"ရှင် … ရှင် … ကလေးကိုမဆူပါနဲ့၊ ကလေးက ရိုးရိုးသား သားစိတ်ကလေးနဲ့မေးတာ၊ ကဲ … ကဲ … ညီမလေး သွားတော့ နော်၊ ညနေကျမှ တစ်ခေါက်လာလည်နော် … "

"ဟုတ် … မမ … "

ခေါင်းလေးညိတ်ပြပြီး ဟိုဘက်တဲကို ပြန်ပြေးသွားသည်။

ချစ်ဖို့ကောင်းတဲ့ ခရေပွိုးလေး။

အဝေးကိုရောက်သွားတာတောင် တစ်ခေါက်လှည့်ကြည့် သွားသေး၏။

"ဟွန်း … မင်း ကြားတယ်နော်၊ ဒီပတ်ဝန်းကျင်မှာ မင်းနဲ့ငါ နဲ့ သတင်းတွေ ဘယ်လောက်မွှေးနေပြီလဲဆိုတာ … "

နေနန်းတော်က မေ့ကိုလည်း မကြည့်ပါ။

သူ့ဟာသူ တစ်ယောက်တည်းပြောသလိုလိုနှင့် ရေလဲပုဆိုး ယူကာ ရေချိုးဖို့ တဲရှေ့ကို ဆင်းသွားသည်။ မေက … ဘာမှမပြော တော့ဘဲ ခရေပွိုးပေးသွားသည့် သနပ်ခါးခဲကလေးကို လက်ဖဝါး လေးထဲထည့်ပြီး ရေနှင့်ထည့်ဖျော်ကာ ပါးပြင်လေးထက်မှာ ခပ်ကြဲ ကြဲကလေး လိမ်းလိုက်သည်။

မှန်ကလေး ရလိုက်တာလည်း အဆင်ပြေသွား၏။

ခဏနေတော့ ရေချိုးပြီး သူပြန်တက်လာသည်။ ရေသုတ် အဝတ်အစားလဲလိုက်တာလည်း ခဏလေး။ ဒီတစ်ခါ သူထွက်လာ





တာ မိုးပြာရောင် တီရှပ်အဟောင်းကလေးနဲ့ ရေစိုဆံပင် မခြောက် တခြောက်တွေက သူ့ပခုံးစွန်းလေးမှာ ဖရိုဖရဲလေးပြိုကျလျှက်။ မေ သူ့မျက်နှာလေးကို ငေးကြည့်မိသွားသည်။

နေတာ ထိုင်တာ ပြောတာဆိုတာ ဣတ်ဆတ်ဆတ်လေးပေ မယ့် မျက်နှာလေးက ချောပါသည်။

"ရှင့် … ရှင့်ကိုလေ ကျွန်မ … တစ်ခုမေးချင်လို့ … "

"မေးလေ … မင်းဘာသိချင်လို့လဲ … "

"ရှင့်နောက်ကို ကျွန်မ လိုက်လာလို့ ရှင်စိတ်အနှောက် အယှက် ဖြစ်နေပြီလားဆိုတာ သိချင်တာ"

"အရေးကြီးတာ မင်းစိတ်ချမ်းသာဖို့ပါ … "

"ရှင် ဝေ့လည်ကြောင်ပတ်မဖြေနဲ့ … "

"ဟာ … ငါဘယ်မှာဖြေလို့လဲ … "

"ရှင်က လက်မခံချင်လေ ကျွန်မက နေချင်လေပဲ … ညက လည်း မကြောက်ပါဘူး။ စိတ်ထဲမှာပေါ့ပြီး အရမ်းလွတ်လပ်သွားလို့ အိပ်ပျော်သွားတာ … အိမ်မှာဆို အချိန်တိုင်းမှာ ကျွန်မ ငိုခဲ့ရတယ်"

မေက မေ့ဘဝကို သူသိအောင် ရင်ဖွင့်ပြောပြချင်တာပါ။

"ဟင် … ဘာလို့ငိုတာလဲ … "

"ရှင့်ကို ကျွန်မ ပြောခဲ့သလိုပဲ မိထွေးက ကျွန်မကို ငယ်ငယ် လေးကတည်းက ချုပ်ချယ်လာခဲ့တာလေ … ကျွန်မ ဆယ့်ရှစ်နှစ် သမီးအရွယ်မှာ ဖေဖေဆုံးသွားတော့ ပိုဆိုးသွားတယ် … အခု ကျွန်မ အသက်နှစ်ဆယ်မှာ ဦးမင်းသိင်္ဃာဆိုတဲ့ စီးပွားရေးလုပ်ငန်း ရှင်တစ်ယောက်နဲ့ ကျွန်မကို အတင်းအကြပ် လက်ထပ်ဖို့စီစဉ်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



အကြိမ်ကြိမ်အခါခါ ကျွန်မငြင်းတာလည်း လက်ခံဘူး၊ အဲဒါနဲ့ … မင်္ဂလာဆောင်ပွဲတက်ဖို့ အလှပြင်နေတဲ့အချိန်မှာ ဗိုလ်ချုပ်ဈေးထဲကနေ အနောက်ဘက်အုတ်တံတိုင်းကို ကျော်ပြီး ရထားသံလမ်းအတိုင်း ကျွန်မ ပြေးခဲ့တာ … ”

ပြန်တွေးမိရင်တောင် …

မေ့အဖြစ်က တကယ့်ကို သည်းထိတ်ရင်ဖိုဇာတ်လမ်း။

အလှဖန်တီးရှင် မမခိုင် … အခန်းထဲဝင်သွားတုန်း လက်ဝတ်လက်စားတွေပါ အကုန်ချွတ်ထားခဲ့ပြီး ပြေးထွက်လာခဲ့တာ။ ဂါဝန်ရှည်ကြီးနဲ့မို့ ဟိုကပိုင်းကြည့် ဒီကပိုင်းကြည့်နဲ့ သံဗုဒ္ဓေလည်း တစ်လမ်းလုံး ရွတ်လာရသည်။

ပြန်မိသွားမှာစိုးလို့လည်း ရင်ကတထိတ်ထိတ်။

မှောင်ရိပ်သန်းလာချိန်မှာ ဒုတ္တရောက်ချင်တော့ ပေပေတေတေ ကောင်တွေကြားထဲကို မေရောက်သွားခဲ့ရ၏။ ဒါလည်း … နေနန်းတော်ကယ်လိုက်လို့။

“ဟွန်း … မင်းဒီလောက်ပြောရင် ငါသဘောပေါက်တယ် သိလား၊ ကျန်တာတွေ ငါစိတ်မဝင်စားဘူး … မင်းဘယ်လောက် ချမ်းသာတယ်ဆိုတာလည်း ငါမသိချင်ဘူး”

နေနန်းတော် ပြန်ထသွားသည်။

ကြမ်းခင်းတွေကို တဂျွမ်းဂျွမ်းနင်းပြီး နောက်ဖေးခန်းထဲဝင်သွား၏။ ပြန်ထွက်လာတော့ ထမင်းပန်းကန် ဟင်းပန်းကန်တွေကိုင်လို့။

“အို … ရှင် ထမင်းစားမယ်ဆိုလည်း ကျွန်မကိုပြောပါလား





နေနန်းတော်ရယ် … ကျွန်မ ခူးပေးမှာပေါ့”

“မလိုဘူး … မင်းကသည့်သည် ငါက အိမ်ရှင် … ”

“ဟင် … ”

တွေ့လား … ဒီစကားကိုပဲပြောပြောနေတာ နှစ်ခါရှိနေပြီ။

မေ နှုတ်ခမ်းလေး မဲ့မိသည်။

“စားပြီးရင် ငါက အပြင်သွားမှာနော် … နေရင်လည်း မင်းတစ်ယောက်တည်းနေခဲ့ရမှာ၊ မနေချင်ရင်လည်း ငါခေါ်လာတဲ့လမ်းအတိုင်း မင်းပြန်သွားလို့ရတယ်၊ ငါပြန်လာမယ့်အချိန်ထိ စောင့်နေစရာမလိုဘူး”

မေ ပြန်မပြောတော့တာ လေကုန်လို့။

တော်တော်အကြောမာတဲ့လူ … ပြန်စရာလား။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၆ )

"တိုက် … တိုက် … ဒီကြမ်းပြင်တွေကို နင်ပြောင်အောင် တိုက်ထားစမ်း စံမြန်းရိပ် … ကြမ်းပြင်တွေတိုက်ပြီးရင် ဆက်တီခုံတွေ၊ ရှိုးကေ့စ်ဗီရိုတွေပါ ဆက်တိုက်မယ် … ငါ့ဖိနပ်စင်ပေါ်က ဖိနပ်တွေကိုလည်း ဖုန်တစ်စက်မှမရှိအောင် တိုက်ထား … "

နွေးလှိုက်ဖြာအသံက တစ်တိုက်လုံးမှာ မိုးလင်းကတည်းက ညံနေသည်။ တစ်ခြံလုံးမှာရှိသမျှအလုပ်သမားတွေလည်း ဘယ်သူမှ မနားရ။ တစ်ဖွဲ့က နောက်ဖေးမှာ ချက်ပြုတ်နေသည်။ တစ်ဖွဲ့က ခြံထဲက အမှိုက်သရိုက်တွေကို ရှင်းနေသည်။

"ဟဲ့ … ကြမ်းတိုက်တာ အဝတ်စုတ်လေးကို ရေနဲ့စွတ်ပြီး တိုက်ခိုင်းနေတာလေ၊ နင့်မျက်ရည်ကိုစွတ်ပြီး တိုက်ခိုင်းနေတာ မဟုတ်ဘူး … ကြာရင် … နင့်ပါးပဲ ပုတ်မလား၊ ငါ့လက်ပဲစုတ်မလား ဆိုတာ စမ်းကြည့်ရတော့မယ်ထင်တယ် … စံမြန်းရိပ်ရယ် … ဒုက္ခပါပဲ … ကြည့်ပါဦး ကြမ်းပြင်ပေါ်ကို မျက်ရည်တွေ တစ်ပေါက်ပြီး တစ်ပေါက် ပြုတ်ပြုတ်ကျနေလိုက်တာ … ဟင်းဟင်း … "

နွေးလှိုက်ဖြာမှာတော့ အံကိုလည်းကြိတ်၊ မျက်စောင်းလည်းထိုး၊ အသားတွေလည်း ဆတ်ဆတ်တုန်ကာ စံမြန်းရိပ်ဆိုသည့် တောသူမကိုပဲ ကြည့်လို့မရအောင် ဖြစ်နေတာ။ ပိုဆိုးတာက ဒီနောက်အိမ်ရာဟာအထမှာ သနပ်ခါးပါးကွက်ကြားလေးနှစ်ဖက်နဲ့ စံမြန်းရိပ်ကိုမြင်လိုက်ရကတည်းက မကြေမချမ်း ဒေါသတွေက နွေးလှိုက်ဖြာရင်ထဲမှာ ဆူပွက်သွားခဲ့ရတာပါ။

"ဟဲ့ … တောသူမ … "

"ဟင် … "

အော်လည်းအော် ပြောလည်းပြောနှင့်။ မပြောမဆို စံမြန်းပါးကို ဖြန်းခနဲ ရိုက်ချလိုက်တာက နံနက်ချိန်ခါ တေးသံသာတစ်ခုလို ဖြစ်သွားခဲ့ရသည်။ ရိုက်ချလိုက်သည့်အရှိန်နှင့် စံမြန်းမျက်နှာလေး ညည်ထွက်သွားသလို မျက်ရည်ကပါ ချက်ခြင်းလိုက်လာတော့ ပါးပြင်ပေါ်က ပါးကွက်ဝါလေးတွေ မျက်ရည်နှင့်ထိကာ စွန်းကွက်သွားခဲ့သည်။

"အဲဒါ … အဲဒါ … ငါ့စကားကို နင် … နားမထောင်နဲ့ဦး တောသူမ … "

"အဟင့် … ဟင့် … ဟင့် … "

စံမြန်းကတော့ ပါးလေးနှစ်ဖက်မှာ လက်ဝါးလေးဖြန့်ကပ်ကာ တဟင့်ဟင့်လေး ရှိုက်ငိုလျှက်။ နေရာလေးမှာပင် မလှုပ်မယှက်လေး ရပ်နေသည်။

"ကိုကြီးခြံထဲမှာ ပြန်အိပ်တဲ့နေ့တိုင်း ကျစ်ဆံမြီးလေးကျစ်ရတာနဲ့ ပါးကွက်ကြားလေးကွက်ရတာနဲ့ … နင် … နင် ကိုကြီးကို



www.burmeseclassic.com

www.burmeseclassic.com



မြူဆွယ်နေတာလားဟင် ... အတိတ်မေ့မရဲ့ ... ငါ့ကိုပြောစမ်း၊ ဒါမျိုးတွေမလုပ်ဖို့ပြောလည်း ပြောတုန်းခဏပဲ ... သွား ... သွား အခုချက်ခြင်း ပါးကွက်တွေဖျက်၊ ဆံပင်ကို ဖြန့်စည်းပြီးပြန်ထွက်ခဲ့၊ ဒီမှာ ... ကြမ်းတိုက်ရမယ် ... ”

ဒါနဲ့ပဲ ကြမ်းတိုက်တော့ ...

စံမြန်းဝမ်းနည်းနေတာ မျက်ရည်မဆည်နိုင်။

မမနွေးလှိုက်ဖြာကလည်း စံမြန်းကိုပဲ အမုန်းကြီးမုန်းနေတာ။

“နင် ... နင် ... ငါခိုင်းတာတွေအားလုံး တစ်ခုမကျန်လုပ်ထား၊ အပြင်ကို ခဏသွားပြီး ပြန်လာတာနဲ့ ငါကြည့်မယ် ... ”

မမနွေးလှိုက်ဖြာ ထွက်သွားတာ အပျိုစားကားလေးနဲ့။

သူထွက်သွားတော့ တဟင့်ဟင့်လေးနဲ့ရှိုက်ရင်း ကြမ်းပြင်တွေကို စံမြန်း ဆက်တိုက်ရသည်။ ဒီလိုခေါင်းလေးငုံ့တိုက်နေရင်း စံမြန်း မျက်ဝန်းလေးထဲ အရိပ်ထင်သွားရတာက လက်ပြောင်တောက်ပသော အနက်ရောင် ရှူးဖိနပ်လေးနှစ်ဖက်က စံမြန်းရှေ့က ကြမ်းပြင်ထက်မှာ တိတိကျကျကလေးရပ်လျက်။

စံမြန်း အထိတ်တလန့်လေး မော့ကြည့်လိုက်တော့ ...

စံမြန်းရဲ့ ကိုကြီး မင်းသိင်္ခာ။

“စံမြန်းလေးရာ ... မင်းကို ဒီပုံစံလေးနဲ့မြင်ရတာ ကိုကြီး အရမ်းစိတ်ထိခိုက်တယ်ကွာ၊ မင်းကို ... မင်းကို ဒါတွေဘယ်သူခိုင်းထားတာလဲ ... ဒီကြမ်းပြင်တွေကို တိုက်ဖို့ ဘယ်သူညွှန်ကြားထားတာလဲ ... ”





ကိုကြီးဟာ စတိုင်ဘောင်းဘီရှည်အနက်ရောင်လေးကို ရှပ်အင်္ကျီအဖြူရောင်ကလေးနှင့်တွဲကာ ဝတ်ထားလျက်။

“ဟို ... ဟိုလေ ... စံမြန်း ... စံမြန်း ... ”

မျက်ရည်ကိုသုတ်ရင်း စံမြန်း မတ်တတ်လေးထရပ်သည်။

ကိုကြီးရှေ့မှာ မကြည့်ရဲသလို မျက်နှာလေးကိုလည်း ငုံ့ချလိုက်မိ၏။

“ဟွန်း ... ကိုကြီး သိတယ် ... သိလား စံမြန်း ... ဒီအိမ်နဲ့ဒီခြံမှာ မင်းကိုဘာအလုပ်မှ မခိုင်းရဘူးလို့မှာထားလည်း ကိုကြီးစကားက အလကားပဲ ... ကဲ ... နွေးလှိုက်ဖြာ ဘယ်မှာလဲ ... အခုခေါ်စမ်း ... ”

ပြဿနာဖြစ်ပြီဆိုတာ သိလို့ ပြေးထွက်လာတာ ဖွားရေစဉ်ပါ။

“မြေးလေး ... မင်းသိင်္ခာ ... ဖွားဒေါ်ရေစဉ်ပြောမယ်၊ စံမြန်းလေးကို ဘယ်သူမှမခိုင်းပါဘူး၊ စံမြန်းလေးက အလုပ်မရှိရင် မနေတတ်လို့ဆိုပြီး ဖွားရေစဉ်တို့ အလုပ်တွေကို ဝိုင်းကူပေးနေတာ”

“ဟွန်း ... ဒီအိမ်မှာ ဘာတွေဖြစ်နေသလဲဆိုတာ ကျွန်တော်သိတယ် ဖွားရေစဉ် ... မင်္ဂလာပွဲပျက်ပြီးကတည်းက စံမြန်းလေးကို နွေးလှိုက်ဖြာ ရက်စက်နေတာ ကျွန်တော်သိတယ် ... ဒီပွဲပျက်တာ ကောင်မလေးနဲ့ဘာမှမဆိုင်ဘူး ... သူ့ဟာသူ ဖူးစာမပါလို့ပျက်တာ ဒါကိုပဲ ... ဒီကောင်မလေးကြောင့် ပျက်တာဆိုပြီး အမုန်းကြီးမုန်းနေလို့ရမလား ဖွားရေစဉ်ရယ် ... ”

မင်းသိင်္ခာဆိုတာ ခံစားရရင် ခံစားရတဲ့အတိုင်း ပွင့်ပွင့်လင်းလင်းပြောတတ်သူပါ။ လူကြီးတွေအားလုံးက ကျေနပ်သဘောတူ



www.burmeseclassic.com

www.burmeseclassic.com



ကြလို့ လက်ခံစီစဉ်ခဲ့တာမှန်ပေမယ့် သူတကယ်မြတ်နိုးနေမိတာက စံမြန်းရိပ်ဆိုသည့် အတိတ်မေ့နေရှာသည့် ဒီမိန်းကလေး။

ကုမ္ပဏီအလုပ်တွေ လျှောက်လုပ်နေရင်းလည်း စိတ်က ဒီမိန်းကလေးဆီကိုပဲ ပြန်ပြန်ရောက်နေတာ၊ သူမသိခဲ့တာမှ မဟုတ်တာ။ သူမောင်းလာသည့်ကားနှင့် စတိုက်မိသည့်နေ့ကတည်းက သတိလစ်မေ့မျောနေသည့် သူမလေးကို ကြည့်ရင်း သူ့ရင်ထဲမှာ လှိုင်းတွေထန်သွားခဲ့တာ မယုံနိုင်လောက်အောင် သူတုန်လှုပ်သွားခဲ့ရသည်။

သတိရလာတော့လည်း သူမလေးဟာ အတိတ်ကို ဘာမှ ပြန်မပြောပြနိုင်တော့သည့်အထိ မျက်ဝန်းလေး ကလယ်ကလယ်နှင့် သူ့ကို ငေးကြည့်နေခဲ့တာ မေးသမျှတွေ ဘာမှပြန်မဖြေနိုင်တော့သလို နာမည်ကိုပါ မသိတော့လို့၊ စံမြန်းရိပ်ဆိုသည့် နာမည်လေးကို မင်းသိင်္ခာကိုယ်တိုင် ပေးခဲ့ပြီး ... ဒီခြံကြီးထဲမှာ ထိန်းသိမ်းစောင့်ရှောက်ထားခဲ့ရတာပါ။

ခုတော့ ... စံမြန်းရိပ်ဆိုသည့် ထိုမိန်းကလေးဟာ ရက်တွေလတွေ ကြာလာသည်နှင့်အမျှ ဝင်းစိုသောအသားအရည်ကလေးနှင့် မျက်တောင်ရှည်ကြီးတွေ ကော့နေခဲ့တာဟာလည်း သူတွေ့လိုက်သမျှ အချိန်တိုင်းမှာ ရင်ခုန်သွားခဲ့ရတာချည်းပင်။ ဖွားရေစဉ်က မောင်နှမတွေ ပြဿနာဖြစ်မှာကြောက်လို့ ဝင်ကာလိုက်တာမှန်း မင်းသိင်္ခာကလည်း သိပါသည်။

"ကဲ ... ဘာမှပြောမနေပါနဲ့တော့ ဖွားရေစဉ် ... ကျွန်တော် ဒီနေ့ စံမြန်းလေးကို စိတ်ပြေလက်ပျောက်ဖြစ်အောင် ရွှေတိဂုံဘုရားကို လိုက်ပို့ပေးရင် ကောင်းမလားလို့ ..."





"အို ... ကောင်းတာပေါ့ မြေးလေးရယ် ..."

စံမြန်းလေးကို အားတက်ပျော်ရွှင်စေချင်တာ မင်းသိင်္ခာရဲ့ ဆန္ဒပါ။

"ဟင့်အင်း ကိုကြီး ... စံ ... စံမြန်း မလိုက်ရဲဘူး၊ စံမြန်းကို စံမြန်းကို ..."

စံမြန်း မျက်နှာလေးပျက်ပြီးငြင်းနေတာ မေ နွေးလှိုက်ဖြာကို ကြောက်ရလို့ပဲဖြစ်သည်။ ပြန်လာရင် စံမြန်းအရိုက်ခံရမှာလေ။ နောက်တုန်းက ပါးကို ဖြန်းခနဲရိုက်သွားတာကပင် ခုထိ နာကျင်နေသေး။

"ဒီမှာ ... ကိုကြီးမျက်နှာကို မင်း သေသေချာချာမော့ကြည့်စမ်း စံမြန်း ... ဒီခြံကြီးထဲမှာ မင်း ဘယ်သူ့ကိုမှကြောက်နေစရာမလိုဘူး၊ ကိုကြီးကြောင့် အတိတ်မေ့ဝေဒနာသည်လေး ဖြစ်နေရတဲ့ မင်းကို အကြင်နာတွေ၊ မေတ္တာတွေ တစ်လှေကြီးနဲ့စောင့်ရှောက်ပေးရမယ့်တာဝန် ကိုကြီးမှာရှိတယ်၊ ဒီနေ့လုပ်မယ့် ကုမ္ပဏီအစည်းအဝေးကို ဖျက်ပြီး မင်းကို ရွှေတိဂုံဘုရားပေါ် ကိုကြီးလိုက်ပို့ပေးမယ်ကွဲ ... ဖွားရေစဉ် သူ့အတွက် ကျွန်တော်ဝယ်ပေးထားတဲ့ အဝတ်အစားတွေထဲက ခေတ်အမှီဆုံးဖြစ်မယ့် အဝတ်အစားတွေနဲ့ လက်ဝတ်လက်စားတွေ ဆင်ပေးလိုက်ပါ ... လက်ဝတ်လက်စားတွေ ထည့်ထားတဲ့ဗီရိုသော့ ... ကျွန်တော့်အခန်းထဲက ခေါင်းအုံးအောက်မှာရှိတယ်"

"လာ ... လာ ... စံမြန်းလေး ... စံမြန်းလေး မကြောက်နဲ့၊ စံမြန်းလေးကို ဖွားကိုယ်တိုင် ဆင်ပေးမယ်၊ ဒီအိမ်မှာ မောင်မင်း



www.burmeseclassic.com

www.burmeseclassic.com



သိက္ခာအမိန့်က အရေးအကြီးဆုံးပဲ ... ”

စံမြန်းလက်ကို ဆွဲခေါ်လာခဲ့တာ ဖွားရေစဉ်ရယ်ပါ။

မောင်မင်းသိက္ခာ ပြောတဲ့အတိုင်း ပြင်ပေးလိုက်တော့ ...

“အို ... လှလိုက်တာ စံမြန်းလေးရယ် ... ကြည့်ပါဦး၊ ကြည့်ပါဦး ... ဒီဒူးဖုံးဂါဝန်ရှည်လေးနဲ့ စံမြန်းလေး တကယ်လိုက်တယ် နေဦး ... နေဦး၊ ဒီကြက်သွေးရောင်နှုတ်ခမ်းနီလေး ဖွားရေစဉ် ဆိုး ပေးဦးမယ် ... ”

“အဟင့် ... စံမြန်း မမနွေးလို့ကြိုက်ဖြာကို ကြောက်တယ် ဖွား ရေစဉ် ... မလိုက်ဘူးပြောရင်လည်း ကိုကြီးက စံမြန်းကိုဆူမှာ လိုက်တော့လည်း မမနွေးလှိုက်ဖြာက စံမြန်းကိုရိုက်မှာ၊ စံမြန်း ... စံမြန်း ကံဆိုးတယ်နော် ဖွားရေစဉ် ... အရမ်းစိတ်ညစ်လာရင်တော့ ဘယ်ရောက်ရောက် ဒီအိမ်ကြီးထဲကနေ စံမြန်း ထွက်သွားမယ်”

“အို ... ဖွားရေစဉ် တောင်းပန်ပါတယ် စံမြန်းလေးရယ် အဲလိုကြီးတော့ စံမြန်းလေး မမိုက်ချင်စမ်းပါနဲ့၊ စံမြန်းလေး အနား မှာ ဖွားရေစဉ်လည်းရှိတယ်၊ မောင်မင်းသိက္ခာလည်း ရှိတယ်၊ စံမြန်း လေး ဘာအားငယ်စရာရှိလဲ ... မောင်မင်းသိက္ခာက မင်္ဂလာပွဲ ... သွားလို့တောင် ပျော်နေတာ ...၊ ဒါကြောင့်မို့ စံမြန်းလေးကို ပို ... စိုက်လာတာ၊ အဲဒါ ... ဖွားရေစဉ် သိပါတယ် စံမြန်းလေးရဲ့ ...

အလှပြင်နေရပေမယ့် ...

စံမြန်း မျက်နှာလေးက ငိုမဲ့မဲ့လေး ဖြစ်နေသည်။

တကယ်ဆိုရင် ... လမ်းမတစ်နေရာမှာ စံမြန်းကို ကား တိုက်မိလို့ ယဲကျသွားခဲ့တာတွေ ဖွားရေစဉ် ပြောလို့ စံမြန်းသိ...





...တာပါ။

ဒီခြံကြီးထဲကို ရောက်စက စံမြန်းဟာ ဆံရစ်ဝိုင်းကလေးနဲ့ ...၊ အဝတ်အစားလေးကလည်း ဟောင်းဟောင်းနွမ်းနွမ်းကလေး ...၊ ဘာကိုမှ မမှတ်မိတော့လို့ တဟင့်ဟင့်လေးနဲ့ တစ်ချိန်လုံးရှိုက် ...ပြီးတော့ကို ငိုနေတော့တာတဲ့။

“အို ... ကြည့်စမ်း၊ ဒီနှုတ်ခမ်းနီလေးဆိုးလိုက်မှ စံမြန်းလေး ...လှသွားပြီ၊ ကဲ ... ဒီလောက်ဆို တော်ပြီနော်၊ စံမြန်းလေး ဒီဂါဝန် ...ဆက်လေးနဲ့ ကြိုးသိုင်းဒေါက်ကလေးစီးပြီး စံမြန်းလေးထွက် ...တာကိုမြင်ရင် မောင်မင်းသိက္ခာ အရမ်းပဲ သဘောကျသွား ...တော့မှာ ... ”

ဖွားရေစဉ်က အလှအပတွေပြင်ထားတဲ့ စံမြန်းလေးကို ကြည့်ကာ တပြုံးပြုံးနဲ့ ကျေနပ်မဆုံးအောင် ဖြစ်နေသည်။

“ကဲ ... လာ ... ”

နှစ်ယောက်သား လက်ဆွဲထွက်လာတော့ မောင်မင်း ...သိက္ခာက ကိုယ့်ရှေ့ကပေါ်တီကို တိုင်လုံးကြီးကို ပခုံးစောင်းကိုယ် ...ခြမ်းမှီကာ မျက်တောင်မခတ်နိုင်အောင် ငေးကြည့်လျက်။

“ဖွားတော်တယ် သိလား ... ကျွန်တော် ဒီလောက်ထိ ...လေးကို ပြောင်းလဲသွားလိမ့်မယ်လို့ ထင်မထားခဲ့ဘူး”

ကားမောင်းထွက်လာတော့လည်း ... စံမြန်းလေးရဲ့ မျက် ...လေးကို ဘယ်နှစ်ခေါက်မှန်းမသိအောင် သူ လှည့်လှည့်ကြည့်နေ ... ချစ်ရသူလေးကို သူမြတ်နိုးရလွန်း၍ပါ။ ကံကြမ္မာကပေးတဲ့ ...ကောင်းဆုံးလက်ဆောင်လေးက သူ့အတွက်ဖြစ်လိုက်ပါလေ ...တော့။



www.burmeseclassic.com

www.burmeseclassic.com



ခက်နေတာက ဒီနေ့အထိ စံမြန်းလေးကို သူဖွင့်မပြောရက်ခဲ့တာပင်။

"စံမြန်းလေး ..."

"ရှင် ... ကိုကြီး ..."

"ကိုကြီးခေါ်တဲ့နောက်ကို လိုက်ခဲ့ရလို့ စံမြန်းလေးကြောက်နေပြီလား"

"စံ ... စံမြန်း ဘယ်လိုပြောရမလဲဟင် ကိုကြီး ..."

"စံမြန်းလေးရင်ထဲမှာ ဘာတွေခံစားနေရသလဲဆိုတာ ကိုကြီးသိတယ် ... စံမြန်းလေး အားငယ်နေတယ်ဆိုတာလည်း ကိုကြီးနားလည်တယ် ... ဖေဖေရယ်၊ မေမေရယ် နွေးလှိုက်ဖြာရယ်က ကိုကြီးအတွက် စိတ်ပူပြီးတော့ သူတို့သဘောကျနှစ်သက်တဲ့ သတို့သမီးလောင်းတစ်ယောက်ကို ရွေးချယ်ခဲ့လို့သာ ကိုကြီးလက်ခံခဲ့ရတာပါ ... ကိုကြီး တကယ်ချစ်ခဲ့တာက ..."

"ဟင် ... ကိုကြီးက ဘယ်သူ့ကိုတကယ်ချစ်ခဲ့တာလဲ"

"စံမြန်းလေးကိုလေ ..."

"ရှင် ... ကိုကြီး ..."

မပြောရက်ပေမယ့် ဒီနေ့ အတိအကျ ဖွင့်ပြောလိုက်တာ အရာရာကို ရင်ဆိုင်ဖို့ဆန္ဒနဲ့ ဆုံးဖြတ်ချက်ချခဲ့လို့ပါ။ စံမြန်းလေးကို ဖွင့်ပြောပြီးတာနဲ့ စံမြန်းလေးက လက်ခံသည်ဆိုလျှင် ဖေဖေ မေမေနဲ့ တစ်အိမ်သားလုံးကို သူအသိပေးကြေငြာလိုက်တော့မည်။

ထွက်ပြေးသွားသည့် မြတ်သောမေကို ပြန်ရှာတွေ့ခဲ့မည်ဆိုလျှင်တောင် သူ ဒီပွဲကိုထပ်ပြီး မကျင်းပနိုင်တော့အောင် ပြတ်ပြတ်သားသား ခိုင်မာသွားချင်ခဲ့တာ ... သူရဲ့အဓိက ဆန္ဒပဲဖြစ်နေခဲ့လို့ပါ။





သူ ဖွင့်ပြောလိုက်တော့ စံမြန်းလေးဟာ မျက်တောင်လေးတွေကော့လို့ ... သူ့ကို ဖျတ်ခနဲ လှည့်ကြည့်လိုက်တာကလည်း တအံ့တသြ။

"ကို ... ကိုကြီး တကယ်ပြောနေတာ ..."

စံမြန်း မယုံနိုင်ပါ။

တကယ်ဆို ... ကိုကြီးဘဝနဲ့စံမြန်းဘဝက မိုးနဲ့မြေလို ကွာနေတာပဲ။ ကိုကြီးရယ် ... စံမြန်းကို မချစ်ပါနဲ့၊ မေ နွေးလှိုက်ဖြာကို စံမြန်း ကြောက်ပါတယ်။ အခုတောင် ... ကိုကြီးရဲ့ဦးစားပေးအလိုလိုက်မှုတွေကို ခံစားနေရလို့ စံမြန်းကို အမုန်းကြီးမုန်းနေတာ။ ကိုကြီးနဲ့စံမြန်း ချစ်နေတာကို မမနွေးလှိုက်ဖြာ သိသွားရင် စံမြန်းကို အသေသတ်တော့မှာ ကိုကြီးရဲ့။

"အဟင့် ... ဟင့် ... ဟင့် ..."

"အို ... မငိုနဲ့လေ ... စံမြန်း ..."

မျက်တောင်တွေနှင့် ပါးပြင်တွေမှာ မျက်ရည်တွေစိုကပ်နေဆဲရှိသည့် စံမြန်းက နောက်ထပ် ကျလာသည့်မျက်ရည်တွေကိုလည်း ဖယ်ရှင်းမပစ်နိုင်။ ကိုကြီးက စံမြန်းရဲ့လက်ကလေးကို ကြင်နာစွာ ဆုပ်ကိုင်လိုက်တာလည်း မြတ်နိုးမှုအသချေ့နှင့်ပါ။

"ကို ... ကိုကြီးက ချစ်တယ်ပြောလိုက်လို့ ဝမ်းနည်းသွားတာလား စံမြန်းလေးရယ် ... ကိုကြီး မပြောရက်ပေမယ့် ပြောမှဖြစ်တော့မယ့်အချိန်ကို ရောက်နေလို့ ကိုကြီးပြောလိုက်ရတာပါ၊ သည်အခါ ... ဘယ်သူနဲ့လက်ထပ်ပေးတာကိုမှ ကိုကြီး လက်မခံတော့ဘူးနော် ... စံမြန်းလေး ... ကိုကြီး စံမြန်းလေးကိုပဲချစ်တယ်၊ ကိုကြီးနှလုံးသားတွေက စံမြန်းလေးကိုပဲ အမြဲတမ်းတတယ် ..."



www.burmeseclassic.com

www.burmeseclassic.com



ဘုရားပေါ် ရောက်တော့လည်း ...

စံမြန်းရဲ့လက်ကလေးကို ကိုကြီးရဲ့လက်ဖဝါးနုနုလေးတွေနဲ့ ဆုပ်ကိုင်ထားခဲ့တာ စံမြန်းမှာတော့ မျက်နှာလေးရဲလို့။

ဘုရားရှိခိုးကန်တော့ပြီး ရင်ပြင်တော်ပေါ်မှာ တစ်ပတ် ပတ်တော့ ကြွေသားလေးလို နုမွတ်နေသည့် မျက်နှာလေးကိုပင် စံမြန်းက မဖော်ရဲတော့ဘဲ ကိုကြီးဆွဲခေါ်ရာနောက်ကို ထူထူပူပူလေး လိုက်ခဲ့ရတာလေ။

"လွှတ် ... လွှတ်ပါနော်၊ ကိုကြီး ... စံ ... စံမြန်းရှက်လို့ပါ"

ကိုကြီး ဆွဲကိုင်ထားသည့် လက်ကလေးကို စံမြန်းမြန်ရုန်းဖို့ ကြိုးစားနေပေမယ့် ကိုကြီးက လက်မခံ။

"စံမြန်းလေးရယ် ... ကိုကြီးကို မချစ်ဘူးလားဟင် ..."

ကိုကြီးအသံလေးက တုန်နေရှာသည်။

ကိုကြီးမျက်ဝန်းထဲမှာလည်း အကြင်နာအချစ်ရိပ်လေးတွေက ပြည့်သိပ်နေခဲ့၏။ စံမြန်းက ရှက်ရှက်နဲ့ ခေါင်းကလေးခါငြင်းတော့ ကိုကြီးသဘောကျပြီး ပြုံးလိုက်တာ ဘုရားခြေရင်းက ကားနားကို ရောက်တဲ့အထိ။

"မရှက်နဲ့နော် စံမြန်းလေး ... တစ်နေ့နေ့မှာ စံမြန်းလေးကို ကိုကြီးလက်ထပ်မယ်၊ ကိုကြီးကို အခုအဖြေမပေးသေးလည်းရတယ် ကိုကြီးကတော့ ... တစ်သက်တာ ထာဝရအတွက် စံမြန်းလေးဆီက အချစ်ကို လိုချင်ခဲ့တာပါ ..."

ဘုရားကအပြန်မှာ အိမ်ကိုပဲတန်းပြီးတော့ ကိုကြီးက ပြန်လိုက်ပို့ပါသည်။ ပို့တော့လည်း အရေးတကြီးအလုပ်ကိစ္စရှိသည်ဆိုကာ ခြံတံခါးဝမှာပဲ စံမြန်းကိုထားခဲ့ပြီး ကိုကြီးပြန်ထွက်သွားခဲ့၏။

ဖိုးလပြည့်စာပေ



ကံဆိုးချင်တော့ ခြံထဲကို အဝင်မှာ အံ့သြမှင်သက်မိသလို ပြူးကြည့်နေတဲ့ မျက်ဝန်းအစုံက ဒေါသခိုးတွေ တလက်လက်ဖြာကာ မီးတောက်မီးလျှံတွေ လျှံကျလာသည့်အလား။

ထိုမျက်ဝန်းတွေကိုကြည့်ပြီး စံမြန်း ထိတ်ခနဲလန့်တုန်ကာ ခြေချနင်းစရာပင် မြေမရှိတော့သလို အမြင်တွေပါ ဝေဝါးပြီး အားမရှိတော့သည့် ခြေလှမ်းတွေက ... ဒယီးဒယိုင်လေးပင် ဖြစ်ချင်သွားခဲ့ရလျှက်။

သေချာတာက စံမြန်းရှေ့မှာ မမနွေးလှိုက်ဖြာ ...

"အမလေးဟယ် ... ကြည့်စမ်း ... နင် ... နင် ..."

ခါးကိုလည်း ဖျတ်ခနဲထောက်။

မျက်လုံးကိုလည်း တင်းခနဲပြူးကာ စံမြန်းနှင့်အနီးဆုံး ရောက်အောင် တစ်လှမ်းချင်းတစ်လှမ်းချင်း တက်လာတာက ဘီလူးသရဲတွေ ပူးကပ်ဝင်သွားသည့်အတိုင်း။

"နင်က ... နင်က ဒီလိုပုံစံမျိုးပြင်ပြီး ကိုကြီးခေါ်တဲ့နောက်ဆို လိုက်သွားတယ် ဟုတ်လား ... တောသူမ ... ငါ ဒီလောက်ပြောနေတဲ့ကြားက၊ ကဲ ... အဲဒါလိုက်သွားဦး ..."

"ဖြန်း ..."

"ဖြန်း ..."

"အို ..."

ရိုက်ချလိုက်သည့်အရှိန်နှင့် စံမြန်းကိုယ်လေး တစ်ပတ်လည် ထွက်ကာ မြေပြင်ပေါ်မှာ ဒူးထောက်လဲကျသွားခဲ့ရပြီ။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၇ )

"မမ ... "

"ဘာလဲဟင် ... ခရေပွိုးလေး ... "

"မမ ဘာလို့ ဒီလောက်တောင်လှနေတာလဲဟင်"

"အို ... မမက တကယ်လှလို့လား ... "

"ဟာ ... လှတာပေါ့ မမရဲ့၊ မမရဲ့လက်ချောင်းသွယ်သွယ်လေးတွေကလည်း နုအိပြီးတော့လှတယ် ... ပန်းသွေးရောင်လေးဆိုးထားတဲ့ လက်သည်းခွံလေးပေါ်က အဖြူစက်ပန်းပွင့်လေးတွေတင်ထားတာလည်း မိုက်တယ် ... "

"တကယ်လားဟင် ခရေပွိုးလေး ... မမက အရမ်းအမြှောက်ကြိုက်တယ်နော် ... တော်ကြာ ... မိုးပေါ်ထိရောက်အောင်မြှောက်သွားလို့ ခရေပွိုးလေး တစ်ယောက်တည်း ဒီတဲလေးပေါ်မှာ ကျန်နေခဲ့ပါဦးမယ်ကွယ် ... "

စကားပြောဖော်လေးရနေတာကပဲ မေ့အတွက် ကံကောင်းတယ်ပြောရမှာပါ။ သူကလည်း ... မနက်စာ ထမင်းစားပြီးချိန်က





တည်းက ထွက်သွားတာ၊ ခုထိ ပြန်ရောက်မလာသေး။

မေကတော့ သူ့ကိုလည်းမျှော်ရင်း ခရေပွိုးလေးနဲ့လည်း စကားပြောရင်း အဖော်လုပ်နေရတာ သူထွက်သွားပြီးစ အချိန်ကတည်းကပါ။ ခရေပွိုးလေးကလည်း ဆင်းရဲပေမယ့် သဘောကောင်းရှာပါသည်။

မမ ဖတ်ဖို့ဆိုပြီးတော့ ကာတွန်းစာအုပ်တွေယူလာလိုက်၊ သတင်းစာ ဂျာနယ်အဟောင်းတွေ ယူလာလိုက်နှင့် ... ပြီးတော့လည်း လက်ဖက်လေး သုပ်ကျွေးလိုက်သေးသည်။

"ဟိုလေ မမ ... မမကို ခရေပွိုးစပ်စုတာ မဟုတ်ဘူးနော်၊ ခရေပွိုးသိချင်တာလေးတစ်ခု မမကို မေးချင်လို့ ... "

"ဟင် ... ဘာမေးချင်လို့လဲ ခရေပွိုးလေးရဲ့ ... မေးလေ"

"မမတို့က အရမ်းချမ်းသာလားဟင် ... "

"ချမ်းသာတာပေါ့ ခရေပွိုးလေးရဲ့ ... "

"ဒါဆို ... မမနေခဲ့တာ တိုက်ကြီးနဲ့နေခဲ့တာပေါ့"

"အင်းပေါ့ ... တိုက်ကြီးကလည်း အကြီးကြီး၊ ခြံကြီးကလည်း အကျယ်ကြီး ... "

"ဟင် ... ဒါဆို ကားတွေလည်းရှိတာပေါ့ ... "

"ရှိတာပေါ့ ခရေပွိုးလေးရဲ့ ... "

ခရေပွိုးလေးက ကားတွေပါရှိတယ်ဆိုလို့ ပခုံးလေးနှစ်ဖက်တွန့်ကာပြုံးရင်း ... လျှာလေးကိုပါ တစ်လစ်ထုတ်သည်။

"မမရယ် ... မမကိုမြင်လိုက်တာနဲ့ မမ အရမ်းချမ်းသာမယ်ဆိုတာ ခရေပွိုးက သိပါတယ်၊ အခု ... မမက အရမ်းဆင်းရဲတဲ့



www.burmeseclassic.com

www.burmeseclassic.com



ဦးနေနောက်ကို နိုးရာလိုက်ပြေးလာတယ်ဆိုတော့ မမမေမေက မမကို ဆူနေတော့မှာပေါ့ ...”

“ဟင် ... မမမှာ မေမေ မရှိတော့ဘူးလေ ခရေပွိုးလေးရဲ့၊ ဖေဖေကလည်း ဆုံးခဲ့ပြီဆိုတော့ ... အခုနေတာ မမက မိထွေးနဲ့နေရတာ”

“အို ... မမနေတာ မိထွေးနဲ့နေရတာ ...”

ခရေပွိုးရဲ့ မျက်ဝန်းလေးထဲမှာ ကရုဏာစရိပ်တွေ လက်ဖြာသွားခဲ့ရသလို မေ့ကိုလည်း အကြင်နာ အကြည့်လေးတွေနှင့် မေးလေး ထောက်ကာ ခရေပွိုးလေးက စိုက်ကြည့်နေသည်။

“မိထွေးဆိုရင် မမကို ပိုရိုက်ပြီပေါ့ ...”

“ရိုက်တာပေါ့ ခရေပွိုးလေးရယ် ... မမငယ်ငယ်လေးကတည်းက မိထွေးက ဖေဖေနဲ့ညားပြီး မမကိုရိုက်ခဲ့တာ၊ အခုချိန်ထိလည်း မမကို ဟိုနေရာမသွားရဘူး၊ ဒီနေရာမသွားရဘူးဆိုပြီးတော့ ချုပ်ချယ်တယ်၊ မမ ဘာလုပ်လုပ် တစ်ချိန်လုံးစောင့်ကြည့်ပြီးတော့ မမကို အမြဲအပြစ်တင်နေတာ ... ခုလည်း မမ မချစ်တဲ့ယောကျာ်းတစ်ယောက်နဲ့ အတင်းပေးစားနေလို့ မမက ထွက်ပြေးလာ ... အဲ ... အဲ ... နေ ... နေနန်းတော်နောက်ကို လိုက်ပြေး ... လိုက်ပြေးလာတာ ...”

“ဦးနေလေ ... ဦးနေက အရမ်းသနားဖို့ကောင်းတယ် သိလား ... ဒီမှာလေ၊ ဒီနံရံမှာကပ်ထားတဲ့ ပန်းချီပုံလေးထဲက သူ့အမေကို ဦးနေက လိုက်ရှာနေတာ ... ပြီးတော့လည်း ဦးနေမှာ ရည်းစားရှိလားမသိဘူးမမ ... ဦးနေက သူဘယ်မှမသွားတဲ့နေ့တွေဆိုရင်





ဆံရစ်ဝိုင်းကလေးနဲ့ ကောင်မလေးတစ်ယောက်ရဲ့ ပုံတွေကို ခရေပွိုးလိုချင်တယ်ဆိုလို့ ဆွဲဆွဲပေးတယ်၊ ခရေပွိုးမှာ ဦးနေဆွဲပေးထားတဲ့ပုံလေးတွေ အများကြီးရှိတယ် ... မမ ကြည့်ချင်ရင် ခရေပွိုးပြမယ်”

“ဟင် ... မမကြည့်ချင်တယ်လေ ... ခရေပွိုး ...”

“ဟင် ... ဒါဆို ခဏလေးစောင့် ...”

ခရေပွိုးပြောသွားတာ မေ့နားထဲက မထွက်။

ဦးနေမှာ ရည်းစားရှိလားမသိဘူးတဲ့။ ခရေပွိုးက သူ့အိမ်ဘက်ကို ခပ်သွက်သွက်လေးပြန်ပြေးသွားပြီး ပြန်လာတော့ ပန်းချီပုံစာရွက်လေးတွေ ပါလာ၏။

မေ ယူကြည့်လိုက်မိတာ အသက်မရှုနိုင်အောင်ပင်။

ဘယ်စာရွက်လေးကိုပဲ ယူကြည့်လိုက် ယူကြည့်လိုက်၊ သူရေးထားတာ မျက်တောင်ကော့ကော့ နှာတံလေးချွန်ချွန် ဆံရစ်ဝိုင်းအတိုလေးနဲ့ကောင်မလေး။ ဒါ ... နေနန်းတော်ရဲ့ရည်းစားလား။ သူ့ကောင်မလေးကို သတိရတဲ့စိတ်နဲ့ ခရေပွိုးလေးကို ရင်ထဲက အလွမ်းပြေ ရေးပေးနေတာလား။

မေ ပွိုးလိုက်တာ ရင်နင့်စွာလေးနဲ့။

“မင်းနေခဲ့တဲ့ အကောင်းဆုံးရိပ်မြုံလေးတစ်ခုကိုပဲ ဒီနေရာတနေ့ မင်းလှည့်ပြန်သွားလိုက်ပါ ... ငါနောက်ကိုလိုက်ပြီး ဒုက္ခခံဖို့ မင်းလုံးဝ မစဉ်းစားနဲ့ ...”

မေ သူ့နောက်ကို လိုက်လာတဲ့ညက ... ခါးခါးသီးသီး ငြင်းဆန်ခဲ့တဲ့သူ့ရဲ့ စကားသံလေးတွေ။ ခုတော့ ကြည့်ပါဦး ... သူ့စိတ်ဖောတမ်းတနေခဲ့တာ ဒီပန်းချီပုံလေးထဲက ဆံရစ်ဝိုင်းလေးနဲ့



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးဖြစ်ဖို့ သေချာနေခဲ့ပြီ။

"တွေ့ ... တွေ့တယ်နော် မမ ... ဒီပုံလေးတွေကို ဦးနေက ခရေပြိုးကို အမြဲရေးပေးနေတာ၊ ခရေပြိုးက ဒါဘယ်သူ့ပုံလဲမေးတော့ နင် မသိချင်ပါနဲ့တဲ့၊ အဲဒါ ... သူရည်းစားမို့လို့ ဒီလိုပြောတာနေမှာ ပေါ့နော် မမ ... ဒီပန်းချီပုံလေးကိုရေးနေရင်းလည်း တစ်ခါ တစ်ခါ ဦးနေ မျက်ရည်ဝဲနေတာ မြင်ရတယ် ..."

မေ နှုတ်ခမ်းလေးမဲ့လိုက်တာ ရင်ထဲမှာ မခံချင်စိတ်လေး တွေဖြစ်တည်သွားရလို့ပါ။

"ဟော ... ဟော ... ဟိုမှာ ... ဟိုမှာ ပြောရင်းဆိုရင်း ဦးနေ ပြန်လာနေပြီ မမရေ ... ခရေပြိုး သွားတော့မယ်နော်"

မှောင်ရိပ်ကလေး သန်းလာတော့မှ တဲကလေးရှိရာကို ခေါင်းလေးငိုက်စိုက်ချပြီး ပြန်လာတဲ့ နေနန်းတော်။

လက်ထဲမှာလည်း အထုတ်လေးတစ်ထုတ်ကိုဆွဲလို့။

"ရှင် ... ရှင် ပြန်လာပြီလား ... နေနန်းတော် ..."

"ရော့ ... ဒီမှာ မင်းရှိနေသေးရင် စားလို့ရအောင်ငါဝယ်လာ တာ၊ မင်းမရှိတော့ဘူးဆိုရင်လည် ငါတစ်ယောက်တည်းစားမယ်ဆို တဲ့စိတ်ကူးနဲ့ ..."

အထုတ်ကိုလှမ်းပေးပြီး အကျီကိုချွတ်ကာ နံရံက ချိတ်က လေးမှာ လှမ်းချိတ်သည်။ ပြီးတော့မှ ... ဝါးကြမ်းခင်းတွေကို တချွမ်းချွမ်းနင်းကာ မေ့ကိုပင် တစ်ချက်လေးစောင်းငဲ့မကြည့်တော့ ဘဲ နောက်ဖေးခန်းထဲ တန်းဝင်သွား၏။

မေကတော့ နှုတ်ခမ်းလေးမဲ့ကာ ဒီအတိုင်းလေးပဲရပ်လျှက်။

အထုတ်ကလေးကို ဖွင့်ကြည့်တော့ အပူငွေ့ပင် မပြယ်သေး





သည့် ခေါက်ဆွဲကြော်ထုတ်ကလေး။ အနီးဆုံးနေရာလေးတစ်ခု ကနေ အခုမှ သူဝယ်လာတာပဲနေမှာပါ။ ဟွန်း ... ဒါပေမယ့် သူ ပြောသွားတာလေးကိုပဲကြည့်လေ ... ဒီမှာ မင်းရှိနေသေးရင် စားလို့ ရအောင် ငါဝယ်လာတာတဲ့။ ဒါပေါ့လေ ... ကျွန်မက ရှင်သိပ်ချစ်တဲ့ ဆံရစ်ဝိုင်းကလေးမှ မဟုတ်တာ။ ရှင့်ကို သံယောဇဉ်တွယ်မိတာ လည်း ကျွန်မ မှားပြီထင်တယ်။

ခဏနေတော့ သူပြန်ထွက်လာတာ အပေါ်ပိုင်းမှာ ဗလာ ကျင်းလျှက်။ ပုဆိုးဟောင်းလေးတစ်ထည်ကို ခေါက်ပြီးတော့ ပခုံး စောင်းလေးပေါ် တင်ထားသည်။

"မင်း ... ဗိုက်ဆာနေရင် စားနှင့်လေ ..."

"ဟာ ... ကျွန်မ မစားချင်ဘူး၊ ကမ္ဘာပေါ်မှာ ကျွန်မအမုန်း ဆုံးက ခေါက်ဆွဲကြော်ပဲ ..."

"ဘာ ... ဘာပြောတယ် ..."

သူ မေ့ကို လှည့်ကြည့်လိုက်တာ ချာခနဲ။

မျက်ဝန်းတွေကပင် ဖျတ်ခနဲတင်းကာ စိုလက်သွားခဲ့၏။ ပြီးတော့မှ ... နှုတ်ခမ်းလေးမဲ့ပြီး သူက ပြုံးလိုက်တာ။

"ဟွန်း ... ရတယ်လေ၊ မင်းမစားချင်ရင် တိုင်မှာပဲချိတ်ထား လိုက်"

ဒါပဲပြောကာ ... ရေတိုင်ကီလေးရှိရာကို သူကဆင်းသွား သည်။ တကယ်လည်း မေ မစားပါဘူး။ ခေါက်ဆွဲကြော်ကို မေ မကြိုက်လည်း မစားဘူး။

"ဗွမ်း ... ဗွမ်း ..."

သူဆီက ရေချိုးသံတဗွမ်းဗွမ်း ကြားနေရပေမယ့် မေက



www.burmeseclassic.com

www.burmeseclassic.com



လှည့်မကြည့်ပါ။ မေ နံ့ရံလေးမှာမှီကပ်ကာ တဲလေးရှေ့မှာပဲ ထိုင်ချလိုက်၏။

"အား ... ဟား ... ဒီည ချမ်းတယ်ကွာ သိလား ... "

မေ့ကိုပဲ လှမ်းပြောသလိုလို တစ်ယောက်တည်းပဲ ပြောသလိုလိုနှင့် သူရေချိုးရင်း ခုန်ဆွ ခုန်ဆွလုပ်နေတာလည်း မေ့မျက်ဝန်းထောင့်ကလေးမှာမြင်သည်။ ဘာပဲပြောပြော ဒီညတော့ သူနဲ့မေ အပြတ်ဆွေးနွေးရတော့မှာ။

ရေချိုးပြီးတော့ ... သူအဝတ်အစားလဲလိုက်တာလည်း ခဏလေးပါ။ ခေါင်းပေါ်က ဆံပင်တွေခြောက်အောင်သုတ်ရင်း တဲရှေ့မှာ သူမတ်တတ်လာရပ်သည်။ မေ့ကိုလည်း မသိမသာကလေး တစ်ချက်စွေကြည့်၏။

"ငါ ... ငါ ... ဒီည ဖျားတော့မယ်ထင်တယ် ... မြတ်သောမေ ... ဟား ... "

ရေသုတ်ရင်း ဟားခနဲလည်း သူအော်သည်။

"ဒီလောက် အေးနေတဲ့အချိန်မှာ ရှင်ဘာလို့ခေါင်းလျှောင်းချိုးလဲ ... ရေခဲတုံးဘဝရောက်သွားမှ ရှင်မှတ်သွားမယ့်လူ"

"မင်း ... မင်း ... ဒီည ငါနဲ့စကားပြောတာ၊ အသံနည်းနည်းမာနေသလိုပဲ ... ဘာဖြစ်တာလဲ ... တစ်ယောက်တည်း ဘာတွေမကျေမနပ်ဖြစ်ပြီး နှုတ်ခမ်းလေးကို စူတင်းထားရတာလဲ ... "

သူ မသိမသာ ခိုးကြည့်နေတာ မေကလည်းမြင်သည်။

ခေါင်းကိုရေသုတ်ရင်း ရေသုတ်တဘက်နဲ့ကွယ်ပြီးတော့ ကြည့်တာမျိုး။ ကြည့်ပြီးတော့လည်း ရှားရှားပါးပါး နှုတ်ခမ်းလေး မမဲ့ဘဲ ပြုံးနေတာမျိုး။





"ဟာ ... ဘာမှမဖြစ်ပါဘူး ... ဘာဖြစ်လို့လဲ ... "

မေ ခပ်ပြတ်ပြတ်ပဲ ဆံရစ်ပိုင်းလေးကိစ္စကို မေးလိုက်ချင်ပေမယ့် ဘယ်ကစပြီး မေးရမှန်းမသိ။

"မဖြစ်ရင်လည်းပြီးရော ... ပြီးရော ... "

တွေ့လား ... မေ့ကို ဂရုမစိုက်သလိုနဲ့ နောက်ဖေးခန်းထဲဝင်သွားပြန်ပြီ။ မေ စဉ်းစားလို့မရတာက တစ်နေ့ကုန် စိတ်ပေါ့ပေါ့ပါးပါးကလေးနဲ့ ပျော်ရွှင်လွတ်လပ်ခဲ့ရသလောက် ညနေပိုင်းကျမှ ဘာဖြစ်သွားခဲ့သလဲဆိုတာ။

သေချာတာကတော့ မေ အူတိုသွားခဲ့တာပဲဖြစ်ပါလိမ့်မည်။ ရှေ့မှာတစ်ယောက်တည်းထိုင်ရင်း ... မြင်နေရတဲ့ ကောင်းကင်ကြီးကို မော့ကြည့်လိုက်တော့ ... ဟိုးကောင်းကင် အမြင့်ကြီးပေါ်မှာ ကြယ်မှိတ်တုတ်လေးတွေက တဖျတ်ဖျတ်တောက်ပ လင်းလက်သည်။

"မင်း ထမင်းစားမှာလား မြတ်သောမေ ... "

"ဟင့်အင်း ... ဒီည ကျွန်မ မစားဘူး ... "

"ခေါက်ဆွဲကြော်လည်း တကယ်မစားဘူးနော်"

"မစားဘူး ... မစားဘူး ... "

"ဟွန်း ... ငါကတော့ မင်းကြိုက်မှာပဲထင်လို့ ဒီနားလမ်းဆုံက နာမည်အရမ်းကြီးတဲ့ ပွင့်ဖြူစားသောက်ဆိုင်က ဝယ်လာတာ၊ ... မင်းမစားလည်းနေ၊ ငါကတော့ ဗိုက်ဆာနေလို့စားတော့မယ်"

စားရင်းနဲ့ မေ့မျက်နှာလေးကို ခိုးခိုးကြည့်နေတာ မေ မသိ ... အောက်မေ့နေလို့လား။ ခိုးကြည့်ရင်းလည်း ရှင်မြင်မှာကို ထရံ

www.burmeseclassic.com



လေးကို ကျောကပ်မှီရင်း … တကယ့်ကို စိတ်ပျက်လက်ပျက်လေး ထိုင်နေတဲ့ မေ့ကိုပဲ ရှင်မြင်မှာလေ။

"စားရတာ မျိုမကျလိုက်တာကွာ … "

"ကဲပါ … မျိုကျတာ မကျတာ ရှင်ခဏထား … ဒီည ကျွန်မ သိချင်တာ ရှင့်ရဲ့ဘဝအမှန်လေးကို သိချင်တာ … "

"ဘာပြောတယ် … "

"ရှင် တစ်ခုခုကို လိမ်ထားမှာ ကျွန်မ စိုးရိမ်တယ်"

"ဟာ … ငါမှာ ဘာလိမ်စရာရှိလို့လဲ"

သူ့ကို ဒီလိုမေးတော့လည်း သူက မခံချင်။

မေ့ကို ခပ်ဆတ်ဆတ်လေး ပြန်မော့ကြည့်ပြီး စားလက်စ ခေါက်ဆွဲပန်းကန်ကို လက်စ သတ်သည်။

"ဒီမှာ … မင်းကို အပြတ်သားဆုံးတစ်ခုပဲ ငါပြောမယ် မြတ်သောမေ … ငါ့ကို လိမ်ထားတယ်ပြောပြော လိမ်မထားဘူးပဲပြောပြော … ငါ့ဘဝကို မင်းစိတ်မဝင်စားနဲ့၊ ငါ့နှလုံးသားထဲက ဒဏ်ရာ အဟောင်းတွေကို ပြန်တူးဖော်ဖို့လည်း မင်း မစဉ်းစားနဲ့ … "

ပြောပြီးတာနဲ့ စားလက်စ ပန်းကန်တွေကိုင်ကာ နောက်ဖေးခန်းထဲ သူဝင်သွားသည်။ ခဏနေတော့ … ပန်းကန်တွေ တဂွမ်းဂွမ်းဆေးနေသံ ကြားလိုက်ရ၏။ မေကတော့ နှုတ်ခမ်းလေးကို မဲ့ပြီးရင်း မဲ့ရင်းဖြစ်နေတာ သူ့ကိုလည်း မကျေနပ်သလို၊ ကိုယ့်ကိုယ်ကိုလည်း ဒေါပွနေတဲ့စိတ်ကလေးနဲ့။

ဘာပဲပြောပြော … သူမပြောပြချင်တဲ့ အကြောင်းတွေကို မေးမိတာကိုက မေ့ရဲ့အပြစ်။ ပြောရရင် … မေ့ကို အရှက်တကွဲ အကျိုးနည်းမဖြစ်အောင် သူ ကယ်ခဲ့ပြီးကတည်းက မှောင်ရိုရိုးတဝဲ





ရထားလမ်းပေါ်မှာ … အခွင့်အရေးမယူတတ်သည့် ခပ်မာမာ ယောက်ျားတစ်ယောက်ရဲ့ စိတ်ဓာတ်တွေကို မေ အံ့သြခဲ့ရတာ။

မေ့ကို တစ်ယောက်တည်းထားခဲ့ပြီး လှည့်ထွက်သွားဖို့ ကြိုးစားခဲ့တာလည်းသူ … မေ သူ့နောက်ကို ထပ်ကြပ်မကွာ ပြေးလိုက်သွားတော့လည်း မျက်ဝန်းမာမာတွေနှင့် မေ့ကို လှည့်ကြည့်ကာ အော်ဟစ်မောင်းထုတ်ခဲ့တာလည်းသူ။ မျက်နှာထားလေးက တင်းတင်း။ နီကျင်သွေ့ခြောက်နေတဲ့ ဆံပင်ရှည်လေးတွေက သူ့ပခုံးစွန်းလေးပေါ်မှာ တယမ်းယမ်းနဲ့။ မေလိုက်ပါလာတာကို အဆက်ပြတ်လေး ခေါင်းခါငြင်းဆန်ခဲ့လေတာလည်းသူ။

ဒါကိုတောင် ယုံကြည်အားကိုးစိတ်ကလေးနဲ့ မေက လိုက်လာခဲ့မိတာလေ။ အဓိက အချက်ကတော့ မေ့မှာ အိမ်ပြန်ချင်စိတ်လုံးဝမရှိတော့တာပါ။ ဒါကြောင့်မို့လည်း … ဒီနေရာလေးကို ဖြစ်ချင်တာဖြစ် မေလိုက်ခဲ့မိတာဖြစ်သည်။ ဒီလို လိုက်ခဲ့မိတော့မှ သူ့ဘဝလေးကို သနားသွားရတဲ့စိတ်ကလေးက ရင်မှာအမြစ်တွယ်သွားခဲ့သလို မေ တရေးနိုးလို့ ခြေဖွနင်းကာ တဲအပြင်ဘက် ဝရန်တာလေးဘက်ကို ထွက်ကြည့်လိုက်တော့လည်း တစီစီအော်နေသည့်ခြင်တွေကြားထဲမှာ ခွေခွေကလေး အိပ်ပျော်နေရှာသည့် သူ့ကိုမြင်လိုက်ရချိန်မှာ ကရုဏာသံယောဇဉ်ကြီးတွေက မေ့နှလုံးသားတွေကို ရစ်ပတ်သွားခဲ့သည်။

မေ ရေချိုးနိုင်ဖို့ သူ … ရေတွေ တဗွမ်းဗွမ်းပြေးထမ်းနေတာ မေ ဝတ်ဖို့အဝတ်အစားလေးတွေ ပြေးဝယ်ပေးတာ။ မေစားဖို့ အစားအသောက်တွေကို သူကိုယ်တိုင် ချက်ပြုတ်ပေးတာ။ ဟော



www.burmeseclassic.com

www.burmeseclassic.com



အခုလည်း မေ့အတွက် ပူပူလောင်လောင် ခေါက်ဆွဲကြော်ထုတ်လေးကိုင်ပြီး တဲဆီကို သူပြန်လာခဲ့တာပဲကြည့် ...။

မေ တွေးနေတုန်း သူ ပြန်ထွက်လာသည်။

"ဒီမှာ ... တဆိတ်လောက် ကျေးဇူးပြုပြီး ကျွန်မအနားမှာ ရှင်လာထိုင်ပါဦး"

"ဟင် ... မင်းဘာပြောမလို့လဲ ..."

"ဒီညတစ်ညလုံး ကျွန်မ မအိပ်တော့ဘူး ..."

"ဘာပြောတယ် ..."

"ကျွန်မ ရှင်နဲ့ စကားပြောမယ် ..."

သူ ပြုံးသွားသလားဆိုတာ မေ သဲသဲကွဲကွဲ မသိလိုက်ပါ။

သေချာတာက ဝါးကွပ်ပျစ်ကြမ်းခင်းကို တချွမ်းချွမ်းနင်းပြီး နံရံမှာမှီကပ်ကာ သူ ထိုင်ချလိုက်တာပဲဖြစ်သည်။

"ကဲ ... မင်း ဘာပြောမလဲပြော ... ငါ နားထောင်မယ်"

သူ မေ့ကိုလည်း မကြည့်။

သူကြည့်နေတာ တဲလေးရှေ့က အမှောင်ထုထဲကိုပဲ ဖြစ်သည်။

"ဒီမှာ ... ရှင်က မမေးနဲ့ဆိုလည်း ကျွန်မက မေးချင်တယ်၊ ရှင်က မသိချင်နဲ့ဆိုလည်း ကျွန်မက သိချင်တယ် ... ကျွန်မဘဝမှာ တစိမ်းယောကျ်ားလေးတစ်ယောက်နဲ့ ပတ်သက်ဖူးတာဆိုလို့ ရှင်တစ်ယောက်တည်းရှိတာပါ၊ ဒါကြောင့်မို့ ... ရှင့်ဘဝလေးကို စိတ်ဝင်စားပြီးတော့ သိချင်တာ ..."

"ကောင်းပြီလေ မြတ်သောမေ ... မင်းသိချင်တယ်ဆိုလည်း





ငါပြောမယ်၊ ကဲ ... မင်းဘာမေးမှာလဲ မေး ..."

သူကပေ့ာ ထရံမှာ ခပ်လျှော့လျှော့လေးမှီထိုင်ကာ ဒူးတစ်ဖက်ထောင်ရင်း တစ်ဖက်က ခပ်ဆန့်ဆန့်လေး ချထားသည်။ မေက သူနဲ့မျက်နှာချင်းဆိုင်ဖြစ်အောင် တဲဘက်ကို မျက်နှာမူကာ ပြန်လှည့်ထိုင်လိုက်ရ၏။

"ကျွန်မ အပြတ်မေးမှာနော် နေနန်းတော် ..."

မေ သူ့ရှေ့မှာ ဆောင့်ကြောင့်လေးထိုင်ချရင်း လက်မောင်း၏ အကျီကိုလည်း မ,တင်သည်။ မေ မျက်တောင်ကော့တွေကို တဖျတ်ဖျတ်ပုတ်တော့ ... သူ မေ့ကို နားမလည်နိုင်သလိုလေး တစ်ချက်လှမ်းကြည့်၏။

"ကျွန်မကိုလေ ... ခရေပြိုးလေးက ရှင်ဆွဲထားတဲ့ ပန်းချီပုံစာရွက်လေးတွေလာပြတယ် သိလား ... အဲဒီပန်းချီပုံလေးတွေထဲမှာ ဆံရစ်ဝိုင်းကလေးနဲ့ ကောင်မလေးတစ်ယောက်ရဲ့ပုံတွေက အရမ်းများနေတယ် ... အဲဒါ ... ဘာသဘောလဲ၊ အဲဒီလိုပုံစံမျိုးလေးနဲ့ ကောင်မလေးတစ်ယောက်ကို ရှင့်စိတ်ထဲက အရမ်းတမ်းတပြီးတော့ ရေးထားတာလားဆိုတာ ကျွန်မသိချင်တာ ..."

"ဟွန်း ... မင်းသိချင်တယ်ဆိုရင် ငါမင်းကို တစ်ခုပဲအပြတ်သားဆုံးဖြေမယ် ... ကျွန်တော်တွေလည်း မင်းဘာမှ မသိချင်နဲ့၊ ကျွန်တာတွေလည်း မင်း ငါ့ကိုထပ်မမေးနဲ့ ... ဟုတ်တယ် ... အဲဒီ ဆံရစ်ဝိုင်းလေးနဲ့ကောင်မလေးဟာ ကမ္ဘာပေါ်မှာ ငါအချစ်ရဆုံး ကောင်မလေး ... ရှင်းတယ်နော် ..."

"ဘုရားရေ ... ရှင့်မှာ ရည်းစားရှိတယ် ..."

မေ့ တစ်ကိုယ်လုံးအေးစက်ကာ မျက်လုံးလေးပြူးသွားခဲ့ရ



www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် သူကတော့ ... ဘာကိုမှ ဂရုမစိုက်သလို ပခုံးလေးနှစ်ဖက်
ဖျတ်ခနဲ တွန့်လိုက်ကာ။

"ရတယ် မြတ်သောမေ ... မင်းကြိုက်သလိုထင်လိုက်၊ ငါ
ဒီကိစ္စနဲ့ပတ်သက်ပြီး ဘာမှထပ်မပြောချင်ဘူး၊ မင်းထပ်မေးရင် ငါ
အိပ်တော့မယ် ..."

"ဟင် ..."

သူတကယ်အိပ်ဖို့ စောင်တွေ ခေါင်းအုံးတွေသွားယူလာပြီး
တဲရှေ့ကွပ်ပျစ်ခင်းပေါ်မှာ ပုံချသည်။ မေ့မှာတော့ မျက်တောင်
လေးကော့ကာ သူလှုပ်ရှားမှုတွေကိုပဲ ငေးကြည့်လျက်။

ဟွန်း ... သူပြောသွားတာလေးက တကယ့်ကို မခံချင်စရာ
လေးပါ။

အဲဒီ ဆံရစ်ဝိုင်းဆံပင်လေးနဲ့ကောင်မလေးက ကမ္ဘာပေါ်မှာ
ငါအချစ်ဆုံးကောင်မလေးတဲ့။ မေ ထပ်လည်း မမေးချင်တော့ပါ။

"ရတယ် ... နေနန်းတော်၊ ဒီအဖြေဟာ ကျွန်မ အသိချင်ဆုံး
အဖြေပါ၊ ကျွန်မနဲ့မပတ်သက်ခင် ဘဝတစ်ခုက အကြောင်းအရာတွေ
ကို နောက်ထပ်လည်း ဘာမှ ကျွန်မထပ်မသိချင်တော့ဘူး ... ရှင်
လည်းအိပ်တော့ ... ကျွန်မလည်း အိပ်တော့မယ်"

"ဒီမှာ ... ငါဒီလိုပြောလို့ မဆီမဆိုင်တာတွေ လျှောက်တွေး
မနေနဲ့၊ လက်ရှိအခြေအနေမှာ မင်းနဲ့ငါ ဘယ်လိုဆက်ပြီးသွားကြမလဲ
ဆိုတာပဲ အရေးကြီးတယ် ... အခုလောက်ဆိုရင် မင်းအတွက် လူ
တွေဘယ်လောက်စိတ်ပူနေမလဲ၊ လူတစ်ယောက်ကို ကိုယ်မချစ်လို့
လက်မထပ်ချင်တာတစ်ခုနဲ့ ဒီလိုမျိုး ဒုက္ခခံရှောင်တိမ်းနေတဲ့အဖြစ်
မျိုးနဲ့ နောက်ထပ် ဘယ်နှစ်ရက် မင်းဆက်ပြီးတော့သွားနိုင်မလဲ၊





ဆိုတာ နှလုံးသားရှိတယ် ... အဲဒီနှလုံးသားက ခံစားလာရပြီဆို
ရင် အသူရာမကနက်တဲ့ ချောက်ကမ္ဘားကြီးရဲ့အောက်ကို မျက်စိမှိတ်
ပြီးတော့ ခုန်ချရဲတဲ့သတ္တိတွေ ရှိလာလိမ့်မယ် ... တစ်ခုပဲ ... မင်းကို
ထပ်ပြောမယ်၊ ငါ ... ရဟန္တာမဟုတ်ဘူး၊ ငါ့မှာ ခံစားတတ်တဲ့
နှလုံးသားရှိတယ်၊ ငါက မလိုက်နဲ့ပြောပေမယ့် မင်းက ငါ့နောက်ကို
လိုက်လာတယ် ... တစ်ရက် နှစ်ရက် လေးငါးဆယ်ရက်၊ တစ်လ
မင်းက နေသွားမယ် ..."

"ဟင် ... ကျွန်မ အဲလိုနေတော့ ရှင်က ဘာဖြစ်သွားမှာမို့လို့
ပဲ ..."

မေ ဖြတ်မေးလိုက်တာ နှုတ်ခမ်းမဲ့မဲ့လေးနဲ့။

"ဟာ ... ဘာဖြစ်ရမလဲ၊ ဒီကျူးကျော်တဲလေးထဲမှာ မနေ
နိုင်တော့တဲ့ နောက်ဆုံးတစ်နေ့ကျရင် ... မင်းက ပြန်သွားတော့မှာ
လေ၊ အဲဒါအချိန်ကျရင် မင်းစဉ်းစားကြည့်စမ်း ... အယောင်ယောင်
အမှားမှားနဲ့ စိတ်တွေကယောင်ချောက်ချားဖြစ်ပြီး မင်းချိုးမယ့်ရေ
ကို ငါထမ်းထည့်နေဦးမလား ... မင်းစားမယ့်ခေါက်ဆွဲကြော်ထုတ်
လေးကို အပြန်လမ်းမှာ ငါဝယ်လာမိဦးမလား၊ မင်းအိပ်မယ့်အိပ်ရာ
လေးကို ငါပြင်ပေးနေဦးမလား၊ မင်းက ငါမသိနိုင်၊ မမြင်နိုင်တဲ့ တစ်
နေရာမှာ ... ငါက မင်းအရိပ်လေးတွေ မင်းအသံလေးတွေ မင်းကိုယ်
အား ပြန့်လွင့်ကျန်ခဲ့မယ့် သနပ်ခါးနံ့လေးတွေ၊ ကိုယ်သင်းနံ့လေးတွေ
ကြားမှာ စိတ်အားလေးငယ်ပြီး တစ်ယောက်တည်းကျန်နေခဲ့ရ
တော့မှာလေ ..."

"ဘာပြောတယ် ..."



www.burmeseclassic.com

www.burmeseclassic.com



မေ သူ့ကို မော့ကြည့်လိုက်တာ ... မယုံနိုင်ခြင်းတွေများ
နဲ့။

ရှင် ... ရှင်ပြောချင်တာ ရှင့်မှာ ခံစားတတ်တဲ့နှလုံးသား
ရှိနေတယ်ဆိုတာ ပြောချင်တာလား။ အဲဒီခံစားချက်တွေ၊ အဲဒီနှ
သားတွေနဲ့ ... အသူရာမကနက်တဲ့ ချောက်ကမ္ဘားကြီးထဲကိုတော
ခုန်ချရဲတဲ့သတ္တိတွေ ရှင့်မှာရှိနေတာကို သက်သေထူနေတာလား
ဟွန်း ... ရှင်ဒီလောက်ပြောရင် ကျွန်မ ကျေနပ်လိုက်တော့မ
နေနန်းတော်။

"ငါပြောတာ ... အရမ်းရှင်းပါတယ် မြတ်သောမေ၊ ဒါကြော
မို့ ... မင်းလက်ကိုဆွဲပြီး ချောက်ကမ္ဘားစွန်းရဲ့ထိပ်မှာ ငါမရပ်ရ
တော့တာ ... တတ်နိုင်ရင် ... မင်းပြန်ပါ၊ ဒီအခြေမျိုးလောက်မှာ
မင်း ငါ့ကိုထားခဲ့ပါ ... "

"ကျွန်မ မပြန်ဘူးဆိုရင် ရှင်ဘာလုပ်မလဲ ... "

"ဟာ ... အဲဒါဆိုရင် မင်းနဲ့ငါ နေ့တိုင်းရန်ဖြစ်နေရမှာလေ"

"ဘုရားရေ ... ရှင်က ကျွန်မနဲ့ရန်ဖြစ်မယ်"

မေ မျက်လုံးတွေပြူးလျှက်။

ပြုံးတာလား၊ မဲ့တာလား မသိနိုင်တော့တဲ့ နှုတ်ခမ်းထော
စွန်းလေးတစ်ဖက်ကလည်း ခပ်တွန့်တွန့်လေးကွေးလျှက်။

မေ သူ့ကိုစိုက်ကြည့်ကာ ရင်ခုန်ခဲ့ရပြီ။

အခန်း ( ၁ )

"အဟင့် ... စံမြန်းကို မရိုက်ပါနဲ့ မမနွေးလိုက်ဖြာ ... မမ
နွေးလိုက်ဖြာကို စံမြန်းကြောက်ပါတယ်၊ ဒီဂါဝန်အသစ်ကလေးကို
ကိုကြီးနဲ့ဖွားရေစဥ်က ဝတ်ခိုင်းလို့ စံမြန်း ဝတ်တာပါ မမနွေးလိုက်
ဖြာရဲ့ ... အဟင့် ဟင့် ဟင့် ... စံမြန်းကိုတော့ မရိုက်ပါနဲ့နော် ...
မမနွေးလိုက်ဖြာ စံမြန်းကို မရိုက်ပါနဲ့ ... "

"ဟာ ... မရိုက်လို့ရမလား၊ မရိုက်လို့ရမလား ... ဒီလို
အကောင်းစား ဝမ်းဆက်ဂါဝန်ရှည်လေးကိုဝတ်ပြီး ကိုကြီးခေါ်တဲ့
ဘုရားကို နင်လိုက်သွားစရာလိုသလားဆိုတာ ... နင့်မှာ ဦးနှောက်
ရှိရင် တွေးကြည့်လိုက်ဦးလေ ... စံမြန်းရိပ်ရဲ့ ငါမကျေနပ်လို့ ဒီဂါဝန်
ရှည်ကိုဆွဲဖြဲပစ်တာ၊ ငါမကျေနပ်လို့ နင့်ကိုရိုက်တာ ... နောက်တစ်
ခါ ... ဒီလိုပြင်ဆင်ပြီးတော့ ကိုကြီးခေါ်တဲ့နောက်ကို နင် မိတ်ကပ်
တွေလိမ်းပြီး ပလူးနေအောင် လိုက်သွားကြည့်စမ်း ... ဒီလိုဂါဝန်မျိုး
မဟုတ်ဘူး၊ နင့်ကိုပါ အရိုးနဲ့အသား တစ်ခြားစီဖြစ်အောင်သို့ နွေး
လိုက်ဖြာဆိုတဲ့ မိန်းမက ဆွဲဖြဲပြလိုက်ဦးမယ် ... "

စိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"အဟင့် ... ဟင့် ... ဟင့် ... "

ပခုံးလေးနှစ်ဖက်မှာ အကျီလေးက စုတ်ပြဲပြီး မလုံ့တလုံဖြစ်သွားရတဲ့ ရင်သားလေးနှစ်ဖက်ကို လက်ကလေးဖြင့်ယှက်ပိတ်ကာ မမနွေးလှိုက်ဖြာ ရှေ့မှာ စံမြန်း ဒူးထောက်ငိုနေရတာပါ။

ဒါကိုလည်း ဖွားရေစဉ်က စိတ်မသက်မသာလေးကြည့်ကာ။

"မြေးလေး လှိုက်ဖြာရယ် ... စံမြန်းလေးကို ဒီလောက်ရိုက်ရရင် ကျေနပ်ပါတော့ ... ဖွားရေစဉ် တောင်းပန်ပါတယ် ... မြေးကြီးမင်းသိက္ခာက ခေတ်မှီမှီလေးဖြစ်အောင် ပြင်ပေးလိုက်ဆိုလို့ ဖွားရေစဉ်ကိုယ်တိုင် ပြင်ပေးလိုက်မိတာပါ၊ စံမြန်းလေးက မလိုက်ချင်ဘူးလို့ငြင်းနေတာကို မင်းသိက္ခာ ကျေနပ်အောင် ဖွားရေစဉ် ထည့်ပေးလိုက်တာပါကွယ် ... စံမြန်းလေးကို ထပ်ပြီးတော့ မရိုက်ပါနဲ့တော့"

ဖွားရေစဉ်ပြောပေမယ့် နွေးလှိုက်ဖြာက လက်မခံဘဲ ...

"ရိုက်မယ် ... ရိုက်မယ်၊ ဒီအတိတ်မေ့မကို ဒီလိုမှ ရိုက်မထားရင် အတိတ်မေ့မက ကမ်းတက်လာတော့မှာ ... အခု သူများတွေက မြတ်သောမေကို ရှာမတွေ့လို့ ခေါင်းတွေပူ ရင်တွေပူပြီး လိုက်ရှာနေတာ၊ ဘယ်နှစ်ရက်ရှိနေပြီလဲ ... မြစ်ဆိပ်မှာ အလောင်းပေါ်တယ်ဆိုတော့လည်း သွားကြည့်ရ ... ကားလမ်းဘေးမှာ အလောင်းတွေ့တယ်ဆိုတာနဲ့ သွားစုံစမ်းရနဲ့ ... လူတွေ ဒီလောက်ပျာယာခတ်နေတာတောင် သူက ကိုကြီးနဲ့တွဲပြီး ဘုရားပေါ်တက်လိုက်သေးတယ်၊ နောက် ... လွှတ်ထားလိုက်ရင် တစ်ခြံလုံး ခေါင်းပေါ်ကိုတက်လာတော့မှာ ... ဟဲ့ ... တောသူမ ... "

"အဟင့် ... ပြောပါ ... မမနွေးလှိုက်ဖြာ ... "

"နင် ... နင် ... တကယ် အတိတ်မမေ့ဘဲနဲ့ မေ့ချင်ယောင်





ဆောင်နေတာလားဆိုတာ ငါ့ကို အမှန်အတိုင်းဝန်ခံစမ်း ... အရမ်းချမ်းသာတဲ့ ကိုကြီးကားနဲ့ ဖြည်းဖြည်းလေးတိုက်မိတာကို အခွင့်ကောင်းယူပြီး ကိုကြီးကို မျက်ရည်စက်လက်ကျပြပြီး ... အပိုင်ကြံဖို့ ကြိုးစားနေတာလားဟင် ... အကြံအဖန်မရဲ့ ... ပြောလေ ... ပြောလေ ... နင် ငါ့ကို ပြောလေ ... "

"အား ... အားနာပါတယ် မမနွေးလှိုက်ဖြာရဲ့ ... အဟင့်ဟင့် ... "

နဖူးပြင်လေးပေါ်က ဆံပင်စတွေကို စုချုပ်ကိုင်ကာ တအားဆောင့်ဆွဲတော့ လက်ကလေးတကားကားနဲ့ အော်နေရတဲ့အဖြစ်။

"မြေးလေး လှိုက်ဖြာ ... မင်းကို တော်ပြီလို့ ဖွားပြောနေတယ်နော် ... မင်းဘာလို့ ကိုယ်ချင်းစာတဲ့စိတ်ကို မမွေးဘဲ ကြမ်းတမ်းရိုင်းစိုင်းတဲ့စိတ်တွေ မွေးနေရတာလဲ ... ဖွား မကြိုက်ဘူး၊ ကိုယ့်ခြံမှာ ဒုက္ခရောက်လို့ မျက်နှာငယ်လေးနဲ့နေနေရတဲ့ မိန်းကလေးတစ်ယောက်ကို ဒီလိုနှိပ်စက်နေတာလည်း ဖွားလက်မခံနိုင်ဘူး"

"ဟုတ်တယ် ... ဖွား ပြောတာကို ကျွန်တော်လက်ခံတယ်"

"ဟင် ... ကိုကြီး ... "

ချိန်းထားသည့် အလုပ်ကိစ္စကိုပင် မသွားတော့ဘဲ လမ်းတစ်ဝက်ကနေလှည့်ပြန်လာတာ ချစ်သောစံမြန်းလေးကိုမင်းသိက္ခာ စိတ်မချနိုင်ခဲ့တာပါ။ ဒါကြောင့်မို့လည်း ... ခြံထဲကိုအရောက်ကားပြန်လှည့်လာတာလေ။

ခုတော့ ... စိတ်ထဲမှာ ထင့်နေခဲ့သည့်အတိုင်း စံမြန်းလေး



www.burmeseclassic.com

www.burmeseclassic.com



ကို ညီမလေးနွေးလှိုက်ဖြာက နှိပ်စက်နေတာ။ ဒါကိုတော့ ညီမလေး နွေးလှိုက်ဖြာကို မင်းသိက္ခာ ခွင့်မလွှတ်နိုင်ပါ။

"ဖွားရေစဉ် ..."

"ဟင် ... မြေးကြီး ..."

"စံမြန်းလေး ဒီလိုအရိုက်ခံနေရတာ၊ တခြားသူတွေမြင်သွားလို့မကောင်းပါဘူး၊ သူ့ကို အခန်းထဲခေါ်သွားပြီး ချော့လိုက်ပါနော် ဖွားရေစဉ် ..."

"ဟာ ... ဒီမောင်နှမတွေ ဘာတွေဖြစ်နေကြတာလဲ"

မမျှော်လင့်ဘဲ ထပ်ရောက်လာတာ ပန်းရောင်ပါတိတ်ဝမ်းဆက်လေးနဲ့ ဒေါ်လှိုင်းမခပါ။ တရှုံ့ရှုံ့လေးငိုနေတဲ့ စံမြန်းကိုလည်း မြင်သွားသည်။

"အို ... ကြည့်စမ်း ... ဒီကောင်မလေး လှိုက်ဖြာကို ပြဿနာရှာနေပြန်ပြီနဲ့တူတယ် ... ကြည့်ပါဦး ... ဝတ်ထားတာ အကောင်းစားဂါဝန်လေးနဲ့ ... ဟွန်း ... ဟွန်း ..."

ကြည့်ပြီးတော့လည်း နှုတ်ခမ်းမဲ့သည်။

အထင်သေးသလိုလည်း တစ်ဆက်တည်း ရှုံ့ချ၏။

"ဟွန်း ... ဒါ ... အန်တီမခနဲ့ လုံးဝမဆိုင်တဲ့ ကျွန်တော်တို့ အိမ်တွင်းရေးကိစ္စပါအန်တီ ... အန်တီက ဒီခြံကိုလာတဲ့ဧည့်သည်ဆိုရင် ဟောဟိုက ဧည့်ခန်းဆက်တီခုံပေါ်မှာပဲ အန်တီထိုင်လိုက်ပါ"

"ဟင် ... မောင်မင်းသိက္ခာ ... မင်း ... မင်း ... အန်တီကို ဘယ်လိုပြောလိုက်တာလဲ ..."

ဒေါ်လှိုင်းမခ ... မယုံနိုင်လောက်အောင် မျက်မှောင်တွေ





ကျုံ့ကွေးလျက်။ ဒီလိုမျက်မှောင်တွန့်လိုက်တော့မှ မျက်ခွံပေါ်က အပြာရောင်ဆေးတွေ ထင်းခနဲဖြစ်ကာ လူကပါ အိုမင်းရင့်ရော်နေတာ ထင်ရှားသွားသည်။ ဝတ်ထားတာလည်း ပါတိတ်ဝမ်းဆက်ပေမယ့် အလည့်ခွဲဖြစ်နေတာက စိတ်ပျက်စရာ။ အသက်ပဲ ငါးဆယ်ကျော်ရောက်နေတာ ဒီလိုဝတ်နေစရာလား။ ထားတော့ ... သူက အရွယ်မကျသလို နုပျိုနေဆဲရှိတော့ ဝတ်ချင်လည်းဝတ်မည်။

ဒါက ပြဿနာမရှိ။

ပြဿနာရှိနေတာက စံမြန်းလေးကို နှိပ်စက်ဖို့ ညီမလေး နွေးလှိုက်ဖြာကို အားပေးနေတာ။ ဒါ ... လူကြီးလူကောင်းဆန်သလား။

"ဟွန်း ... ကျွန်တော်ပြောလိုက်တာ ရှင်းပါတယ် အန်တီ၊ ခုလာပွဲပျက်သွားတာကို ကျွန်တော် စိတ်ခါတ်မကျပေမယ့် ... ဒီကောင်မလေးနဲ့ပတ်သက်ပြီးတော့ အန်တီ ဝင်ဝင်ပါနေတာကိုတော့ ကျွန်တော် စိတ်ခတ်ကျတယ်၊ အရှင်းဆုံးအန်တီကို ပြောရမယ်ဆိုရင် ... ဒီကောင်မလေးကို အထင်သေးတာ၊ နှိမ်ချတာ၊ နှိပ်နှက်ဖို့ အားပေးတာ၊ ကျွန်တော် လုံးဝ ခွင့်မပြုနိုင်ဘူး ..."

"ဘာကွဲ့ ..."

မျက်လုံးတွေပြူးသွားသလို မျက်ခုံးတန်းတွေလည်း ထပ်ကျုံ့တတ်သည်။

"ဟာ ... ကိုကြီးနော် ... အန်တီမခနဲ့ မဆိုင်တဲ့ကိစ္စကို ကိုကြီး ဘာတွေစွတ်ပြောနေတာလဲ၊ လှိုက်ဖြာ နှိပ်စက်တယ်ဆိုတာ ဒီဟောင်မလေးဟာ ကိုကြီးကို မျက်ရည်စက်လက်ကျပြီး အမျိုးမျိုးဆွယ်ဖျားယောင်းနေလို့ နောက်မလုပ်ရဲအောင် နှိပ်စက်နေ



www.burmeseclassic.com

www.burmeseclassic.com



တာ"

"လိုက်ဖြာ ... ညီမလေး ... မင်းမပြောနဲ့၊ ဒါတွေအားလုံးကို ကိုကြီးသိတယ် ... အန်တီမခ ရင်ထဲမှာ ဘာတွေကြံစည်ထားသလဲ ဆိုတာလည်း မင်္ဂလာပွဲပျက်သွားတော့မှ ကိုကြီး နားလည်သွားတယ် ... မြတ်သောမေ ပိုင်သမျှ အမွေစုတွေအားလုံးကို လိုချင်လို့ ကိုကြီးနဲ့အတင်းပေးစားဖို့ စီစဉ်ခဲ့တာ ... "

"ဟင် ... "

သူ ဒီလိုပြောတော့ အန်တီလှိုင်းမခ မျက်နှာ ရုတ်တရက်ဖြူဖျော့ကျသည်။ ညီမလေး နွေးလိုက်ဖြာဆီကိုလည်း အကူအညီတောင်းသလို အားကိုးသလို မျက်ဝန်းအကြည့်မျိုးဖြင့်လည်း လှည့်ကြည့်၏။

"ကျွန်တော် အရင်တုန်းကတော့ ညီမလေးနွေးလိုက်ဖြာရဲ့ မျက်နှာနဲ့ အန်တီ့ကို လေးစားခဲ့ပါတယ် အန်တီ ... မြတ်သောမေကို တစ်ခါလောက်လေးပဲတွေ့ပြီး လက်ထပ်ဖို့ခေါင်းညိတ်ခဲ့တယ် ဆိုတာ၊ အဖေ အမေ မရှိတော့ဘဲ မိထွေးနဲ့နေရတယ်ဆိုတဲ့ ကရုဏာစိတ်လေးတစ်ခုနဲ့ လက်ထပ်ဖို့ ခေါင်းညိတ်လက်ခံခဲ့တာ၊ ကျွန်တော့်ကို မချစ်နိုင်လို့ ထွက်ပြေးသွားတာကိုလည်း ကျွန်တော် မြတ်သောမေကို ခွင့်လွှတ်တယ် ... အန်တီကိုလည်း အဲဒီအချိန်ထိ ကျွန်တော် နားလည်နိုင်တယ် ... ဒါပေမဲ့ ... "

"ဒါပေမဲ့ ... ဘာဖြစ်လဲဟင် ... မောင်မင်းသိကျော ... "

"မင်္ဂလာပွဲပျက်သွားတဲ့ကိစ္စနဲ့ပတ်သက်ပြီး စံမြန်းရိပ်လေးအပေါ်ကို ရမယ်ရှာစွတ်စွဲပြီးတော့ အန်တီအမျိုးမျိုး လက်ညှိုးထိုးခဲ့တာ ... "





"အို ... မဟုတ်ဘူး ... မဟုတ်ဘူး၊ အဲဒီလိုသဘောထားမျိုး အန်တီမှာ မရှိပါဘူး မောင်မင်းသိကျောရယ် ... ဘုရားပေးပေး ကျမ်းပေးပေးပါကွယ် ... အန်တီလေ ... သမီး မြတ်သောမေရဲ့ နောင်ရေးလေးကို စိတ်အေးချင်တာတစ်ခုနဲ့ လိုက်ဖြာနဲ့တိုင်ပင်ပြီး ဒီကိစ္စကို"

"ဟွန်း ... မေ့လိုက်ပါ ... အန်တီ၊ ဒီခေါင်းစဉ်ကို ဆက်ပြီးတော့ ... ကျွန်တော်တို့ ဆွေးနွေးဖို့ဆိုတာ၊ ဘယ်လိုမှ မဖြစ်နိုင်တော့ပါဘူး ... မြတ်သောမေ ပြန်လာဖို့ဆိုတာလည်း အန်တီ မမျှော်လင့်နဲ့တော့ ... "

"ဘယ် ... ဘယ်လို မောင်မင်းသိကျော ... "

"ကျွန်တော် ... ခုချိန်မှာတော့ ဒီလောက်ပဲပြောပါရစေ အန်တီ ... အရေးကြီးတာ ကျွန်တော့်အိမ်တွင်းရေးကိစ္စတွေမှာ အန်တီ ဝင်မပါနဲ့ပါ။ ညီမလေး နွေးလိုက်ဖြာကိုလည်း ကိုကြီးသတိပေးတယ် ... နောက်နေ့ကစပြီး ကိုကြီးကုမ္ပဏီကိုသွားတိုင်း စံမြန်းလေးကို ခေါ်သွားမယ် ... ကဲ ... ဖွားရေစဉ် စံမြန်းလေးကို အခန်းထဲခေါ်သွားပြီး ချော့လိုက်ပါ ... ကျွန်တော် အပေါ်ထပ်မှာရှိတဲ့ အဖေနဲ့မေမေကို ဒီအကြောင်းအသိပေးပြီး သူတို့ဆီက ခွင့်ပြုချက်ယူမယ် ... "

သူ ဖျတ်ခနဲ လှည့်ရင်း ... အမှတ်တမဲ့လေးလှမ်းကြည့်လိုက်မိတာ မျက်ရည်လေးတွေသုတ်နေရှာတဲ့ စံမြန်းလေးဆီကိုပါ။ နွေးလိုက်ဖြာနဲ့ဒေါ်လှိုင်းမခတို့နှစ်ယောက်ကတော့ တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ကာ မျက်စတွေပစ်လျှက်။

"လာ ... လာ ... စံမြန်းလေး ... "

"အဟင့် ... "



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲကိုရောက်သည်ထိ တဟင့်ဟင့်လေးနဲ့ စံမြန်းရှိုက်ငိုနေရဆဲ။

"စံ ... စံမြန်းကို မမမွေးလိုက်ဖြာက အရမ်းမုန်းနေတာနော် ဖွားရေစဉ် ... စံမြန်းအရိုက်ခံထားရလို့ ပါးတွေလည်း ထူပူကြိမ်းစပ်နေပြီ၊ ဆံပင်တွေလည်း အရမ်းနာနေပြီ၊ အဟင့် ... ဟင့် ... ဟင့်၊ ဒီ ... ဒီခြံကြီးထဲမှာလည်း စံမြန်းမနေချင်တော့ဘူး၊ ခုနေ ... အတိတ်ကိုပြန်သတိရမယ်ဆိုရင် စံမြန်းဆီမှာပါလာတဲ့ အထုတ်ကလေးကိုပိုက်ပြီး ဒီခြံထဲကနေ စံမြန်း ထွက်သွားပါတယ် ဖွားရေစဉ်ရယ် ... အဟင့် ... ဟင့် ... ဟင့် ... "

စံမြန်း ဝမ်းနည်းကာ ရှိုက်လို့မဆုံး။

ဖွားရေစဉ်က ဝင်းနှစ်နှစ် ပါးပြင်လေးပေါ်က မျက်ရည်တွေကို ကြင်ကြင်နာနာလေး သုတ်ပေးရင်း ...

"စံမြန်းလေးရယ် ... စံမြန်းလေးရင်ထဲမှာ ခံစားနေရတာတွေကို ဖွားရေစဉ် နားလည်ပါတယ်၊ မငိုနဲ့နော် ... စံမြန်းလေးတိတ်တိတ် ... ဒီခြံထဲကနေလည်း ဘယ်ကိုမှ စံမြန်းလေး ထွက်မသွားနဲ့ မောင်မင်းသိင်္ဂကြာက စံမြန်းလေးကို အရမ်းဂရုစိုက်ပြီးတော့ ချစ်နေတာ၊ ဖွားရေစဉ် သိတယ် ... အခုလည်း ... ကုမ္ပဏီကို နေ့တိုင်းခေါ်သွားဖို့ ကြေငြာလိုက်ပြီလေ ... အဲဒါ ... မောင်မင်းသိင်္ဂကြာလိုလူမျိုးတစ်ယောက်က အထူးအခွင့်အရေးပေးပြီး ခေါ်သွားတယ်ဆိုတာ စံမြန်းလေး အရမ်းကံကောင်းတာ ... "

"အဟင့် ... ကိုကြီးက ခေါ်ပေမယ့် စံမြန်းက မလိုက်ရဲပါဘူး ဖွားရေစဉ်ရဲ့ ... ကိုကြီးလာခေါ်ရင် နေမကောင်းလို့ပါဆိုပြီး စံမြန်း





ဘာပြောမယ် ... ပြောလို့မရရင် ဒီခုတင်အောက်လေးမှာ စံမြန်းခင်ပုန်းနေမယ် ... အဟင့် ... "

"ကလေးရယ် ... မင်းလေးပြောနေတာတွေကို နားထောင်ရတာ ဖွားရေစဉ် ဝမ်းနည်းတယ်သိလား ... ဘယ်ဘဝဟောင်းကအတိတ်ကံတွေပါလာလို့ ဒီခြံထဲမှာ စံမြန်းလေး လာအရိုက်ခံနေရတယ်ဆိုတာ ဖွားရေစဉ် မတွေးတတ်တော့ပါဘူး၊ ဒါပေါ့လေ ... ဝဋ်ကြွေးဆိုတာရှိရင် ဘုရားခတ်တောင်းပန်လို့မရဘဲ မကြေ့ကြေအောင် ပေးဆပ်ရတာ၊ စံမြန်းလေးမှာ ဒီလိုဝဋ်ကြွေးမျိုးတွေရှိရင် ကြေပါစေလို့ ဖွား ဆုတောင်းပေးမယ်နော် ... စံမြန်းလေး ... "

"ဂျလောက် ... "

"ဟင် ... မောင်မင်းသိင်္ဂကြာ ... "

တံခါးလှည့်ဖွင့်သံနှင့်အတူ တံခါးဝမှာပေါ်လာတာ မောင်မင်းသိင်္ဂကြာပါ။ စံမြန်းလေးက မျက်နှာလေးကို ငုံ့ထားမြဲ ငုံ့ထားလိုက်ပေမယ့် ... ဖွားရေစဉ်ကတော့ ချာခနဲလှည့်ကာ ကြည့်လိုက်သည်။

"ဘာလိုလဲ မြေးကြီး ... ဖွားကိုပြောလေ ... "

"ကျွန်တော် ... ဖွားနဲ့စကားပြောချင်တယ်၊ ကျွန်တော် စာကြည့်ခန်းထဲကို ဖွားခဏလာခဲ့နော် ... စံမြန်းလေးကတော့ ရေမိုးချိုးပြီး လွတ်လွတ်လပ်လပ် အနားယူပါစေ ... "

ဒါပဲပြောပြီး မောင်မင်းသိင်္ဂကြာ လှည့်ထွက်သွားသည်။

စံမြန်းလေးကိုထားခဲ့ပြီး အောက်ထပ်က စာဖတ်ခန်းကျယ်ကြီးထဲကို ဝင်သွားတော့ ... ဖွားရေစဉ်ရဲ့ပခုံးလေးကိုဖက်ပြီး၊ သွားအရင်းအချာတစ်ယောက်လို သူကလည်း ကြိုမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"လာနော် ဖွား ... ဖွားက ဒီမှာထိုင် ... ကျွန်တော်က ဖွားရှေ့ကြမ်းပြင်ပေါ်မှာပဲ ထိုင်မယ် ..."

"သိတယ် ... သိတယ် ... ဖွားမြေးကြီးလိမ္မာတာကို ဖွားသိတယ် ... ဟင်းဟင်း ..."

ဖွားက ကျေနပ်မဆုံး တပြုံးပြုံးနဲ့။

"ကဲ ... မြေးကြီးက ဖွားနဲ့ဘာတွေပြောချင်တာလဲ ... ပြောစမ်း ..."

"ကျွန်တော် ... ဖွားကို ပြောရမှာလည်း မျက်နှာပူတယ် ပြီးတော့ ... ရှက်လည်းရှက်တယ်၊ အမှန်အတိုင်း ဝန်ခံရမယ်ဆိုရင် ဖွားက ကျွန်တော့်တို့ခြံထဲမှာ သစ္စာအရှိဆုံး အမှုတော်ကိုထမ်းခဲ့တဲ့ သက်တော်ရှည်ဖွားပါ ... ကျွန်တော်နဲ့ကျွန်တော့်ညီမလေးကို အုပ်ဆိုပြီး လူ့လောကထဲကိုရောက်လာကတည်းက ပြာရီမှိုင်းကာမှိုင်း ညို့ညို့ညို့လွင် ... ညှင်းလေပြေသွေးလို့သာ ဖေးမကူချင်ဆိုတဲ့ သီချင်းလေးကို အမြဲဆိုပြီး သုံးလေးတန်းရောက်တဲ့အထိ ဖွားချော့သိပ်ခဲ့တာလေ ..."

"အို ... ကြည့်စမ်း ... မြေးကြီးက ဒါတွေမှတ်မိတယ်"

"မှတ်မိတာပေါ့ဖွားရယ် ... ဒါကြောင့်မို့လည်း ဖွားကို ကိုယ့်အဖွားအရင်းလိုပဲ သဘောထားပြီး ကျွန်တော်တို့အားလုံးက ဝိုင်းချစ်ခဲ့ရတာပါ"

"ဟုတ်ပါပြီ ... ဟုတ်ပါပြီ၊ မြေးကြီး ဒီလောက်ပြောရင် ဘာလိုချင်သလဲဆိုတာ ဖွားသဘောပေါက်ပြီ ... မြေးကြီး — မြေးကြီး စံမြန်းလေးဆိုတဲ့ မိန်းကလေးကို ချစ်မြတ်နိုးနေပြီဆိုတာ ဖွားကို အသိပေးချင်တာမို့လား ..."





"ဗျာ ... အဲဒါ ... ဖွား သိတယ်"

သူ့ရဲ့ ထူတန်းနက်မှောင်နေတဲ့ မျက်တောင်ရှည်တွေ ကော့တက်သွားကာ မျက်ခုံးတန်းနဲ့ပင် ထိလုမတတ်ပါဘဲ။

"အို ... သိတာပေါ့ မြေးကြီးရဲ့ ..."

"ဖွားရယ် ... ကျွန်တော်က ဖွားလက်ပေါ်မှာ ကြီးခဲ့ရတာပါ၊ ဒါကြောင့်မို့ ... ကျွန်တော်စကားတစ်ခွန်းပြောလိုက်တာနဲ့ ကျွန်တော့်ရင်ထဲက ဖြစ်ချင်နေတဲ့ဆန္ဒတွေကို ဖွားက နားလည်နေတာပေါ့ ... ကျွန်တော် ... ကျွန်တော်အမှန်အတိုင်း ဝန်ခံရမယ်ဆိုရင် ဖွားပြောသလိုပဲ စံမြန်းလေးကို ကျွန်တော် မြတ်နိုးနေပြီလေ ဖွားရဲ့ ... ဒါပေမဲ့ ... ဒါပေမဲ့ ..."

"ဘာလဲဟင် ... မြေးကြီး ... စံမြန်းလေးကို မြတ်နိုးရပေမယ့် စံမြန်းလေးရဲ့ နောက်ကြောင်းရာဇဝင်အတွက် မြေးကြီး စိတ်ပူနေတာလား ... စံမြန်းလေးကို ကားနဲ့တိုက်မိပြီး ခြံထဲကိုခေါ်လာတဲ့နေ့က စံမြန်းလေးရဲ့အဝတ်အစားအိတ်ထဲမှာပါလာတဲ့ ယောက်ျားလေးဝတ် တီရှပ်အဟောင်းလေးနှစ်ထည်နဲ့ ဂျင်းဘောင်းဘီဟောင်းလေးနှစ်ထည်ကို သတိရပြီး မြေးကြီးစိတ်တထင့်ထင့်ဖြစ်နေရပြီလား ..."

တကယ်လည်း အဲဒီနေ့က ကားနဲ့တိုက်ခံရတဲ့ မိန်းကလေးရဲ့ အိတ်ကလေးကိုဖွင့်ကြည့်လိုက်တော့ သတင်းစာအဟောင်းလေးနဲ့ ထုပ်ပြီးတော့ ထည့်ထားတဲ့ ယောက်ျားလေးအသုံးအဆောင် အဝတ်အစားတွေကို တွေ့ခဲ့ရတာပါ။

ဒါကိုပဲ ... လျှို့ဝှက်ချက်တစ်ခုလို သဘောထားပြီး ဖွားက



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူမှမသိအောင် ဒီပစ္စည်းတွေကို သိမ်းထားလိုက်တာ မောင်မင်းသိက္ခာကိုတော့ ဖွားကကြိတ်ပြီး အသိပေးခဲ့သည်။

"မဟုတ်မှလွဲရော မြေးကြီးရယ် ... မိန်းကလေးလွယ် တဲ့အိတ်ထဲက ပစ္စည်းတွေကိုကြည့်ရတာ ယောကျ်ားလေးတ ယောက်နဲ့ ခိုးရာလိုက်ပြေးလာသလားဆိုတာ ဖွားကတော့ သံ ယဖြစ်တယ် ... ဒါ ... ဘယ်သူ့အဝတ်အစားတွေလည်းဆိုပြီး မိ ကလေးကို အကြိမ်ကြိမ်အခါခါ ဖွားမေးတော့လည်း ခေါင်းလေး ပြီး သူမသိဘူးလို့ဘဲ မိန်းကလေးက ငြင်းနေခဲ့တာလေ ..."

ဒါကိုတော့ ဖွားနဲ့သူ ကြိတ်ပြီးတော့ ဆွေးနွေးခဲ့ကြဖူးသည် ဒီအချက်ကြောင့် စံမြန်းလေးကိုချစ်ရတာ စိတ်ထဲမှာ စနိုးစနော လေးဖြစ်နေခဲ့ရတာပါ။ အတိတ်မေ့နေသည့် စံမြန်းလေးကလည် ကိုယ့်နာမည် ဘယ်သူဂဲဆိုတာကိုပင် ပြန်မပြောနိုင်တော့သည် ဘဲ။

"ဟုတ်တယ်ဖွား ... ကျွန်တော်လည်း ဒီအချက်ကိုပဲ သ ရတိုင်း အဖြေထုတ်နေခဲ့မိတာ၊ လမ်းပေါ်ကို ပြေးထွက်လာတုန်း ဟိုကြည့်ဒီကြည့်လေးနဲ့ တစ်ယောက်ယောက်ကိုရှာရင်း ပြေးထွ လာခဲ့သလိုမျိုးဆိုတာလည်း ကျွန်တော် မှတ်မိနေတယ်၊ တာ မတိုက်မိခင်မှာ စိုးရိမ်ကြောင့်ကြနေတဲ့ သူ့မျက်ဝန်းတွေကိုလည် ကျွန်တော် လှမ်းမြင်လိုက်ရသေးတယ်၊ ဒီအချက်တွေကို တွ ကြည့်လိုက်တဲ့အခါကျတော့ ရန်ကုန်ကိုရောက်လာတာ သူတ ယောက်တည်း မဖြစ်နိုင်တဲ့အချက်က ပိုခိုင်မာသွားတယ် ... ဒ ကြောင့်မို့ ... ကောင်လေးတစ်ယောက်နဲ့အတူတူ ခိုးရာလိုက်ပြေ





သလားဆိုတာ ကျွန်တော်တို့ စဉ်းစားနေရတာ ..."

ဒါကိုပဲ သူ့စိတ်တွေ တွေးပူနေခဲ့တာပါ။

တကယ်လို့သာ စံမြန်းလေးမှာ ချစ်သူရှိနေခဲ့လျှင် ...

တကယ်လို့သာ စံမြန်းလေးဟာ ခိုးရာလိုက်ပြေးလာခဲ့တာ လျှင် ဒီအချိန်မှာ တရားဝင် ခမ်းခမ်းနားနားလက်ထပ်ယူဖို့ဆိုတာ ရေးမျှတနိုင်ပါတော့မလား။

"မြေးကြီးရယ် ... စံမြန်းလေးအတွက် မင်းဒီလောက်လည်း ူးပူမနေနဲ့လေ၊ ဖွားတို့လည်း ကောင်မလေးတစ်ယောက်ကို င့်ရှောက်ထားရတယ်ဆိုတာ သတင်းစာမှာ ဓါတ်ပုံနဲ့တောင် ကြော်ငြာခဲ့သေးတာပဲ ... ဘယ်သူကမှ သူတို့သက်ဆိုင်ပါတယ်ဆိုပြီး မှမခေါ်ကြတာ ... ဒါကြောင့်မို့ ... စံမြန်းလေးကို ဖွားမြေးကြီး ချင်လည်းဆိုင်လို့ရသွားပြီ၊ ပိုင်ချင်လည်း ပိုင်လို့ရသွားပြီ"

"ဟုတ် ... ဟုတ်တယ်နော်ဖွား ... ဒီအချက်ကို ကျွန်တော် နေတာ၊ ဒီလိုယောကျ်ားလေး တီရှပ်တွေလည်း ခုဏ်ခဲတ် မိန်းက တွေ ဝတ်ချင်ဝတ်နေကြတာ၊ ကျွန်တော် ... ကျွန်တော် ဆုံး လိုက်ပြီဖွားရာ ... စံမြန်းလေးကို ကျွန်တော် ခမ်းခမ်းနားနားနဲ့ တရားဝင်လက်ထပ်ယူလိုက်တော့မယ်"

"အို ... ဖွားသဘောတူတယ်၊ ဖွားသဘောတူတယ်၊ စိတ် ာင်းရှိတဲ့ဖွားမြေးကြီး သူတော်ကောင်းကြီး ... ကျန်းမာချမ်းသာ တော့ ဒီဒုက္ခရောက်နေတဲ့ ကလေးမလေး စံမြန်းရိပ်ကို သေတ သက်တဆုံး စောင့်ရှောက်နိုင်ပါစေကွယ်"

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၉ )

"ဟင်း … ဟင်း …"

"ဟော … တွေ့လား … ရှင် ဖျားနေပြီ"

မျက်လုံးတွေမဖွင့်နိုင်ဘဲ တဟင်းဟင်းလေးနဲ့ ညည်းသံတွေ ကြားနေရကတည်းက၊ သူ … ဖျားနေပြီဆိုတာ မေ ချက်ချင်းတန် သိသည်။ မေ သူ့အိပ်ရာဘေးမှာ ဒူးကလေးထောက်ထိုင်ရင်း နဖူး လေးကို ဖွဖွစမ်းကြည့်တော့ အဖျားက တရှိန်ရှိန်တက်နေ၏။

"နေ … နေနန်းတော် …"

မေ သူ့ကို တိုးတိုးလေးခေါ်ကြည့်တော့လည်း သူ့မျက်လုံး တွေက ပွင့်မလာ။ မေ သူ့လက်မောင်းတွေကို ထိရလည်းခက် ကိုင်ရလည်းခက်နှင့် သူ့ကိုဘယ်လိုနိုးလို့ နိုးရမှန်းလည်းမသိ။

မိုးက ခုမှ လင်းကာစပဲ ရှိသေးသည်။

သူ တဲရှေ့မှာအိပ်နေတာ စောင်ပါးပါးလေးတစ်ထည်ကို လည်ပင်းထိရောက်အောင် ဆွဲခြုံထားပေမယ့် တစ်ကိုယ်လုံး လုံတဲ့ မျိုးတော့မဟုတ်။ ခြေသလုံးမှာ ခြင်တွေခဲထားသလို စောင်နှင့်





လွတ်နေသည့် လက်မောင်းတစ်ဖက်မှာလည်း အနီစက်တွေက ရဲရဲ ထနေသည်။

"နေနန်းတော် … ရှင် ဖျားနေလို့၊ ကျွန်မ နိုးနေတာလေ၊ ထပါ … ရှင် ဆေးသောက်မှဖြစ်မယ် … ရှင် အရမ်းဖျားနေတယ်"

နောက်ဆုံးတော့ သူ့လက်မောင်းလေးကို အသာအယာဆွဲ ခါ လှုပ်နှိုးလိုက်တော့မှ မျက်တောင်ကြီးတွေ ဖျတ်ခနဲလှုပ်သွားကာ။

"ဟုတ်တယ် … ညသန်းခေါင်ကျော်ကတည်းက ငါဖျားနေ တာ"

"အဲဒါများ နေနန်းတော်ရယ် … ရှင် ကျွန်မကို လာနှိုးလိုက် ပါတော့လား …"

ဖျားနေပေမယ့် ဖျတ်ခနဲ သူ ထ,ထိုင်သည်။

စောင်ပါးလေးကိုဖယ်ပြီး နောက်ဖေးခန်းထဲတန်းဝင်သွား ၏။

တကယ်ဆို … အအေးမိပြီး သူဖျားတာပဲနေမှာလေ။ တဲရှေ့ ခန်းက အမိုးရှိပေမယ့် အကာမရှိလို့ ညဆိုရင် လေက တဟူးဟူးနဲ့ တိုက်နေတာ။ ဒါတောင် … မိုးတွင်းမဟုတ်လို့။ မိုးရာသီသာဆို လေရော မိုးရော တဲရှေ့ခန်းကွပ်ပျစ်ကလေးဆီကို ဒလဟောဝင် လာတော့မှာ။ အဲလိုသာဆို … သူ ဘယ်လိုအိပ်တော့မလဲ။

မေကတော့ … အလိုက်သိပါသည်။

သူပြန်ထွက်မလာခင် မျက်နှာသစ်ဖို့ရေရော သွားတိုက်ဆေး နှင့် သွားပွတ်တံပါ အဆင်သင့်ပြင်ကာ မျက်နှာသုတ်ပုဝါလေးကို ကိုင်ရင်း အသင့်စောင့်နေလိုက်၏။ သူပြန်ထွက်လာတော့မှ သွား



www.burmeseclassic.com

www.burmeseclassic.com



တိုက်ဆေးနှင့်သွားပွတ်တံကို သူ့လက်ထဲ လှမ်းထည့်သည်။

"မျက်နှာသစ်ပြီးရင် ရှင်ဆေးသောက်ရမယ်နော် ..."

"ရတယ် ... ငါ့အတွက် ဘာမှ စိတ်ပူမနေနဲ့"

"ဒီတဲပေါ်မှာ ရှင်နဲ့ကျွန်မ နှစ်ယောက်တည်းနေတာ ရှင် သေသွားလို့မဖြစ်သေးဘူး ..."

မေ ဒါပဲပြောပြီး မျက်နှာသုတ်ပုဝါကိုပါ လှမ်းပစ်ပေးကာ နောက်ဖေးခန်းမှာ ရေနွေးကြိုဖို့ ထင်းစတွေ သွားယူလာသည်။ နောက်မှ မေ သတိရလိုက်တာက ဒီထင်းစတွေနဲ့ မီးဘယ်လိုမွှေး မလဲ။

သူ့ကို ဆေးတိုက်ဖို့ ရေနွေးလိုတယ်လေ။

ပြီးရင် ... ရယ်ဒီမိတ်ကော်ဖီလေးတစ်ခွက် မေ ဖျော်ရဦးမှာ။

မေ ခေါင်းကလေးကုတ်လိုက် ... နားရွက်လေးကိုင်လိုက် နှင့် မီးဖိုလေးရှေ့မှာ ဘာလုပ်လို့လုပ်ရမှန်းမသိ။

"ဟင် ... မင်း ဒီမှာ ဘာလုပ်နေတာလဲ ..."

"ရေနွေးလေ ... ရေနွေးတည်မလို့ ..."

"ရေနွေးတည်မယ့်သူက မီးဖိုကို ဒီအတိုင်းရပ်ကြည့်နေလို့ရ မလား ... ဟိုထင်းအသေးလေးတွေယူလိုက်၊ ပြီးရင် ... ထင်းရှူးဆီ အချောင်းကလေးနဲ့မီးမွှေး ... ဟိုမှာ ... မီးခြစ် ..."

ပြောပြီး ... အခန်းထဲဝင်သွားသည်။

သူပြောသည့်အတိုင်း ထင်းချောင်းကလေးတွေစုပုံကာ ထင်းရှူးဆီအချောင်းကလေးနဲ့ မွှေးလိုက်တော့မှ မီးက စွဲသွား၏။

မီးစွဲတော့မှ ရေနွေးအိုးလေးကို မီးဖိုပေါ်ကောက်တင်သည်။





တကယ်တမ်းကျတော့ ဒီလိုအလုပ်မျိုးတွေ မေဘာမှမလုပ် ခဲ့ဖူးပါ။ ငယ်ငယ်လေးကတည်းက ဒီအသက်အရွယ်ထိ ဒီလိုထင်း ချောင်းလေးတွေနဲ့ တည်နေတဲ့မီးဖိုမျိုးကို ပထမဆုံးအကြိမ်အဖြစ် အနီးကပ်လေး နဖူးတွေ့၊ ဒူးတွေ့ တွေ့ခွင့်ရခဲ့တာပဲ ဖြစ်သည်။

မီးခိုးတွေ အူထွက်လာတော့ မေ ချောင်းတဟွတ်ဟွတ်ဆိုး သွားသလို မီးခိုးတွေကိုလည်း လက်ကလေးဖြင့် ရိုက်ပုတ်ကာ လွှင့် ထွက်သွားအောင် ဖယ်နေမိ၏။

"အဲဒါ ... မခြောက်သေးတဲ့ ထင်းစတွေထည့်လို့ မီးခိုးအူတာ ဒီဘက်က ထင်းပုံက ခြောက်ပြီးသားအပုံ ..."

"အဟွတ် ... အဟွတ် ... အဲဒါမှ ကျွန်မ မသိတာ ..."

"နေပါဦး ... အခုမှ ကောက်ကာငင်ကာ ရေနွေးအိုး ထတည် နေရအောင် မင်းက ဘာလုပ်မလို့လဲ ..."

"ဟာ ... ရှင်ချွေးထွက်သွားအောင် ရေနွေးပူပူလေးတစ်ခွက် နဲ့ ဆေးသောက်ရမှာလေ ... အဲဒါကြောင့်မို့ ကျွန်မ လုပ်နေတာ အဟွတ် ... ဟွတ် ..."

"မလိုဘူး ရတယ် ... မင်းဖယ်လိုက် ..."

မေ မီးခိုးတွေကြားမှာ တဟွတ်ဟွတ်ဖြစ်နေတာကို မကြည့် ရက်လို့လားတော့မသိ။ မေ့ကို မီးဖိုခန်းထဲကနေ ပြန်မောင်းထုတ် နေသည်။

"ဟင့်အင်း ... ရှင်မှနေမကောင်းတာ၊ ကျွန်မပဲလုပ်မယ်"

မေ ထင်းအခြောက်ပုံရှိရာကို လက်လှမ်းလိုက်တော့ ...

"အမလေး ... ဖား ... ဖားပြုတ်ကြီး ..."

"ဟာ ..."



www.burmeseclassic.com

www.burmeseclassic.com



မေ ဖားပြုတ်ကြီးကိုမြင်ပြီး ကြောက်အားလန့်အားနှင့် ဆွဲမိဆွဲရာ လှမ်းဆွဲဖက်လိုက်မိတာ။ သူ့ ပခုံးနှစ်ဖက်စလုံးကိုပဲ ဖြစ်နေသည်။ ပိုဆိုးတာက သူနဲ့မေ မျက်နှာချင်းကြီး ဖက်လိုက်မိသလို ဖြစ်သွားခဲ့တာပါ။

ဖားကို ကြောက်တာရော ... သူ့ကို အားပါးတရ အတင်း တွယ်ကပ်ဖက်လိုက်မိတာပါ ရောပေါင်းပြီး၊ မေ့တစ်ကိုယ်လုံးအေးစက်သွားတာ သူလည်း အယောင်ယောင်အမှားမှားတွေဖြစ်။ ပါးမို့လေးနှစ်ဖက်ပါ ရဲဗလောင်း ခတ်သွားသည်။

"ဖယ်လိုက်တော့လေကွာ ... ဟိုမှာ ဖားပြုတ်ကြီးမရှိတော့ဘူး"

"ဟင် ... ရှင် ... ရှင် တကယ်ပြောတာနော် ... "

မေ မရဲတရဲလေးနှင့် စောစောက ထင်းပုံပေါ်ကိုလှမ်းကြည့်တော့ ... တကယ်လည်း ဖားပြုတ်ကြီးက မရှိတော့။

"အဟွန်း ... "

သူကတော့ မေအတင်းဖက်ထားဆဲမှာပဲ နှုတ်ခမ်းလေး မဲ့သည်။

မေ သတိရတော့မှ သူ့ပခုံးနှစ်ဖက်စလုံးပေါ်ကလက်တွေကို ကတုန်ကယင်လေး ပြန်ဖယ်ချလိုက်ပြီး သူ့ရှေ့မှာပဲ မျက်လွှာလေး သိမ်းရပ်ကာ ...

"ဟင်း ... အဲဒါ ရှင်အနားမှာရှိလို့ ကျွန်မ ဘာမှဖြစ်မသွားတာ၊ တစ်ယောက်တည်းသာဆိုရင် သတိလစ်သွားမှာ သေချာတယ်"

"အဲဒါ ... ဖားဖြစ်နေလို့ မင်းသက်သာသွားတာ၊ မြွေဆိုရင်





သေပြီ ... ဒီနားတစ်ဝိုက်မှာက မြွေလည်းပေါတယ်၊ မျှော့တွေ ကျွတ်တွေ တီတွေ ဖားတွေလည်း တစ်ပုံကြီးရှိတယ်၊ ချောင်းနဲ့နီးတော့ ရောက်လာထာနဲ့ ဒီကောင်တွေ ဒီပေါ်ပြေးတက်လာတာ"

"ဟာ ... ရှင်နော် ... ကျွန်မ ကြောက်တယ်လို့ ရှင့်ကိုပြောနေတယ်နော် ... "

မေ ဟိုကြည့် ဒီကြည့်လေးနှင့် သူနှင့်အနီးဆုံးရောက်အောင် ခြေလှမ်းရွှေ့ကာ ရှေ့တိုးရပ်မိသည်။ သူပြောသလို မြွေသာဆိုလို့ကတော့ သေပြီဆရာပဲ။ ခုထိလည်း မေ အကြောက်မပြေသေးပါ။

"ဒီမှာ ... ငါပြောနေတာ မင်းကို ကြောက်အောင်ပြောနေတာ မဟုတ်ဘူး၊ ကျူးကျော်တဲတွေဆောက်တယ်ဆိုတာ ဒီလို ချောင်းကမ်းစပ်နံဘေးက လမုတောတွေ၊ ချုံတောတွေအစပ်မှာ ဆောက်ထားကြလို့ပြောနေတာ ... အချိန်တိုင်းမှာ မျက်လုံးရှင်ရှင်ထားပြီး သတိနဲ့နေရတာ၊ အကောင်းဆုံးက တဲရှေ့က ကွပ်ပျစ်လေးပေါ်မှာပဲ မင်းသွားထိုင်နေပါ ... လုပ်စရာရှိရင် ငါပဲလုပ်မယ်"

"ဟာ ... ရှင်က အခု ဖျားနေတယ်လေ ... "

"ပြဿနာမရှိဘူး ... ရတယ် ... ဒီအဖျားလောက်က ငါ့အတွက်အေးဆေး ... "

အေးဆေးလို့ပြောပေမယ့် ... အဖျားရှိန်ကြောင့် သူ့မျက်နှာလေးရဲမြန်နေတာ သိသာနေသည်။ အရေးကြီးတာ ... သူဆေးတစ်ခွက်တော့ အမြန်ဆုံးသောက်နိုင်ဖို့ပဲ လိုတာပါ။

မေ တဲရှေ့ကိုပြန်ထွက်ကာ ခရေပြုံးလေးတို့တဲအောက်ကို လှမ်းကြည့်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



“ခရေပြုံးရေ … ခရေပြုံး နိုးပြီလားဟင် … ”

“ဟာ … နိုးပြီလေ မမ … ဘာဖြစ်လို့လဲ … ”

ဆံပင်လေး ဖိုရို့ဖားလျားလေးနဲ့ ခရေပြုံးလေး ပြေးထွက်လာသည်။

“ခရေပြုံးလေးတို့အိမ်မှာ ဘိုင်အိုဂျက်ဆစ်လေး တစ်လုံးလောက်ရှိရင် မမကိုပေးပါလားဟင်၊ ဒီမှာ … ဦးနေ ဖျားနေလို့ ခရေပြုံးလေးရဲ့ … ”

“ဟာ … ရှိတယ်လေ မမ … ”

ရှိတယ်ဆိုမှ မေ စိတ်အေးသွားသည်။

“မင်း … ခရေပြုံးဆီက ဘာတွေသွားတောင်းနေတာလဲ”

“ဟာ … ရှင် ဆေးသောက်ဖို့တောင်းတာလေ … ”

သူ တော်တော်ဖျားနေတာ သေချာနေပါသည်။ စိတ်ကမာပေမယ့် လူက ဒယီးဒယိုင်လေးနွဲ့ကာ ဝါးထရံလေးမှာ ကျောမှီထိုင်ချသည်။ ပုံစံလေးက အားမရှိတော့သလို ပုံစံမျိုးလေးနှင့် လူက ခွေခွေနွဲ့ချင်နေ၏။ မျက်ဝန်းလေးဖျော့ကာ နှုတ်ခမ်းလေးကပါ သွေ့သွေ့ခြောက်ခြောက်ကလေးနှင့်။

“ရှင် … ရှင် ဒီနေ့ဘယ်မှ မသွားနဲ့တော့နော် … နေနန်းတော် … ရှင် ဒီနေ့ အိမ်မှာပဲ အေးအေးဆေးဆေး နားနေလိုက်ပါ”

“သမီးရေ … နေနန်းတော် … ဘာဖြစ်လို့လဲ … ”

“ဟင် … အဘ … ဒီမှာလေ သူ … သူ အရမ်းဖျားနေလို့”

ဟိုဘက်တဲက ခရေပြုံးလေးရဲ့အဘ ဦးဖြူ။

“ခရေပြုံးပြောလို့ အဘလာကြည့်တာ၊ အေးလေ … ဒီ





ကောင်လေး မဖျားဘဲနေပါတော့မလား … တစ်နေ့ တစ်နေ့ မြို့ထဲကိုသွားသွားပြီးတော့ ရတဲ့အလုပ်တွေဝင်လုပ်လိုက်၊ သူ့အမေကိုလိုက်ရှာလိုက်နဲ့ … တကယ့်ကို စိတ်မောလူမောနဲ့ ပင်ပန်းနေရှာတဲ့ ကောင်လေး … ရော့ … ရော့ … ဒီမှာ သမီးတောင်းတဲ့ဆေး”

“ဟုတ် … ကျေးဇူးနော် … အဘ … ”

အဘပြောသွားတာကို သူလည်း ကြားမယ်ထင်ပါသည်။

“ကဲ … ရှင့်ကို အိမ်နားနီးချင်းတွေကတောင် ပြောသွားပြီ၊ ရှင် အရမ်းပင်ပန်းနေလို့ဖြစ်တာတဲ့ … ”

စောစောက အဖြစ်ကလေးကြောင့် ရင်ခုန်နေရတာလည်း ရပ်ချင်သေးပါ။ မေ သူ့ကိုကြည့်တော့ မျက်နှာလေးပူမိသလို သူ့ရှေ့မှာလည်း ထိုင်နေရတာ စိတ်ကမလုံသလို ဖြစ်လာတော့ … မျက်လွှာလေးသိမ်းကာပဲ ခေါင်းကလေးငုံ့ကာ ထိုင်နေရသည်။

“ဟုတ်တယ် မြတ်သော်မေ … အဘဖြူ ပြောသလိုပဲ၊ ငါ အရမ်းပင်ပန်းနေတာ ငါသိတယ် … ဒါပေမဲ့ … ငါဖွဲ့မလျှော့ဘူး၊ ဒီဝတ်ဝန်းကျင်ကလူတွေအားလုံးကလည်း ငါ့ဘဝကို အပေါ်ယံလေးလောက်ပဲသိကြတာ … ”

“ကျွန်မလေ … ညအိပ်ရာဝင်တိုင်းလည်း စဉ်းစားတယ်သိလား၊ ရှင့်အခက်အခဲတွေ ကူညီနိုင်အောင် ကျွန်မအိမ်ကို ကျွန်မပြန်သွားရရင် ကောင်းမလားဆိုတာ … ဒီလောက်ဆိုရင် မင်္ဂလာပွဲအစီအစဉ်ကို လုံးဝဖျက်သိမ်းပြီလို့ပဲ ကျွန်မထင်တယ် … ကျွန်မအိမ်ပြန်ရောက်သွားမှ ရှင့်ကိုလိုတာတွေ ကျွန်မ ကူညီနိုင်တော့မှာ၊ ရှင့်ကို ဒီဘဝထဲမှာ ကျွန်မ မထားရက်ပါဘူး”

“ဟွန်း … ရတယ် မြတ်သော်မေ၊ မင်္ဂလာပွဲ မဖျက်သေးဘူး



www.burmeseclassic.com

www.burmeseclassic.com



ဆိုရင်လည်း မင်းပြောတဲ့လုပ်ငန်းရှင်သူဌေးကြီး ဦးမင်းသိင်္ခကို မင်းလက်ထပ်လိုက်ပါ ... ငါ့ကိုတော့ မင်းမေ့လိုက်ပေါ့၊ ကဲ ... ဘယ်မှာလဲ ဆေး ..."

"ဟာ ... ရေနွေးမဆူသေးဘူးလေ"

"ရတယ် ... ငါ ရေနဲ့ပဲ သောက်လိုက်တော့မယ်"

ဒီလိုနဲ့ပဲ တစ်နေကုန် သူ့ကိုပြုစုလိုက်တော့ ညနေစောင်းလောက်မှာ သူ အဖျားကျသွားသည်။ မေကတော့ ခရေပြုံးလေးနဲ့ နှစ်ယောက်ပေါင်းပြီး ဆန်ပြုတ်ပူပူလေး ပြုတ်ရ၊ ကိုယ်စားဖို့ ဘဲဥလေးကြော်ရနဲ့ ဒီကြားထဲ ဟိုဖားပြုတ်ကြီးကို ကြောက်ရလို့ နောက်ဖေးမီးဖိုခန်းထဲမှာ အသည်းအသန် ကြည့်နေရတာမျိုး။

ရယ်ဖို့လည်း ကောင်းသည်။

ပျော်ဖို့လည်း ကောင်းသည်။

မေ သူ့ကို ပြုစုနေရတာလေးကိုပဲ ရင်ခုန်ခြင်းများစွာနဲ့ ကြည်နူးနေခဲ့ရပါပြီ။

ညရောက်တော့လည်း သူ့နဖူးလေးကိုစမ်း၊ သူ့ပါးကလေးကို စမ်းရနဲ့။

"ရှင့်ကို ... ရှင့်ကိုလေ ... ကျွန်မ တစ်ခုလောက်ပြောချင်လို့"

"ဟင် ... ဘာပြောမလို့လဲ"

"ရှင် ... ရှင်အခုအိပ်တဲ့ အိမ်ရှေ့ခန်း ကွပ်ပျစ်ကလေးက လေတွေဝေါဝေါတိုက်တော့ အရမ်းအေးတယ်လေ၊ အဲဒါ ... အဲဒါ ရှင် ပြန်ဖျားနေမှာစိုးလို့ ... ရှင် ... ရှင် ကျွန်မအိပ်တဲ့အခန်းထဲမှာပဲ လာအိပ်ပါလား ..."





"ဘာ ... ဘာပြောတယ်"

"ဟိုလေ ... အဲဒါ ရှင့်ကိုကျွန်မ ယုံလို့ပြောတာနော်၊ အခန်းကလေးက နှစ်ယောက်အိပ်လို့ရတဲ့အခန်းလေး ဖြစ်နေလို့ပြောတာ"

"ဒီမှာ ... လုံးဝအဓိပ္ပာယ်မရှိတာကို မင်းမပြောနဲ့ ..."

"ရှင် ..."

"ငါ့နာမည် နေနန်းတော် ..."

"ဟွန်း ..."

မေ နှုတ်ခမ်းလေးမဲ့ပြီးတော့ပဲ ပြုံးလိုက်မိသည်။

ဘာပဲပြောပြော မေ သူ့ကိုလေးစားရတာ အဲဒါတွေပါ။ နာမည်နဲ့လိုက်အောင်ကိုပဲ သူ့နှလုံးသားတွေက ခမ်းနားနေခဲ့တာ။

မနက်က ဖားကိုကြောက်ပြီး သူ့ပခုံးစွန်းနှစ်ဖက်စလုံးကို မေအားလှမ်းဖက်လိုက်ချိန်မှာ သူ့လက်တွေက တစ်ခုခုနဲ့ချည်နှောင်ထားရတဲ့အတိုင်း မေ့အပေါ်မှာ အခွင့်အရေးလည်း မယူခဲ့သလို နီးသွားရတဲ့ မျက်နှာနှစ်ခုကို ထိမသွားအောင်လည်း သူကပဲရှောင်သွားခဲ့တာလေ။

ခုလည်း ... စေတနာလေးနဲ့ မေ့အခန်းထဲမှာ လုံလုံခြုံခြုံလေး အိပ်စေချင်လို့ခေါ်တာတောင် မျက်နှာထားမာမာလေးနဲ့ ခပ်ပြတ်ပြတ်လေး ပယ်ချသွားခဲ့တာ လုံးဝအဓိပ္ပာယ်မရှိတာတွေ လာမပြောနဲ့တဲ့။

တကယ်လည်း ... အပြင်မှာပဲ သူအိပ်တော့ ညဆယ့်တစ်နာရီ

"နေနန်းတော်ရေ ... နေနန်းတော် ..."

www.burmeseclassic.com



မေ အိပ်တော့မလို့ ကြံကာရှိသေး အပြင်ဘက်က အထိတ်တလန့်ခေါ်သံ အော်သံတွေကြောင့် မေ … တံခါးလေးဖွင့်ကာ အပြင်ကိုထွက်ကြည့်လိုက်တော့ ဟိုဘက်တဲက အဘဖြူ … ။

လက်နှိပ်ဓါတ်မီးတစ်လက်နှင့် ဒီဘက်ကို အသည်းအသန်ရေးကြီးသုတ်ပြာ ပြေးလာနေတာကို တွေ့လိုက်ရသည်။

သူကလည်း နိုးနေခဲ့ပြီ။

"အဘဖြူ … ဘာ … ဘာဖြစ်လာတာလဲ"

"ဟိုမှာ … ဟိုမှာ … ရပ်ကွက်ရုံးကလူတွေနဲ့ ရဲတွေ လူပျောက်တိုင်ထားတဲ့ မြတ်သောမေကို သတင်းရလို့ဆိုပြီး တို့ကျူးကျော်တဲကိုလာရှာနေပြီ၊ အဲဒါ … အဲဒါ … ကောင်မလေးကိုခေါ်ပြီး ချောင်းဘေးအစပ်က ချုံတွေထဲကိုပြေးတော့ … ကျုပ်တာ ဝရှင်းမယ်"

"ဘုရားရေ … "

အရင်ဆုံး ရင်ထိတ်သွားတာ မြတ်သောမေပါ။

မင်္ဂလာပွဲကြီးကို ဆက်ပြီးစီစဉ်ဖို့ မေ့ကို မြေလှန်ရှာနေကြတဲ့သဘောပေါ့။ ပြန်တွေ့တာနဲ့ မေ့မိထွေး မာမီလှိုင်းမခက ဦးမင်းသိက္ခာ လက်ထဲကို နောက်တစ်ကြိမ် ထပ်အပ်ဖို့စီစဉ်ကြတော့မှာပေါ့။

သူကလည်း ဘယ်လိုလဲဆိုသည့်သဘောနှင့် မေ့ကိုဖျတ်ခနဲ လှည့်ကြည့်သည်။

"ဟင့်အင်း … ကျွန်မပြန်မလိုက်ဘူး … ကျွန်မကို ကျွန်မကို သူတို့ … သူတို့ … "

"ကဲ … လာကွာ … "





မေ့လက်ကိုဆွဲချသွားတာ တဲအနောက်ဘက်က ချုံတန်းခြင့်ကြီးတွေ ကြားထဲကို ရောက်သွားတဲ့အထိ။

မေ ရင်တွေ တဆတ်ဆတ်တုန်ပြီး မောနေသလို သူ့လက်လေးကို ဆုပ်ဖက်ကိုင်ထားတာလေးကလည်း မလွှတ်တမ်းလေးပတ်ဝန်းကျင်မှာ မှောင်ရိပ်တွေသာ ကြီးစိုးနေခဲ့ပြီး ဖြတ်လာခဲ့ရနေရာတိုင်းမှာ ချုံတွေ၊ ကိုင်းပင်တွေ၊ အရိပ်ပင်တွေကိုသာဖြတ်လာခဲ့ရတာမို့ မေ့လက်မောင်းစ အင်္ကျီလေးကပင် အနားလေးသနကာ ချုံနဲ့ငြိပြီး ပြဲထွက်သွားခဲ့ရသည်။

"ဒါ … ဒါ … ဘယ်နေရာတွေလဲ … နေနန်းတော် … "

"မမေးနဲ့ … ချောင်းစပ်ကို ရောက်နေပြီ … "

"အို … ကြည့်စမ်း … "

နောက်ဘက်ကို ပြန်လှည့်ကြည့်တော့လည်း ကျူးကျော်တဲတွေဘက်ဆီမှာ ခွေးဟောင်သံတွေ ဆူညံနေကာ လက်နှိပ်ဓါတ်မီးရောင်တွေ တဝင်းဝင်းနဲ့။ သူဆွဲခေါ်ချလာခဲ့သမျှ ပါလာခဲ့ရသည့်မြတ်သောမေရဲ့ လွင့်ဝဲနွဲ့ခါနေသည့် ဆံပင်ရှည်တွေက ရင်ညွန့်လေးမှာတစ်ချို့၊ ကျောပြင်လေးနောက်မှာတစ်ချို့၊ အလဲလဲအပြိုပြိုဖြာကျနေကာ ဒါကိုလည်း မြတ်သောမေက မရှင်းနိုင်။

နှစ်ယောက်သား တစ်ယောက်လက်ကိုတစ်ယောက်တွဲရင်း ပြေးလာကြတာက ချစ်သူနှစ်ယောက်ကို မလိုသူတွေက အတင်းခွဲခွဲနေကြလို့ အသည်းအသန် ပြေးလာခဲ့ရသလိုမျိုး။ မောရမှန်းလည်းမသိ၊ ကြောက်ရမှန်းလည်း မသိ။

ကြည့်လိုက်တော့ ရှေ့မှာ ငမိုးရိပ်ချောင်း။

"ကျွန်မ … ကျွန်မ အရမ်းကြောက်နေပြီ နေနန်းတော်ရယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကို သူတို့လက်ထဲ ရှင်ပြန်မအပ်ပါနဲ့နော်"

နှစ်ယောက်သားရောက်သွားတာက သစ်ပင်သစ်ရွက်တွေ ထူထပ်နေအောင် ပိတ်ကျနေသည့် နေရာတစ်ခုရဲ့အောက်ကို ရောက်သွားတာပါ။ ချုံကြီးက အမိုးတစ်ခုလိုဖြစ်နေပြီး အလယ်မှာ နှစ်ယောက်ထိုင်စရာနေရာလေးတစ်ခုက နှစ်ယောက်စလုံးကို စောင့်ကြိုနေခဲ့၏။

မေက သူ့လက်ကိုရော သူ့လက်မောင်းကိုပါ အတင်းဆုပ်ကိုင်ဖက်ထားတော့ သူ့ပခုံးတွေနဲ့ရော သူ့တစ်ကိုယ်လုံးနဲ့ပါ တစ်လမ်းလုံးထိလာခဲ့တာပါ။ အခုလည်း မောမောနဲ့ခြေပစ်လက်ပစ် ဝင်ထိုင်ချလိုက်တော့ မေ့တစ်ကိုယ်လုံး သူ့ရင်ခွင်ထဲ ပြိုလဲကျသွားသည်။

"အို ..."

သူပြန်ပြီးတော့ မေ့ကိုဖက်လိုက်တာ ဒါဟာ ပထမဆုံး

သူ့ရင်ခွင်ထဲမှာ မျက်နှာလေးကို မေ ငုံ့ချပစ်လိုက်တော့ မေ့ဆံပင်လေးတွေက သူ့နှုတ်ခမ်းလေးနဲ့ ထိတွေ့သွားခဲ့ပြီ။

"မေရာ ... မင်းကိုလေ ... ငါ ... ငါ ..."

မေ့ကို ပွေ့ဖက်ထားသည့် သူ့လက်တွေတုန်နေသလို သူ့စကားသံတိုးတိုးလေးက မချင့်မရဲလေးနှင့် တုန်နေသလို၊ သူ့ပါးပြင်နဲ့ရော သူ့နှုတ်ခမ်းနဲ့ရော သူ့မေးဖျားချွန်ကလေးနဲ့ပါ မေ့ဆံပင်တွေကို အထက်အောက် ပွတ်တိုက်ဆွဲချကာ တရှိုက်မက်မက်လေး နမ်းချပစ်လိုက်သလို မေ့နှုတ်ခမ်းလေးကလည်း သူလည်တိုင်အောက်က ရင်ညွန့်ဝင်းဝင်းစိုစိုလေးဆီမှာ နစ်ဝင်သွားရတာ မွှေးပေါင်းများစွာ ကုန်ဆုံးသွားခဲ့ရလေသည်လား။





မေ ဘာမှလည်း မသိချင်တော့ပါ။

ဘာမှလည်း မကြားချင်တော့ပါ။

ကြောက်စိတ်နဲ့ဖက်ထားလိုက်မိတာပဲဖြစ်ဖြစ် ချစ်စိတ်နဲ့ဖက်ထားလိုက်မိတာပဲဖြစ်ဖြစ် မေ သိုင်းဖက်ထားလိုက်မိတာ သူ့တစ်ကိုယ်လုံးကိုပဲဖြစ်သည်။ အသည်းအသန်ပြေးလာခဲ့ရ၍ မောသွားခဲ့တာရော၊ လှိုက်တုန်နေခဲ့ရသည့် မနက်ပိုင်းအချိန်က ရင်ခုန်သံတွေနှင့်ပါရောပေါင်းကာ သူ့ရင်ခွင်ထဲကနေ မေ ပြန်ရုန်းထွက်လိုက်ဖို့ မေ့သွားခဲ့တာဟာ သူ့ကို အားကိုးမြတ်နိုးသွားခဲ့တာကလွဲရင် တခြားမဖြစ်နိုင်တော့တာလည်း သေချာသွားခဲ့သည်။

နောက်ဆုံးမှာတော့ ...

မေ့မျက်နှာလေးကို သူအတင်းဆွဲမော့ကာ တရှိုက်မက်မက်လေး နမ်းပစ်လိုက်တာက မေ့ပါးပြင် ဝင်းဝင်းနှစ်နှစ်လေးနှစ်ဖက်။

ပြီးတော့ ... ပြီးတော့ ...

မေ့နှုတ်ခမ်းရွှရွှဖူးဖူးလေးတွေပေါ်ကို အနမ်းလေးတွေချွေလိုက်တာလည်း အဆုံးအစမဲ့သည့် နက်ရှိုင်းသော ကမ္ဘာသစ်လေးတစ်ခုဆီ။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၀ )

နှုတ်ခမ်းတွေ တဆတ်ဆတ်တုန်သွားအောင် ဖြစ်လာရသည့် ဒေါသတွေက တစ်ကိုယ်လုံးကို မီးလောင်တိုက်သွင်းပစ်လိုက်သလို နဖူးထိပ်အစမှ ခြေချောင်းဖျားထိပ်တွေအထိ ပူလောင်သွားတာလည်း ဒေါ်လှိုင်းမခ သိသည်။ တက်ခေါက်အံကြိတ်ရင်း ... ဒရိုင်ဘာဦးစံခေါ်လာသည့် နေရာလေးမှာ အသက်မဲ့သွားသူတစ်ယောက်လို မယုံနိုင်စရာ မြင်ကွင်းတစ်ခုကို ငေးကြည့်နေခဲ့ရတဲ့အဖြစ်က စက္ကန့်ပေါင်းများစွာ ကြာသွားခဲ့တာကိုလည်း ဒေါ်လှိုင်းမခ နားလည်သည်။

ထိုအချိန်မှာပဲ ဒေါ်လှိုင်းမခ နောက်ဆုံးသိလိုက်တာက ထန်းမိုး ထရံကာ ကျူးကျော်တဲလေးပေါ်ကို ဘက်ချသွားခဲ့တာ။ ပခုံးစွန်းလေးနှစ်ဖက်ပေါ်မှာ ဆံပင်လေးတွေ ဝဲခွေဖြာကျနေသည့် ကောင်လေးတစ်ယောက်ရဲ့ ငေးကြောင်ကြောင် မျက်ဝန်းလေးတွေကို အနီးကပ်လေး ရင်ဆိုင်ကြည့်လိုက်တာအဆုံး။

ဘာမပြော ညာမပြောနှင့် ထိုကောင်လေးရဲ့ ခပ်မာမာမျက်





နှာထားပေါ်က ပါးလေးတစ်ဖက်ကို ခပ်ကြမ်းကြမ်းလွှဲရိုက်ချပစ်လိုက်တဲ့အထိ လှုပ်ရှားမှုတွေ မြန်ဆန်သွားခဲ့တာကိုပဲ နောက်ဆုံးသိလိုက်သည်။

“မတန်တာကို မှန်းတဲ့ကောင် ... ”

“ဖြန်း ... ”

“ဟာ ... အန်တီလှိုင်းမခ ... ”

မေ တားဖို့လက်ရွယ်လိုက်ပေမယ့် နောက်ကျသွားသည်။ ရိုက်ချလိုက်သည့်အချိန်နှင့် လူ လည်ထွက်သွားတော့ သူ့ကိုထိန်းတိုင်လိုက်ရင်း နှစ်ယောက်ကြားထဲ မေ ထိတ်ထိတ်ပျာပျာ ဝင်ရပ်သည်။

“သူ ... သူ သနားပါတယ် အန်တီလှိုင်းမခရယ် ... သူ့ကို မရိုက်ပါနဲ့ ... ”

မေက အန်တီလှိုင်းမခရဲ့လက်တွေကို ဆွဲထားသည်။ သူ့ကိုလည်း ဘာဖြစ်သွားသလဲဆိုသည့် စိုးရိမ်သော မျက်ဝန်းကလေးများဖြင့် ငိုမဲ့မဲ့လေး မေလှည့်ကြည့်မိသည်။ သူကတော့ နာကျင်ရိပ်ဝေသော ခပ်မာမာမျက်ဝန်းကလေးများနှင့် တစ်ချက်လေးစိုက်ကြည့်လိုက်ပြီးတော့မှ အားလုံးရဲ့ ဆန့်ကျင်ဘက်နေရာတစ်ခုဆီကိုပဲ သူ့အကြည့်လေးတွေကို လွှဲပစ်သည်။

“ညည်း ... ဖယ်စမ်း မြတ်သောမေ၊ ငါသတင်းတွေ အကုန်စုံစမ်းပြီးတော့မှ ဒီနေရာကို ငါလိုက်လာတာ၊ မီးရထားသံလမ်းကြီးပေါ်ကနေ ညည်းကို မြူဆွယ်ဖျားယောင်းပြီးတော့ ဒီကောင်ခေါ်သွားတာ ... ဒီကောင်ဟာ လမ်းပေါ်မှာပေပေတေတေ လျှောက်သွားပြီးတော့ တစ်ကိုယ်တော်မိုက်နေတဲ့ လူမိုက်လေး”



www.burmeseclassic.com

www.burmeseclassic.com



“ဟာ ... မဟုတ်ဘူးနော် အန်တီလှိုင်းမခ ...”

ဖြူဆုတ်ဆုတ် မျက်ဝန်းလေးတွေနှင့် အန်တီလှိုင်းမခကို ကြည့်ရင်း မေ ခေါင်းကလေးခါငြင်းသည်။ သူ့ရဲ့ဂုဏ်သိက္ခာနဲ့မာနလေးထိခိုက်သွားတာကိုတော့ မေ လက်မခံနိုင်ပါ။ တကယ်တော့ သူခပ်မာမာ အော်ငေါက်မောင်းထုတ်နေတဲ့ကြားက သူ့နောက်ကို မေ အတင်းလိုက်လာခဲ့တာ။ ဒါကိုလည်း အားလုံးရှေ့မှာ မေအမှန်အတိုင်း ဝန်ခံရဲသည်။

“အို ... ဘာလို့မဟုတ်ရမှာလဲ၊ ဦးစံက တစ်မြို့လုံးနေရာအနှံ့ကို လျှောက်သွားနေတဲ့ဒရိုင်ဘာ၊ လူဆိုးလည်းသိတယ်၊ လူကောင်းလည်းသိတယ်၊ ပုဇွန်တောင်ဘူတာနားမှာ ကျင်လည်ကျက်စားနေတဲ့ ခါးပိုက်နှိုက်တွေကိုမေးတော့မှ ဆံပင်ရှည်ရှည်နဲ့ ဒီကောင်လေးက သတို့သမီးဝတ်စုံဂါဝန်အရှည်ကြီးနဲ့ ညည်းကို နှင်းဆီကုန်းဘူတာဘက်ကိုခေါ်သွားတယ်ဆိုတာ သတင်းအစရခဲ့တာ၊ ခုတော့ ကြည့်ပါဦး ... ထင်ထားတဲ့အတိုင်း ဆံပင်ရှည်စုတ်ဖွားလေးနဲ့ မိုက်တိမိုက်ကန်းရုပ်ကလေး ...”

“ဟုတ်တယ်မေ မမလှိုက်ဖြာတို့အားလုံး မေပျောက်သွားလို့ စိတ်ပူပြီး နေ့တိုင်းလိုက်ရှာနေကြတာ ... လာနော် မေ ... မမလှိုက်ဖြာတို့နဲ့ မေ ပြန်လိုက်ခဲ့ ...”

မမနွေးလှိုက်ဖြာက လက်တလုံးကြိုး မရမ်းရင့်ရောင်လေးကို ကိုယ်ကြပ်ဘောင်းဘီရှည် အပြာနုရောင်လေးနဲ့ တွဲဝတ်ထားတာ တဲပေါ်ထိ တက်မလာဘဲ မြေပြင်ကနေ လှမ်းခေါ်နေသည်။

“ဟင့်အင်း မမ ... သူက မေ့ကို ဒုက္ခမရောက်အောင် ကူညီခဲ့တာ၊ သူ့ကျေးဇူးတွေ မေ့မှာအများကြီးရှိတယ်၊ သူ့ကို ဒီမှာတစ်





ယောက်တည်းထားခဲ့ဖို့ဆိုတာ လုံးဝ မဖြစ်နိုင်ဘူး ...”

“ဘာ ... ဘာပြောတယ်ကွဲ့ ... မြတ်သောမေ ...”

မေ ပြောလိုက်တဲ့ စကားတွေကို ဒေါ်လှိုင်းမခ မယုံနိုင်။

“အဟင်း ... မေပြောလိုက်တာ ရှင်းရှင်းလေးပါ အန်တီ၊ ဒီထက် ထပ်ပြီးတော့ရှင်းအောင်ပြောရမယ်ဆိုရင် သူနဲ့မေ ချစ်သူဘဝကို ရောက်နေခဲ့ပါပြီ ... အဲဒါကြောင့်မို့ ... သူ့ကို ဒီနေရာလေးမှာ မထားခဲ့ချင်တာပါ ...”

“ဘုရားရေ ... ညည်းနဲ့ဒီကောင်လေးက ချစ်သူတွေတောင်ဖြစ်နေပြီ ဟုတ်လား ... ဘုရား ... ဘုရား၊ ညည်း ... ညည်း မဟုတ်တာတွေတော့ မပြောနဲ့နော် ... ငါ လက်မခံဘူး၊ ငါတို့မှာ မပြတ်သေးတဲ့ကိစ္စတွေရှိတယ်၊ မပြီးဆုံးသေးတဲ့အကြောင်းတရားတွေ ရှိတယ်၊ ညည်း ... ငါတို့နဲ့ အခုပြန်လိုက်ရမယ်၊ ဒီကောင်လေးကို ထားခဲ့ ...”

“ဟာ ... အန်တီနော် ... မေ မလိုက်ဘူးနော် ...”

“ဟေ့ ... ဘာလုပ်နေတာလဲ၊ မေ့ကို ကားရပ်ထားတဲ့နေရာရောက်အောင် ဆွဲခေါ်ကြစမ်း ...”

“ဟင်”

နောက်မှာ ထပ်ရောက်လာကြတာ ရဲတွေနှင့်ရပ်ကွက်လူကြီးတွေ။

မေ မျက်နှာပျက်ကာ နောက်ကိုလှည့်ကြည့်တော့ သူက နှုတ်ခမ်းမဲ့မဲ့လေးနဲ့ ဘယ်သူ့ကိုမှ ဂရုမစိုက်တဲ့ မျက်နှာထားမျိုးနဲ့ လက်ကလေးပိုက်ရပ်ကာ အားလုံးကို လှမ်းကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့မှ ... နှုတ်ခမ်းလေးမဲ့ကာ သူလှမ်းပြောလိုက်တ
က ...

"ဟွန်း ... အန်တီရာ၊ သူက အန်တီတို့ခေါ်တဲ့နောက်
ပြန်မလိုက်ချင်တာမှန်ပေမယ့် ... ဒီလိုအကြမ်းဖက်ပုံစံမျိုးနဲ့ အတ
ဆွဲခေါ်ရတယ်ဆိုတာ ... အန်တီတို့လည်း သိက္ခာကျပါတယ်၊ အန်
ပြောသလိုပဲ ဟုတ်တယ် ... ကျွန်တော်က လမ်းပေါ်မှာ ပေပေ
တေ သွားလာနေပြီး တစ်ကိုယ်တော်မိုက်နေတဲ့ လူမိုက်လေး၊ ဒီ
ယောက် မမျှော်လင့်ဘဲ မီးရထားသံလမ်းပေါ်မှာတွေ့ခဲ့ကြတ
အန်တီ့သမီး မြတ်သောမေက သူမချစ်တဲ့လူနဲ့ အတင်းပေးစားလို
ပြီး ကိုယ့်ကိုယ်ကိုယ် သတ်သေမယ်လုပ်နေလို့ ... ဒီကျူးကျော်
လေးကို ကျွန်တော် ခေါ်လာခဲ့ရတာပါ ..."

"သြော် ... ဟော် ... ဟော် ... ဒါဆိုရင် မင်းက သဘော
ကောင်း မနှောကောင်း သူတော်ကောင်းလေးပေါ့ ... ဟုတ်လား
မင်းပြောချင်တာ ဒီလိုလား ..."

"မရိုပါနဲ့ အန်တီ ... ကျွန်တော် အန်တီကိုပြောပြနေတာ
လူသားဆန်တဲ့ နှလုံးသားနဲ့ပြောပြနေတာ၊ အန်တီ့ကိုလည်း လူ
လူကောင်းတစ်ယောက်လို ကျွန်တော်ဆက်ဆံနေတာ၊ ကျွန်တေ
သူတော်ကောင်းဆိုတဲ့ ဆိုင်းဘုတ်ကြီးကို ကျွန်တော့်ရင်ဘတ်
ကပ်နိုင်ဖို့အတွက် မြတ်သောမေကို ကူညီခဲ့တာမဟုတ်ဘူး၊ အပြ
တဲ့ မိန်းကလေးတစ်ယောက်ကို ဒုက္ခမရောက်စေချင်တဲ့ဆန္ဒ
နဲ့ ဒီနေရာကို ကျွန်တော် ခေါ်လာခဲ့တာ ..."

"ဟုတ်ပါပြီ ... ဟုတ်ပါပြီ ... မင်းက ဒီလိုရှင်းပြတော့လည်





တို့က မင်းကိုကျေးဇူးတင်ရတော့မှာပေါ့လေ၊ မဟုတ်ဘူးလား ...
ဟင်းဟင်း ... ကျေးဇူးပါ ... ကျေးဇူးပါ ... အရိုက်တော ဂိုဆိုင်းမတ်
ပါ"

သူ မခံချင်ပေမယ့် ဘာတတ်နိုင်တော့မှာလဲ။

မြတ်သောမေကို စိတ်မထိန်းနိုင်တော့လို့ သူဘယ်လိုပဲ ချစ်
သွားခဲ့ ချစ်သွားခဲ့ မတူညီတဲ့ဘဝနှစ်ခုက ဘယ်တော့မှ တစ်ထပ်
တည်းမကျနိုင်တာကို သူက သိနားလည်ထားခဲ့ပြီးသားပါ။

ဒါကြောင့်မို့လည်း ...

မြတ်သောမေကို သူအတန်တန် သတိပေးခဲ့သည်။

မဖြစ်နိုင်ဘူးဆိုတာလည်း အကြိမ်ကြိမ်အခါခါ ငြင်းဆန်ခဲ့
သည်။

ခုတော့ ... မြတ်သောမေကို သူတို့လာပြန်ခေါ်ခဲ့ကြပြီ။ သူ
ကြေကွဲစွာနဲ့ပဲ ပြန်ထည့်လိုက်ရတော့မှာပေါ့။ ဒါဟာ ... ဖြူစင်သော
စိတ်စေတနာတွေနဲ့ အကောင်းဆုံး ဆုံးဖြတ်လိုက်ရတဲ့ သူ့ရဲ့နောက်
ဆုံး ဆုံးဖြတ်ချက်ပါပဲ။

နေနန်းတော် ... လက်ပိုက်ထားတာကို ဖြုတ်ချပြီး မြတ်
သောမေဘက်ကို လှည့်သည်။ ပြီးတော့ ... တစ်ခွန်းပဲ ပြောလိုက်
၏။

"မင်း ပြန်လိုက်သွားတော့ မြတ်သောမေ ... နေနန်းတော်
ဆိုတဲ့ ငါ့ကိုတော့ ... မင်းဘဝထဲကနေ ဆွဲထုတ်ပြီးတော့ မေ့ပစ်
လိုက်ပါ ..."

"ဟင် ... ရှင် ... ရှင် ... ဘယ်လိုပြောလိုက်တယ်"

မေ့ မျက်ဝန်းလေးတွေ အထိတ်တလန့်လေးနဲ့ ပြူးကျယ်



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းစက်လို့သွားခဲ့ပြီ။ မေ့ကို ပြန်လိုက်သွားတော့တဲ့။ မျက်နှာထား မာမာလေးနဲ့ သူ မေ့ကို လှမ်းပြောလိုက်တာလေ။ ရှင် ... ရှင် တကယ်အသည်းမာတဲ့သူပဲသိလား နေနန်းတော်။

"ငါ ... ငါ ပြောတာ ရှင်းရှင်းလေး ပြောလိုက်တာလေ၊ မြတ်သောမေ ... ငါက ငါ့မာနကို ထိပါးလာရင် လုံးဝခံချင်တာ မဟုတ်ဘူး ... ဒါကြောင့်မို့ ... အစကတည်းက မင်းကို အပြတ်သား ဆုံးငါပြောခဲ့တာ ... ငါတို့နှစ်ယောက်ရဲ့ဘဝက ပေါင်းစပ်လို့မရနိုင် တဲ့ဘဝမျိုးဆိုတာသိလို့ မင်းကို ငါပြန်နိုင်းလိုက်တာ ... "

"ရှင် ... ရှင်တော်တော်ရက်စက်တယ်၊ ကျွန်မ ပြန်သွားတာ နဲ့ ကျွန်မကို ဦးမင်းသိင်္ခနဲ့ သူတို့က လက်ထပ်ပေးစားဖို့ စီစဉ်ကြဦး မှာလေ ... နေနန်းတော်ရဲ့ ... "

"အဲဒါ ... ငါစိတ်မဝင်စားဘူး မြတ်သောမေ၊ ခုလောလော ဆယ်မှာ ငါ့အတွက်အရေးကြီးနေတာ ငါ့အသည်းနှလုံးတွေ မာနေမှ ဖြစ်မယ်၊ ခပ်ညံ့ညံ့ယောကျ်ားတစ်ယောက်အဖြစ်နဲ့ လောကကြီးကို ဒူးထောက်လိုက်ရမှာ ငါအကြောက်ဆုံးပဲ ... ပြောရရင် ငါဘယ်သူ့ ကိုမှ အရှုံးမပေးနိုင်သေးဘူး၊ ငါ့မှာလုပ်စရာတွေရှိသေးတယ် ... ပျောက်ဆုံးနေတဲ့ ငါ့အသည်းနှလုံးတွေကို လမ်းပေါ်မှာ ငါဆက်ပြီး တော့ လိုက်ရှာရဦးမယ် ... "

"ဘာပြောတယ် ... ပျောက်ဆုံးနေတဲ့ ရှင့်ရဲ့အသည်းနှလုံး တွေ ... ဟုတ်လား ... "

သူ ဘာကိုရည်ရွယ်ပြီးပြောလိုက်တယ်ဆိုတာ သိတော့ လည်း မေ့နှုတ်ခမ်းလေးက မဲ့သွားသည်။ ရင်ထဲမှာလည်း တဆစ် ဆစ်လေးနဲ့ နာကျင်သွားရ၏။ ဒါဟာ ... ပျောက်ဆုံးနေတဲ့ သူ့အမေ





ရယ်၊ ဆံရစ်ဝိုင်းကလေးနဲ့ ကောင်မလေးတစ်ယောက်ရယ်ကို သူ ရည်ရွယ်ပြီး ပြောလိုက်တာလေ ... "

မေ မခံစားရဘဲ နေပါတော့မလား။

"ဟွန်း ... ရှင် ဒီလောက်ပြောရင် ကျွန်မ သိပါပြီ နေနန်း တော် ... ရှင့်ဆန္ဒအတိုင်း ကျွန်မ ရှင့်ကိုမေ့လိုက်ပါ့မယ် ... ရှင်နဲ့ ကျွန်မနဲ့ ဆုံခဲ့ကြတာတွေကိုလည်း အိပ်မက်လို့ပဲသဘောထားလိုက် ပါတော့မယ် ... ကဲ ... အန်တီလှိုင်းမခ မေတို့ပြန်မယ် ... "

"ဟင် ... "

မေ လှည့်ထွက်လာခဲ့တာ နာကျင်စွာနဲ့ပါ။

ခရေပွင့်လေးကတော့ မေ့ကို မျက်တောင်လေး ကော့ကြည့် လျှက်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၁ )

"အဟင့် ... သူ့ တကယ်အသည်းမာတယ်သိလား အိုးလေး ရယ် ... မမမေကိုလည်း သူအရမ်းရက်စက်တယ်၊ အဟင့် ... ဟ ဟင့် ... အဲဒါနဲ့လေ ... အဲဒါနဲ့၊ ရှင်နဲ့ကျွန်မ တွေ့ခဲ့ကြတာတွေ လည်း အိပ်မက်လို့ပဲသဘောထားလိုက်ပါဆိုပြီး မမမေ ပြန်လာ တာ"

"ဟာ ... ဒါဆိုရင် မမမေပြောတဲ့ ဆံပင်ခွေခွေလေးတွေ နေနန်းတော်ဆိုတဲ့အစ်ကိုကြီးက အဲဒီတဲလေးထဲမှာ တစ်ယော တည်းကျန်ခဲ့တာပေ့ါ ... သနားပါတယ် မမမေရယ် ... အိုးလေး တော့ အဲဒီအစ်ကိုကြီးကိုသနားတယ် ... "

"ဟင် ... အိုးလေးက သူ့ကိုသနားတယ် ဟုတ်လား ..."

"အို ... သနားတာပေ့ါ မမမေရဲ့၊ ဆံရစ်ဝိုင်းလေး ကောင်မလေးနဲ့တုန်းကလည်း ပန်းချီပုံလေးတွေဆွဲဆွဲပြီးတော့ အ အစ်ကိုကြီး တစ်ယောက်တည်း မျက်ရည်လေးတွေလည်း ဝဲရ ယော





မေကို ချစ်သွားပြန်တော့လည်း လမ်းပေါ်က ပေပေတေတေ ရိုက်လေးဆိုပြီး အပြောခံရနဲ့၊ ဒီအစ်ကိုကြီးဘယ် ာက်သနားဖို့ကောင်းတယ်ဆိုတာ မမမေပဲ စဉ်းစားကြည့်စမ်း၊ တော့လည်း ... မမမေ အနားကိုတောင် သူက မလာဘဲ အိမ်ရှေ့ း လေတိုက်ကြီးထဲမှာ ခြင်ထောင်လေးတောင် မပါဘဲ တစ် ာက်တည်း ကွေးကွေးလေး အိပ်နေတယ်ဆိုတာ ... သူ့စိတ် ဘောထားလေးက မမမေအပေါ်မှာ အရမ်းဖြူစင်လို့ အိပ်နေတာ

"ဟုတ် ... ဟုတ်တယ်နော် ... အိုးလေး ... အဟင့် ဟင့်"

မေ အိုးလေးပြောတော့လည်း ခေါင်းလေး တဆတ်ဆတ် တ်ရင်း ထောက်ခံမိသည်။

ပြီးတော့လည်း ... တဟင့်ဟင့်လေးနဲ့ရှိုက်ကာ မျက်ရည် ကို သုတ်ရ၏။ အိုးလေးကတော့ ကလေးလည်းမက၊ လူကြီး ည်းမကျသေးတဲ့ ဆယ့်ငါးနှစ်အရွယ် ကောင်မလေးမို့ မေပြော လည်း နားလည်နေသလို နေနန်းတော်ကိုပဲ အိုးလေး သနားနေ တာ အသိသာကြီး။

"ခုမှတော့ ငိုမနေပါနဲ့ မမမေရယ် ... မမမေငိုရင် အိုးလေး ည်း ငိုချင်တယ်သိလား၊ မငိုနဲ့နော် မမမေ ... ကိုကြီးနေနန်းတော် ခမ္ဘော်လင့်ဘဲတွေ့ပြီး မမမေ ချစ်လာတာ သူ့ပုံစံလေးနဲ့သူ့စိတ် တ်မာကြောကြောလေးကို သဘောကျပြီး ချစ်လာတာမို့လား၊ ... အိုးလေး သိတယ်နော် ... မမမေ အိုးလေးမကို မလိမ်နဲ့"

"အဟင့် ... သူ့ကိုအရမ်းချစ်ခဲ့ပါတယ်လို့ စောစောတုန်းကပဲ မေ ပြောခဲ့ပြီးပြီလေ အိုးလေးရဲ့ ... အခုလည်း ညကတည်းက



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုသတိရပြီး မမမေငိုနေတာ အခုလောက်ဆိုရင်တောင် သူမမမေကို လိုက်ရှာနေပြီဆိုတာ မမမေ သိတယ် ...”

“ဟင် ... ကိုကြီးနေနန်းတော်က ဒီလောက်မာနကြီးတဲ့ ကိုကြီးဥစ္စာကို၊ သူလိုက်ရှာတယ်ဆိုတာ ဖြစ်နိုင်ပါ့မလား”

“ဟွန်း ... သူအမြဲလိုက်ရှာနေအောင် သူအမြတ်တနိုးလေးနဲ့ တန်ဖိုးထားပြီး ချိတ်ထားတဲ့ သူ့အမေ ငယ်ငယ်တုန်းက ပုံတူပန်းချီကား စာရွက်လေး မမမေ သူမသိအောင် ယူလာခဲ့တယ်လေ ... ဒီပုံလေးကိုယူပြီး မမမေ ဖွက်လိုက်တော့ ခရေပွိုးလေးက မမမေကို ငေးကြည့်နေတာ ...”

“ဟယ် ... ဒါဆို မမမေ အရမ်းလည်တာပေါ့၊ ဟား ... ဟား ... ဒါဆို ကိုကြီးနေနန်းတော် မမမေကို တကယ်လိုက်ရှာနေတော့မှာပေါ့ ...”

“အိုးလေးရယ် ... ပြောရရင်၊ သူ့လိုပဲ မာနလေးနဲ့ မမမေ ပြန်လာခဲ့ရပေမယ့် သူ့ကိုလည်း အရမ်းချစ်တယ်၊ သူ့ကိုလည်း အရမ်းသတိရတယ်၊ အဟင့် ... ဟင့် ... ဟင့် ... သူကလေ မမမေကို ပြောတယ်သိလား ... မင်း တစ်နေ့ကျလို့ ပြန်သွားတဲ့အခါကျရင်တဲ့ မင်းအရိပ်ကလေးတွေ၊ မင်းအသံလေးတွေ၊ မင်းရဲ့ကိုယ်သင်းနံ့မွှေးမွှေးလေးတွေ စွဲကျန်ခဲ့မယ့် ဒီအခန်းလေးထဲမှာ ငါတစ်ယောက်တည်း ကျန်နေခဲ့ရတော့မှာတဲ့ အိုးလေးရယ် ... ဒါကြောင့်မို့ သူပြောခဲ့တာလေးကို သတိရပြီး ညက မမမေ ငိုနေခဲ့တာ ... အဲဒါ သူ့ကိုသိပ်ချစ်လို့ပေါ့နော် အိုးလေး ... ဟင့် ဟင့် ...”

“ဒါပေါ့ မမမေရဲ့ ... မမမေ ကိုကြီးနေနန်းတော်ကို တကယ်ချစ်တာဆိုရင် နတ်တွေ သိကြားတွေက မမမေတို့နှစ်ယောက်ကို





ပြန်ဆုံဆည်းအောင် လုပ်ပေးကြမှာပေါ့ ... အိုးလေးကလည်း ပြန်ဆုံပါစေလို့ ဆုတောင်းပေးမယ်နော် ...”

အိုးလေးက လက်အုပ်လေးချီရင်း ဆုတောင်းပေးဟန်လေး လုပ်ပြသည်။

“ဟဲ့ ... အခန်းထဲမှာ ငိုသံကြားတယ်နော်၊ ဘယ်သူငိုနေတာလဲ ...”

တခြားသူတော့မဟုတ်။ ဒီခြံကြီးရဲ့ စားဖိုဆောင် တာဝန်ခံ ကြီးကြီးမိုး။ သူက သုံးရက်တစ်ခါ ဘုရားပန်းလဲတဲ့ တာဝန်ကိုပါ ယူထားတာလေ။

“ဟာ ... မေပါ ကြီးကြီးမိုးရဲ့၊ ဒီမှာ မေ့ ခံစားချက်တွေ အိုးလေး သိအောင် ပြောပြနေတာ”

“ဟာ ... အတော်ပဲမေရေ ... ကြီးကြီးမိုးလည်း မေ့ကိုတွေ့ချင်နေတာနဲ့ ...”

ဘုရားပန်းတွေက စိတ်တိုင်းကြလဲပြီးပြီမို့ မေ့အခန်းထဲကိုပဲ ကြီးကြီးမိုး ဟိုကြည့်ဒီကြည့်လေးနဲ့ ဝင်လာခဲ့သည်။

မေနဲ့အိုးလေးက ခုတင်ဘေးက ကြမ်းပြင်ပေါ်မှာ ဒီအတိုင်း ထိုင်နေတာမို့ ကြီးကြီးမိုးကပါ ခြေပစ်လက်ပစ် ဝင်ထိုင်ချလိုက်၏။

“ဟင် ... ကြီးကြီးမိုး ပြောလေ ... မေ့ကို ဘာပြောချင်လို့လဲ”

“မေ ... မေနဲ့လက်ထပ်ပေးစားမယ့် ဦးမင်းသိက္ခာလေ”

“ဟင် ... အဲဒီလူကြီး ဘာဖြစ်လို့လဲ ...”

“အတိတ်မေ့နေတဲ့ စံမြန်းရိပ်ဆိုတဲ့ကောင်မလေးနဲ့ အကြီး



www.burmeseclassic.com

www.burmeseclassic.com



အကျယ် လက်ထပ်ဖို့ စီစဉ်နေပြီတဲ့ မေ ...”

“အို ... စံမြန်းရိပ်လေးကို အဲဒီလူကြီးက လက်ထပ်မယ် ဟုတ်လား ... ဒါ ... ဒါဆို မေက ဝင့်ကျုတ်သွားပြီပေါ့၊ ဟား ... ဟား ... ကြီးကြီးမိုး တကယ်ပြောတာနော်၊ မေ ဝမ်းသာလိုက်တော့မယ်နော် ကြီးကြီးမိုး ...”

မေ မျက်ရည်တွေကို ကပျာကယာသုတ်ရင်း မျက်နှာလေး ကပါ ဝင်းလက်လာ၏။

“ကြီးကြီးမိုး ကြားကာစက ယုံတောင်မယုံဘူးလေ မေရဲ့၊ နွေးလှိုက်ဖြာနဲ့ မမလှိုင်းမခ အချီအချပြောနေတာကြားလို့ ကြီးကြီး မိုး ယုံလိုက်ရတာ ... သူတို့နှစ်ယောက်လည်း အခုမှ ခေါင်းချင်းဆိုင် ပြီး အကြွပ်ရိုက်ကုန်ကြပြီ၊ စံမြန်းရိပ်ဆိုတဲ့ ကောင်မလေးကိုလည်း အိမ်ကနေ မောင်းထုတ်ကြမလို့တဲ့ ...”

“ဟာ ... ဒါဆို သူတို့ တော်တော်မတရားလုပ်ကြတာပဲပေါ့ နော် ကြီးကြီးမိုး ... မမနွေးလှိုက်ဖြာက ရုပ်ကလေးချောသ လောက် တော်တော်ရက်စက်တယ် ...”

“စံမြန်းရိပ်လေးကတော့ အရမ်းသနားဖို့ကောင်းတယ်၊ သူက အတိတ်မေ့နေတော့ အားလုံးကိုကြောက်ပြီး သူတို့ပြုသမျှ နရတာလေ ... ဒီကြားထဲ မမလှိုင်းမခက မြှောက်ပင့်သွေးထိုးပေး နေတော့ သူတို့အိမ်တွင်းရေး အခြေအနေက ပိုဆိုးနေရတာ”

မေကတော့ ဒီသတင်းကို ကြားလိုက်ရလို့ ဝမ်းသာသွားတာ ပြောမပြတတ်အောင်ပင်။ အရေးကြီးတာ မေနဲ့ဦးမင်းသိင်္ဃာတို့ရဲ့ မင်္ဂလာပွဲကြီး ပြန်ဆက်လို့မရအောင် အလုံးစုံ ပျက်သုန်းသွားဖို့ပဲ





ရေးကြီးတာပါ။

“ဘာပဲပြောပြော ကြီးကြီးမိုးကတော့ မေပြန်ရောက်လာလို့ မ်းဝမ်းသာတယ်၊ ဒီခြံကြီးထဲမှာ တကယ်အရှင်သခင်မဖြစ်သင့် တာ မေက ဖြစ်သင့်တာ၊ မမလှိုင်းမခက စီးပွားရေးလုပ်ငန်းတွေ ဘယ်လိုပဲ သူ့ဩဇာအာဏာနဲ့ ချုပ်ကိုင်ထားထား၊ အချိန်တန် နဲ့ ဒီအမွေဝေစုအားလုံးနီးပါးက မေ့လက်ထဲကိုပဲ ရောက်လာ ”

“ဟာ ... ကြီးကြီးမိုးရယ် ... ဒီအမွေတွေကိုလည်း မေက ယ်ပါဘူး ...”

မေ ခေါင်းကလေးခါငြင်းနေတာမြင်တော့ ကြီးကြီးမိုး ပြုံး ည်။

“သိတယ်လေ မေ ... မေ့ကို ငယ်ငယ်လေးကတည်းက ကြီးမိုး ထိန်းခဲ့တာပဲကွယ်၊ မေက ပျော်ပျော်ရွှင်ရွှင် အေးအေး ချမ်းကလေးနဲ့ လွတ်လွတ်လပ်လပ်ကလေး နေချင်တာ၊ ကြီး မိုး မသိဘဲ နေပါ့မလား၊ ကဲ ... ကြီးကြီးမိုးကို ပြောပါဦး၊ မေ့ကို ရောက်အောင် ကူညီသွားတဲ့နေနန်းတော်ဆိုတဲ့ကောင်လေး ချောတယ်ဆို ...”

“ဟာ ... အဲဒါ ကြီးကြီးမိုးကို ဘယ်သူပြောတာလဲ”

“ဒရိုင်ဘာ ဦးစံပြောတာလေ ...”

“အဲဒီဦးစံ သူလုပ်လို့ မေ့ကို အန်တီလှိုင်းမခ ရှာတွေ့သွား နို့မို့ဆို တွေ့ပါလိမ့်မယ် ... အားကြီးကြီး ...”

မေ ရှက်ပြီးတော့ ခေါင်းကလေးငုံ့ချထားလိုက်တာကိုလည်း ကြီးမိုးက နားလည်ပါသည်။ ကြီးကြီးမိုးလည်း ငယ်ရာက ကြီး



www.burmeseclassic.com

www.burmeseclassic.com



လာတာပဲ။ လူငယ်တွေရဲ့အထာကို ဒီလောက်တော့လည်း ကြီး ကြီးမိုး သိတာပေါ့။

"ဟား ဟား ... မမမေက ခုပဲ အိုးလေးကို အဲဒီကိုကြီး အကြောင်းတွေ ပြောနေတာ ... အဲဒီကိုကြီးဘဝက အရမ်းသနား ကောင်းဟယ်တဲ့၊ နေတော့လည်း ကျူးကျော်တဲကလေးမှာ နေ တာတဲ့ ... "

အိုးလေးက ဆံပင်တိုလေးတွေ တယမ်းယမ်းနဲ့ ပြောနေ တာလေ။

"သိတယ် ... သိတယ် ... ဦးစံပြောလို့ ကြီးကြီးမိုး အကုန် သိတယ်၊ ဘာလဲဟင် ... ဦးစံပြောတော့ အဲဒီကောင်လေးက လမ်း ပေါ်မှာ ပေပေတေတေလေးနဲ့ တစ်ယောက်တည်း လျှောက်သွား နေတာဆို ... မဟုတ်မခံ ဇာတ်ဇာတ်ကြီလေးဆို ... "

ကြီးကြီးမိုးက မေးလေ ... မေက သူ့ကို ပိုပြီးတော့ သင် ရလေပါ။

ထိုအချိန်မှာ ... နေနန်းတော်ကတော့ ...

"ဟား ... ဟင်း ဟင်း ... ဦးနေ ... ဦးနေ ... ပြန်ဖျားနေ ပြန်ပြီ ... ခရေပြုံးလေးရာ ဦးနေကို ဆေး ... ဆေးလေးသွားဝယ်ပေး ပါနော် ... ခရေပြုံးရေလး ... ဟင်း ဟင်း ... "

"ဦးနေရယ် ... ဦးနေ အသားတွေ ခြစ်ခြစ်တောက်အောင် ပူနေတာပဲ၊ ဒုက္ခပါပဲ ... အရေးထဲကျမှ ဟိုမမကလည်း ပြန်သွား တယ်လို့နော်"

ခရေပြုံးလေးက ခေါင်းလေးကုတ်ရင်း ညည်းသည်။

ပြီးတော့ ... နေနန်းတော် ထုတ်ပေးသည့် ငါးရာတန်လေး





ကိုယူကာ တဲလေးပေါ်ကနေ ခပ်သွက်သွက်လေး ပြန်ပြေးဆင်း သွား၏။

ခဏနေတော့ ... ဆေးနှင့်ကော်ဖီမစ်ထုတ်ကလေး ဝယ် ကာ ပြန်ရောက်လာ၏။

"ဆေးရပြီ ဦးနေ ... ခရေပြုံး ကော်ဖီမစ်ထုတ်လေး ဖျော် ပေးမယ်နော် ... "

အစအဆုံး ခရေပြုံးလေးကပဲ လုပ်ပေးရသည်။

သူကတော့ ... အိပ်ရာထဲမှာပဲ ခွေလျက်။

"သောက် ... ဦးနေ ... ဒီကော်ဖီပူပူလေးနဲ့ ဆေးလေးကို တစ်ခါတည်းသောက်လိုက်၊ ပြီးတော့မှ ... ဒီပေါင်မုန့်လေးကိုစား"

သူ အိပ်ရာမှ ထ,ထိုင်ကာ ခရေပြုံးလေးတိုက်သည့် ဆေးနှင့် ကော်ဖီကို သောက်ရသည်။

"အဲဒါ ... ညတုန်းက ချောင်းကမ်းဘေးမှာ ဦးနေတစ် ယောက်တည်း အကြာကြီးသွားထိုင်နေလို့ ပြန်ဖျားသွားတာ ... အဲဒါ ... ဦးနေသောက်ဖို့ ဟိုနေ့တုန်းကလိုပဲ ဆန်ပြုတ်လေး ပြုတ် ထားပေးမယ်နော် ... "

"ရပါတယ် ခရေပြုံးလေးရာ ... ဆန်ပြုတ်လည်း ဦးနေ သောက်ချင်တော့ပါဘူး ... "

"ဟင် ... ဘာလဲ ဦးနေ ... ဟိုနေ့တုန်းကတော့ မမနဲ့ခရေ ပြုတ်ပေးတဲ့ ဆန်ပြုတ်လေးကျတော့ ဦးနေ သောက်ပြီးတော့ ဒီနေ့ကျမှ ဘာလို့မသောက်ချင်ရတာလဲ ... မမကိုလက်ဆွဲပြီး သွား ခေါ်လာမှ ဒီဆန်ပြုတ်ကို ဦးနေ သောက်မှာလား ... "



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း ... "

သူ ကော်ဖီလေးကိုသောက်ရင်း နှုတ်ခမ်းလေးမဲ့မိသည်။

မမဆိုတဲ့ နာမည်လေးပါလာလို့ နှုတ်ခမ်းလေးမဲ့သွားရတာပါ။

"ဟွန်း ... ဦးနေနော် ... မမအကြောင်းလေးပြောလိုက်လို့ ဦးနေ နှုတ်ခမ်းလေးမဲ့သွားတာ ခရေပွိုးသိတယ် ... မမပြန်သွားတာ ဦးနေကို စိတ်ကောက်သွားလို့ မမပြန်သွားတာ ... "

"ဟင် ... ဘယ်တုန်းက သူစိတ်ကောက်သွားတာလဲ"

"လူကြီးတွေ ပြန်လာခေါ်တဲ့နေ့က စိတ်ကောက်သွားတာလေ၊ ဦးနေ ဘာဖြစ်လို့ ပျောက်ဆုံးနေတဲ့ အသည်းနှလုံးတွေကို လမ်းပေါ်မှာလိုက်ရှာရဦးမယ်လို့ မမကိုပြောလိုက်လဲ ... မမက ဦးနေမှာ အရမ်းချစ်ရတဲ့ကောင်မလေးတစ်ယောက်, ရှိနေတယ်လို့ ထင်နေတာ ... ခရေပွိုးကို မေးတုန်းကလည်း ခရေပွိုးက ပြောလိုက်တယ် ... ဦးနေဆွဲပေးတဲ့ ပန်းချီပုံလေးထဲက ဆံရစ်ဝိုင်းလေးနဲ့ မမက ဦးနေ ရည်းစားပဲဖြစ်မှာပေါ့လို့ အဲဒီလိုပြောတုန်းက မမမျက်နှာလေး တစ်ခါတည်း ငိုင်သွားတာ ... "

"ဟာ ... အဲဒါ ဦးနေရည်းစား မဟုတ်ပါဘူး ခရေပွိုးလေးရဲ့"

"ဟင် ... ဒါဆို အဲဒီဆံရစ်ဝိုင်းလေးနဲ့မမက ဘယ်သူလဲ"

"ဦးနေရဲ့ တစ်ဦးတည်းသော အချစ်ဆုံးညီမလေး ပန်းမြတ်ချယ်ပါ ... "

"ဘုရားရေ ... ဒါဆို မမစိတ်ကောက်သွားတာ မှားပြီပေါ့"

"ရပါတယ် ခရေပွိုးလေးရယ် ... ဦးနေက အဲဒီမမကို နေ





လိုက်တော့မှာပါ"

"ဒါ ... ဒါဆို ဦးနေရဲ့ ညီမလေး ပန်းမြတ်ချယ်က ဘယ်မှာနေလဲ ... အဲဒီမမ ပန်းမြတ်ချယ်အကြောင်းကို ခရေပွိုး သိချင်တယ်"

"ဦးနေလေ ... ဦးနေ ... အစတုန်းကတော့ အဲဒီအကြောင်းတွေ ဘယ်သူ့ကိုမှ မပြောပဲထားခဲ့တာ၊ ခုတော့ ... ခရေပွိုးလေး သိအောင် ပြောပြလိုက်တော့မယ်၊ ဦးနေ ရန်ကုန်မှာ မေမေ့ကို လာရှာဖို့ ရထားကြီးစီးပြီး ထွက်လာခဲ့တုန်းက ဦးနေနဲ့ညီမလေး ပန်းမြတ်ချယ် နှစ်ယောက်တည်း ထွက်လာတာလေ ... ပြောရရင် အဲဒီတုန်းက ညီမလေး ပန်းမြတ်ချယ်က ဆံရစ်ဝိုင်းကလေးနဲ့"

ပြောရင်းနဲ့ မျက်ရည်လေးတွေ ဝဲလာခဲ့ရတဲ့ နေနန်းတော်။

သူ့မျက်ဝန်းလေးထဲမှာ မြင်နေရတာက ...

သနပ်ခါးပါးကွက်ကြားလေး နှစ်ဖက်နဲ့ ... ဆံရစ်ဝိုင်းကလေးနဲ့ ကောင်မလေး ... ။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၂ )

"ဟိတ် ... မင်းတို့ ဘယ်ကလဲ ... "

"ပြန်ဆင်းစမ်း ... "

"ဒီရထားတွဲပေါ်ကနေ အခုချက်ချင်း ပြန်ဆင်းစမ်း"

"ခုက္ခပါပဲကွာ"

ရထားတွဲစောင့်ကြီး ဦးမေတ္တာတစ်ယောက် အထက်တန်း အိပ်စင်တွဲအဆင်းအတက် တံခါးပေါက် ထောင့်ချိုးအကွယ်လေးကို တက်လာသည့် အသက်ဆယ့်ရှစ်ဆယ့်ကိုးအရွယ် ကောင်လေးတစ်ယောက်နှင့် ကောင်မလေးတစ်ယောက်ကိုကြည့်ကာ သူတို့အနား ကို အသည်းအသန်ပြေးသွားရင်း အော်နေမိသည်။

"ဟိတ် ... "

"ငါပြောနေတာ မကြားဘူးလား"

"ဟိုမှာ ... ရထားထွက်တော့မယ်ကွ ... "

"ပြန်ဆင်းစမ်း ... မင်းတို့ အခုပြန်ဆင်းစမ်း ... "

ဦးမေတ္တာမှာတော့ အော်လည်းအော်ရ၊ ခြေလှမ်းကြီးကြီး





တွေနဲ့လည်း ပြေးသွားရတာမို့ ခါးမှာချိတ်ထားသည့် သော့တွဲကြီး ပေါ် တချွင်ချွင် တချမ်ချမ်နဲ့ တစ်လမ်းလုံး အသံစုံမြည်လာတော့ တာ။

ပြောရရင် ... ဒီလို အိပ်စင်တွဲဆိုတာ ...

တခြား အပိုလူတွေမှ စီးခွင့်မရှိတာလေ။

ခုတော့ ကြည့်ပါဦး ...

မန္တလေးက ထွက်လာပြီး ကျောက်ဆည်ဘူတာမှာ ခဏ လေး ရထားရပ်လိုက်တာနဲ့ ဒီကောင်လေးနဲ့ကောင်မလေး ရထား ပေါ်ကို ပြေးတက်လာတာ။ ဒါကို ... အနားရောက်မှ ဦးမေတ္တာ သေသေအချာကြည့်လိုက်တော့လည်း ကောင်လေးနဲ့ကောင်မလေး နှစ်ယောက်စလုံးက အဝတ်အစားလေးတွေ ဟောင်းနေတာကလွဲ ရင် အသားအရည် ဝင်းဝင်းနုနုကလေးတွေနဲ့။

ကောင်လေးက ဆံပင်ရှည်လေးတွေ ဖရိုဖရဲလေးနဲ့ ပခုံးစွန်း လေးနှစ်ဖက်ပေါ်မှာ ဝဲဖြာကျနေသလို ကောင်မလေးကလည်း ပါး ပြင်လေးနှစ်ဖက်ပေါ်မှာ ပါးကွက်ကြားလေး နှစ်ဖက်ကိုတင်ကာ ဆံရစ်ဝိုင်းကလေးနဲ့။

"ဟိတ် ... မင်းတို့နှစ်ယောက်စလုံးကို ငါပြောနေတယ်လေ ကွာပါပဲ ... "

"ဟို ... ဟိုလေ ... ဦး ... ကျွန်တော်တို့နှစ်ယောက်၊ ကျွန် တော်တို့နှစ်ယောက် ... ရန်ကုန်ကို လိုက်ချင်လို့ပါဗျ၊ အဲဒါ ... အဲဒါ ရထားလက်မှတ်ကုန်နေလို့ ဒီအတိုင်းတက်လာတာ ... "

"ဘာ ... ဘာပြောတယ်၊ မင်းတို့မှာ ရထားလက်မှတ်လည်း ပါဘူးဟုတ်လား ... မရဘူး ... မရဘူး ... ရထားလက်မှတ်ပါ



www.burmeseclassic.com

www.burmeseclassic.com



လည်း ဒီအိပ်စင်တွဲတွေက ဘယ်သူမှ လူပိုစီးလို့မရဘူး"

"အဟင့် ... "

ဟောကြည့် ...

သူတို့နှစ်ယောက်ကို မစီးရဘူးပြောလို့ အသားဖြူဖြူ ဆံ
ပိုင်းကလေးနဲ့ ကောင်မလေးက ဟင့်ခနဲ အသံကလေးထွက်သွ
အောင်ပင် ရှိုက်ငိုချခဲ့ပြီ။

ပြဿနာပဲ ...

ဦးမေတ္တာ ဘာလုပ်ရမှန်းမသိတော့သလို ခေါင်းကုေ
ကုတ်ကာပဲ သူတို့နှစ်ယောက်စလုံးကို စိတ်ပျက်လက်ပျက်ေ
ဦးမေတ္တာ ကြည့်နေလိုက်မိသည်။

"ကောင် ... ကောင်လေးနော် ... ငါ့ကို အလုပ်ပြုတ်အော
တော့ မင်းတို့ ပြဿနာမရှာနဲ့နော်၊ မစီးရတဲ့အတွဲမှာလည်း မင်း
က စီးသေးတယ်၊ ပြီးတော့ ... ရထားလက်မှတ်ကလည်း မင်း
မှာမရှိဘူး၊ ကဲ ... ဘယ်လိုလုပ်မလဲ၊ ရထားလက်မှတ်စစ်တွေ ရဲ
လက်ထဲ မင်းတို့ကို အပ်လိုက်ရတော့မယ်ထင်တယ် ... "

"ဟို ... ဟို ... ဦးလေးပြောတာနဲ့ ကျွန်တော့်ညီမလေး
အရမ်းကြောက်ပြီး ငိုနေပြီဗျ ... ရထား ... ရထားကြီးကလည်
ထွက်နေပြီဆိုတော့ ... ကျွန်တော်တို့မောင်နှမနှစ်ယောက်ကို
နေရာလေးကနေ လိုက်စီးခွင့်ပေးပါနော် ဦးလေးကြီး ... "

"ဟေ ... မင်းတို့မောင်နှမ နှစ်ယောက်ကို ဟုတ်လား"

"ဟုတ်ပါတယ် ဦးလေးကြီးရာ ... ကျွန်တော်တို့ မောင်နှ
နှစ်ယောက်မှာ အဖေလည်း မရှိတော့ပါဘူး၊ အမေကလည်း ကျွ
တော်ငါးနှစ်သားကတည်းက အဖေနဲ့ကွဲသွားလို့ အဖွားနဲ့ပဲ ဒီအ





ထိ ကျွန်တော်တို့ မောင်နှမ နှစ်ယောက်နေလာခဲ့တာပါ ... အခု
တော့ ... အဖွားကလည်း ဆုံးသွားပြီဆိုတော့ ကျွန်တော်တို့မှာ
အားကိုးစရာ ဆွေမျိုးရင်းချာတွေလည်း တစ်ယောက်မှ မရှိတော့
လို့ အမေ့ကို ရန်ကုန်မှာ သွားရှာချင်လို့ ဒီရထားကြီးကို ကျွန်တော်
တို့ စီးမိတာပါ ... "

"အမေ ... ဟုတ်လား၊ မင်းတို့အမေကို ရန်ကုန်မှာသွားရှာ
မယ် ... "

ဦးမေတ္တာမှာတော့ မျက်မှောင်ကြီးတွေ စုကျုံ့လျက်။

"နေပါဦး ... မင်းတို့မောင်နှမနှစ်ယောက်က မင်းတို့အမေ
ကို ရန်ကုန်မှာ သွားရှာမယ်ဆိုတော့ မင်းတို့အမေနေတဲ့နေရာကို
သိလို့လား ... ဘယ်မှာလဲ ... မင်းတို့အမေရဲ့ လိပ်စာ ငါ့ကိုပြစမ်း"

"ဗျာ ... "

ဦးမေတ္တာမေးတော့လည်း ကောင်လေး မဖြေနိုင်။

ရီဝေသော မျက်ဝန်းကလေးများဖြင့် ဦးမေတ္တာကို အချိန်
တွေကြာအောင် ငေးကြည့်နေခဲ့တာလေ။ ဒါဆိုရင်တော့ ... ဒီမောင်
နှမနှစ်ယောက်ရဲ့ အခြေအနေကို ဦးမေတ္တာ နားလည်ပါပြီ။

"အေး ... လိပ်စာမရှိဘဲနဲ့ ဒီလောက်ကျယ်တဲ့ ရန်ကုန်မြို့
ကြီးမှာ မင်းတို့အမေကို ဘယ်လိုလိုက်ရှာမလဲ၊ မင်း ... မင်း ငါ့ကို
ပြောစမ်း ကောင်လေး ... ငါမေးတာကို မင်းဖြေလေကွာ ... "

မေးရင်း ... ဦးမေတ္တာ မချင့်မရဲဖြစ်ရသည်။

"ဟို ... ဟိုလေ ဦးလေး ... ကျွန်တော်တို့မှာ လိပ်စာမရှိ
ပေမယ့် အမေနဲ့အမေ ညားကာစက အဖေကိုယ်တိုင်ဆွဲပေးထားတဲ့
အမေ့ရဲ့ပုံတူပန်းချီ စာရွက်ကလေးရှိတယ်လေ၊ အဲဒီပန်းချီပုံစာရွက်



www.burmeseclassic.com

www.burmeseclassic.com



လေးကိုပြပြီး တစ်လမ်းဝင် တစ်လမ်းထွက် အမေ့ကိုလိုက်ရှာမှာ၊ အမေ့ရဲ့မေးဖျားချွန်လေးထိပ်မှာ ဒီလိုမှဲ့နက်ကြီးတစ်လုံးရှိတယ်လေ ... ပြီးတော့ ... ဒီပုံထဲကလိုပဲ အမေက အရမ်းချောတယ်လေ ဦးလေးကြီးရဲ့ ... အဖွားပြောတော့ အသားလေးကလည်း ဖြူတယ်တဲ့၊ ဦးလေး မယုံရင် ဟောဒီမှာ ကြည့် ... ဒါ ... အမေ့ပုံတူပန်းချီစာရွက်လေး ..."

ဆံပင်ရှည် ခွေခွေကလေးနှင့်ကောင်လေး ထုတ်ပြနေသည့် ပန်းချီပုံစာရွက်လေးကိုကြည့်ကာ စိတ်ပျက်လက်ပျက်လေးနှင့်ပဲ ဦးမေတ္တာတစ်ယောက် ခေါင်းလေးကို ဘယ်ညာယမ်းခါမိခဲ့ရချေပြီ။

အမေတဲ့။ ဒီပန်းချီပုံလေးကိုပြပြီး သူတို့အမေကို ရန်ကုန်မှာ လိုက်ရှာကြမလို့တဲ့။ ဘုရား ... ဘုရား ...

နှစ်ယောက်စလုံးကို ရင်နင့်နင့်လေးနှင့် ဦးမေတ္တာ ကြည့်လိုက်မိတော့လည်း အသက်ကလေးတွေက နုနုငယ်ငယ် ဆယ့်ရှစ်ဆယ့်ကိုးအရွယ်လေးတွေ။ ပြီးတော့လည်း ... ကောင်လေးရဲ့ မျက်နှာထားလေးက တည်တည်တင်းတင်းကလေးနှင့်။ သူဖြစ်ချင်တာ သူလိုချင်တာကို မရ ရအောင် ရင်ဆိုင်ယူပြတော့မယ့် မာနမျက်ဝန်းလေးတွေက အရောင်ကလေးတွေ တဖျတ်ဖျတ်လက်လို့။

ကောင်မလေးကလည်း ဆင်းရဲလို့သာ။ အဝတ်အစားလေး နွမ်းနေပေမယ့် မျက်လုံးဝိုင်းဝိုင်းလေးတွေပေါ်မှာ ကော့နက်ယှက်ဖြာသော မျက်တောင်ရှည်ရှည်ကြီးတွေက အုပ်မိုးထားခဲ့သလို ချွန်ကော့သော နှာတံလေးက ဖြောင့်တန်းဖူးစင်နေကာ မျက်နှာလေးကပါ ဝင်းနှစ်နေခဲ့သည်။

အရေးကြီးတာ ဒီပန်းချီပုံ စာရွက်လေးအားကိုးနှင့် သူတို့





အမေကို လိုက်ရှာကြမယ်ဆိုတာ လုံးဝ မဖြစ်နိုင်ပါ။ ပြီးတော့ ... ရေးထားသည့် ပန်းချီပုံလေးကလည်း ကာလာတွေ စိုစိုစိမ်းစိမ်းမျိုး မဟုတ်ဘဲ တစ်ကြောင်းဆွဲ ခဲခြစ်ကောက်ကြောင်း ပန်းချီပုံလေး ဖြစ်နေတာလေ။

ဒါလေးကိုကိုင်ပြီး ... ရန်ကုန်လို မြို့တော်ကြီးမှာ သူငါးနှစ်သားအရွယ်က ကွဲကွာသွားသည့် အမေကို ဘယ်လိုလုပ်လိုက်ရှာမလဲ။

မဖြစ်သေးပါဘူး။

မတားရင် ဒီကလေးနှစ်ယောက် ဒုက္ခရောက်တော့မယ်။

"ဒီမှာနော် ကောင်လေး ... မင်းပြောတာ လုံးဝမဖြစ်နိုင်ဘူး၊ ရှေ့ဘူတာမှာ ရထားရပ်တာနဲ့ မင်းတို့မောင်နှမ နှစ်ယောက်စလုံးပြန်ဆင်း ... ရန်ကုန်မှာ မင်းတို့နှစ်ယောက် ဒုက္ခရောက်လိမ့်မယ်"

ဦးမေတ္တာပြောကာမှ ကောင်လေးရဲ့မျက်နှာထားလေးက နှစ်ဆပိုပြီးတော့ တည်တင်းသွားခဲ့ပြီ။ ပြီးတော့လည်း ... ဦးမေတ္တာကို ခပ်မာမာလေး ပြန်မော့ကြည့်သည်။

"ကျွန်တော် ပြန်မဆင်းနိုင်ဘူးဦးလေး ... ကျွန်တော့်ညီမလေးက အမေနဲ့တွေ့ချင်တယ်ဆိုပြီး ညတိုင်းငိုနေတာ၊ ဦးလေး ကျေနပ်လို့ ရဲတွေနဲ့ခေါ်ဖမ်းလည်း ကျွန်တော် မကြောက်ဘူး"

"အောင်မယ် ... မင်းက ... "

မျက်မှောင်တန်းကြီးတွေ ကျုံ့တက်သွားအောင်ပဲ ထိုကောင်လေးကို ဦးမေတ္တာ စိုက်ကြည့်လိုက်မိရပြန်ပြီ။ ဘယ်လိုကောင်လေးလဲဟင်။ ရထားလက်မှတ်မပါဘဲ ခပ်တည်တည်လည်း



www.burmeseclassic.com

www.burmeseclassic.com



တက်စီးလာသေးတယ်။ စကားပြောတာလည်း မာရေကြောရေ လေးနဲ့ ကောင်မလေးက ... အဖမ်းခံရမှာကြောက်လို့ နှုတ်ခမ်း လေးတွေ တဆတ်ဆတ်တုန်ကာ တဟင့်ဟင့်လေးနှင့် ငိုနေခဲ့သ လောက် ထိုကောင်လေးက နှုတ်ခမ်းလေးမဲ့ကာ အရှာရာကို ရင် ဆိုင်တော့မယ့် မျက်နှာထားကလေးနဲ့။

"ကိုကြီး ..."

"ဟင် ... ညီမလေး ..."

"ရထားလက်မှတ်စစ်ကြီးတွေလာရင် ကိုကြီးနဲ့ညီမလေးကို ဖမ်းမှာလားဟင် ... ဖမ်းမယ်ဆို ညီမလေးကြောက်တယ် ကိုကြီး ရဲ့ ... အဟင့် ..."

ဟောကြည့် ...

ကောင်မလေးက ဝင်းဝင်းနှစ်နှစ်ပါးပြင်လေးပေါ် ကျလာ သည့်မျက်ရည်တွေကို လက်ဖမိုးလေးနဲ့ ဘယ်ပြန်ညာပြန်လေး သုတ်လိုက်ပြန်ပြီ။ ဒါကိုပဲ ဆံပင်ရှည်လေးနဲ့ကောင်လေးက သူ့ညီ မလေးရဲ့ မျက်ရည်စက်လေးတွေကို သူကိုယ်တိုင်ပဲ သုတ်ပေးကာ

"ဟာ ... မဖမ်းဘူး၊ ကိုကြီးတို့က ရန်ကုန်မှာ အမေ့ကိုသွား ရှာချင်လို့ ဒီရထားကြီးကို တက်စီးလာတာ၊ ညီမလေး မကြောက်နဲ့ ဖမ်းရင်လည်းဖမ်းတဲ့သူတွေအားလုံးကို ကိုကြီးပြန်ချမယ်၊ တိတ် ... တိတ် ... ညီမလေး ကြောက်ရင် ကိုကြီးကို ဖက်ထား ..."

"ရန် ... ကုန် ... ရန်ကုန်ဆိုတာ အဝေးကြီးလားဟင် ကိုကြီး"

"အဝေးကြီးပေါ့ ညီမလေးရဲ့ ... ဒီတစ်ညလုံး စီးလိုက်ပြီးရင် မနက်မိုးလင်းတာနဲ့ ရန်ကုန်ကို ကိုကြီးတို့ရောက်သွားမှာ၊ ညီမလေး





အိပ်လိုက်နော် ... ဒီနံရံလေးကိုမှီပြီး ညီမလေး အိပ်လိုက် ..."

သူ့ညီမလေးကို ချော့သိပ်နေတဲ့ကောင်လေး။

"ဟာ ... မင်းတို့မောင်နှမနှစ်ယောက် လုပ်တာနဲ့ ငါအလုပ် ပျက်တော့မယ်ထင်တယ်ကောင်လေးရာ၊ ဒုက္ခပါပဲ ... ငါ ... မင်းတို့ မောင်နှမနှစ်ယောက်ကို သနားလည်း သနားတယ်၊ ကိုယ်ချင်း သည်းစာတယ်၊ ကဲကွာ ... နောက်ဆုံးတစ်ခုပဲ ငါမင်းကိုမေးတော့ မယ်၊ မင်းတို့ရန်ကုန်မှာ တည်းခိုရမယ့်အသိရှိလား ..."

"ဟာ ... အဲဒါတော့ ဘယ်ရှိမလဲဗျ ..."

"ဟေ ... ဒါဆို ညအိပ်တော့ မင်းတို့ဘယ်မှာအိပ်မှာလဲ"

"ဗျာ ..."

ဒါလည်း ကောင်လေး မဖြေနိုင်ပြန်။

"ဟော့ကောင် ... မင်း ... မင်း ရန်ကုန်ကို ဘာအောက်မေ့ နေလို့လဲ၊ ဟွန်း ... ဒီမှာ ... ရန်ကုန်ဆိုတာ အကျယ်ကြီးကွ၊ နား လည်လား ... အိမ်တွေ တိုက်တွေ ကားတွေ အဆောက်အဦတွေ အများကြီး ... ညအိပ်စရာနေရာမရှိဘဲသွားရင် မင်းတို့ ဒုက္ခရောက် တော့မယ်၊ မင်းက ယောကျာ်းလေးမို့ ပြဿနာမရှိပေမယ့်၊ မင်းညီ မလေးက မိန်းကလေး ... ပြီးတော့လည်း ဒီပန်းချီပုံစာရွက်လေး ကိုပြပြီး မင်းတို့အမေကို လိုက်ရှာဖို့ဆိုတာ လုံးဝမဖြစ်နိုင်လို့ မင်းကို ပြောနေတာ ... မင်း ... မင်းလူမိုက်မလုပ်နဲ့၊ မင်းရဲ့မာကြောကြော ခုတ်ဆတ်ဆတ်စရိုက်လေးနဲ့ မင်းအမေကိုလိုက်ရှာဖို့ လုံးဝမစဉ်းစား နဲ့ ... ရန်ကုန်မှာ မင်းထက်မိုက်တဲ့ကောင်တွေ အများကြီး ..."

"မကြောက်ပါဘူး ... ကျွန်တော် ဘာလို့ကြောက်ရမှာလဲ၊ ဦးလေးကြီးကိုလည်း မကြောက်ဘူး၊ လက်မှတ်စစ်ကြီးတွေကို

www.burmeseclassic.com



လည်း မကြောက်ဘူး … ကျွန်တော့်ညီမလေး လက်ကိုဆွဲပြီး အမေ့ကို မတွေ့မချင်း ကျွန်တော် လိုက်ရှာပြမယ်၊ ဦးလေးမယုံရင် စောင့်ကြည့်လိုက် … နောက်ဆုံးတစ်နေ့ကျရင် အမေ့ကိုတွေ့မှာ၊ အမေ့ကိုတွေ့မှာပါဗျ … ဦးလေးရ … ”

“ဟွန်း … ”

ဦးမေတ္တာ နှုတ်ခမ်းလေးကို မဲ့လိုက်တာ ဒီကောင်လေးပြောတာ မလွယ်လို့ပါ။

“အေးလေ … မင်းက မာကြောကြော ဂျစ်ကန်ကန် ကောင်လေးဆိုတော့ ငါပြောတာကို လက်မခံနိုင်ဘူး ဖြစ်နေတာပေါ့၊ ရပါတယ်ကွာ … လက်မှတ်စစ်ကြီးတွေလာရင် အကျိုးအကြောင်းလေးပြောပြီး မင်းတို့မောင်နှမ နှစ်ယောက်အတွက် ငါအသနားခံပေးမယ်၊ အေး … ဒါကိုတောင် မာကျောကျော ရှုတ်ဆတ်ဆတ်နဲ့ ရထားပေါ်က လူတွေကို ပြဿနာရှာဖို့တော့ မင်းလုံးဝ မစဉ်းစားနဲ့နော် … ကဲ … ပြော မင်းတို့နှစ်ယောက်ရဲ့ နာမည်တွေ … ”

“ညီမလေးနာမည်က ပန်းမြတ်ချယ်”

“ပန်းမြတ်ချယ် ဟုတ်လား … ဒါဆို မင်းကရော … ”

“နေနန်းတော် … ”

“ဘာကွ … မင်းနာမည်က နေနန်းတော် … ”

ဦးမေတ္တာ မျက်လုံးပြူးနေရပြီ။

နေနန်းတော်တဲ့ … ကြည့်စမ်း။

အခန်း ( ၁၃ )

“ဟဲ့ … ဆိုင်ရှေ့မှာ လူတွေဘာလို့ အုံနေတာလဲ”

“ဒီမှာလေ … မေမေရဲ့ … ဟိုဆံပင်ရှည်ရှည်ကောင်လေးတစ်ယောက်နဲ့ ဆံပင်တိုကောင်မလေးတစ်ယောက်က ပန်းချီပုံ စာရွက်လေးကိုပြပြီး သူတို့အမေကို ရန်ကုန်မှာလာရှာတာပြောလို့၊ လူတွေက စပ်စုပြီးတော့ ဝိုင်းအုံကြည့်နေကြတာ၊ နာမည်မေးကြည့်တော့ ကောင်လေးနာမည်က နေနန်းတော်တဲ့ … ကောင်မလေးနာမည်က ပန်းမြတ်ချယ်တဲ့ … ”

“ဟဲ့ … အဲဒီလို ယုံအောင် သနားအောင် လူတွေကြားထဲမှာ လိုက်ပြောပြီး ပစ္စည်းအလစ်သုတ်တဲ့အဖွဲ့တွေ ရန်ကုန်မှာအများကြီးရှိတယ်နော် … ဟိုနေ့ကလည်း ဆိုင်ရှေ့မှာတင်ထားတဲ့ ဖိနပ်ဆယ်ရံစည်း တစ်စည်းပါသွားတာ၊ အဲလို လူတွေရှုတ်နေတုန်း ပါသွားတာ … ဒါ … ဒါ … နောက်တစ်ခေါက် ထပ်ခိုးချင်လို့ လာတာဖြစ်ရမယ် … ဆိုင်ရှေ့မှာ လူရှုတ်မခံနဲ့၊ မောင်းထုတ်လိုက် … ”



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... ဟိုဆံပင်ရှည်ရှည်နဲ့ကောင်လေး၊ ငါတို့အမေ ဆိုင်ထဲကအော်နေတာ နင်ကြားတယ်နော် ... ငါတို့ဆိုင်က ပစ္စည်းခိုးလို့ကတော့ နင်တို့နှစ်ယောက်စလုံးကို စည်ပင်ရဲလက်ကို အပ်ပြီးသားပဲ ... "

"ဟာ ... ကျွန်တော် သူခိုးမဟုတ်ဘူး၊ အမေ ... အမေ ကျွန်တော်တို့အမေ ... ရန်ကုန်မှာရှိတယ်ဆိုလို့ လာရှာတာ"

ဆံပင်ရှည်နဲ့ကောင်လေး ပြန်အော်နေတာက ကျားရိုင်းပေါက်လေးတစ်ကောင်လို။ ပြောရင်းနှင့်လည်း ... ပခုံးစောင်းမှာလွယ်ထားသည့် ကြောပိုးအိတ်ကလေးကို စလွယ်သိုင်းလေးဖြစ်အောင် ပြောင်းလွယ်သည်။

ပြီးတော့ ... ပန်းမြတ်ချယ်ဆိုသည့် သူညီမလေးလက်ကိုလည်း တင်းတင်းလေးဆုပ်ကိုင်ထား၏။ ဒါကိုမြင်တော့ ... ဘာဖြစ်တာလည်းဆိုသည့်သဘောနှင့် လူတွေက ပို၍ပင်စပ်စုကာ တဖြည်းဖြည်း ပိုများလာသည်။

"ဟဲ့ ... နင်ပြောတာ အဓိပ္ပာယ်မရှိလို့ ငါတို့ကမေးနေရတာပေါ့ဟဲ့ ကောင်လေးရဲ့ ... ဒီပန်းချီပုံစာရွက်လေးပြပြီး နင်တို့အမေကို ရန်ကုန်မှာ ဒီလိုလာရှာနေလို့ရမလား၊ ရန်ကုန်မှာ ဒီလိုဖွင်ဖန်ပြီး ရိုက်စားလုံပ်သွားတာတွေက အများကြီး ... "

"ပြောမနေနဲ့ ... မသက်ာရင် မောင်းထုတ်လိုက် ... "

"သွား ... သွား ... နောက်တစ်ခါ ငါတို့ဆိုင်ရှေ့ကို မလာနဲ့"

"ဟာ ... ခင်ဗျားနော် ... ကျွန်တော်တို့မောင်နှမနှစ်ယောက်ကို ခင်ဗျား မစော်ကားနဲ့နော် ... ဘယ်တော့မှ သူများပစ္စည်းကို ကျွန်တော်တို့ မခိုးဘူး ... "





"အဟင့် ... ဟင့် ... ဟင့် ... "

"ဟာ ... မငိုနဲ့လေ ညီမလေး ... ဒီလူတွေကို ညီမလေးာမှကြောက်နေစရာမလိုဘူး၊ ကိုကြီးလက်ကို ကိုင်ထား ... "

နေနန်းတော်ဆိုသည့် ကောင်လေးက အရပ်ကလေးက မြင့်မယ့် ဖြူလျော့လျော့လေးဖြစ်ကာ မဟုတ်မခံစိတ်ကလေးနဲ့ ခပ်မာ ခပ်ဆတ်ဆတ်လေး ပြန်ပြောရင်း ... သူ့ညီမလေးလက်ကိုလွှတ်တမ်း ဆုပ်ကိုင်ထားသည်။

"တောက် ... "

ဆံပင်ရှည်တွေကို ဖယ်သိမ်းပြီး တောက်ခေါက်ကာ လှည့်က်ဖို့ပြင်တော့ ဆိုင်ရှင် မိန်းကလေးက လှမ်းအော်နေသေး၏။

"နင် ... နင် ဆိုင်ရှေ့မှာလာပြီး တောက်ခေါက်မနေနဲ့နော်၊ ိုင်မှာ ပစ္စည်းတွေ ခဏခဏ အလစ်သုတ်ခံနေရလို့ ပြောနေတာ၊ ်ယောက်က ပန်းချီပုံစာရွက်လေးပြပြီး ... ဟိုမေး ဒီမေးလုပ်နေ အချိန်မှာ နောက်တစ်ယောက်က ပစ္စည်းယူပြီးထွက်ပြေးမှာ၊ ပ်မနေနဲ့ ... ဒီဈေးထဲမှာ ဒါမျိုးတွေက ရိုးနေပြီ ... ဟွန်း ... "

"ဟာ ... ကြည့်စမ်း၊ ဒီစကားကိုပဲ ခင်ဗျား ထပ်ပြောနေပြန်

ကောင်လေးက မျက်တောင်ရှည်တွေကို ဖျတ်ခနဲ ပင့်တင်း ... လှည့်ကြည့်လိုက်တော့ ပခုံးစွန်းနှစ်ဖက်ပေါ်က ဆံပင်ရှည် ဘယ်ညာယမ်းခါသွားသည်။ ဒီလိုပြောတာကိုတော့ နေနန်းာ်ကလည်း သည်းမခံနိုင်ပါ။

ဒေါသဖြစ်တော့ မျက်နှာက ချက်ချင်းရဲသွားသည်။

"ဟာ ... မပြောလို့ရမလား၊ ပျောက်တော့ကိုယ့်ပစ္စည်းပဲ



www.burmeseclassic.com

www.burmeseclassic.com



ပျောက်မှာ ... ”

“တောက် ... ”

ဒုတိယအကြိမ်မြောက် ပေါ်လာရတဲ့တောက်ခေါက်သံလေးက မခံချင်မှုတွေ၊ နာကျင်မှုတွေနှင့်သာ လှိုင်းထန်နေခဲ့ရလျှက်။

ဒါကို လက်ပိုက်ကြည့်မနေနိုင်တော့ဘဲ လူအုပ်ကြီးထဲကနေ အသားခပ်လတ်လတ်နှင့် ပါဝါမျက်မှန်ကြီး တပ်ထားသည့် လူကြီး တစ်ယောက်က အားလုံးရှေ့ကို ထွက်လာကာ ...

“ဟို ... ဟိုလေ ဒီလိုလုပ်ပါလားဗျာ၊ ဒီကောင်လေးနဲ့ ကောင်မလေးကို ကြည့်ရတာ ဆင်းရဲလို့ အဝတ်အစားလေးနွမ်းနေ ပေမယ့် ရုပ်ရည်လေးတွေက သန့်သန့်ပြန့်ပြန့်လေးတွေပါ၊ တကယ် လည်း ... သူတို့အမေကို မမှတ်မိတော့လို့ ဒီပန်းချီပုံစာရွက်လေးနဲ့ တွေ့လိုတွေ့ငြား လိုက်ရှာနေကြတာပဲနေမှာပါ ... ကဲ ... ဒီလိုလုပ် ကွာ၊ ငါ့တူကြီး ... ငါ့တူကြီးတို့မောင်နှမ နှစ်ယောက်က ကွဲနေတဲ့ အမေကို ရန်ကုန်မှာလာရှာတယ်ဆိုတော့ သူ့နာမည်က ဘယ်သူလဲ”

ဦးလေးကြီးက ကောင်လေးရဲ့မျက်ဝန်းတွေကို တည့်တည့် စိုက်ကြည့်ကာမေးပါသည်။ လူတွေအားလုံး အသံတွေ တိတ်သွား ကြ၏။

“ဟာ ... ကျွန်တော့်အမေ နာမည်က ဒေါ်ရွှေဖျိုင်းဖြူဗျ”

“ဟေ ... ရွှေဖျိုင်းဖြူ ဟုတ်လား ... ”

“ဟား ... ဟား ... ”

ကောင်လေးက ရင်ကလေးကော့ မျက်နှာလေးမော့ကာ ဖြေလိုက်ပေမယ့် ဝိုင်းနားထောင်နေသည့် လူအုပ်ကြီးဆီက ရယ်သံ တွေက ထွက်လာခဲ့ရလျှက်။ ဒီလိုရယ်တော့မှ ကောင်မလေးရုပ်ပြ





ရှိုက်သံလေးက ပိုကျယ်လာသည်။

“အဟင့် ... ဟင့် ... ဟင့် ... ကိုကြီးရယ်၊ လူတွေအများကြီး ဝိုင်းအုံကြည့်နေတာ ညီမလေး ရှက်တယ် ... လာပါ ... ဟိုဘက်ကို ခဲ့ သွားမယ် ... ”

“ဟာ ... ဘာလို့ရှက်ရမှာလဲ ညီမလေး ... အမေနဲ့တွေ့ချင် လို့ ကိုကြီးတို့လာရှာတာ၊ ဘယ်သူ့ကိုမှ ရှက်စရာမလိုဘူး၊ ဘယ်သူ့ ပစ္စည်းကိုမှလည်း ကိုကြီးတို့ ခိုးတာမဟုတ်ဘူး ... ဒီဆိုင်က အစ်မ ကြီးက မတရားပြောနေလို့ ကိုကြီး ပြန်ပြောနေတာ ... ”

“ဟဲ့ ... မပြောလို့ရမလား၊ နင်တို့မောင်နှမ လုပ်တာနဲ့ ဆိုင် ရှေ့မှာလူတွေအုံပြီး ဆိုင်ကပစ္စည်းတွေက ကြားထဲက အချောင် ပျောက်ရမှာလေ ... သွား ... သွား နင်တို့မောင်နှမ နှစ်ယောက် လုံး ငါ့ဆိုင်ရှေ့က ထွက်သွားကြတော့ ... ”

“ဒီမှာ ... ခင်ဗျား ဘာမှ မောင်းထုတ်စရာမလိုဘူးနော်”

“ကဲပါ ... ငါ့တူကြီးရာ၊ ဦးလေး မင်းကို တောင်းပန်ပါတယ် ကွာ၊ ပြဿနာလည်း မဖြစ်ကြပါနဲ့၊ လူတွေအများကြီး ဝိုင်းအုံကြည့် နေတော့ မင်းညီမလေးက ရှက်နေတော့မှာပေါ့၊ ကဲ ... ကဲ ... စဉ်းစားနေရာမှာပဲ မင်းတို့မောင်နှမ နှစ်ယောက် သွားရှာကြနော်၊ ကြိုးစားပြီးရှာရင်တော့ တစ်နေ့နေ့မှာ တွေ့ချင်လည်းတွေ့လာမှာ ပေါ့ ... ”

ဦးလေးကြီးက ချော့မော့ပြောပေမယ့် ထိုကောင်လေးက လက်မခံပါ။

“မဟုတ်ပါဘူး ဦးလေးရာ ... လူတွေကို အထင်သေးသေးနဲ့



www.burmeseclassic.com

www.burmeseclassic.com



မောင်းထုတ်နေလို့ ကျွန်တော် မခံချင်တာပါ။ ဒီမှာ ... တစ်နေ့ကျ ကျွန်တော့်အမေလက်ကို ဆွဲခေါ်လာပြီး ခင်ဗျားကို လာပြမ် သိလား ... ကျွန်တော့်နာမည် နေနန်းတော် ... ”

“အောင်မယ် ... တောကလာတဲ့ကောင်စုတ်လေးကမှ ပေးထားလိုက်တဲ့နာမည်က နေနန်းတော်တဲ့၊ ဆံပင်က စုတ်ဖွား မတန်မရာ ပေးထားတဲ့နာမည်နဲ့များ လူကိုလာပြီးတော့၊ ဟွန်း ... ကြီးကြီးကျယ်ကျယ်နဲ့ ... ”

ဆိုင်ရှင်မိန်းမဆီက အသံတွေ အော်ဟစ်ခုန်ပေါက်ကာ ပြေ လိုက်သွားခဲ့ပေမယ့် ထိုကောင်လေးကတော့ သူ့ညီမလေးလက် ဆွဲကာ ချာခနဲ လှည့်ထွက်သွားခဲ့ပြီ။

ပြောရရင် ... ညီမလေးလက်ကိုဆွဲကာ လူအုပ်ကြီးနဲ့ဝေး ကို ထွက်လာခဲ့ရပေမယ့် ဘယ်ကိုသွားရမလဲဆိုတာတော့ နေန တော်ကိုယ်တိုင်လည်း မသိပါ။ မသိပေမယ့် ... ရင်ထဲမှာ ကျ လောင်စွာ အော်ခေါ်နေမိတာက ‘အမေ’။

အမေ ဘယ်မှာလဲ။

ရန်ကုန်မြို့ရဲ့ တိုက်မြင့်မြင့်ကြီးတွေပေါ်မှာ အမေရှိ မလား။

နောက်ဆုံးပေါ် ကားကြီးထဲမှာ အမေ ပါသွားမလား။

ဘာပဲပြောပြော ... မြင်သမျှကိုငေးရင်း နေနန်းတေ လျှောက်လာတာ ခြေလှမ်းကလေးတွေကပါ ယိုင်ချင်နေခဲ့ရပြီ

## အခန်း ( ၁၄ )

“ဟော့ကောင်တွေ ... ”

“ခွေးမသားတွေ ... ”

“မျိုးဆိုပြီးတာနဲ့ ဇရက်မင်းစည်းစိမ်ယူပြီး မှိန်းနေကြပြန်ပြီ ား”

“ဒီအပုံကျန်အောင် ထမ်းတင်ရမယ်ဆိုတာ ပြောထားတဲ့ ကြားက ဒီအပုံက ခုထိ နေရာမရွေ့သေးဘူး ... ”

“ဟော့ ... အားလုံး ဘယ်ရောက်ကုန်ပြီလဲ ... ”

လမ်းမပေါ်ကနေ ခါးထောက်ရပ်ပြီး ဦးထွန်းထွန်းဖော် အော်နေတာ လူကြားလို့တောင်မကောင်း။ ကိုယ်က ဆောက်လုပ် ရေးကန်ထရိုက်တာမို့ ဒီလေးလွှာ ရှစ်ခန်းတွဲတိုက်ကို သတ်မှတ်ချိန် ကာလအတွင်းမှာ လက်စပြတ်အောင် ဆောက်ပေးရမှာ။ လုပ်ထား တာလည်း မြေရှင်နဲ့ကန်ထရိုက်ကြားမှာ စာချုပ်စာတန်းတွေနဲ့။ ဆိုယ့်ဘက်က စာချုပ်စည်းကမ်းပျက်တာနဲ့ မြေရှင်ကို အိတ်ထဲက ိုက်လျော်ရမှာ နည်းလား။

www.burmeseclassic.com



ခုတော့ ... ကြည့်ပါဦး ...

မနက်အစောက ချသွားတဲ့ ရှစ်ပေါက်အုတ်တွေက လင်းဘေးမှာ ဒီအတိုင်း။ ဦးထွန်းထွန်းဇော် တက်တခေါက်ခေါက်နှင့် ဟိုကြည့်ဒီကြည့်လုပ်ကာ။ ပါးစုံထဲက ဝါးလက်စ ကွမ်းတွေကို လင်းဘေးအစပ် မြေပြင်ဆီကိုပဲ ပစ်ခနဲနေအောင် ထွေးချသည်။

ဒီလောက်ဆဲနေလည်း ဆောက်လက်စ အဆောက်အဦးထဲက တစ်ယောက်မှထွက်မလာ။ ဘယ်လိုဖြစ်တာလဲ ... နေ့စားခေါ်ထားတဲ့ ပန်းရံတွေ၊ လက်သမားတွေပါ အကုန်သေကုန်ကြပြီလား

"ဦးလေး ... ဦးလေး ..."

နောက်က ခေါ်သံလေးသဲ့သဲ့ကြားပေမယ့် စိတ်က ရှုပ်ရောက်နေတော့ နောက်ကိုလည်း ဦးထွန်းထွန်းဇော် ပြန်လှည့်မကြည့်နိုင်။

"ဦးလေး ... ဦးလေး ..."

ဟင် ... ဘယ်သူ့ကိုခေါ်နေတာလဲ ... ငါ့ကိုလား ...

မသင်္ကာလာလို့ လှည့်ကြည့်လိုက်တော့မှ သူ့နောက်မှာရပ်နေတာ ဆံပင်ရှည်ရှည်လေးနဲ့ ကောင်လေးတစ်ယောက်။

ဘယ်က ကောင်လေးလဲ။

"ဟို ... ဟိုလေ ... ဦးလေး ... ဦးလေးကို မေးစရာရှိလို့ပါ"

"ဟင် ... ဘာမေးမှာလဲ"

"ဦးလေ ... ဦးလေးက ဒီတိုက်ကြီးကို ဆောက်နေတာလား"

"ဟေ ... ဟုတ်တယ်လေ ... ဘာဖြစ်လို့လဲ ..."

"ဦးလေးဆီမှာ အလုပ်လုပ်ရင်း ကျွန်တော် ထမင်းစားရလား ..."

"ဘာ ... ဘာပြောတယ်ကွ ..."

ဦးထွန်းထွန်းဇော် မျက်လုံးပြူးသွားတာ ဣန္ဒြေတောင် ဆည်နိုင်။

"ထမင်းစားရမယ်ဆိုရင် ဦးလေး စောစောက အော်ပြောနေတဲ့ ဒီအုတ်ပုံကြီးကုန်အောင် ကျွန်တော်ထမ်းမယ် ... ကုန်သွားတာနဲ့ ဦးလေး ကျွန်တော့်ကို ထမင်းစားဖို့ ပိုက်ဆံပေး ..."

"ဟေ ..."

ကြည့်စမ်း ... ဒီကောင်။

ပြောတာတောင် မာမာကြောကြောလေးနဲ့။

"ကျွန်တော် ... ကျွန်တော် ထမင်းမစားရတာ သုံးရက်တောင်ရှိနေလို့ ... ဦးလေးကို ကျွန်တော်ပြောတာ၊ ဦးလေးက ထမ်းဆိုရင် အခုတစ်ခါတည်း ကျွန်တော် ထမ်းမယ် ..."

"ဘာပြောတယ်ကွ ..."

ကျွန်တော် ထမင်းမစားရတာ သုံးရက်တောင်ရှိနေလို့တဲ့။

ပြဿနာပဲ ... ဒီမှာကလည်း ခိုင်းထားတဲ့ကောင်တွေကို စိတ်တိုင်းမကျဖြစ်နေတာ။ ထမင်းဖိုးပေးရတာ ပြဿနာမရှိပေမယ့် ဒီကောင် ထမ်းနိုင်လို့လား။

"မင်းက ဒီအုတ်ပုံကို ကုန်အောင်ထမ်းမယ် ဟုတ်လား ... ဟား ဟား ... ငါကလည်း ငါ့ကောင်တွေ ဒီအပုံကို မဖြိုနိုင်သေးလို့ ကောင်းကောင်းတုတ်နေတာ၊ အေး ... အုတ်ပုံသယ်လို့ မင်းထမ်းနိုင်ဖြစ်ရင်တော့ ငါတာဝန်မယူဘူးနော်၊ မင်းသဘောနဲ့မင်းထမ်း

www.burmeseclassic.com



တာ ... မင်းကိုစွမင်းရှင်း ... ”

“ရတယ် ... ဘယ်နေရာကို ထမ်းပို့ရမလဲဆိုတာပဲ ဦးလေး
ပြော ... ကျွန်တော် တစ်ယောက်တည်း ထမ်းမယ် ... ”

“ကဲ ... ဒီလောက်တောင် ထမ်းချင်တာ ထမ်းစမ်းကွာ၊
ကြည့်မယ် ... ”

ကောင်လေးလုပ်တာနဲ့ စောစောက ဒေါသတွေတော
ဘယ်ရောက်သွားမှန်းမသိ။ ကောင်လေးကလည်း ထမ်းလို့ပြော
လိုက်တာနဲ့ မျက်နှာလေးဝင်းလက်သွားကာ အုတ်ပုံကြီးနား
တက်တက်ကြွကြွ ရောက်သွားသည်။

ဘယ်ဆိုးလို့လဲ။

အုတ်စီတာ အုတ်ထပ်တာကအစ ကျွမ်းကျင်အလုပ်သမား
တွေအတိုင်း။

“ဟောကောင် ... မင်းပခုံးပေါ်က ဆံပင်ရှည်တွေကို တစ်ခု
နဲ့စည်းပြီးတော့မှထမ်းလေ ... ဖရိုဖရဲဖြစ်နေရင် ကြည့်ရတာ အဆင်
မပြေဘူး၊ အေး ... မင်းထမ်းရင်လည်း ဒုတိယအလွှာကို ထမ်းရမှာ
အေး ... လှေကားမှာအိပ်နေတဲ့ကောင်တွေတွေ့ရင် တစ်ခါတည်း
ကန်ချခဲ့ ... နားလည်လား ... ”

ဦးထွန်းထွန်းဇော် ပြောတာကို ကောင်လေး နားလည်
မရ။

မထမ်းခင် ဆောက်လက်စ အဆောက်အဦကြီးကိုတော
တည်တင်းအေးစက်နေသည့် မျက်ဝန်းကလေးတွေနှင့် တစ်ချက်
တော့ ကောင်လေး မော့ကြည့်လိုက်သေး၏။





ပြီးတော့မှ ... ဦးထွန်းထွန်းဇော်ကို လှမ်းမေး၏။

“ဟိုလှေကားက တက်ရမှာလား ... ”

“အေး ... ဟုတ်တယ်၊ အလယ်လှေကား၊ ဟောကောင် ... ထမ်းရင်လည်း သတိထားထမ်းနော်၊ မင်းထမ်းရမှာ ဆင်းလိုက် တက်လိုက်နဲ့ အခေါက်ရေ အများကြီးထမ်းရမှာ ... တော်ကြာ ... ခြေချော်ပြီး နောက်ပြန်လန်လဲကျနေမှာစိုးလို့၊ ငါကလည်း မင်းလိုပဲ စိတ်မြန်တယ် ... နေဦး ... နေဦး ... ဟောကောင် မထမ်းခင် မင်းနာမည် ငါ့ကို ပြောထားဦး ... ”

“နေနန်းတော် ... ”

“ဘာ ... ဟောကောင် ... ”

ဒါပဲပြောပြီး စီထပ်ထားတဲ့အုတ်ပုံကို ဇွေ့ခနဲထမ်းကာ ကောင်လေး လှည့်ထွက်သွားခဲ့ပြီ။

ကြည့်စမ်း ... ကောင်လေးနာမည်လေးက ထူးထူးဆန်းဆန်း။

နေနန်းတော်တဲ့။

လူကသာ မခမ်းနားတာ။ နာမည်က တော်တော်ခမ်းနား နေပါလား။

ဦးထွန်းထွန်းဇော် တစ်ယောက် ပါးစပ်အဟောင်းသားနဲ့ပဲ ကောင်လေးရဲ့ ကျောပြင်လေးကို တအံ့တဩလေး ငေးကြည့်ကာ ကျန်ခဲ့သည်။

“ဟာ ... ဆရာ ရောက်နေပြီလား”

“ဟင် ... မောင်ချစ်၊ မင်း အခုမှ ဘယ်ကထွက်လာတာလဲ”

အသံကြားလို့ နောက်ကိုလှည့်ကြည့်တော့ ... နိုးရုံသမား



www.burmeseclassic.com

www.burmeseclassic.com



မောင်ချစ်။

"လက်ဖက်ရည်သွားသောက်နေတာလေ ဆရာရဲ့ ... အုတ်သယ်တဲ့ငမိုးတို့အဖွဲ့ ရောက်မလာလို့ ပန်းရံတွေ တိုင်ပတ်နေတာ"

"ဟာ ... ငမိုးတို့အဖွဲ့ မလာဘူးလား ... "

"မလာဘူး ... ဒီကောင်တွေ ပိုက်ဆံပိုရတဲ့ ကမ်းနားဘက်ကို အုပ်စုလိုက် ဆင်းသွားတာပဲဖြစ်ရမယ်၊ အဲဒါ ... ဆရာဘယ်လိုလုပ်မှာလဲ"

"တောက် ... ဒီကောင်တွေ တော်တော်မိုက်ရိုင်းတယ်၊ ဟိုဘက်မှာ အလုပ်မရှိမှ ဒီဘက်ကို ပြန်ပြန်ပြေးလာတာ၊ လုံးဝ မမိုက်ဘူး ... ရတယ် ... ပြဿနာမရှိဘူး၊ ကောင်လေးတစ်ယောက်ကို တွေ့လို့ ငါခိုင်းထားလိုက်ပြီ"

"ဟာ ... ဆရာ ဘယ်ကောင်လေးလဲ ... "

"ဟိုမှာလေ ... ဆံပင်ရှည်ရှည်လေးကို သားရေကွင်းလေးနဲ့ စည်းထားတဲ့ကောင်လေး၊ ထမင်းမစားရတာ သုံးရက်ရှိပြီပြောလို့ ငါ အလုပ်ပေးလိုက်တာ ... "

ကောင်လေးကိုကြည့်ပြီး ပါးစပ်အဟောင်းသားလေး ဖြစ်သွားတာ မောင်ချစ်။

"ဟာ ... ဆရာ ... ဒီကောင် ... ဒီကောင်လေး ... "

"ဟင် ... မောင်ချစ်၊ ဒီကောင်လေးကို မင်းသိနေလို့လား"

"ဟာ ... သိတာပေါ့ ဆရာရယ်၊ ဒီကောင်လေး ... ဒီကောင်လေးက ဆံပင်တိုတို ဂုတ်ဝဲလေးနဲ့ သူ့ညီမလေးလက်ကိုဆွဲပြီး ရန်ကုန်မှာ သူတို့အမေကို လိုက်ရှာနေတာလေ ... မနက်က ဘတ်စ်ကားဂိတ်မှာ လူတွေအုံနေလို့ ဝင်ကြည့်ရင်း ဒီကောင့်ကို ကျွန်တော်





မြင်လိုက်တာ ... "

"ဟေ ... ဟုတ်လား ... "

"အရမ်းသနားဖို့ကောင်းတဲ့ မောင်နှမနှစ်ယောက်ပါဆရာရယ် ... သူတို့မောင်နှမ ငယ်ငယ်လေးကတည်းက အဖေနဲ့အမေကွဲသွားတာ၊ အဲဒါ ... သူတို့အမေရဲ့ ပုံတူပန်းချီကားစာရွက်လေးလိုက်ပြပြီးတော့ ရန်ကုန်မှာ တစ်လမ်းဝင် တစ်လမ်းထွက် လိုက်ရှာနေတာ ... "

"ဟာ ... ကြည့်စမ်း ... "

ဒီကောင်လေး ... ဒါတွေလည်း တစ်လုံးမှမပြောဘဲနဲ့။

စိတ်ကောင်းရှိသည့် ဦးထွန်းထွန်းဇော်ကိုယ်တိုင် ရင်မနင့်ဘဲ မနေနိုင်။ ဒါဆို ... မောင်ချစ်ပြောသည့် ဆံပင်တိုလေးနဲ့ သူ့ညီမလေးကရော ဘယ်မှာလဲ။ မောင်ချစ်ပြောတာနဲ့ပဲ အုတ်ပုံကြီးအနားကို ဦးထွန်းထွန်းဇော် ရောက်သွားသည်။

"ဟေ့ကောင် နေနန်းတော် ... "

"ဗျာ ... ဦးလေး ... "

"မင်း ... မင်းဘဝကို ဘာဖြစ်လို့ သေသေချာချာမပြောဘဲ အုတ်ဝင်ထမ်းနေရတာလဲ၊ ဟေ့ကောင် ... မင်းငါ့ကို ပြောစမ်း၊ မောင်ချစ်ပြောတော့ မင်းညီမလေးလက်ကိုဆွဲပြီး ရန်ကုန်မှာ မင်းအမေကို လာရှာတာဆို ... "

"အဲဒါ ... ဟုတ်တယ်လေ ... "

"ဟင် ... ဒါဆို ရန်ကုန်မှာ မင်းအသိတွေ ဆွေမျိုးတွေရှိလို့လား ... "

"မရှိဘူး ... "



www.burmeseclassic.com

www.burmeseclassic.com



"ဟေ ... ဒါဆို မင်းညအိပ်တော့ ဘယ်မှာအိပ်လဲ ..."

"ဘုတာကြီး ပလက်ဖောင်းမှာ ..."

"နေ ... နေနန်းတော်ရာ ... မင်းကွာ ..."

ကောင်လေး မျက်နှာလေးကိုကြည့်ကာ ဦးထွန်းထွန်းဇော် ကရုဏာဖြစ်လို့ မဆုံးတော့ပါ။ ကောင်လေးကတော့ မေးနေတာ တောင် စကားအပိုမပြောတော့ဘဲ သူ့အလုပ်ကိုပဲသူဆက်လုပ်နေ၏။ တစ်ခေါက်ပြီးတစ်ခေါက်လည်း ဆံပင်စည်းလေးနဲ့ အုတ်တွေ အပေါ်ထပ်ကို သယ်တင်နေသည်။

ဒါကိုကြည့်ပြီး သဲဗန်းရွက်တဲ့ ကောင်မလေးအဖွဲ့က ...

"ဟဲ့ ... ဟုတ်လို့လား ... မနက်က ဘတ်စ်ကားဂိတ်မှာတွေ့ ခဲ့တာ ဒီကိုကြီးလား ..."

"ဟဲ့ ... သေချာလို့ နင်တို့ကို ပြောနေတာပေါ့ဟဲ့၊ လူတွေ က စပ်စုပြီးတော့ ဝိုင်းအုံကြည့်နေတာလည်း အများကြီးပဲ၊ ဒီကိုကြီး နာမည်က နေနန်းတော်တဲ့ ... သူ့ညီမလေးနာမည်က ပန်းမြတ်ချယ် တဲ့၊ လူတွေက သနားပြီးတော့ ထမင်းစားဖို့ ပိုက်ဆံပေးတာလည်း ဒီကိုကြီးက မယူဘူး ... မျက်နှာထားတင်းတင်းလေးနဲ့ သူ့ညီမလေး လက်ကိုဆွဲပြီး ခပ်ပြတ်ပြတ်ပဲ လှည့်ထွက်သွားတာ၊ ဘယ်လောက် မာနကြီးတဲ့ ကိုကြီးလည်းဆိုတာ ... အဲဒါပဲ ... ကြည့်၊ မောင်နှမ နှစ်ယောက်စလုံးက အဝတ်အစားလေးနွမ်းနေပေမယ့် မျက်နှာ လေးတွေက ချောတယ် ... ပန်းမြတ်ချယ်ဆိုရင် အသားလေးက ဝင်းနေပြီးတော့ မျက်တောင်ရှည်ကြီးတွေက ကော့နက်နေတာ"

"သနားပါတယ်ဟယ် ... အခုလည်း ထမင်းမစားရတာ သုံး ရက်တောင်ရှိပြီဆိုလို့ ဘော့စ်က အုတ်သယ်ခိုင်းထားတာတဲ့"





အလုပ်သမားမိန်းကလေးတွေ တီးတိုးဝေဖန်နေတာကို လည်း နေနန်းတော်ဆိုတဲ့ကောင်လေးက ဂရုမစိုက်။ သူ့စိတ်ထဲမှာ ရှိနေတာ ဗိုက်ဆာနေတဲ့ သူ့ညီမလေးရဲ့မျက်နှာ။ လမ်းဘေးဘတ်စ် ကားဂိတ်အမိုးအောက်မှာ တစ်ယောက်တည်း ထားခဲ့ရလို့လည်း နေနန်းတော် စိတ်မချ။ ဒီအလုပ်ကိုဝင်လုပ်တာလည်း လူတွေက သနားလို့ခေါ်ကျွေးတာကို နေနန်းတော် လုံးဝ မစားချင်လို့ပါ။

ဘာဖြစ်လဲ ...

ကိုယ့်မှာလည်း ခြေနှစ်ဖက် လက်နှစ်ဖက်ရှိနေတာပဲဥစ္စာ။

နေနန်းတော် မကြောက်ပါဘူး။

ဒါနဲ့ပဲ ... တစ်ခေါက်ပြီးတစ်ခေါက် သယ်လိုက်တာ အုတ်ပုံ ကြီးက မြေပြင်မှာပြောင်သလင်းခါသွားသည်။

"ပြီးပြီ ... ဦးလေး ... ကျွန်တော့်ကို ထမင်းဖိုးပေး"

"ဟေ ..."

နေနန်းတော်ကတော့ ခပ်ပြတ်ပြတ်ပဲ။

တစ်ကိုယ်လုံး ချွေးတွေရွှဲနစ်နေသည့် နေနန်းတော်ဆိုသည့် ကောင်လေးကို စားပွဲမှာထိုင်ရင်း ဖျတ်ခနဲ မော့ကြည့်ကာ ဦးထွန်း ထွန်းဇော် အသက်ရှူဖို့ မေ့နေသည်။

"ငါ ... ငါ ဘယ်လောက်ပေးရမလဲ"

ကောင်လေးက ဆံပင်ရှည်တွေမှာ ပတ်ချည်ထားသည့် သားရေကွင်းကို ဆွဲဖြုတ်ပစ်ကာ ဆံပင်တွေမှာကပ်နေသည့် ဖုန်တွေ သဲတွေကို ခါချပစ်နေသည်။

"အဲဒါ ကျွန်တော်မသိဘူး ... ကျွန်တော်သိတာ ထမင်းစား ရရင် ကျေနပ်ပြီ ..."



www.burmeseclassic.com

www.burmeseclassic.com



"ရေကွာ ... မင်းတို့က မောင်နှမနှစ်ယောက်စားမှာဆိုတော့ ငါးထောင်ယူသွား ..."

တစ်ထောင်တန် အုပ်လိုက်ထဲက အပေါ်ဆုံးငါးရွက်ကို ဦးထွန်းထွန်းဇော် ဆွဲထုတ်သည်။ ဒါကို ကောင်လေးက ဖျတ်ခနဲ ဆွဲယူလိုက်ကာ စကားလည်း တစ်လုံးမှ မပြောတော့ဘဲ ချာခနဲ လှည့်ထွက်သွား၏။

"ဟာ ... ဟေ့ ... ဟေ့ နေဦး ... နေဦး ..."

ဦးထွန်းထွန်းဇော် ကပျာကယာ ထရပ်ရင်း ကောင်လေးကို လှမ်းတားရတာ လက်ထဲက ဘောလ်ပန်တောင် အောက်ကို ပြုတ်ကျသွား၏။

ခေါ်သံကြားတော့ ကောင်လေးက လှမ်းလက်စ ခြေလှမ်းတွေကို ရပ်ပစ်ရင်း ဆံပင်ရှည်တွေ ဖြာခနဲ ယမ်းသွားအောင် ဦးထွန်းထွန်းဇော်ကို ခပ်စူးစူးလေး ပြန်လှည့်ကြည့်သည်။

"ငါ ... ငါ ... မင်းဘဝလေးကို စိတ်ဝင်စားတယ်သိလား နေနန်းတော် ... မင်း စိတ်ဓာတ်မာမာကြောကြောလေးနဲ့ အလုပ်လုပ်သွားတာကိုလည်း ငါသဘောကျတယ် ... ငါ့ရဲ့ဆောက်လုပ်ရေးခွင်ထဲမှာ ဒီလိုမခံချင်စိတ်လေးနဲ့ မာနလေးနဲ့ အလုပ်လုပ်ချင်တဲ့ လူငယ်တွေအများကြီးလိုတယ်၊ ငါ့ကို ငွေထုတ်ပေးနေတဲ့ဘော့စ်ကလည်း မင်းကိုမြင်ရင် သဘောကျမှာ သေချာတယ် ... ဘယ်လိုလဲဟေ့ကောင် ... ဒီမှာ ... မင်းနေ့တိုင်း အလုပ်လာဆင်းမလား"

"ကျွန်တော်က အမေ့ကိုပဲ ရှာချင်တာ ..."

"ဟေ့ကောင် နေနန်းတော် ... ရန်ကုန်ဆိုတာ နေရာအကျယ်ကြီးလေ၊ ပန်းချီပုံစာရွက်ကလေးပြပြီး မင်းအမေကို ချက်





ချင်းတွေ့အောင် ဘယ်လိုလိုက်ရှာမလဲ၊ အခု ... ထမင်းအငတ်ခံပြီး သုံးရက်ရှာတာတောင် မင်းအမေကိုတွေ့လို့လား၊ ဒီမှာ ... ငါ့စကားကို မင်းနားထောင် ... အခု မင်းညီမလေးအသက်က ဘယ်နှနှစ်လဲ ..."

"ဆယ့်ရှစ်နှစ် ..."

"အေး ... ငါပြောတာလည်း အဲဒါပဲပြောတာ၊ မင်းတို့မောင်နှမနှစ်ယောက်အတွက် စိတ်ပူတာလည်းအဲဒါ၊ အပျိုအရွယ်မိန်းကလေးတစ်ယောက်ရဲ့လက်ကိုဆွဲပြီး ဘယ်ဘူတာ ပလက်ဖောင်းမှာ မင်းကလိုက်အိပ်ချင်သေးလို့လဲ ... စရိုက်တွေနဲ့တွေ့ရင် မင်းရော မင်းညီမလေးပါ ဘဝပျက်သွားမယ် ... နားလည်လား၊ အကောင်းဆုံးက ဒီမှာ အလုပ်လုပ်ရင်းနဲ့ အားတဲ့အချိန်မှာ မင်းတို့အမေကို လိုက်ရှာ ..."

"ရတယ် ... အမေနဲ့မတွေ့မှ ဦးလေးဆီကိုပြန်လာခဲ့မယ်"

"ဟာ ... ဟေ့ကောင် ..."

တစ်ခွန်းတည်းပြောပြီး ကောင်လေး ချာခနဲလှည့်ထွက်သွားခဲ့ပြီ။

ကြည့်စမ်း ...

အသက်ရှူမှားပြီး ကျန်ခဲ့ရတာ ဦးထွန်းထွန်းဇော်။

အလုပ်ပေးတာတောင် အမေကို လိုက်ရှာဦးမယ်တဲ့။

တော်တော်အသည်းမာတဲ့ ကောင်လေး။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၅ )

"အဝစား ဘယ်လောက်လဲ"

"ဟင် ... "

တည်လက်စ ဟင်းအိုးကို မီးထပ်ထိုးရင်း အသံကြားလို့ မော့ကြည့်လိုက်တော့ ... ဘုရားရေ ... မနက်က ကားဂိတ်နားမှာလူတွေ ဝိုင်းအုံကြည့်နေသည့် ဆံပင်ရှည်ရှည်လေးနဲ့ ဟိုကောင်လေး။

သူညီမလေးကိုလည်း လက်ကဆွဲလို့။

ကြည့်စမ်း ...

အခုမှ ဒီမောင်နှမနှစ်ယောက် ဘယ်ကပြန်ထွက်လာတာလဲ။

ထမင်းစားဖို့ရော ပိုက်ဆံမှပါရဲ့လား။

တချို့က လူတွေကို သနားအောင်ပြောပြီး ညာစားနေကြတာ။ လုံ့လုံ့တို့က လမ်းဘေးမှာ ထမင်းရောင်းလာတာကြာပြီမို့ ဒီလို လုပ်စားနေတဲ့လူတွေကိုတွေ့ရင် အသေမုန်းပဲ။ ဟွန်း ... ။

"အဝစား ရှစ်ရာလေ ... မသိဘူးလား ..."





"ဟာ ... မသိလို့ မေးတာပေါ့ဗျ ..."

"ဟွန်း ... အကြွေးတော့ မရောင်းဘူးနော် ..."

"ဘာပြောတယ် ... "

မျက်ခုံးတန်းကြီးနှစ်ခု ဖျတ်ခနဲ စုကျုံ့တက်သွားသလို ပိရိသေသပ်တဲ့ နှုတ်ခမ်းလေးအစုံကလည်း ချိန်သားကိုက်လေး မဲ့ကျသွားသည်။

"ဟွန်း ... ခင်ဗျားစကားပြောတာ ကြည့်ပြောနော်၊ ခင်ဗျားဆိုင်မှာ ဘယ်သူက အကြွေးစားမယ်ပြောနေလို့လဲ ... "

ဆံပင်တွေ ဘယ်ညာယမ်းသွားအောင် တစ်ချက်လှုပ်ရင်း ခပ်မာမာ ပြန်မေးတော့ ... လုံ့လုံ့မျက်နှာက နှာခေါင်းရှုံ့ရင်း မဲ့သွားသည်။

"ဘာပြောရမှာလဲ ... မြန်မာလိုရှင်းရှင်းပဲ ပြောလိုက်တာလေ၊ အကြွေးမရောင်းဘူးဆိုတာ ... မစားခင်က ကြိုပြီး ရှင်းရှင်းပြတ်ပြတ်ပြောထားတာ၊ ဒီနားမှာ ခပ်တည်တည်နဲ့ ဟောက်စားရိုက်စားလုပ်နေတဲ့လူတွေ အများကြီးဖြစ်နေလို့ ပြောတာ ..."

ဆက်ပြောနေရင်လည်း စကားပဲများရတော့မှာမို့ နေနန်းအောင် စိတ်ကိုလျှော့ပြီး ဘောင်းဘီအိတ်ထဲက တစ်ထောင်တန်နှစ်ရွက်ကို ဆွဲထုတ်လိုက်သည်။

"ရော့ ... ဒီမှာ နှစ်ထောင် ကြိုယူထား ..."

"ဟင် ..."

ဆိုင်ရှင်လုံ့လုံ့ မျက်တောင်တွေ ပင့်တက်သွား၏။

ဘယ်ဆိုးလို့လဲ ...

သူတို့မှာ ပိုက်ဆံရှိလို့ ထမင်းလာစားတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ပြော ... ဘာဟင်းတွေရှိလဲ ..."

နေနန်းတော်က မေးလည်းမေး ရှိသမျှ ဟင်းအိုးအဖုံးတွေကိုလည်း တစ်ခုမကျန် အကုန်ဆွဲလှန်သည်။

"ရှိတယ်လေ ... ကြက်သား၊ ဝက်သား၊ အမဲသား၊ ပုစွန် ငါးဖယ်၊ ဘဲဥ၊ ဆိတ်ပဲ၊ ငါးကြော်နှပ် ..."

"ညီမလေး ဘာနဲ့စားမလဲ ..."

"ကြက်သားနဲ့ ..."

"ကဲ ... ကြက်သားနဲ့ နှစ်ပွဲထည့်လိုက် ..."

လဲ့လဲ့အကြည့်တွေ အခုမှ ကောင်မလေးဆီ ရောက်သွား၏။

မဆိုးပါလားဟင်။ ဒီလောက်အဝတ်အစားလေး နွမ်းနေတာတောင် မျက်တောင်ရှည်ကြီးတွေက ကော့ညွတ်နက်မှောင်လို့။ နှာတံချွန်ချွန်ကလေးနဲ့ မျက်ဝန်းလေးတွေက ရှင်းသန့်လက်ဖြာနေသည်။ ဒီကောင်မလေးမှာ ပိုပြီးတော့ ချစ်ဖို့ကောင်းသွားခဲ့တာက ထူပြည့်ပြည့် နှုတ်ခမ်းလေးတွေက အပေါ်အောက်နှစ်လွှာ တင်းတင်းလေးထပ်ပြီး ပါးပြင်လေးနှစ်ဖက်ကိုက အသားလေးဝင်နေပြီးတော့ ရှင်းရှင်းလေးနဲ့ စွဲမက်ဖို့ကောင်းနေတာ။

ထမင်းတွေ ဟင်းတွေချပေးလိုက်တော့ ... မောင်နှမနှစ်ယောက် စားနေတာ ခေါင်းမဖော်နိုင်အောင်ပင်။

ဒါကြောင့်မို့ လဲ့လဲ့ စပ်စုကြည့်မိ၏။

"ဟို ... ဟိုလေ မောင်လေး ..."

"ဘာလဲဗျ ..."

"မောင် ... မောင်လေးတို့နှစ်ယောက်က နယ်ကလာတာ





လားဟင် ..."

"ဟုတ်တယ်"

ကောင်လေးက တိုတိုပြတ်ပြတ်ပဲ ဖြေ၏။

"နေတော့ရော ..."

"ဘုရားမှာ ..."

"ဟင် ... ဘုရားမှာ ဟုတ်လား ..."

လဲ့လဲ့ မျက်ခုံးတောင်တွေ ပင့်တက်သွားမိ၏။

"ဟို ... ဟိုလေ မောင်လေး ... စောစောက မကြီးပြောလိုက်တာကို စိတ်မဆိုးနဲ့နော်၊ မနက်ကလည်း ဟိုနားက ဘတ်စ်ကားဂိတ်မှာ မောင်လေးတို့မောင်နှမနှစ်ယောက်ကို တွေ့ပါတယ်၊ အဲဒါ ... မကြီးမေးကြည့်တော့ ကွဲသွားတဲ့အမေကို လိုက်ရှာနေတာဆို ..."

"ဟုတ်တယ် ..."

ထမင်းရောင်းရင်း ဒီလိုစပ်စုတတ်တာလည်း လဲ့လဲ့ရဲ့အကျင့်။ လမ်းဘေးထမင်းဆိုင်ဆိုတာ စားသည့်လူတွေကစုံသလို သတင်းတွေ ... အတင်းတွေဆိုတာကလည်း စုံတတ်တာမျိုးလေ။ ဒီကြားထဲ ကိုယ်ကမှ မစပ်စုဘဲ မနေနိုင်တော့ ဘယ်လိုလုပ်မလဲ။

"ဟို ... ဟိုလေ ... ဒါဆို မောင်လေးတို့ ဖေဖေနဲ့မေမေက ဘာလို့ကွဲသွားတာလဲ"

"ဟာ ... မတည့်လို့ ကွဲသွားတာပေါ့ဗျ ..."

နေနန်းတော် ... စိတ်မပါဘဲ ဖြေနေတာလည်း ဒီမိန်းမ သိပုံရ၏။



www.burmeseclassic.com

www.burmeseclassic.com



"မောင်လေးရယ် ... မောင်လေးတို့မောင်နှမအဖြစ်ကို ကြားရတာ မကြီးစိတ်မကောင်းလို့ ပြောတာနော် မောင်လေး ... ရန်ကုန်မှာ အမေကိုတွေ့ချင်လို့ ဒီလိုလိုက်ရှာနေရင် မောင်လေးတို့ ပဲ ရှုံးသွားလိမ့်မယ် ... မကြီး အကြံတစ်ခုပေးရင် မောင်လေး လက် ခံမလား ... လက်ခံရင် မကြီး ပြောမယ်လေ ..."

"ဟင် ... ဘာအကြံလဲ ..."

"မောင်နှမနှစ်ယောက် နေစရာအိပ်စရာမရှိဘဲ လျှောက် သွားနေမယ့်အစား ... ဟောဒီက ညီမလေးကို မကြီးရဲ့ဆိုင်မှာထား ခဲ့ ... ဆိုင်မှာ မကြီးနဲ့အတူတူ ထမင်းလည်းချက်၊ ဟင်းလည်းချက် ပန်းကန်လည်းဆေး စားပွဲထိုးလည်းလုပ် ..."

"ဘာ ... ဘာပြောတယ် ..."

နေနန်းတော် ဒေါသပွပွနဲ့ ဟိုမိန်းမကို မော့ကြည့်မိရပြီ။

ထမင်းဆက်စားလို့မရအောင်လည်း စိတ်ကပေါက်ကွဲသွား သည်။ ဒီလိုအလုပ်မျိုးတွေ ညီမလေး ပန်းမြတ်ချယ်က လုပ်နေစရာ လား။ ညီမလေးကို ဒီလိုခိုင်းစားဖို့ခေါ်လာတယ်များ ထင်နေသ လား။

"ခင်ဗျား ... ခင်ဗျား ဆက်မပြောနဲ့တော့ဗျာ၊ သိလား ... ဆက်ပြောရင် ခင်ဗျားထမင်းဆိုင်က ပန်းကန်တွေအားလုံး ကျွန် တော် ရိုက်ခွဲမိတော့မယ် ..."

ဆံပင်ရှည်တွေကို ပခုံးစွန်းပေါ်ကနေ ဖယ်သိမ်းခါချရင်း နေ နန်းတော် ပြောတော့ လှဲ့လှဲ့က မျက်တောင်တွေ တဖျတ်ဖျတ်ပုတ် ကာ ...





"အမလေးကွယ် ... မကြီးက မင်းတို့မောင်နှမနှစ်ယောက် လမ်းပေါ်မှာ ဒုက္ခရောက်နေမှာစိုးလို့ စေတနာနဲ့ပြောတာ ... ဟွန်း စေတနာကို နားမလည်လည်းနေပေါ့၊ မကြီးတို့က အနေသာကြီး"

နှုတ်ခမ်းလေးမဲ့ကာပဲ လှဲ့လှဲ့က မျက်နှာကို လမ်းမဘက် လှည့်သည်။ ဒါကိုလည်း ... နေနန်းတော်က မခံချင်ပါ။

"ဒီမှာ ... ခင်ဗျားသိထားဖို့က ဒီညီမလေးဟာ ကျွန်တော့်ရဲ့ အချစ်ဆုံးညီမလေး ... ဒီညီမလေးကို ဘယ်လိုအရာမျိုးနဲ့မှ ကျွန် တော်လဲနိုင်မှာမဟုတ်ဘူး၊ အခုလည်း ... အမေ့ကိုလိုက်ရှာရင်း ထမင်းမစားရတာ သုံးရက်ဖြစ်သွားလို့ ပခုံးတွေ စုတ်ပြဲနေအောင် ခုတ်တွေထမ်းပြီး၊ ဒီမှာ ထမင်းလာစားတာ၊ ဟောဒီမှာ ... ခင်ဗျား ကြည့်လိုက် ..."

တီရှပ်အင်္ကျီလေးရဲ့ ပခုံးသားအင်္ကျီစလေးကို ဆွဲလှန်ပြကာ နေနန်းတော် ပြောတော့ လှဲ့လှဲ့ မျက်လုံးပြူးသွား၏။

"ဟယ် ... ကြည့်စမ်း ..."

ပခုံးလေးမှာ ပွန်းပဲ့ရာလေးတွေနဲ့ သွေးချည်လေးဥပြီးတော့ တောင် ရဲနေတာ။

"မကြီး ... မကြီး ... မောင်လေးကိုပြောမိတာ တောင်းပန် ပါတယ်နော်၊ ညီမလေးကို အရမ်းချစ်တဲ့စိတ်နဲ့ မောင်လေး မခံချင်ဖြစ် သွားတာ၊ မကြီးသိတယ် ... နောက်လည်း မကြီးဆိုင်မှာ လာစား နော် ... မောင်လေး ... ဟင်း ဟင်း ..."

နောက်ဆုံးမှာတော့ ညီမလေး ပန်းမြတ်ချယ်ရဲ့လက်ကလေး လေးကိုဆွဲကာ ထမင်းဆိုင်လေးရှေ့က လှည့်ထွက်ခဲ့တဲ့ နေနန်း တော်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေရာရောက်တော့ ...

"ဖျောက် ... ဖျောက် ..."

"ဟော့ကောင် ... မင်း ခဏနေဦး ..."

နောက်ကနေ လက်ဖျောက်တီးကာ လှမ်းခေါ်လိုက်သံ ကြားလိုက်ရပေမယ့် နေနန်းတော်က လှည့်မကြည့်ပါ။ ကိုယ်ကို ခပ်မတ်မတ်လေးဖြစ်သွားအောင် တစ်ချက်ဆန့်လိုက်ပြီးတော့ ခေါင်းကို မော့ပစ်လိုက်တော့ ပခုံးစွန်းနှစ်ဖက်ပေါ်က ဆံပင်လေးတွေက ဘယ်ညာယိမ်းသွားသည်။

"ဟော့ကောင် ... မင်းကိုခေါ်နေတာနော် ..."

"ဟွန်း ..."

ကြားနေရပေမယ့် နေနန်းတော် ဂရုမစိုက်ပါ။

လမ်းပေါ်မှာ ဒီလိုခေါ်တိုင်းလှည့်ကြည့်နေရောလား။ ညီမလေး ပန်းမြတ်ချယ်ကလည်း သူ့လက်မောင်းကလေးကို ဆုပ်ဖက်လာ သလို ပခုံးစောင်းလေးမှာလည်း မောင်နှမနှစ်ယောက်ရဲ့ အဝတ် အစား အိတ်ကလေးကို လွယ်ထားရသေး၏။

"ကိုကြီး ..."

"ဟင် ... ညီမလေး ..."

"နောက်မှာ ... ဘယ်သူတွေလည်းမသိဘူး၊ ညီမလေးတို့ နောက်ကို လိုက်လာနေတယ်"

"ဂရုမစိုက်နဲ့ ..."

ပတ်ဝန်းကျင်မှာလည်း လူက ရှင်းနေသည်။

ဟိုး ... ခပ်လှမ်းလှမ်းတစ်နေရာမှာတော့ အနက်ရောင် ဆလွန်းကား လှလှလေးတစ်စီး ရပ်ထားတာကို တွေ့နေရ၏။





"ဟော့ကောင် မင်းကိုခေါ်နေတာလေ ... မကြားဘူးလား"

ပခုံးကိုကိုင်ပြီးဆွဲလှည့်တော့ လှမ်းလက်စ ခြေလှမ်းတွေကို နေနန်းတော်က ရပ်ပစ်သည်။ လိုက်လာသည့် ခြေသံတွေက ပြင်း သလို အရက်နံ့ကလည်း လေထဲမှာ ထောင်းခနဲ ထသွား၏။

"ဟာ ... ဘာလုပ်တာလဲ ..."

သူ ခပ်မာမာလှည့်ကြည့်ရင်းမေးတော့ ရှယ်တူကောင် လေး ယောက်က ပန်းမြတ်ချယ်ကိုပါ ရိုင်းရိုင်းစိုင်းစိုင်းသိမ်းကျုံးစိုက်ကြည့် ကာ။

"ဘာလုပ်ရမှာလဲ ... စောစောက ဒီကောင်မလေးကို လက် ဆွဲခေါ်ပြီး ထမင်းဆိုင်ရှေ့က ထွက်သွားလို့လိုက်လာတာ၊ တို့ဘာ အကူအညီပေးရမလဲ ... လိုတာရှိရင်ပြောနော် ..."

"ဟာ ... ဘာမှမလိုဘူး"

"ဟွန်း ... မင်း ဒီလိုမပြောနဲ့လေ ... မင်းတို့နှစ်ယောက်ရဲ့ ပုံကိုကြည့်လိုက်တာနဲ့ တစ်နေရာရာကနေ လွင့်လာတယ်ဆိုတာ ငါတို့အထာပေါက်တယ် ... ကဲ ... ဖြေပါဦး ... မင်းတို့နှစ်ယောက် က စုံတွဲလား ... ကြွတွဲလား ..."

"ဘာပြောတယ် ..."

သွားပြီ ... နေနန်းတော် စိတ်တွေ ပေါက်ကွဲလွင့်ထွက်သွား ပြီ။ သူနဲ့မျက်နှာချင်းဆိုင်ရပ်နေသည့် ညှင်းသိုးသိုး ဆံပင်ဘုတ် သိုက်နှင့်ကောင်ကို ရင်ဘတ်ကနေ ဆောင့်တွန်းပစ်လိုက်တော့ ကောင် ယိုင်ထွက်သွားကာ ကိုယ်ကပါ တစ်ပတ်လည်သွား၏။

"ဟော့ကောင် ... မင်း ... မင်း ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟာကွာ ... "

"ခွပ် ... ခွပ် ... "

"ဟာ ... ကြည့်စမ်း"

ဒီလို လာစော်ကားတာတော့ နေနန်းတော် သည်းမခံနိုင်ပါ။ ခွပ်ခနဲ ခွပ်ခနဲ အသံမြည်သွားအောင် နှစ်ချက်ဆင့်ကာ ထိုးချလိုက်ပြီး ပြေးဝင်လာသည့် နောက်နှစ်ကောင်ကိုပါ ဖြောင်းခနဲ ကန်ပစ်လိုက်တော့ လဲသူလဲ ပြိုသူပြိုနှင့် လမ်းပေါ်မှာ ပွဲက ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။

ပန်းမြတ်ချယ်ကတော့ ကိုကြီးနှင့်ဖြစ်နေသည့် ရန်ပွဲလေးကို ကြည့်ကာ အသားတွေ တဆတ်ဆတ်တုန်ရင်း တစ်ကိုယ်လုံးအေးစက်လျှက်။

"ဟေ့ ... ဟေ့ ... အားလုံးရပ်လိုက်ကြစမ်း ... "

"အများနဲ့တစ်ယောက် မင်းတို့မတရားမလုပ်ကြနဲ့"

လမ်းသွားလမ်းလာ လူကြီးတချို့ အပြေးအလွှားရောက်လာတော့မှ အားလုံးကိုယ်ရှိန်သတ်ကာ လေးယောက်စလုံး ပြန်လှည့်ပြေးသွားကြသည်။

"ကိုကြီးရယ် ... အဟင့် ... ဟင့် ... "

ပန်းမြတ်ချယ် ကိုကြီးကို ပြေးဖက်ကာ တဟင့်ဟင့်လေး ရှိုက်ငိုနေမိပါသည်။

ညရောက်တော့ ကြောက်ကြောက်နဲ့ ပန်းမြတ်ချယ် ဖျားတာလည်း တစ်ညလုံး။ နေနန်းတော် မအိပ်တော့ဘဲ ညီမလေးအနားမှာ ငုတ်တုတ်လေး ထိုင်ကာစောင့်ရသည်။ ညီမလေးက





တော့ ... အဖျားရှိန်တက်ပြီး ကယောင်ကတမ်းလေး ညည်းညူလို့ပါ။

"အမေ ... အမေနဲ့တွေ့ချင်တယ် ... "

"ဖွားပြောတော့ အမေရန်ကုန်မှာ ရှိတယ်ဆို ... "

"အဟင့် ... ဟင့် ... ဟင့် ... "

နောက်တစ်နေ့ မိုးလင်းတော့လည်း ညီမလေးကို ဂျာနယ်အရောင်းဆိုင်ကလေးနားမှာ ထားခဲ့ပြီး၊ သူတစ်ယောက်တည်း ပိုက်ဆံရှာဖို့ ထွက်လာခဲ့ရသည်။

ပြန်လာတော့ သူထားခဲ့သည့်နေရာလေးမှာ ... ညီမလေးက မရှိတော့။

"ဟင် ... အဒေါ် ... ကျွန်တော့် ညီမလေးရော ... "

"ဟဲ့ ... စောစောကပဲ ဒီနားလေးမှာ ထိုင်နေသေးတယ်လေ"

ညီမလေး ပျောက်သွားတော့ ဂျာနယ်ရောင်းသည့်အဒေါ်ကြီး မျက်လုံးပြူးသွားသည်။

"ပြဿနာပဲဗျာ ... "

အနားတစ်ဝိုက်မှာ ပြေးရှာကြည့်တော့လည်း ညီမလေးကို မတွေ့။

သူ ပျာယာခတ်သွားသလို စိတ်ထဲမှာလည်း အရမ်းပူသွား၏။

"ငါ့တူကြီးရယ် ... အဒေါ်လည်း ဂျာနယ်တွေရောင်းကောင်းနေတာနဲ့ သတိမထားမိဘဲ ဖြစ်သွားတာ ... မင်း ... မင်းသွားတာကြာနေလို့ မင်းကိုရှာဖို့ ထွက်သွားတာပဲဖြစ်ရမယ် ... "



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ဟာ သူအသည်းပျက်ခဲ့ရသော နေ့သာဖြစ်ခဲ့သည်။

ပြောရရင် ညီမလေးကို နောက်ဆုံးတွေ့လိုက်ရတဲ့နေ့။

သူ့ဆီမှာပါလာခဲ့တာက သူ့ဂျင်းဘောင်းဘီအိတ်ထဲက အမေ့ရဲ့ပုံတူ ပန်းချီစာရွက်ကလေး။

သူ့ ဝတ်ရမယ့်အဝတ်အစားတွေကလည်း ညီမလေးရဲ့ကျောပိုးအိတ်လေးထဲကို ပါသွားခဲ့ပြီ။

အခန်း ( ၁၆ )

"ဟယ် ... ဦးနေရယ် ... ဦးနေတို့မောင်နှမနှစ်ယောက်ရဲ့ ဇာတ်လမ်းလေးက သနားဖို့ကောင်းလိုက်တာ၊ ဒါ ... ဒါဆို ... ပျောက်သွားတဲ့ မမပန်းမြတ်ချယ်ကိုရော ဦးနေရဲ့မေမေကိုပါ ဦးနေတစ်ယောက်တည်း လိုက်ရှာနေရတာပေါ့ ... "

"ဒါပေါ့ ခရေပွင့်လေးရယ် ... ဦးနေထင်တာကတော့ ညီမလေး ပန်းမြတ်ချယ်က အရမ်းအားငယ်တတ်တယ်လေ ... အမေ့ကိုရှာမတွေ့လို့ စိတ်ဓာတ်ကျပြီး ရေထဲကိုခုန်ချသွားပြီလားဆိုတာ"

"အို ... မပြောကောင်း မဆိုကောင်း ဦးနေရယ် ... ဦးနေကို လိုက်ရှာရင်း မျက်စိလည်လမ်းမှားသွားရင်း တစ်ယောက်ယောက်က မမပန်းမြတ်ချယ်ကို ခေါ်သွားခဲ့တာပဲနေမှာ ... တစ်နေ့နေ့မှာ မမပန်းမြတ်ချယ်ကို ဦးနေ ပြန်တွေ့မှာ ... ပြန်တွေ့မှာ ... ဦးနေ မယုံရင်ကြည့် ... "

ခရေပွင့်လေးက အားပေးတာမှန်ပေမယ့် သူကတော့ မျှော်လင့်ချက်တွေ မဲ့နေခဲ့တာ သေချာနေခဲ့သည်။

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဦးနေရယ် ... မမမြတ်သောမေကို ဦးနေ သတိမရဘူးလားဟင်၊ ခုလောက်ဆိုရင် ... မမမြတ်သောမေလည်း ဦးနေကို သတိရချင်ရနေမှာနော်၊ ပြီးတော့ ... ဦးနေဆွဲပေးတဲ့ ပန်းချီပုံလေးထဲက ဆံရစ်ဝိုင်းကလေးနဲ့ ကောင်မလေးက ဦးနေရဲ့ညီမလေးမှန်း မမသိသွားရင် အရမ်းဝမ်းသာသွားမှာနော် ... "

"ဟွန်း ... ဦးနေကတော့ မေ့လိုက်ပါပြီကွာ ... "

"ဟာ ... အဲဒီမမကို ဦးနေ မေ့လိုက်ပြီဆိုတာ ခရေပြုံးကတော့ မယုံပါဘူး ... မမကို ဦးနေ အရမ်းချစ်တာ ... ခရေပြုံးသိတယ်၊ မမကလည်း ဦးနေကို အရမ်းချစ်တာလေ ... ချစ်လို့တောင် သူ့နောက်ကို ဦးနေလိုက်လာအောင် တဲရှေ့မှာ ကပ်ထားတဲ့ ဦးနေ မေမေရဲ့ပုံတူပန်းချီစာရွက်လေးကို မမယူသွားတယ် ... "

"ဘာ ... ဘာပြောတယ် ... "

သူ ဝုန်းခနဲ ထရပ်ကာ တဲရှေ့ကိုပြေးကြည့်လိုက်တော့ ခရေပြုံးလေးပြောသလို တဲရှေ့နံရံမှာ ပန်းချီပုံလေး မရှိတော့ပါ။ ရင်ထဲမှာလှိုက်ဟာသွားသလို နှုတ်ခမ်းလေးမဲ့ပြီးတော့လည်း နေနန်းတော်က ပြုံးမိသည်။

"ခရေပြုံးလေးရယ် ... ဒီအတိုင်းဆိုရင်တော့ သူ့နောက်ကို လိုက်သွားပြီး ဒီပုံလေးကို ပြန်တောင်းရတော့မှာပေါ့ ... "

"အဲဒါကြောင့် ဦးနေကို ခရေပြုံးပြောတာပေါ့ ... ဒါပေမဲ့နော် ဦးနေ လိုက်သွားရင်လည်း သတိထားပြီးတော့သွားဦး ... မမမြတ်သောမေရဲ့ ဟိုမေမေ အန်တီကြီးက အဆင့်အတန်းတော်တော်ခွဲတယ် ... လိုက်သွားရင် ဦးနေကို မတူမတန်သလို ပြောမှာသေချာတယ် ... "





"ဟွန်း ... ဦးနေ ဂရုမစိုက်ပါဘူး"

ဒါနဲ့ပဲ ... နောက်တစ်နေ့မှာ နေနန်းတော်လိုက်သွားတော့။

"ဟိတ် ... မင်း ဘယ်သူလဲဟင် ... မင်း ဘာဖြစ်လို့ ခြံထဲကို ချောင်းကြည့်နေတာလဲ ... "

ကြီးကြီးမိုး မသင်္ကာလို့ ခြံတံခါးကြီးနားကို အပြေးကလေး ထွက်လာတာပါ။ ကြည့်လိုက်တော့ ဆံပင်ရှည်ရှည်လေးနဲ့ကောင်လေးတစ်ယောက်။ မျက်နှာထား တည်တည်ကလေးနှင့် နှုတ်ခမ်းကလေးက စိုစိုရဲရဲကလေးမို့ စိတ်ဝင်စားပြီးတော့ ကြီးကြီးမိုး မေးမိ၏။

"ကျွန်တော် ... မြတ်သောမေနဲ့ တွေ့ချင်လို့ပါ ... "

"ဟင် ... မြတ်သောမေ ဟုတ်လား ... "

ကြည့်စမ်း ...

ဒီဆံပင်ရှည်ရှည်နဲ့ကောင်လေး တွေ့ချင်တာ မြတ်သောမေတဲ့။

ဘုရား ... ဘုရား ...

ဒါ ... ဒါ ... မေပြောတဲ့ နေနန်းတော်ဆိုတဲ့ကောင်လေးများလား။ မဆိုးပါလားဟင်။ ဆံပင်လေးရှည်တာတစ်ခုကလွဲရင် မျက်နှာထားလေးက ဖြူဖြူချောချောလေး။

"မင်း ... မင်း ဘယ်သူလဲဟင် ... နေ ... နေနန်းတော်ဆိုတာ မင်းလား ... "

"ဟုတ်ကဲ့ ... ကျွန်တော် နေနန်းတော်ပါ ... "

"ဒေါ်မိုး ... ရှင်မဖွင့်နဲ့ ... ကျွန်မ လာပြီ ... "

ကြီးကြီးမိုးနောက်မှာ ပြေးထွက်လာတာ ဒေါ်ရှင်းမခပါ။



www.burmeseclassic.com

www.burmeseclassic.com



အရိပ်ကိုမြင်လိုက်ကတည်းက နေနန်းတော်ဆိုတာ သိလိုက်ပြီး သား။

"မင်း ... မင်း ... ဒီကို ဘာလာလုပ်တာလဲ နေနန်းတော်"

မျက်တောင်ပင့် ခါးထောက်ကြည့်ရင်း ဒေါ်လှိုင်းမခ နှုတ်ခမ်းမဲ့ကာမေးသည်။ ကြီးကြီးမိုး ခြေတစ်လှမ်း နောက်ပြန်ဆုတ်ကာ ကောင်လေးကိုပဲ စိတ်ဝင်တစား ငေးကြည့်လိုက်မိ၏။

"ကျွန်တော် တွေ့ချင်တာ ခင်ဗျားကိုမဟုတ်ဘူး ... မြတ်သောမေကို ... "

နေနန်းတော်ဆိုသည့်ကောင်လေးကလည်း မျက်နှာလေးမော့ကာ တင်းတင်းပြတ်ပြတ်လေး ပြန်ဖြေ၏။ ဒီလိုလေသံမာမာလေးနဲ့ ပြန်ဖြေလိုက်တာကိုလည်း ဒေါ်လှိုင်းမခ အခံရခက်သွားပုံရသည်။

"နေပါဦး ... မင်းက မြတ်သောမေနဲ့တွေ့ချင်တယ်ပြောရအောင် မင်းလာရင် လက်ခံတွေ့ဆုံပါမယ်လို့ မြတ်သောမေက ကတိပြု ဝန်ခံထားတာရှိလို့လား ... ငါသိထားတာက မင်းနဲ့မြတ်သောမေရဲ့ကိစ္စက ပြီးပြီ၊ ထပ်ပြီးတော့ ရှုတ်ရှုတ်ယှက်ယှက် ပတ်သက်နေစရာအကြောင်းတွေ ဘာမှမရှိတော့ဘူး"

"အဲဒါ ... ခင်ဗျားနဲ့မဆိုင်ဘူးလေ အန်တီ ... "

"ဒီမှာ ... မင်းကို ရှည်ရှည်ဝေးဝေး ရှင်းပြနေစရာအကြောင်းမရှိဘူး၊ မင်းကို ငါ့သမီးမြတ်သောမေနဲ့လည်း တွေ့ခွင့်မပေးနိုင်ဘူး နောက်တစ်ခါ ... ဒီခြံရှေ့မှာ ခြေစုံလာရပ်တာနဲ့ မင်းကို ရဲလက်ထဲအပ်မယ် ... "

"ဟွန်း ... ဒါဆို ... အန်တီက ဒီခြံတံခါးကို မဖွင့်ဘူးပေါ့"





"မဖွင့်ဘူး ... မဖွင့်ဘူး ... မင်းလိုကလေကဝ ပေါက်လွှတ်ပဲစားအဆင့်အတန်းမျိုးနဲ့လည်း ငါတို့က မဆက်ဆံချင်ဘူး ... နောက်တစ်ခါ ... ဒီခြံရှေ့ကို မင်းမလာနဲ့ ... "

"အန်တီ ဖွင့်မပေးရင် ဒီခြံတံခါးကြီးကို ကျော်ပြီး ကျွန်တော်ဝင်လာမှာနော် ... အန်တီသိပါတယ် ... ကျွန်တော့်နာမည် နေနန်းတော် ... "

"ဟော့ ... ဒီမှာ ... မင်းဟာမင်း နေနန်းတော်မကလို့ စကြာဝဠာအနန္တ မဟာနန်းတော်ကြီးပဲဖြစ်ဖြစ် မင်းလို ဘာအဆင့်မှမရှိတဲ့ကောင်လေးတစ်ယောက်နဲ့ မပတ်သက်ချင်လို့ မောင်းထုတ်နေတာရှင်းရဲ့လား ... "

"တောက် ... အန်တီရာ ... ခင်ဗျားဗျာ ... "

မျက်နှာလေးရဲနေရှာတာ နေနန်းတော်ရယ်ပါ။

ခြံတံခါးသံတိုင်လေးတွေကို ကိုင်ပြီး ရပ်နေရတဲ့အဖြစ်ကတကယ့်ကို စိတ်ပျက်စရာ။ ကိုယ်က ပြန်လိုချင်တာ မြတ်သောမေမြတ်ယူသွားတဲ့ မေမေ့ရဲ့ပုံတူပန်းချီစာရွက်လေး။

"ဟာ ... အန်တီ ... ခင်ဗျား မသွားနဲ့နော် ... "

နေနန်းတော် အော်ပေမယ့် ...

ဒေါ်လှိုင်းမခကတော့ ကြီးကြီးမိုးလက်ကိုဆွဲကာ တင်းတင်းပြတ်ပြတ်ပဲ လှည့်ထွက်သွားခဲ့ပြီ။ ပြောရရင် ... ဒီမှာတောင် ပြဿနာပေါင်း သောင်းခြောက်ထောင်တက်နေလို့ မနည်းရှင်းနေရတဲ့ဥစ္စာ။ ဒီနေနန်းတော်ဆိုတဲ့ကောင်လေးက ဝင်ရှုတ်နေစရာလား။

"မမရယ် ... ဟိုကောင်လေး သနားပါတယ် ... အကျိုး



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းလေး ကျွန်မသွားမေးပြီး ချော့မော့ပြန်လွှတ်လိုက်ရင် ကောင်းမယ်ထင်တယ်နော်မမ ... တော်ကြာ ... ခြံစည်းရိုးကို ကျော်ခွတက်လာပြီး ပြဿနာရှာနေမှ ..."

"အမလေး ... ဂရုစိုက်နေစရာလား၊ ညည်းအသာနေ ... ဒီကောင်လေးနဲ့ပေးတွေ့ဖို့ဆိုတာ လုံးဝမဖြစ်နိုင်လို့ ငါပြောနေတာ"

ကြီးကြီးမိုးမှာတော့ ကောင်လေးကို လှည့်ကြည့် လှည့်ကြည့်နဲ့။

ဒါကို ... နားစွန်နားဖျား ကြားသွားခဲ့တာ အိုးလေး။

"မမမေ ... မမမေ ... တံခါးဖွင့်ပါဦး ..."

"ဒေါက် ... ဒေါက် ..."

"ဟင် ... အပြင်ကဘယ်သူလဲဟင် အိုးလေးလား ..."

"ဟုတ်တယ် မမမေရေ ... အရေးကြီးလို့ ... အရေးကြီးလို့ တံခါးမြန်မြန်ဖွင့်ပါ မမမေရဲ့ ..."

"ဂျောက် ... ဒေါက် ..."

မေ တံခါးကို ခပ်သွက်သွက်လေးဖွင့်တော့ ဆံပင်တွေ ဖိုသီဘတ်သီနဲ့ အခန်းဝမှာအိုးလေးတစ်ယောက်တည်း ရပ်လို့။ အသက်ရှုပင် မမှန်တော့ဘဲ တစ်ကိုယ်လုံး တုန်လှုပ်နေတာက မျက်နှာလေးကပါ ဖြူဖတ်ဖြူလျော်လေးနဲ့။

"ဟင် ... ပြောလေ ... အိုးလေး ဘာဖြစ်လာတာလဲ"

"ကိုကြီး ... ကိုကြီး နေနန်းတော် ... ခြံဝမှာရောက်နေပြီ"

"ဘာ ..."

မေ ထိတ်ခနဲဖြစ်သွားကာ မျက်ဝန်းလေးတွေပါ ဝိုင်းစက်





သွားသည်။

"အဲဒါလေ ... ကိုကြီး နေနန်းတော်ကို ခြံတံခါးတောင်ဖွင့်မပေးဘဲ အန်တီလှိုင်းမခက မောင်းထုတ်နေတာ ..."

"ဟယ် ..."

မေ သွက်သွက်လေးပြေးထွက်သွားပြီး တိုက်အပေါ်ထပ် ဧရန်တာလေးက လှမ်းကြည့်လိုက်တော့ သူ ... သူ ... နေနန်းတော် ရယ်လေ။

ခြံဝက သံတံခါးကြီးကိုကိုင်ကာ ခြံထဲကိုလှမ်းအော်နေတာ တာ။

"မြတ်သောမေ ..."

"မြတ်သောမေရေ ..."

"ငါ ... မင်းကို တွေ့ချင်လို့လိုက်လာတာကွ"

"ငါ့ကို တံခါးလာဖွင့်ပေးပါ ..."

မြတ်စွာဘုရား ... ခြံဝမှာရပ်ပြီး ခြံထဲကို သူအသားကုန် လှမ်းအော်နေတာပါလား။ မေ ဘာလုပ်ရင်ကောင်းမလဲ။ မေ့တစ်ကိုယ်လုံး အေးစက်သွားတာလည်း မေကိုယ်တိုင်ပဲသိနေ၏။ မေ ခြေထောက်နှင့်ကြမ်းပြင် မထိတော့ဘဲ ခြံထဲကို ဘယ်လိုရောက်သွားမှန်းပင် မသိလိုက်။

"မြတ်သောမေ ... မင်းမသွားနဲ့၊ အန်တီ့စကားကို နားထောင်စမ်း ..."

"ဟင် ..."

မေ့နောက်ကို ပြေးလိုက်ရင်းတားနေတာ အန်တီလှိုင်းမခ။

"မင်းကို ဒီကောင်လေးနဲ့ပတ်သက်ခွင့် အန်တီမပေးနိုင်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ပြီးဆုံးသွားတဲ့ဇာတ်လမ်းတစ်ပုဒ်ကို တစ်ကနေပြန်စချင်နေတာ လည်း အန်တီ ခွင့်မပြုနိုင်ဘူး ... တိုက်ထဲကို မင်းပြန်ဝင်လိုက် မြတ်သောမေ ... ”

“ရှင် ... အန်တီ ... ”

မေ ရှေ့ကိုပဲဆက်သွားရမလား၊ နောက်ကိုပဲ ပြန်ဆုတ်လိုက် ရမလား။ အိုးလေးကလည်း မေ့နောက်မှာ။ ကြီးကြီးမိုးကလည်း စိုးရိမ်ကြောင့်ကြနေတဲ့ မျက်ဝန်းကလေးတွေနဲ့ မေ့ကိုစိုက်ကြည့်လို့

“အန်တီပြောတာ မင်းသဘောပေါက်ပါတယ် မြတ်သော မေ”

မေနှင့်အနီးဆုံးတိုရောက်အောင် အန်တီလှိုင်းမခ တစ်လှမ်း ချင်းလှမ်းလာသည်။ ဒါ ... မေနဲ့ပတ်သက်လာတိုင်း ကန့်သတ်ပိတ် ဆို့မှုတွေကို အမြဲပြဌာန်းလာတဲ့ အန်တီလှိုင်းမခရဲ့ ချုပ်ချယ်မှုတွေ ပဲလေ။

သို့သော် ... ဒီတစ်ခါတော့ ...

“ဟင့်အင်း အန်တီ ... မေ့ကို မတားပါနဲ့၊ နေနန်းတော်ဆို တာ မေအရမ်းချစ်ခဲ့ရတဲ့ချစ်သူ ... သူ့ဘဝလေးက ဘယ်လောက်ပဲ နိမ့်ကျနေပါစေ သူ့ကို မေတန်ဖိုးထားတယ် ... အန်တီ မနှောင့် ယှက်ပါနဲ့ ... ”

“ဟင် ... ”

မေ အန်တီလှိုင်းမခကို အပြတ်ပြောပြီး လှည့်ထွက်လာခဲ့ တာ သူ့ကို အရမ်းသတိရနေမိတဲ့ စိတ်ကလေးကြောင့်ပါ။

“ဟွန်း ... မင်း ထွက်လာတယ်နော် မြတ်သောမေ ... ”

“ရှင် ဝင်လို့ရအောင် ကျွန်မကိုယ်တိုင် တံခါးလာဖွင့်ပေး





တာ”

“မဖွင့်နဲ့ မြတ်သောမေ ... ငါမဝင်ဘူး ... ”

“ဟင် ... ဘာဖြစ်လို့လဲ”

မေ မြတ်တောင်လေးတွေ ပင့်ကော့လျှက်။

“မေမေရဲ့ပုံတူပန်းချီ စာရွက်လေး ငါ့ကိုပြန်ပေးပါ”

“ဟွန်း ... ”

မေ နှုတ်ခမ်းလေးမဲ့ကာ ပြုံးမိသည်။

သူမဝင်တော့လည်း ခြံတံခါးကြီးကိုဆွဲဖွင့်ကာ မေ့ကပဲ ခြင်ကို ထွက်လိုက်ရပြီပေါ့။

“ရတယ် နေနန်းတော် ... ရှင်မဝင်ရင် ကျွန်မထွက်တယ်”

“ဂျောင်း ... ဒေါင်း ... ”

“ကျွီ ... ”

မျောက်လက်တံခါးဂျိတ်ကြီးကို ဂျောင်းခနဲ ဒေါင်းခနဲ အသံ ညံသွားအောင် ဆွဲဖွင့်ကာ မေ ထွက်လိုက်တော့ ... သူ မျက်ခုံး သားပင့်ကာ အံ့ဩသွားသည်။

“ကြည့်စမ်း ... ”

ဒေါ်လှိုင်းမခ အသက်ရှူမှားလျှက်။

“မမိုးနော် ... မြတ်သောမေ ငါ့ကိုဆန့်ကျင်သွားတာ ညည်း ...တယ်နော် ... ဘာအဆင့်မှမရှိတဲ့ကောင်လေးတစ်ယောက်ကို ...း ဒီလောက်ထိ လိုက်လျောဆက်ဆံနေစရာလိုသလား၊ ဒါ ... ...က်သက်မှ ငါ့ကိုစိမ်ခေါ်တာ ... ”

“စိတ် ... စိတ်ထိန်းပါ ... မမလှိုင်းမခရယ်၊ မေ ... မေက



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင်လေးကို သံယောဇဉ်ရှိနေလို့ ခဏထွက်တွေ့တာပဲနော် ပါ"

"ဘာသံယောဇဉ်လဲ ... ဘာသံယောဇဉ်လဲ ..."

ဒေါ်လှိုင်းမခ မျက်နှာတွေရဲ့ကာ အသားတဆတ်ဆတ်တု ရင်း သူကပါ ခြံပြင်ထိ ထွက်လိုက်သွားသည်။ ဒေါသနှင့်ခံပြင်းမှုတ ကပါ တွဲကပ်ပါသွားတော့ မျက်ဝန်းတွေပါ တဖျတ်ဖျတ်လက် ခြေသံကပါ ပြင်းသွားသည်။

"နေပါဦး ... ကောင်လေး ... မင်းကိုငါပြောမယ်"

"ဟင် ..."

အသံကြောင့် နေနန်းတော် ခြေလှမ်းတွေ တုန့်သွားသ မေကလည်း မျက်နှာပျက်ပျက်လေးနှင့် နောက်ကိုလှည့်ကြည့် ဒေါ်လှိုင်းမခက မျက်နှာကို မော့ချိုထားကာ နေနန်းတော်ရှေ့က ပိတ်ရပ်သည်။

"မင်းမှာ ဘာရည်ရွယ်ချက်တွေရှိလို့ ဒီအထိလိုက်လာ နှောက်ယှက်နေသလဲဆိုတာ မင်း ... ငါ့ကိုပြောစမ်း ..."

"ဟာ ... အန်တီနော် ... နေနန်းတော်ကို အန်တီဘာ ပြောစရာမလိုဘူး၊ ပြောချင်ရင် မေ့ကိုပဲ အန်တီပြော ... မေးချင် မေ့ကိုပဲ အန်တီမေး ... နေနန်းတော်ကို လမ်းပေါ်က ပေပေ တေ ကောင်လေးတစ်ယောက်ဆိုပြီး အန်တီအထင်သေး နှိမ်ချ နေစရာအကြောင်း မရှိဘူး"

မေ မခံစားနိုင်တော့လို့ အန်တီလှိုင်းမခကို ပြန်ပြော တာလေ။ မေက ... သူ့အမြတ်တနိုးနဲ့တန်ဖိုးထားတဲ့ ပန်းချီ





ကလေးကိုယူလာခဲ့လို့ သူ ... မေ့နောက်ကို လိုက်လာတာ။ ကို မခွဲနိုင်လို့ ရှုတ်ရှုတ်ယှက်ယှက်တွေလာလုပ်နေတာ မဟုတ် ဆိုတာ မေယုံတယ်လေ အန်တီ။ ပြီးတော့ ... နေနန်းတော်က နေတအားကြီးတယ်။

"ဟာ ... မပြောလို့ရမလား မြတ်သောမေ၊ အပျက်အပျက် ခေါင်းသွေးထွက်တာ မခံနိုင်လို့ငါပြောနေတာ"

"ဟွန်း ... အန်တီရယ် ... အန်တီ ဘာလို့လူတစ်ယောက်ကို လောက်ထိ နှိမ်နှိမ်ချချပြောချင်တာလဲဟင် အန်တီ ... ဘာလဲ အန်တီ ... သမီးကို နေနန်းတော်ဆိုတဲ့ကောင်က မြူဆွယ်ဖျား ယောင်းသွေးဆောင်ဖို့ ဒီနေရာထိ လိုက်လာတယ် ... အန်တီထင် နေလို့လား ..."

နေနန်းတော်ကလည်း မျက်နှာထားမာမာလေးနဲ့။

"အန်တီတို့ ဘယ်လောက်ပဲချမ်းသာ ချမ်းသာ နေနန်းတော် မစိုက်ဘူးဆိုတာ ယုံထားလိုက်ပါအန်တီ ... ကျွန်တော် ... အခု လိုက်လာတာ၊ ကွဲသွားတဲ့ ကျွန်တော့်အမေရဲ့ ပန်းချီပုံတူစာရွက် လေး မြတ်သောမေ ယူသွားလို့ ကျွန်တော် ပြန်လာတောင်း တာ"

"ဒီမှာ ... အဲဒါတွေ ငါစိတ်မဝင်စားဘူး၊ ဒါကိုအကြောင်းပြ ပြီး ငါ့ခြံထဲကို ဝင်ထွက်ဖို့လည်း မကြိုးစားနဲ့ ... အေး ... အဲဒီပန်းချီ စာရွက်ပြန်လိုချင်တယ်ဆိုရင် ဒရိုင်ဘာဦးစံကို မင်းဆီရောက်အောင် ပို့ခိုင်းပေးမယ်၊ ကဲ ... မင်း ကျေနပ်ပြီမို့လား ... ကျေနပ်ရင် သွားတော့ ..."

"ဟွန်း ... အန်တီ ကတိတည်ပါစေနော် ..."



www.burmeseclassic.com

www.burmeseclassic.com



"အို … မင်းကို ကတိပေးနေတာ၊ ငါကိုယ်တိုင်ကတိပေး
တာလေ"

"ရတယ် … အန်တီ … အန်တီ့ကို လေးစားသောအား
နောက်သုံးရက် ကျွန်တော်စောင့်မယ် … ကဲ … ငါသွားမယ် မြ
သောမေ …"

"နေနန်းတော် … ရှင်မသွားနဲ့ …"

မေ အော်ရင်း … သူ့နောက်ကို ပြေးလိုက်သည်။

"မင်းမလိုက်နဲ့ … မြတ်သောမေ …"

"ဟင့်အင်း … နေနန်းတော် … ရှင့်ကို ကျွန်မ ပြော
တွေရှိတယ်"

မေ … ဘယ်သူ့ကိုမှ မရှက်နိုင်ပါ။

သူ့အပေါ်မှာ မေ မကျေနပ်ခဲ့တာတွေရှိပေမယ့် သူဒီ
လိုက်လာတယ်ဆိုတော့လည်း မေ့မှာ ဝမ်းနည်းဝမ်းသာလေး
ခံစားလိုက်ရသေးတာပေါ့။ လှည့်ထွက်သွားတဲ့ သူ့ခြေလှမ်းကြ
တွေကို မနည်းမှီအောင် လိုက်ခဲ့ရလို့ မေ့ဆံပင်ရှည်လေးတွေက
ဖရဲလေးဖြစ်ပြီး လေထဲမှာလွင့်နေသည်။

"နေ … နေပါဦး နေနန်းတော် …"

"ဟာ … မင်း ဘာလို့ လိုက်လာတာလဲ"

သူ ခပ်ဆတ်ဆတ်လေး လှည့်ကြည့်ကာ တုန့်ခနဲရပ်ပြီး
ကို ချာခနဲ လှည့်ကြည့်တော့ … မေပါ သူနဲ့အတူ ပန်းချင်းယှဉ်
ရပ်လိုက်ရသည်။

"ရှင့်ဘဝမှာ ဘာတွေပဲဖြစ်နေ ဖြစ်နေ … ရှင့်ကို ကူညီ
တင်ရမယ့်တာဝန်တွေ ကျွန်မမှာ ရှိနေတာကို ရှင်သိစေချင်လို့





ပြောတာ … ရှင် အခက်အခဲရှိရင် ကျွန်မဆီကို အချိန်မရွေးလာနိုင်
တယ်"

"ကောင်းပြီလေ မြတ်သောမေ … မင်းဒီလိုပြောတဲ့အတွက်
တော့ ငါမင်းကို ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ … ငါက နေနန်းတော်
ပါ။ ကဲ … ငါသွားတော့မယ် …"

အသည်းကတော့ မာသလားမမေးနဲ့။

မေ့ကို ခပ်စူးစူးလေးတစ်ချက် စိုက်ကြည့်ပြီးတော့မှ ချာခနဲ
လှည့်ထွက်သွားသည်။

ခြံထဲကို ပြန်ရောက်တော့မှ အိုးလေးက …

"မမမေ … မမမေ …"

"ဟင် … ဘာလဲ အိုးလေး …"

"ကိုကြီး နေနန်းတော်က တော်တော်မာနကြီးတယ်နော်၊
မမမေက ဒီလောက်ချစ်လို့နောက်က ပြေးလိုက်သွားတာတောင်
မမမေကို ပြောချင်သလိုလို မပြောချင်သလိုလိုနဲ့ …"

အိုးလေး အံ့သြနေတာက ဆင်းရဲလို့အဝတ်အစားလေး နွမ်း
နေပေမယ့် ကိုကြီးနေနန်းတော်ရဲ့ မျက်နှာလေးက အရမ်းချောနေ
တာ။ ဒါကိုကြည့်ပြီး … အိုးလေး သဘောကျလို့မဆုံး။ ကြီးကြီးမိုးက
ဆိုရင် …

"မေနဲ့နေနန်းတော်က တစ်ယောက်ကိုတစ်ယောက် ချစ်
ကြတာမှန်ပေမယ့် … ဟိုက ရယူပိုင်ဆိုင်လိုစိတ်နဲ့ ချစ်ခဲ့တာမဟုတ်
ဘူးဆိုတာတော့ သေချာတယ် …"

မေ နှုတ်ခမ်းလေးမွဲမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲပြောပြော ... မေ မမေ့နိုင်ခဲ့တာက သူနဲ့အတူနေခဲ့ရတဲ့ နောက်ဆုံးညမှာ မေ့ပါးပြင်လေးနှစ်ဖက်ကို တရှိုက်မက်မက်လေး နမ်းသွားခဲ့တဲ့ သူ့ရဲ့အနမ်းလေးတွေပါ။ မခံချင်စိတ်လေးကြောင့်သာ သူ့ဆီကပြန်ဖို့ မေ မလွဲမရှောင်သာ ဆုံးဖြတ်ခဲ့ရပေမယ့် မေ့လို့မရနိုင်တာက မေ့အတွက် ခက်နေသည်။

သူ တမ်းတ သတိရနေတာက ဆံရစ်ဝိုင်းလေးနဲ့ ကောင်မလေးတဲ့။

ဒါဆို ... ဒီဆံရစ်ဝိုင်းလေးနဲ့ ကောင်မလေးက အခုဘယ်မှာလဲ။

သူနဲ့ဒီကောင်မလေး ဘယ်လိုပတ်သက်နေတာလဲ။

မေ ... တွေးရင်း မျက်ရည်ဝဲခဲ့ရပြန်ပြီ။

အခန်း ( ၁၇ )

"မဖြစ်နိုင်ဘူး ... သားကြီး မင်းသိက္ခာ၊ ဒီကိစ္စကို မေမေလုံးဝခွင့်မပြုနိုင်ဘူး"

"ဗျာ ..."

"မင်းဂုဏ်သိက္ခာ ... မင်းအဆင့်အတန်းနဲ့ ဘယ်မှာနေမှန်းလည်းမသိ၊ ဘယ်ကလာမှန်းလည်းမသိတဲ့ မိန်းကလေးတစ်ယောက်ကို လွယ်လွယ်လေးနဲ့ လက်ထပ်ယူလိုက်ဖို့ဆိုတာ ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်ဘူး"

ဒေါ်သက်သခင်က ထိတ်ထိတ်ပြာပြာ ကန့်ကွက်ပယ်ချလိုက်သလို ဦးဝင်းကိုကိုကပါ ခေါင်းကို ဖြည်းလေးစွာ ခါယမ်းရင်း။

"သား ... မင်းသိက္ခာ ..."

"ဗျာ ... ဖေဖေ ..."

"သားမေမေပြောတာကို ဖေဖေလည်း ထောက်ခံတယ်။ စံမြန်းရိပ်လေးကို သားချစ်တာ ဖေဖေအပြစ်မပြောလိုပေမယ့် ရုံးသားဆန္ဒကို ရှေ့တန်းတင်ပြီး ဖြေရှင်းကြတဲ့အခါမျိုးတွေမှာ ပေး



www.burmeseclassic.com

www.burmeseclassic.com



ဆပ်ရတဲ့ အရင်းအနှီးတွေက ကြီးမားတတ်တာကို သားကြီး သတိပြု စေချင်တယ်၊ တကယ်ဆိုရင် ... စံမြန်းရိပ်လေးက အတိတ်မေ့ရော ဒုနာခံစားနေရတာ ... တကယ်လို့များ အကြောင်းတစ်ခုခုနဲ့ သူ အတိတ်ပဟောင်းကို ပြန်သတိရသွားခဲ့ရင် သူ့အတိတ်ဟောင်းမှာ ချစ် ရတဲ့ချစ်သူတစ်ယောက်ယောက်ရှိနေခဲ့မယ်ဆိုရင် သားကြီး လက်ထပ်ယူလိုက်တာတွေက မတရားတစ်ဖက်သတ် လက်ထပ်ယူ ထားလိုက်သလို ဖြစ်သွားတော့မှာပေ့ါ ... ”

ဖေဖေပြောတာမှန်နေတော့လည်း မင်းသိကျွာ စိတ်ဓာတ် ကျသွားရသည်။

သူကတော့ လိမ္မာတဲ့သားကြီးပီပီ ဖေဖေနဲ့မေမေ့ဆန္ဒကို ဦးစားပေးနေရတာပါ။ စံမြန်းရိပ်ဆိုတဲ့ မိန်းကလေးကို သူဘယ် လောက်တန်ဖိုးထားပြီး ချစ်ချစ်၊ မိုက်မိုက်မဲမဲ ဆန့်ကျင်ပစ်ဖို့အတွက် တော့ သူမလုပ်ရဲခဲ့တာ အမှန်ပဲဖြစ်သည်။

“မင်းပဲ စဉ်းစားကြည့်လေကွာ ... မြတ်သောမေနဲ့ လက် ထပ်ပွဲပျက်ခဲ့တုန်းကလည်း ဖေဖေတို့ မေမေတို့ ဘယ်လောက်အထိ အရှက်တကွဲ အကျိုးနည်းဖြစ်ခဲ့ရသလဲ၊ သတို့သမီးလောင်းလေးက မင်္ဂလာဝတ်စုံကြီးဝတ်ပြီး ထွက်ပြေးသွားတယ်ဆိုတာ ပတ်ဝန်းကျင် မှာ ဖေဖေတို့ ဂုဏ်သိက္ခာ ထိခိုက်ကျဆင်းခဲ့ရတယ်၊ အရေးကြီးတာ ဒါကို ဘယ်လိုသိက္ခာပြန်ဆယ်မလဲ ... ဖေဖေ့သဘောကိုပြောရမယ် ဆိုရင် မြတ်သောမေနဲ့ပဲ ဒီလက်ထပ်ပွဲကို မဖြစ်ဖြစ်အောင် ဆက်ပြီး တော့ ကျင်းပစေချင်တယ်”

“ဟား ... ခက်တယ်ဖေဖေရာ ... ပထမတစ်ကြိမ် ကျွန် တော် ခေါင်းညိတ်ခဲ့တယ်ဆိုတာ ဖေဖေတို့ မေမေတို့ဆန္ဒအရ ခေါင်း





ညိတ်ခဲ့တာလေ ... မြတ်သောမေကို ချစ်လို့ ကျွန်တော်ခေါင်းညိတ် ခဲ့တာမဟုတ်ဘူးဆိုတာ အားလုံးလည်းသိနေတာပဲဥစ္စာ ... ”

“အေးပေါ့ကွာ ... သားပြောတော့လည်း သားဘက်က အမြင်ဒီလိုရှိနေတာ ဖေဖေ မငြင်းပါဘူး၊ ဒါပေမဲ့ ... မိန်းကလေး ဘက်ကိုတော့ သား စဉ်းစားကြည့်စေချင်တယ်လေ ... သားဘက် က အေးစက်စက်ပုံစံမျိုးနဲ့ ခေါင်းညိတ်ခဲ့တာကို ဘယ်မိန်းကလေး က သဘောကျနှစ်သက်မှာလဲ ... ဒါကြောင့်မို့ ... မြတ်သောမေက သားနဲ့လက်ထပ်ရမှာကို ဆန့်ကျင်သွားခဲ့တာ၊ ဒီတစ်ခါတော့ သား ထပ်ကြိုးစားကြည့်ပါဦး ... ဒီပွဲကိုပဲ ဖြစ်အောင်စီစဉ်ဖို့ ဖေဖေကတော့ ဆန္ဒရှိတယ် ... ညီမလေး နွေးလှိုက်ဖြာကလည်း ဖေဖေ မေမေတို့ သဘောဆန္ဒအတိုင်းပဲ ... ”

သူဘယ်လိုပြောရတော့မလဲ။

မြတ်သောမေကိုပဲ လက်ထပ်ပါတဲ့။

သူ စိတ်ဓာတ်ကျပြီး စံမြန်းရိပ်ကို ကားပေါ်ခေါ်တင်ကာ မြို့ပြင်ဘက်ထိရောက်အောင် သူ ... ကားပဲလျှောက်မောင်းနေမိ တော့တာလေ။

“ဒါ ... ဒါ ... ဘယ်ကိုမောင်းနေတာလဲဟင် ကိုကြီး ... အဝေးကြီးရောက်အောင်တော့ မမောင်းပါနဲ့၊ မမနွေးလှိုက်ဖြာက စံမြန်းကိုရိုက်နေမှာ ကိုကြီးရဲ့ ... အဟင့် ... ဟင့် ... ဟင့် ... ”

“မငိုပါနဲ့ စံမြန်းလေးရယ် ... ကိုကြီးရင်ထဲမှာ မွန်းကြပ်ပြီး လှောင်မှုတွေတအားများလာလို့ ကိုကြီး ... မင်းကိုခေါ်ပြီး ထွက် လာခဲ့တာပါ”



www.burmeseclassic.com

www.burmeseclassic.com



"ပြန် ... ပြန်လှည့်ပါနော် ကိုကြီး ... မမနွေးလိုက်ဖြာကို စံမြန်းကြောက်တယ်၊ အခုလည်း ... စံမြန်းကို အံကြိတ်ကြည့်ပြီးတော့ အခန်းထောင့်မှာ မမနွေးလိုက်ဖြာ ကျန်ခဲ့တာ ... "

ကားပေါ်မှာ တဟင့်ဟင့်လေးရှိုက်ငိုရင်း လိုက်လာခဲ့ရတဲ့ စံမြန်း ... သည်တစ်ခါတော့ အိမ်နေရင်းဖြစ်သလိုသာ ဝတ်ထားရသည့် အင်္ကျီနွမ်းနွမ်း၊ ထမီနွမ်းနွမ်းလေးနှင့်မဟုတ်ဘဲ သူဝတ်နိုင်းသည့်အတိုင်း ခေတ်မီလှပသော အဝတ်အစားဒီဇိုင်းလေးနှင့်။

ဒါကိုလည်း ... ဖွားရေစဉ်ကိုယ်တိုင် ပြင်ပေးလိုက်တာဖြစ်သည်။

"အို ... ဘယ်ဟုတ်မလဲ စံမြန်းလေးရယ်၊ မောင်မင်းသိကျွာ ကိုယ်တိုင် အခန်းဝမှာ ရပ်စောင့်ပြီးခေါ်နေတဲ့ဥစ္စာ ... အိမ်နေအဝတ်အစားလေးနဲ့လိုက်သွားလို့ ဘယ်ဖြစ်ပါ့မလဲ ... လာ ... လာ ကြည့်ပျော်ရှုပျော်လေးဖြစ်အောင် ဖွားပြင်ပေးမယ် ... "

ဖွားကတော့ စံမြန်းဘက်ကပါ။

မမနွေးလိုက်ဖြာကိုလည်း ဖွားက ဂရုစိုက်နေတာမဟုတ်ဘူးလေ။ ဖွားကိုတော့ ... မမနွေးလိုက်ဖြာကိုယ်တိုင်လည်း ချစ်ကြောက်ရှိသေရပါသည်။

"စံမြန်းလေးရယ် ... "

"ရှင် ... ကိုကြီး ပြောလေ ... "

"မင်းရဲ့အတိတ်ဘဝဟောင်းကို မင်းတကယ်ပဲ မသိတော့တာလားဟင်၊ စံမြန်းလေး ... မင်းမှာ ချစ်ရမယ့်ချစ်သူတစ်ယောက်ယောက်များ အတိတ်ဘဝမှာ ရှိခဲ့သလား စံမြန်းလေးရယ် ... "



မြို့ပြင်က အဝေးပြေးလမ်းမကြီးတစ်နေရာမှာ ကားလေးကို ထိုးရပ်ပြီးတော့ သူက စံမြန်းလေးကို မေးလိုက်မိတာလေ။ ဒီအချက်ကိုတော့ သူက အသည်းအသန် သိချင်နေတာမို့လား။ ဒါကို သိခွင့်ရမယ်ဆိုရင်တော့ အရာအားလုံးကို သတ္တိရှိရှိနဲ့ သူရင်ဆိုင်နိုင်ပါပြီ။

"ဟင့်အင်း ကိုကြီး ... အဲဒါတွေ စံမြန်းဘာမှမသိဘူး၊ စံမြန်းသိတာ ... စံမြန်းသိတာ ... ကိုကြီးကိုပဲ စံမြန်းသိတာ၊ စံမြန်းကိုထားခဲ့ပြီး ကိုကြီးထွက်သွားမှာကိုပဲ စံမြန်း ကြောက်နေခဲ့ရတာပါ ကိုကြီးရယ် ... အဟင့် ... ဟင့် ... ဟင့် ... "

ဝင်းနှစ်တဲ့ပါးပြင်လေးနှစ်ဖက်ပေါ်ကို မျက်ရည်စက်တွေ စီးလိမ့်ကျလာတာကတော့ သူ့အတွက် မမြင်ရက်စရာပါ။ သူ တယုတယလေးပဲ ထိုမျက်ရည်တွေကို သုတ်ပေးလိုက်မိ၏။

"စံမြန်းလေးရယ် ... မင်းရဲ့တွယ်တာစွဲလမ်းမှုတွေကို ကိုကြီး နားလည်ပါတယ်ကွယ် ... ကိုကြီးက စိုးရိမ်လို့မေးမိတာမှန်ပေမယ့် အရာရာက ကိုကြီးဘက်မှာ ပြတ်ပြတ်သားသားရှိနေခဲ့တာမဟုတ်ဘူးလေ ... စံမြန်းလေးရဲ့ မတရားသဖြင့် ယူလိုက်ရမယ့်အချစ်တွေကို ကိုကြီးမလိုချင်လို့ မေးနေရတာပါ၊ အဓိကအချက်က စံမြန်းလေးကို မတော်တဆ ကားနဲ့တိုက်မိပြီး အိမ်ကိုခေါ်လာတဲ့နေ့က စံမြန်းလေးရဲ့ကျောပိုးအိတ်လေးထဲမှာ ပါလာတဲ့ယောကျ်ားလေး အသုံးအဆောင်၊ အဝတ်အစားတွေက စံမြန်းလေးနဲ့ဘယ်လို ပတ်သက်နေတဲ့ ကောင်လေးတစ်ယောက်ရဲ့အဝတ်အစားတွေလည်းဆိုတာ ကိုကြီးက သိချင်နေခဲ့တာလေ ... "

"စံ ... စံမြန်း မသိဘူးကိုကြီး ... ဘယ်သူ့အဝတ်အစားတွေ



www.burmeseclassic.com

www.burmeseclassic.com



လည်းဆိုတာလည်း စံမြန်း မမှတ်မိတော့ဘူး၊ မမေးပါနဲ့ ... ဒီအကြောင်းတွေကို စံမြန်းကို ပြန်မစဉ်းစားခိုင်းပါနဲ့ ... ဒါတွေကို ပြန်စဉ်းစားတိုင်း စံမြန်းငိုချင်တယ်"

စံမြန်းရဲ့ လက်ဖဝါးအိစက်စက် နွေးနွေးလေးကို မြတ်နိုးနှစ်သက်စွာ သူဆုပ်ကိုင်ထားမိသည်။ အပြန်တစ်လမ်းလုံးမှာလည်း စံမြန်းလေးက ငေးတိ ငေးငိုင်ကလေး ပြန်လိုက်လာတာလေ။

သူ့အိမ်ကို တန်းမပြန်သေးဘဲ ရှေ့ပင်းမောလ်တစ်ခု ဆောက်လုပ်နေသည့် လုပ်ငန်းခွင်တစ်ခုကို မောင်းသွားပြီး အခြေအနေကို စစ်ဆေးကြည့်ဖို့ ခဏလေးတော့ သူဝင်လိုက်မိသည်။

"တီ ... တီ ..."

သူကားဟွန်းသံကြားတော့ ဆိုက်တာဝန်ခံ ဦးထွန်းထွန်းဇော်က ရုံးခန်းထဲကနေ ကမန်းကတန်း ပြေးထွက်လာပြီး သူ့ကို ခရီးဦးကြိုသည်။

"ဟာ ... ဘော့စ် ... ဒီနေ့မှ ထူးထူးဆန်းဆန်း ဆိုက်ထဲကို ကိုယ်တိုင်လာကြည့်ရတယ်လို့ ..."

"ဩော် ... အဟွန်း ... ခင်ဗျားဆိုက်က လုံးဝ လှည့်ကြည့်စရာမလိုအောင် အစစအရာရာ သတ်မှတ်ချိန်အမီ ပြီးစီးနေတာဆိုတော့ ခင်ဗျားကို လက်ခုပ်တီးအားပေးချင်လို့ ကျွန်တော်ကိုယ်တိုင်ဆင်းလာတာပေါ့ဗျ ဦးထွန်းထွန်းဇော်ရ ... ခင်ဗျား တကယ်တော်တယ်၊ ဦးထွန်းထွန်းဇော်ရ ... ခင်ဗျား တာဝန်ယူထားတဲ့ ဒီစီမံကိန်းက တစ်လလောက်တောင် စောပြီးနေမလားဘဲ ..."

"ခုလိုအားပေးတာ ကျွန်တော် အရမ်းဝမ်းသာတယ်ဘော့စ်ရာ ... ကျွန်တော့် ဆိုဒ်ထဲက အလုပ်သမားတာဝန်ခံခေါင်းဆောင်





တွေ တော်တာလည်း ပါတာပေါ့၊ သူတို့က အလုပ်ကို ဖိဖိစီးစီးနဲ့ သေသေချာချာကြီးကြပ်ပြီး အလုပ်သမားတွေကို နိုင်အောင် အုပ်ချုပ်နိုင်လို့၊ ဒီလိုအချိန်တိုလေးအတွင်းမှာ ရာခိုင်နှုန်းခြောက်ဆယ်လောက်ပြီးသွားတာ ..."

"အတော်ပဲဗျာ ... ဦးထွန်းထွန်းဇော် ... ကြုံတုန်း ခင်ဗျားနဲ့ မိတ်ဆက်ပေးရဦးမယ်၊ ဒါ ... ကျွန်တော်လက်ထပ်ဖို့ ရည်စူးထားတဲ့ ကောင်မလေး ... သူ့နာမည်က စံမြန်းရိပ်တဲ့ ..."

"ဗျာ ... ဘော့စ် ..."

ဦးထွန်းထွန်းဇော် ရယ်မြူးရိပ်ကလေးနဲ့ မျက်တောင်တွေခေ့တက်သွားတာ အဆုံးထိ။ ပထမတစ်ယောက်နဲ့ လက်ထပ်ပွဲ ပျက်သွားလို့ နောက်တစ်ယောက်ကို ရည်စူးလိုက်တာလား ဘော့စ်ရာ ... ဒီလိုပဲ စိတ်ထဲက မေးနေမိသည်။

နာမည်လေးကလည်း စံမြန်းရိပ်တဲ့။

"ဝမ်း ... ဝမ်းသာတယ် ဘော့စ် ..."

စံမြန်းရိပ်ဆိုသည့် မိန်းကလေးကိုကြည့်ကာ ဦးထွန်းထွန်းဇော် သဘောကျလို့မဆုံး။ ကောင်မလေးက ဝင်းဝင်းနှစ်နှစ်လေးနဲ့ ကိုယ်ကို ကျက်သရေရှိတဲ့ မျက်နှာထားလေး။ ဘော့စ်နဲ့လည်း ရှုသွားနောက်လိုက် တကယ်ညီတာပါ။

ဘော့စ်တို့စုံတွဲ ပြန်ထွက်သွားတော့မှ အလုပ်သမားခေါင်းဆောင် နေနန်းတော်ကိုတောင် ဒီအကြောင်း ပြောလိုက်မိသေး၏။

"မင်း ... မင်း မတွေ့လိုက်လို့သိလား ကောင်လေး ... တို့ဘော့စ်နဲ့ လက်ထပ်မယ့်ကောင်မလေးက အရမ်းချစ်ဖို့ကောင်း



www.burmeseclassic.com

www.burmeseclassic.com



တယ် … နာမည်လေးကလည်း စံမြန်းရိပ်တဲ့ … ”

“ဟွန်း … ကျွန်တော် စိတ်မဝင်စားပါဘူး ဦးဖော်ရာ …”

နေနန်းတော်ကတော့ သိတယ်မို့လား။

ကိုယ်နဲ့မဆိုင်တာကို စိတ်မဝင်စားတတ်တာ နေနန်းတော်ရဲ့အကျင့်။ ဒီဘော့စ်ဆိုတဲ့ ချမ်းသာတဲ့လုပ်ငန်းရှင်သူဌေးဘယ်သူနဲ့ယှူယှူ ကိုယ်နဲ့ပတ်သက်တာမှ မဟုတ်တာ။

ဦးဖော်ကတော့ ဒီကောင်မလေးအကြောင်းကိုပဲ ပြောလို့မဆုံး။

“ဟေ့ကောင် ငါပြောတာ ကောင်မလေးကို မင်းစိတ်ဝင်စားအောင်ပြောနေတာ မဟုတ်ပါဘူးကွ … သူတို့နှစ်ယောက်က တစ်ယောက်နဲ့တစ်ယောက်လည်း တကယ်ချစ်ပုံရတယ်၊ မင်းသာ ဒီနေ့အထိ ရည်းစားလေးတစ်ယောက်တောင် ရှာမတွေ့သေးတာ — ဟား … ဟား … ငါပြောချင်တာ အဲဒါကိုပြောချင်တာ … ”

ဦးဖော်က ပြောတော့လည်း မြတ်သောမေကို သတိရပြီး နှုတ်ခမ်းလေးမဲ့ကာ နေနန်းတော် ပြုံးမိသည်။ တကယ်တမ်းကျတော့ သူ့ဘဝလေးထဲကို ဘယ်သူကဝင်လာရဲလို့လဲ။ နောက်ဆုံးတစ်နေ့မှာ … သူ့ကိုထားခဲ့ပြီး ကိုယ့်အသိုက်အမြုံလေးရှိရာ နေရာကိုပဲ ပြန်သွားကြတာ မဟုတ်ဘူးလား။

ဒါတွေကိုတော့ ဒီနေ့အထိ ဦးဖော်ကိုလည်း သူမပြောပြသေးပါ။

ရန်ကုန်ကို သူစရောက်လာပြီး ဦးဖော်ဆီမှာ အုတ်ထမ်းသဲထမ်းနဲ့ပဲ ဒီနေ့အထိ ဦးဖော်ရဲ့ စောင်မပေးကမ်းမှုတွေအောက်မှာ





သူနေလာခဲ့ရတာလေ။

ဦးဖော်ကလည်း လုပ်သက်ကြာလာတာနှင့်အမျှ အလုပ်သမားခေါင်းဆောင် ရာထူးနေရာလေးကို တိုးပေးထားလို့ သူ့အလုပ်တွေကို ပိုကြိုးစားနေရတာပါ။

“ရပါတယ် ဦးဖော်ရာ … ကျွန်တော့်လိုကောင်မျိုးက ရည်းစားထားချင်တော့ ဘယ်ကောင်မလေးက ကျွန်တော့်ကို ကြိုက်မှာလဲ … မဖြစ်နိုင်တာ … ”

“ဟေ့ကောင် … မင်းရုပ်ရည်နဲ့ဘာလို့မဖြစ်နိုင်ရမှာလဲ၊ မင်းသာ သားသားနားနားလေး ဝတ်လိုက်မယ်ဆိုရင် မင်းစတိုင်လ်လေးက အရမ်းမိုက်သွားမယ်ဆိုတာ ငါသဘောပေါက်ပြီးသား … ဟွန်း”

ဦးထွန်းထွန်းဖော် ဒီကောင့်ကို အားမရတာလည်း အဲဒါ။

မအေပျောက်လို့ မောင်နှမနှစ်ယောက် ရန်ကုန်မှာလာရှာပါတယ်ဆိုမှ ညီမလေးကပါ ဘယ်ရောက်လို့ရောက်မှန်းမသိအောင် ပျောက်သွားရတဲ့အဖြစ်။ အဲဒါ … ဘယ်လိုမှ သူ့ညီမလေးကို ရှာမတွေ့။ သူ့အမေကိုလည်း ရှာမတွေ့တဲ့အဆုံး ဦးထွန်းထွန်းဖော်ဆိုဒ်ထဲကို ပြန်ရောက်လာပြီး အလုပ်ဝင်နေခဲ့တာဖြစ်သည်။

ခက်နေတာက ဦးထွန်းထွန်းဖော်ကိုယ်တိုင် သူ့ညီမလေးကိုရော … သူ့အမေကိုပါ မတွေ့ဘူးခဲ့တာပင်။ ဒါကြောင့်မို့ … သူကိုယ်တိုင် ဝင်ရှာပေးဖို့ဆိုတာ လုံးဝ မဖြစ်နိုင်ခဲ့တာပါ။

ဘယ်တတ်နိုင်ပါ့မလဲ။

ဒါဟာ … ဒီကောင်လေးရဲ့ဘဝပဲ။

ဘာပဲဖြစ်ဖြစ် … သူကတော့ တတ်နိုင်သလောက် ဒီကောင်လေးကို အားပေးခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးဇော်ရာ ... ဦးဇော်ကျေးဇူးတွေ ကျွန်တော့်အပေါ်မှာ အများကြီးရှိတယ်ဆိုတာ ကျွန်တော် သိပါတယ်ဗျာ၊ ဦးဇော် ပြော သလို ကျွန်တော့်မှာ ချစ်သူမရှိဘူးဆိုတာလည်း မဟုတ်ပါဘူး ... ကျွန်တော့်မှာ ချစ်ရတဲ့ ကောင်မလေးတစ်ယောက်ရှိပါတယ်"

"ဘုရားရေ ... အဲဒါ မင်းတကယ်ပြောတာ ... "

ဦးထွန်းထွန်းဇော် မယုံတော့ မျက်လုံးပြူးသွားသည်။

"တကယ်ပြောတာပေါ့ဗျာ ... ဦးဇော်ကို ကျွန်တော် မလိမ် ပါဘူး"

"မင်း ... မင်း ... မနောက်နဲ့နော် ... ဟေ့ကောင် ... "

"မနောက်ပါဘူး၊ တစ်နေ့ကျမှ လက်ဆွဲခေါ်လာပြီး ဦးဇော် ကို ကျွန်တော်ပြမယ် ... "

"အောင်မယ် ... မင်းက ဟား ... ဟား ... မင်း ... မင်း ငါ့ကို အရူးကွက်တွေ လာမနင်းနဲ့နော် နေနန်းတော် ... ကောင် မလေးဆိုရင် ဘယ်ကောင်မလေးကိုမှ မင်းစိတ်မဝင်စားတာ ငါသိ တယ် ... "

"ယုံပါ ဦးဇော်ရာ ... ကောင်မလေးက အရမ်းချမ်းသာပြီး အဆင့်အတန်းမြင့်တဲ့ အသိုင်းအဝိုင်းထဲက ဖြစ်နေလို့ ကျွန်တော် လမ်းခွဲထားတာပါ"

"ကြည့်စမ်း ... "

ဦးဇော်မှာလည်း ယုံရအခက် မယုံရအခက်နဲ့။

ဒီကောင် မလိမ်တတ်တာလည်း သိနေသည်။

"ဦးဇော် ... "

"ဟေ ... ဘာလဲကွ ... "





"အချစ်ဆိုတာ အရမ်းဆန်းကြယ်တယ်နော်"

"ဟေ ... "

ကြည့်စမ်း ... ဒီကောင့်ပါးစပ်က အချစ်စကားတွေ ထွက် လာပြီ။

"မေ့ချင်ပေမယ့် မေ့လို့ရချင်မှရတာ အချစ်လား ဦးဇော်၊ ...တိရတမ်းတနေတိုင်းရော အချစ်က ပြည့်စုံနေတတ်သလားဆို ...ာ ကျွန်တော် အရမ်းသိချင်တယ် ဦးဇော်ရာ ... "

"ဟေ့ကောင် ... မင်း ... မင်း ... အသည်းစကားတွေပြော ...း ငါ့ကို ဦးနှောက်လာမစားနဲ့လေ ... ငါကိုယ်တိုင် လူပျိုကြီးဆို ...ာ မင်းမေ့နေပြီလား ... ဟား ဟား ... မင်း တကယ့်ကောင်ပဲ ...နန်းတော်ရာ ... ပြောမိတာတောင် မှားပါတယ်ကွာ ... ဟား ...ား ... "

ဦးထွန်းထွန်းဇော်တစ်ယောက် ကိုယ့်နဖူးကိုယ်ရိုက်ကာပဲ ...ယ်နေမိပါသည်။

တစ်နေကုန်လည်း ဒီကောင့်အကြောင်းလေးကိုပဲ ဦးထွန်း ...န်းဇော် တွေးနေ၏။ ဘာပဲပြောပြော ဒီကောင့်ကိုတော့ ဦးထွန်း ...န်းဇော် သံယောဇဉ် ဖြစ်မိသည်။

တကယ်တော့ ... ဒီကောင်ဟာ မဟုတ်မခံ ဇာတ်ဇာတ်ကြဲ ...ောင်လေးတစ်ယောက်ပါ။ ဒီကောင် အလုပ်လုပ်တာကို သဘော ...ပြီး အလုပ်သမားခေါင်းဆောင် ခန့်ထားတာလည်း အရမ်းမှန် ...သွား၏။

ကိုနေ ခေါ်တဲ့သူနဲ့ ဦးနေခေါ်တဲ့လူနဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင့်ကို အလုပ်သမားတွေအားလုံးကလည်း ချစ်ကြ

ခေါင်းဆောင်ဆိုပေမယ့် အုတ်ဝင်ထမ်းဖို့လည်း ဒီကောင်
လက်မနှေး။ သူက အပင်ပန်းခံဦးဆောင်လုပ်ပြတော့ အလုပ်သ
တွေက ဒီကောင့်အမိန့်ကို မနာခံဘဲ နေပါ့တော့မလား။

ဟွန်း ... ခုတော့ ဒီကောင်လေးမှာ ...

ခပ်မိုက်မိုက် ချစ်သူတစ်ယောက် ရှိနေပြီဆိုပဲ။

ဒါပေ့ါလေ ...

နှလုံးသားဆိုတဲ့ မြစ်တစ်စင်းမှာ သူ့အချိန်တန်တာနဲ့ အ
တွေ စီးဆင်းလာရတာ ဓမ္မတာပဲ မဟုတ်ဘူးလား။

ကောင်လေးလည်း ဒီလိုပဲဖြစ်မှာပေ့ါ။

ခန်း ( ၁၈ )

"ဖြန်း ... "

"အဲဒါ ... ကိုကြီးနဲ့လိုက်သွားဦး"

"အဟင့် ... "

မမနွေးလိုက်ဖြာဆီက ပြင်းထန်သော လက်ဝါးရိုက်ချက်က
ပ်ဆတ်ဆတ်လေး ပါးပြင်ပေါ်ကို ကျလာသည်။ စံမြန်းရဲ့ခန္ဓာကိုယ်
သေးကပါ တစ်ချက်လေးယိုင်ထွက်သွားခဲ့တာ နံရံတစ်ခုထက်ဆီ
ာ ကျောကပ်မှီကာ လဲကျသွားတော့မလို ဖြစ်သွားခဲ့ရသည်။

"စံမြန်းရယ် ... ညည်းကလည်းညည်းပဲ ... ဒီလောက်
ကြိုက်ပါဘူးပြောထားတာတောင် လိုက်ဖြစ်အောင်လိုက်သွားရ
တယ်လို့ ... အရိုက်ခံရတာတောင် နည်းသေးတယ်၊ ငါလည်း နွေး
လိုက်ဖြာကို မနိုင်တော့ဘူး ... ဟိုက ရောက်ချင်ရာရောက် ညည်း
ကို ဒီအိမ်ကနေ မောင်းထုတ်တော့မှာ ... "

"ရှင် ... စံမြန်းကို မောင်းထုတ်တော့မယ်ဟုတ်လား၊ အဟင့်
ဟင့် ... ဟင့် ... ဒီ ... ခြံကြီးထဲမှာ မနေရရင် စံ ... စံမြန်း ...

www.burmeseclassic.com



စံမြန်း ဘယ်မှာသွားနေရမှာလဲ အန်တီရယ် ... စံမြန်းကို ကယ်ပါ

"နင် ... နင် ... အခုမှ အပိုစကားတွေ ပြောမနေနဲ့ စံမြန်း ရိပ်၊ နင့်ကို ဒီခြံကြီးထဲမှာ လက်ခံထားမိတာ ငါတို့အားလုံးမှားတယ် ဒါကြောင့်မို့ နင့်အနာဂတ်ကို ငါနဲ့အန်တီလှိုင်းမခ တိုင်ပင်ပြီးတော့ ဒီနေ့ကစပြီး အဆုံးအဖြတ်ပေးလိုက်တော့မယ် ..."

"ဟင် ... ဘယ်လို အဆုံးအဖြတ်ပေးမှာလဲ"

"နင့်ကို ဒီအိမ်မှာမထားတော့ဘဲ နင့်ကို ကားနဲ့တိုက်မိလာ တဲ့နေရာကို ဒီနေ့ပဲ ပြန်ပို့လိုက်တော့မယ်"

"ရှင် ..."

မမနွေးလှိုက်ဖြာရဲ့ ရက်စက်တဲ့ မျက်ဝန်းတွေကိုစိုက်ကြည့် ပြီး စံမြန်း တစ်ကိုယ်လုံး အေးစက်သွားသည်။ ဖွားရေစဉ်ရယ် ... စံမြန်းကို ကယ်ပါဦး။ ဖွားရေစဉ် ဘယ်မှာလဲဟင်။ စံမြန်း ပြန်လာ ကတည်းက တစ်ညလုံးလည်း ဖွားရေစဉ်ကို မတွေ့ရသေးပါလား

မနက်မိုးလင်းတဲ့အထိ ဖွားရေစဉ်ကို မတွေ့ရတာ စံမြန်း အတွက်တော့ ထူးဆန်းနေသည်။ ညကလည်း ဖွားရေစဉ် မရှိလို့ အခန်းထဲမှာ စံမြန်းတစ်ယောက်တည်း ညအိပ်ခဲ့ရတာလေ။

ခုတော့ ... ဖွားရေစဉ်နဲ့ကိုကြီး မရှိလို့။

မမနွေးလှိုက်ဖြာ နှိပ်စက်တာကို စံမြန်း ခံရနေပြီ။

"အဟင့် ... ဟင့် ... ဟင့် ..."

"မငိုနဲ့နော် စံမြန်းရိပ် ... နင် မငိုနဲ့၊ ကိုကြီးလည်း ကုမ္ပဏီ ကိုထွက်သွားပြီ၊ ဖေဖေနဲ့မေမေကလည်း ဖွားရေစဉ်ကိုခေါ်ပြီး တစ်ညအိပ်အလှူကို ထွက်သွားတာဆိုတော့ နင်ဘယ်သူ့ကိုမှ အား ကိုးလို့မရတော့ဘူး၊ အဲဒီတော့ ... နင့်ကို ငါတို့ပြန်လိုက်ပို့မယ်"





"ဖြစ်ပါ့မလား နွေးလှိုက်ဖြာ ..."

"အို ... ဘာလို့မဖြစ်ရမှာလဲ အန်တီလှိုင်းမခရယ် ... စံမြန်း ရိပ် ဒီခြံထဲမှာ မရှိတော့မှ ပြဿနာတွေအားလုံး အေးချမ်းသွားပြီး စီစဉ်စရာရှိတာတွေ စီစဉ်လို့ရတော့မှာ၊ အရေးကြီးတာ စံမြန်းရိပ် ကို ဒီမှာဆက်ပြီး လက်ခံထားရင် ကိုကြီးနဲ့ငြိစွန်းသွားတော့မယ်၊ ဒါ ... ဒီနေ့ပဲ အပြီးလုပ်ရမယ် ..."

"အန်တီကတော့ ဒီလိုစဉ်းစားထားတယ် နွေးလှိုက်ဖြာ"

"ဟင် ... အန်တီ ဘယ်လိုစဉ်းစားထားလဲ ..."

"သူ့ကို ခေါ်သွားပြီး မီးရထားသံလမ်းကြီးပေါ်မှာ တစ် ယောက်တည်း ထားခဲ့မယ် ..."

"ဘယ် ... ဘယ်လို အန်တီ ..."

"ဒါမှ ဟိုကောင်လေး နေနန်းတော်နဲ့တွေ့ပြီး ဒီကောင် လေး ပါသွားမှာလေ ..."

"နေ ... နေနန်းတော် ဟုတ်လား ..."

မြတ်သောမေကို မီးရထားသံလမ်းကြီးပေါ်မှာတွေ့ပြီး ကျူး ကျော်တဲလေးကို ခေါ်သွားခဲ့တဲ့ နေနန်းတော်။ ဟုတ်တာပေါ့ ... အဲဒီ ခပ်ဆိုးဆိုး ခပ်မိုက်မိုက်ကောင်လေးက ဒီရထားလမ်းကြီးပေါ် မှာ ကျင်လည်ကျက်စားသွားလာနေတာပဲ။ ဒီကောင်လေး ပြန်လာ ချိန်မှာ စံမြန်းရိပ်ကို တစ်ယောက်တည်းထားခဲ့မယ်ဆိုရင် ဒီကောင် လေးကလည်း စံမြန်းရိပ်ကို အရင်တစ်ခါလိုပဲ ကယ်တင်ရှင်ကြီးလုပ် ပြီး ခေါ်သွားဦးမှာလေ။

"အန်တီပြောတာ နွေးလှိုက်ဖြာ သဘောပေါက်ပြီလား၊



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတော့ နွေးရယ် ... ဒီရထားသံလမ်းပေါ်မှာက မကောင်းတာလုပ်တဲ့လူတွေ၊ ဒုစရိုက်သမားတွေပဲ ဒီအမှောင်ထဲမှာ သွားလာနေတာလေ ... နေနန်းတော်နဲ့မတွေ့ရင်တောင် တစ်ယောက်ယောက်နဲ့တွေ့ပြီး ဒီကောင်မလေး ဒုက္ခရောက်သွားမှာ"

"ဟုတ်တယ် ... အန်တီ ... ဟုတ်တယ် ... ဟုတ်တယ် အန်တီပြောတာကို နွေးလိုက်ဖြာ ထောက်ခံတယ်၊ ခေါ်သွားရမယ် အဲဒီရထားလမ်းကြီးကို ခေါ်သွားရမယ်"

"ဟင် ..."

သူတို့ပြောနေတာတွေအားလုံး စံမြန်းကြားနေရပေမယ့် ဘာအဓိပ္ပါယ်တွေလည်းဆိုတာ စံမြန်း မခွဲခြားနိုင်သေးပါ။ နေနန်းတော်တဲ့ ... နေနန်းတော်ဆိုတာ ဘယ်သူလဲ။ ဘာဖြစ်လို့ မီးရထားသံလမ်းကြီးပေါ်ကို စံမြန်းကို သွားပို့ကြမှာလဲ။

"ဟင့်အင်း ... ဟင့်အင်း ... စံမြန်း မလိုက်ဘူးနော် အန်တီ"

စံမြန်း ကြောက်ကြောက်နဲ့ ခေါင်းကလေးခါငြင်းတော့ မျက်ရည်စက်လေးတွေက ကြမ်းပြင်ပေါ် လွင့်စင်ပြုတ်ကျသည်။

"ညည်း ... မလိုက်လို့မရဘူး၊ ငါ့သမီးနဲ့မင်္ဂလာပွဲပျက်ခဲ့တာလည်း ညည်းကြောင့် ပျက်ခဲ့တာ ... နောက်တစ်ခါ ထပ်ပြီးတော့ အပျက်မခံနိုင်တော့လို့ ညည်းလာခဲ့တဲ့ လမ်းကိုရောက်အောင် ညည်းကိုပြန်ခိုင်းရတော့မှာ၊ ကဲ ... ဒီလိုလုပ် နွေးလိုက်ဖြာ ... သူတို့တွေ့သမျှလူတွေ မက်မောသွားအောင် အကောင်းဆုံးပြင်ဆင်ပေးမှဖြစ်မယ်"

"ကောင်းတယ် အန်တီ ... နွေးလိုက်ဖြာကိုယ်တိုင် ပြင်မယ်"





"ဘုရားရေ ..."

စံမြန်း ဘုရားတ လိုက်မိရပြီ။

"ညည်းက တော်တော်လှချင်တဲ့ မိန်းမဆိုတော့ ညည်းကို အပျံစားလေးဖြစ်သွားအောင် ပြင်ပေးရတော့မှာပေါ့"

"ဟင့်အင်း ... ဟင့်အင်း ... ပြင်ပြီးလည်း စံမြန်းမလိုက်ဘူးနော် အန်တီ ... စံမြန်းကို မီးရထားသံလမ်းကြီးပေါ်ကို မပို့ပါနဲ့"

"အဟင့် ... ဟင့် ... ဟင့် ..."

မျက်ရည်ပေါက်ပေါက်ကျနေတဲ့ကြားက မိတ်ကပ်တွေလိမ်းတော့ မျက်ရည်နဲ့မိတ်ကပ်တွေ ပါးပြင်ပေါ်မှာ ရောသွားသည်။

"မိုက်တယ် ... မိုက်တယ် ... ဒီလို လက်တစ်လုံးကြိုးအင်္ကျီလေးဝတ်ပေးလိုက်ရင် ပွဲကပြတ်သွားပြီ၊ ကဲ ... မြန်မြန်လုပ် နွေးလိုက်ဖြာ၊ ခြံထဲက အလုပ်သမားတွေအားလုံးကိုမှာခဲ့ စံမြန်းရိပ်ဆိုတဲ့ကောင်မလေး သူ့သဘောနဲ့သူ ဒီခြံထဲက ထွက်ပြေးသွားလို့ စိတ်ပူပြီးလိုက်ရှာနေတယ်လို့ ... ဒါမှ နွေးနဲ့အန်တီ အမှုမပါတ်မှာ"

"စိတ်ချပါ အန်တီရယ် ... ဘယ်သူ့ကိုမေးမေး အဲဒီအတိုင်းဖြေအောင် နွေးအားလုံးကို မှာထားလိုက်ပါ့မယ်"

ဒီလိုနဲ့ပဲ ...

မမနွေးလိုက်ဖြာနဲ့အန်တီလှိုင်းမခ ခေါ်ရာနောက်ကို မျက်ရည်စက်လက်လေးနဲ့ လိုက်ခဲ့ရတဲ့ စံမြန်းရိပ်လေး။ အဝတ်အစားသစ်သစ်လွင်လွင်ကလေးနဲ့မို့ မသိရင်ပဲ သူဌေးသမီးလေးတစ်ယောက်လို။

"စံ ... စံမြန်းကို ဘယ်အထိပို့မှာလဲဟင်အန်တီ ... စံ ... မြန်းဘယ်ကိုမှ မသွားတတ်လို့ပါ အန်တီရဲ့ ... စံမြန်း မလိုက်ပါရ



www.burmeseclassic.com

www.burmeseclassic.com



စေနဲ့”

“ညည်း … ညည်း ပြဿနာမရှာနဲ့နော် စံမြန်းရိပ် … ဒီအိမ်နဲ့ဒီခြံကြီးထဲမှာ ညည်းကို ဒုက္ခရောက်နေလို့ နွေးလှိုက်ဖြာတို့မိသားစုက ကယ်တင်စောင့်ရှောက်ထားတာ၊ ဟောဒီမှာတွေ့လား … ညည်းကို ကားနဲ့တိုက်မိတုန်းက ညည်းနဲ့အတူပါလာတဲ့ ကျောပိုးအိတ်လေး … ဒါ ညည်းပိုင်တဲ့ပစ္စည်းပဲ၊ အခု … ဒီလွယ်အိတ်ထဲမှာ ညည်းသုံးဖို့ ငွေတစ်သိန်းတိတိ ငါတို့ထည့်ပေးထားတယ်၊ ညည်းကြိုက်တာသုံး၊ အရေးကြီးတာ ငါတို့ခြံကြီးထဲကို ညည်း … ပြန်မလာဖို့ဘဲ၊ ပြန်လာလည်း ညည်းကို ဘယ်သူမှ လက်မခံတော့ဘူးဆိုတာကြိုအသိပေးထားတာ …”

“ဟွန်း … စံမြန်းရိပ်နော်၊ နင် ငါ့အကြောင်းကိုသိတယ်နော် ပြန်လာတာနဲ့ အရေးဆုတ်အောင် ဆွဲဖြဲပစ်မှာ၊ ဒီလောက် ပါးပုတ်အောင်ရိုက်ထားတာတောင် ပြန်လာလို့ကတော့ လမ်းဘေးခွေး… အမြီးဖြတ်ပြီး နင်နဲ့ပေးစားမယ် …”

“အဟင့် … ဒါ … ဒါဆို စံမြန်း ဘယ်ကိုသွားရမလဲ”

“ဟဲ့ … နင်ဘယ်ကလာသလဲဆိုတဲ့ နင့်ဘဝကိုပဲ နင်… အောင် ပြန်စဉ်းစားလေ … နင့်မှာပါလာတဲ့ အဝတ်အစားဟောင်းလေးတွေကို ကြည့်လိုက်တာနဲ့ ဆင်းရဲစုတ်ပြတ်နေတဲ့ ဘဝကလာတယ်ဆိုတာ အသိသာကြီး …”

နွေးလှိုက်ဖြာ ပြောနေတာက မဲ့ကာရွဲ့ကာ။

ကားမောင်းရင်း ပြောရတာမို့ အိမ်မှာပြောရသလို အား… လည်းမရ။ နွေးလှိုက်ဖြာအကျင့်က ပြောရင်လည်း ထိပ်ကိုခေါ်… ချင်ခေါက် မခေါက်ရရင် ဗိုက်ကိုလိမ်ဆွဲရမှ ပြောရတာကို အား…





တာ”

ခုတော့ … စံမြန်းရိပ်က ကားနောက်ခန်းမှာ တစ်ယောက်တည်း ထိုင်ရင်း တဟင့်ဟင့်လေးရှိုက်ကာ ပါလာခဲ့တာမို့ ကားမောင်းရင်း လှည့်လှည့်ပြောနေရသည်။ ဒေါ်လှိုင်းမခကတော့ မျက်မှောင်ကို ချိုးပင့်တင်လျှက်။

“ဒါပေါ့လေ … ညည်းဘဝဟောင်းကို ပြန်သွားရတဲ့ဥစ္စာ၊ ညည်း ဘာမှကြောက်နေစရာမလိုဘူး၊ ညည်းကို ကူညီမယ့်သူတွေခေါ်သွားမယ့်သူတွေ လမ်းမှာအများကြီးတွေ့လိမ့်မယ်၊ အဲဒါတွေနဲ့ ညည်းလိုက်သွား … နောက်ကြောင်း ပြန်လှည့်မလာနဲ့၊ အကောင်းဆုံးကတော့ ညည်းနဲ့နေနန်းတော်ဆိုတဲ့ကောင်လေး လမ်းမှာတွေ့သွားပါစေလို့ ငါဆုတောင်းတယ် …”

“ဟယ် … ကြည့်စမ်း … အန်တီလှိုင်းမခ ပြောနေတာ တစ်ချက်ခုတ် နှစ်ချက်ပြတ်ပြောနေတာ နွေးလှိုက်ဖြာ အခုမှ သဘောပေါက်တယ် … စံမြန်းရိပ်က နေနန်းတော်နဲ့ဘဝတူချင်းညား … မြတ်သောမေက အိမ်က ကိုကြီးနဲ့အေးဆေး … ဟားဟား … အရမ်းတော်တယ် အန်တီလှိုင်းမခ … ဘရိမ်းအရမ်းပြေးတယ်၊ နွေးလှိုက်ဖြာကတော့ အန်တီလှိုင်းမခကို မချီးကျူးဘဲ မနေနိုင်လောက်အောင် လေးစားသွားပြီ အန်တီရေ … ဟား ဟား”

စံမြန်းမှာတော့ ရှိုက်နေရင်း မျက်တောင်တွေ ပင့်ကော့လျှက်။

“နေ … နေနန်းတော် ဟုတ်လား မမနွေးလှိုက်ဖြာ၊ နေနေနန်းဟော်ဆိုတာ ဘယ်သူလဲ …”



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း … နင်က နေနန်းတော်အကြောင်းကို သိပ်သိချင်လို့ မေးနေတာလား၊ သိချင်ရင် ငါပြောမယ် … နေနန်းတော်ဆိုတာ လမ်းပေါ်မှာ ပေပေတေတေ လျှောက်သွားနေတဲ့ ကောင်လေး"

"ရှင် … မမ … "

နေနန်းတော်တဲ့။

ဒီနာမည်လေးကိုတော့ စံမြန်းစိတ်ထဲမှာ ကြားဖူးနေသလို လို ဘာလိုလို။ သေသေချာချာ စဉ်းစားကြည့်တော့လည်း စဉ်းစား လို့မရ။

"အခု … အဲဒီကောင်လေးက ညနေမိုးချုပ်တာနဲ့ မီးရထား သံလမ်းကြီးအတိုင်း နှင်းဆီကုန်းဘူတာဘက်ကို အမြဲပြန်နေကြလေ သူပြန်လာမယ့်အချိန်မှာ နင်နဲ့နေနန်းတော် တစ်ခါတည်းတွေ့သွား အောင် ငါတို့က စီစဉ်ပေးမှာ … ကောင်လေးက ဆင်းရဲပေမယ့် မဟုတ်မခံ ဇတ်ဇတ်ကြဲလေး၊ နင် ဒုက္ခရောက်နေတာကိုမြင်ရင် နင့် ကို သူ့နောက်ပါအောင် ခေါ်သွားမှာ သေချာတယ် … အနည်းဆုံး တော့ အဲဒီကောင်လေးကို လက်ထပ်ယူပစ်လိုက်ဖို့ပဲ နင်မှန်းထား သူ့မှာလည်း အားကိုးရာမရှိသလို နင့်မှာလည်း အားကိုးရာမရှိဘူး ဆိုတော့ နင်တို့နှစ်ယောက်က ဘဝတူတွေလေ၊ ငါ့ကိုကြီးကိုတော့ နင်မေ့လိုက် … "

"စံ … စံမြန်းကို မရက်စက်ပါနဲ့ မမချွေးလိုက်ဖြာရယ်၊ စံမြန်း ပြန်သွားရမယ့်နေရာတွေကို မမှတ်မိတော့လို့ မမချွေးလိုက်ဖြာတို့ ခြံထဲမှာ စံမြန်း ခဏလေးနေလိုက်မိတာပါ၊ စံမြန်းရဲ့ အတိတ်ဘဝ ဟောင်းကို သတိရတာနဲ့ ဘယ်ကိုပဲပြန်ရ ပြန်ရ စံမြန်းပြန်ပါ့မယ်





အခုတော့ … မီးရထားသံလမ်းကြီးပေါ်မှာ စံမြန်းကို တစ်ယောက် တည်းမထားခဲ့ပါနဲ့၊ စံမြန်းမရှိရင် ကိုကြီးနဲ့ဖွားရေစဉ်က စံမြန်းကို လိုက်ရှာနေကျမှာလေ … မမချွေးလိုက်ဖြာရဲ့ … အဟင့် ဟင့်"

ငိုရလွန်းလို့ စံမြန်းရဲ့ မျက်ခွံလေးတွေပင် မို့အစ်လို့နေခဲ့ရပါ ပြီ။ တရိပ်ရိပ်မောင်းလာသည့် ကားကလေးက ဘယ်ရောက်လို့ ရောက်နေမှန်းပင် မသိတော့ပါ။

"ညည်း … ညည်းဆင်းရတော့မယ်နော် စံမြန်းရိပ်၊ ညည်းရဲ့ အိတ်ဟောင်းလေးကို ညည်းအဆင်သင့်လွယ်ထား၊ လူတွေကြားထဲ မှာ ငိုဟယ်ယိုဟယ်နဲ့ ညည်း … ရှုတ်ရှုတ်သည်းသည်းလုပ်ရင် ဒီ တစ်ခါ ညည်းကို ငါကိုယ်တိုင် ရိုက်မယ် … "

"အဟင့် … "

မမချွေးလိုက်ဖြာထက် ပိုဆိုးနေတာ … အန်တီလှိုင်းမခရယ် လေ။

တစ်ခြိုလုံးကို လှိုင်းထပြောင်းဆန်နေအောင် ကိုင်လှုပ်နေ တာလည်း အန်တီလှိုင်းမခပဲဖြစ်သည်။ သူ့ကိုလည်း စံမြန်း ကြောက် နေရတာပါ။

လမ်းဘေးတစ်နေရာမှာ ကားထိုးရပ်လိုက်တော့ စံမြန်း ကြောက်ပြီး … ဘေးပတ်ဝန်းကျင်ကို မျက်ရည်လေးသုတ်ကာ အထိတ်တလန့်လေး ကြည့်မိသည်။

ဘုရားရေ …

ဟိုဘက်မှာ မီးရထားသံလမ်းတွေ။

"ညည်း … ညည်း မဆင်းနဲ့ဦးနော် စံမြန်းရိပ် … ကားပေါ် မှာပဲ ညည်းထိုင်နေ … "



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်ကတော့ ကားအောက်ကို ဆင်းသွားသည်။

"သေချာရဲ့လား အန်တီလှိုင်းမခရယ် ... နေ ... နေနန်းတော် ဒီမေတ္တာညွန့်ဘူတာနားကနေ ဖြတ်ဖြတ်သွားတယ်ဆိုတာ ဦးလေးစံကြီးက အန်တီကို သေချာပေါက်ပြောထားလို့လား"

ကားအောက်မှာ နှစ်ယောက်သား ခေါင်းချင်းဆိုင်လို့။

"သေချာတယ် ... သေချာတယ် ... ခြံထဲက ဒရိုင်ဘာ ဦးလေးစံက ဒီမေတ္တာညွန့်ထဲမှာနေတာဆိုတော့ နေနန်းတော် အကြောင်းကိုသိနေတာ၊ ဘူတာထဲမှာလည်း ဦးလေးစံချာတိတ်တွေ အများကြီးရှိတယ် ... ညနေ ခြောက်နာရီထိုးပြီဆိုတာနဲ့ ဒီရထားလမ်းအတိုင်း နေနန်းတော်က လမ်းလျှောက်ပြန်နေကြတဲ့"

"ဒါ ... ဒါဆို ... မွေးတို့ ဘယ်လိုလုပ်မလဲ"

"အခု ... ဘယ်နှစ်နာရီ ရှိပြီလဲ"

"ငါးနာရီ ခွဲပြီးနေပြီ"

"လာတော့မယ် ... လာတော့မယ် ... နေနန်းတော် လာတော့မယ်"

"စံမြန်းရိပ်ကို ခေါ်လိုက်မယ် ... "

"ခေါ်လိုက် ... ခေါ်လိုက် ... "

"မတတ်နိုင်ဘူး အန်တီရယ် ... သူများအပူကြီးက ကိုယ့်အပူကြီး လာဖြစ်နေတာ၊ ရက်စက်တယ်ပဲပြောပြော ဘာပဲပြောပြော ဒီရထားသံလမ်းပေါ်မှာ ချော့မော့ပြောပြီး ထားခဲ့ရတော့မှာပဲ ... "

မွေးလိုက်ဖြာကိုယ်တိုင်ပဲ ကားတံခါးဆွဲဖွင့်ကာ စံမြန်းကို





ခေါ်သည်။

"ဟဲ့ ... နင်ဆင်းတော့လေ စံမြန်းရိပ် ... "

"အဟင့် ... "

မထူးတော့ပါဘူးဆိုပြီး ကျောပိုးအိတ်အဟောင်းလေးကို စံမြန်း ကောက်ကိုင်သည်။ မျက်ရည်သုတ်ဖို့လည်း စံမြန်း သတိမရနိုင်တော့ပါ။ သူတို့က လက်ခံမထားချင်မှတော့ ဒီခြံကြီးထဲမှာ စံမြန်း ဘယ်လိုလုပ်နေခွင့်ရတော့မှာလဲ။ အကောင်းဆုံးကတော့ သူတို့နဲ့ ဝေးရာကို စံမြန်း ထွက်သွားရုံပဲ ရှိတော့တာပေါ့။

"ဟဲ့ ... မြန်မြန်ဆင်းလေ၊ နင် အခုမှ ကြောက်မနေနဲ့၊ ဟိုမှာ တွေ့လား ... နင်လျှောက်သွားရမယ့် ရထားလမ်းကြီး၊ ဒီလမ်းအတိုင်း နင်ဝစ်ယောက်တည်းလျှောက်သွားရမှာ ... ငါတို့ဘက်ကို ပြန်လှည့်လာဖို့တော့ နင် ... လုံးဝ မကြိုးစားနဲ့ ... "

မမမွေးလိုက်ဖြာက ခါးထောက်အော်ပြောရင်း ဟိုရှေ့မှာ မြင်နေရသည့် မီးရထားလမ်းကြီးကို သူမ်းပြသည်။

"စံ ... စံမြန်းက ဒီမီးရကားလမ်းကြီးအတိုင်း လျှောက်သွားရမှာ ဟုတ်လား ... မမမွေးလိုက်ဖြာ ... "

မီးရထားလမ်းကြီးကို ငေးကြည့်ရင်း ... မျက်ရည်တွေက တစ်ပေါက်ပြီးတစ်ပေါက် ထပ်ပြီးတော့ ပြုတ်ပြုတ်ကျလာသည်။

ရထားလမ်းဘေး ဝဲယာနှစ်ဖက်မှာလည်း ဆူးပင်ကြီးတွေ ချုံတောကြီးတွေနဲ့ ... ပြီးတော့ ... လျှောက်သွားနေတဲ့လူတွေလည်း တစ်ယောက်မှမရှိ။ အဟင့် ... အဲဒီလမ်းကြီးပေါ်မှာ စံမြန်း တစ်ယောက်တည်း ကျောပိုးအိတ်လေးလွယ်ပြီး လျှောက်သွားရမှာ



www.burmeseclassic.com

www.burmeseclassic.com



တဲ့။

"ဟဲ့ ... ဒီလမ်းအတိုင်း မလျှောက်လို့ နင်က ဘယ်လမ်းကို လျှောက်ချင်နေသေးလို့လဲ ... နင့်ကိုခေါ်သွားမယ့် နေနန်းတော်ဆို တဲ့ကောင်လေးက ဒီလမ်းအတိုင်းလျှောက်လာတော့မှာ၊ အရပ် ကလေးကမြင့်မြင့် ဆံပင်ကလေးက ရှည်ရှည်လေးနဲ့ စကားပြောရင် လည်း မဟုတ်မခံ ခပ်ပြတ်ပြတ်ပြောတတ်တဲ့ ကောင်လေး ... အဲ ကောင်လေးခေါ်တာနဲ့ သူ့နောက်ကို နင်လိုက်သွားရမယ်၊ ကဲ ... လာ ..."

စံမြန်း ကြောက်ကြောက်နဲ့ပဲ ကားအောက်မြေပြင်ကို ဆင်း လိုက်ရသည်။

ခေါ်လိုင်းမခကတော့ ဘေးဘီကို မျက်ဝန်းလေးတစ်ချက် ဝေ့ကြည့်ပြီး မျက်နှာထားမာမာလေးနဲ့ လက်ကိုပိုက်ထားလျက် ကားဘေးမှာ ဒီအတိုင်းရပ်နေသည်။

ကားအောက်မှာ ခြေစုံချရပ်မိတော့ စံမြန်း ဆံပင်ကလေး သိမ်းရ၏။ မကြာခင် ... အမှောင်ရိပ်တွေက သန်းလာတော့မှာ စံမြန်း ကြောက်နေကာ တစ်ကိုယ်လုံး အေးစက်လို့။

"ဟိုမှာ ... နင်လျှောက်သွားရမယ့် မီးရထားသံလမ်းကြီး တွေ့တယ်နော် စံမြန်းရိပ် ... ပြောရရင် ... နင်နဲ့ငါတို့နဲ့ပတ်သက် တာ ဒီနေ့ဟာ နောက်ဆုံးနေ့ပဲ ... နင်နဲ့ ကိုကြီးကို ပတ်သက်ပြီး သွားမှာကိုကြောက်လို့ ကိုကြီးအလစ်မှာ ငါတို့မောင်းထုတ်လိုက် တာ"

ထိုအချိန်မှာပဲ ကံကဆိုးချင်တော့ မေတ္တာညွန့်ရပ်ကွက်ထဲ





နေတဲ့ ကန့်ထရိုက်တာ ဦးထွန်းထွန်းဇော်က အလုပ်ကအပြန်မှာ နေနန်းတော်နဲ့အတူတူ လမ်းလျှောက်လာရင်း ရထားသံလမ်းကြီး တွေဘက်ကို လျှောက်လာတာလေ။

မထင်မှတ်ဘဲ ... စံမြန်းကို တွေ့လိုက်တော့။

"ဟာ ... နေနန်းတော် ... ဟိုမှာ ... ဟိုမှာ ... ကြည့်စမ်း၊ ငါ ... ငါပြောတဲ့ ငါတို့ဘော့စ်နဲ့ လက်ထပ်မယ်ဆိုတဲ့ ကောင်မလေး"

"ဟင် ..."

နေနန်းတော်ကလည်း ဘာရယ်မဟုတ်ဘဲ ဦးထွန်းထွန်းဇော် သက်ညှိုးထိုးပြနေသည့် ကောင်မလေးတစ်ယောက်ကို အမှတ်တမဲ့ လေး ကြည့်မိသွားသည်။

"ဟာ ... ညီမလေး ..."

နေနန်းတော် ... ပါးစပ်အဟောင်းသားလေးနဲ့ အသက်မရှူ နိုင်အောင် ရင်ခုန်သံတွေ မြန်ဆန်သွားရလျှက်။

"ဟေ ... နေနန်းတော် ... ဒီကောင်မလေးကို မင်းသိလို့ လား"

"ဒါ ... ဒါ ... ကျွန်တော့်ညီမလေး ..."

"ဘာပြောတယ်"

ဦးထွန်းထွန်းဇော်ပါ မျက်ခုံးတွေ ပင့်တက်သွားရပြီ။

"မင်း ... မင်း မဟုတ်တာတော့ မပြောနဲ့နော် နေနန်းတော် ဒါ ... ဒါ ... ဘော့စ်ကိုယ်တိုင် သူလက်ထပ်မယ့် ကောင်မလေးဆို ပြီး ငါနဲ့သေသေချာချာ မိတ်ဆက်ပေးသွားလို့ ငါမှတ်မိနေတာကွ ... အဲဒီ ချမ်းသာနေတဲ့ ကောင်မလေးက မင်းညီမလေးဆိုတာ ဖြစ်နိုင် ပါ့မလား ..."



www.burmeseclassic.com

www.burmeseclassic.com



ဦးထွန်းထွန်းဇော် ခေါင်းခါငြင်းမိသည်။

ဒါကို နေနန်းတော်က လက်မခံပါ။

ချက်ချင်းပဲ ကောင်မလေးအနားကို နေနန်းတော် အပြေးအလွှား ရောက်သွားသည်။ ဘယ်သူ့ကိုမှ ဂရုမစိုက်ဘဲ ... ကောင်မလေးရဲ့ ပခုံးလေးနှစ်ဖက်ကို တင်းတင်းလေးဆုပ်ကိုင်ကာ အတင်းဆွဲလှည့်ပြီးတော့ ခပ်စူးစူးလေး စိုက်ကြည့်ပစ်လိုက်၏။

"ညီမလေး ပန်းမြတ်ချယ် ..."

"ဘုရားရေ ..."

နွေးလိုက်ဖြာနဲ့ အန်တီလှိုင်းမခ။

မမျှော်လင့်ဘဲ နေနန်းတော်ကိုမြင်လိုက်တော့ ဘုရားတရင်းမျက်လုံးတွေပါ ပြူးသွားခဲ့ရပြီ။

"နင် ... နင် ... နေနန်းတော်မို့လား ကောင်လေး ... နင်ဘာလုပ်တာလဲ၊ စံမြန်းကို နင်ဘာလို့ ဆွဲလားယမ်းလား လာလုပ်နေတာလဲ ..."

နွေးလိုက်ဖြာ အံ့ဩနေလို့ မေးလိုက်မိတာပါ။

စံမြန်းကို ခေါ်လိုက်တာလည်း ညီမလေး ပန်းမြတ်ချယ်တဲ့

"ဟာ ... ကြည့်စမ်း ... ခင်ဗျားတို့က ကျွန်တော့်ကို မှတ်နေတယ်ဟုတ်လား၊ ဒါ ... ဒါ ... ပျောက်သွားတဲ့ ကျွန်တော့်ညီမလေး ပန်းမြတ်ချယ်ဗျ ..."

နေနန်းတော် လိုက်လိုက်တုန်တုန်ကလေး ပြောလိုက်သလို ညီမလေး ပန်းမြတ်ချယ်ရဲ့ ပခုံးလေးနှစ်ဖက်ကို ကိုင်လှုပ်ကာလည်း အားမလို အားမရ မေးလိုက်မိသည်။

"ညီမလေး ... မင်းဘာလို့ ကိုကြီးကို ကြောင်တောင်တောင်





လား စိုက်ကြည့်နေတာလဲ၊ ကိုကြီးလေ ... ကိုကြီး နေနန်းတော်လေ"

"ရှင် ... ကိုကြီး နေနန်းတော် ဟုတ်လား ... ကိုကြီး ... ကိုကြီးက စံမြန်းကို သိနေလို့လား ... စံ ... စံမြန်းက ကိုကြီးကို မသိဘူး ... ဘယ်က နေနန်းတော်လဲ ..."

"ဘာ ... ဘာပြောတယ် ညီမလေးက ကိုကြီးကိုမသိဘူးဟုတ်လား ..."

နေနန်းတော် အသက်ရှူမှားသွားအောင်လည်း ပျာယာခတ်သွားသည်။

အမှိပ္ပာယ် မရှိလိုက်တာ။

ဒါ ... ဒါ ... ညီမလေး ပန်းမြတ်ချယ်မှ ညီမလေး ပန်းမြတ်ချယ်အစစ်။ ညီမလေး လွယ်ထားတဲ့ ကျောပိုးအိတ်ဟောင်းလေးက ပန်းမြတ်ချယ်ဆိုတာ သက်သေခံနေတာလေ။

ကြည့်ပါဦး ...

ဒါကိုတောင် ညီမလေး ပန်းမြတ်ချယ်က သူ့ကိုမသိဘူးတဲ့။

"ကို ... ကိုကြီးက နေနန်းတော်လေ ညီမလေး ... ကိုကြီးကို မသိဘူးလို့ ညီမလေး ဘာလို့ငြင်းနေရတာလဲ ..."

နေနန်းတော်က ပခုံးလေးကို ကိုင်လှုပ်ပြီးတော့မေးလေ၊ ကြောက်ကြောက်နဲ့ ပြူတ်ပြူတ်ကျလာတဲ့ စံမြန်းရဲ့ မျက်ရည်လေးတွေက လှိမ့်လှိမ့်ပြီးတော့ ကျလာလေ။

"ဟော့ကောင် နေနန်းတော် ... မင်း ... မင်းမှားမယ်နော် ... ဘယ်သူတွေလဲလို့ ကြည့်နေတာ၊ ဒါ ... ဒါ ... ငါ့တော့စ်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



ညီမကွ၊ ဟုတ်တယ်နော် ... မနွေးလှိုက်ဖြာ၊ ကျွန်တော့်ကိုသိတယ် နော် ... ကျွန်တော် ဦးမင်းသိင်္ခာရဲ့ ကုမ္ပဏီနဲ့စာချုပ်ပြီး အလု လုပ်နေတဲ့ ကန်ထရိုက်တာ ဦးထွန်းထွန်းဇော်လေ ... "

"အို ... ဦးထွန်းထွန်းဇော်ကို နွေး သိတာပေါ့ ... "

ဂရုမစိုက်သလို နှုတ်ခမ်းလေးမဲ့ပစ်လိုက်တာ နွေးလှိုက်ဖြ ပါ။

"ဟော့ကောင် ... မင်း ကြားတယ်နော်၊ ဒါ ... မင်းညီမလေး မဖြစ်နိုင်ဘူး၊ မင်း လူမှားနေပြီ၊ ဒါ ... ငါ့ဘော်စ် ဦးမင်းသိင်္ခာ မကြာခင် လက်ထပ်တော့မယ့် ကောင်မလေး ... "

"ဟာ ... မဟုတ်ဘူး ဦးဇော် ... "

"ဟော့ကောင် ... ကောင်မလေးကတောင် မင်းကိုမသိ လို့ ငြင်းနေတာလေ၊ မင်းညီမလေးဆိုရင် မင်းကိုသိရမှာပေါ့ကွ"

ဒေါ်လှိုင်းမခပါ မျက်နှာတွေပျက်လျှက်။

"ကျွန်တော် ... ကျွန်တော် ... ဘယ်လိုမှ နားမလည်နိုင် တော့ဘူး ဦးဇော်ရာ ... ဒီကျောပိုးအိတ်အဟောင်းလေးကိုယူ ပြီး ကျွန်တော် ထားခဲ့တဲ့နေရာလေးကနေ ကျွန်တော့်ညီမလေး ပျောက်သွားခဲ့တာ၊ ဒီအိတ်ကလေးကို ကျွန်တော် မှတ်မိတယ် ပျောက်သွားတုန်းက ကျွန်တော့်ညီမလေးက ဆံရစ်ပိုင်းကလေး ဒီအိတ်ကလေးထဲမှာ ကျွန်တော့်အဝတ်အစားတွေတောင် ပါသေး သေးတယ် ... "

"ဟွန်း ... သူပြောတာ ဖြစ်နိုင်တယ် ဦးထွန်းထွန်း ဟုတ်တယ် ... ဒီကောင်မလေးကို မတော်တဆ ကားနဲ့တိုက်မိ





လို့ ကိုကြီးမင်းသိင်္ခာကိုယ်တိုင် ခြံထဲကိုခေါ်လာခဲ့တာ၊ အဲဒီနေ့က ဒီကျောပိုးအိတ်ကလေးဟာ ဒီကောင်မလေးနဲ့ အတူတူပါလာတဲ့ ကျောပိုးအိတ်ကလေး ... "

"ဗျာ ... "

နွေးလှိုက်ဖြာပြောနေတာကို ဦးထွန်းထွန်းဇော်ကိုယ်တိုင် ဘယ်လိုမှ နားမလည်နိုင်တော့ပါ။ ဘော့စ် ဦးမင်းသိင်္ခာက လက် ထပ်မယ့်ကောင်မလေးလို့ပဲ ပြောပြီး မိတ်ဆက်ပေးသွားတာလေ။

ခုတော့ ... ကြည့်ပါဦး။

ဒီကောင်မလေးဟာ ဘော့စ်ကိုယ်တိုင် ကားနဲ့တိုက်မိသွား လို့ ခြံထဲကို ခေါ်လာခဲ့တဲ့ကောင်မလေးတဲ့။ နေနန်းတော်ကလည်း ပျောက်သွားတဲ့ သူ့ညီမလေးတဲ့။ ဘာတွေလဲကွာ ... ကြားထဲကနေ ခေါင်းခေါင်းစားသွားရတာ ဦးထွန်းထွန်းဇော်ပါ။

ဘော့စ်ညီမလေး နွေးလှိုက်ဖြာရဲ့ မျက်ဝန်းလေးတွေကိုပဲ ဦးထွန်းထွန်းဇော် စိုက်ကြည့်နေမိ၏။

"တစ်ခုပဲ ကံဆိုးတာက ဒီကောင်မလေးက ကားတိုက်မိတဲ့ အချိန်နဲ့ လမ်းပေါ်ကို လဲကျသွားပြီး အတိတ်မေ့သွားခဲ့တယ်လေ၊ အခုမှ ... ဒါတွေကို အမှန်အတိုင်း ပြောပြလိုက်တာ၊ နေနန်းတော် က ပျောက်သွားတဲ့ သူ့ညီမလေးဖြစ်နေတယ်ပြောလို့၊ ခုတော့ ... တော်ပဲဖြစ်သွားတာပေါ့၊ ပိုင်ရှင်ဖြစ်တဲ့ သူ့အစ်ကိုလက်ထဲကို ပြန် အပ်လိုက်ဖို့ပဲ ရှိတော့တာပေါ့ ... "

"ရှင် ... မမနွေးလှိုက်ဖြာ၊ စံ ... စံမြန်းကို ဒီကိုကြီးလက်ထဲ အပ်လိုက်တော့မယ် ဟုတ်လား ... ဟင့်အင်း ... စံမြန်းမလိုက် ဘူး ဒီကိုကြီးက စံမြန်းကိုကြီး မဟုတ်ဘူး၊ စံမြန်းကိုကြီးက ဦးမင်း



www.burmeseclassic.com

www.burmeseclassic.com



သိက္ခာပါ ... ”

စံမြန်းရိပ် ဘယ်လိုပဲပြောပြော အဆုံးမသတ်နိုင်တဲ့ ... လမ်းတစ်ပုဒ်ကို အဆုံးသတ်နိုင်အောင် နွေးလိုက်ဖြာက ကြိုးစား... ခဲ့ပြီ။

စံမြန်းက ခေါင်းလေးခါပြီး ခပ်ပြတ်ပြတ်လေး ငြင်းနေ... မယ့် နေနန်းတော်ကတော့ သူ့ညီမလေးလက်ကို မလွှတ်တော့...

ဒါကို ... ဦးထွန်းထွန်းဇော်ကလည်း သဘောပေါက်သွား... သည်။

“ဒါ ... ဒါဆို ... ဒီကောင်မလေးကို မနွေးလိုက်ဖြာက”

“ဟုတ်တယ် ... ဦးထွန်းထွန်းဇော်၊ ကျွန်မ အမှန်အတိုင်း... ထပ်ပြီးတော့ ဝန်ခံရမယ်ဆိုရင် ... ဒီလို အတိတ်မေ့နေတဲ့ ကော... မလေးတစ်ယောက်ကို ကျွန်မ ကိုကြီးနဲ့ ငြိစွန်းပတ်သက်သွား... ကြောက်လို့ ... ခြံထဲက မောင်းချဖို့ ဒီနေရာကို ကျွန်မခေါ်... တာ၊ ခုတော့ ... ဦးထွန်းထွန်းဇော် မြင်တဲ့အတိုင်းပဲ၊ စံမြန်းရိပ်... ကျွန်မတို့ပေးခဲ့တဲ့ နာမည်ပိုင်ရှင် ဒီကောင်မလေးဟာ နေနန်းတော်... ဆိုတဲ့ဒီကောင်လေးရဲ့ ညီမလေးဖြစ်နေတယ်၊ ပြီးပြီလေ ... ဒီကော... မလေးကို သူ့အစ်ကို ပြန်ခေါ်သွားရင် ကျွန်မတို့ ကျေနပ်ပြီ”

“ဟာဗျာ ... ဒါ ... ဒါကတော့ ... ”

“မပြောနဲ့ ဦးထွန်းထွန်းဇော် ... ဒီကောင်မလေးကို ကျွန်မ... တို့ခြံထဲမှာ ဆက်ပြီးတော့ လက်ခံမထားချင်လို့ ကျွန်မ အပြတ်... နေတာ၊ ကျေးဇူးပြုပြီးတော့ ... ဒါကို ဦးထွန်းထွန်းဇော် နား... ပေးပါ၊ ကဲ ... နေနန်းတော် ... ရှင်နဲ့ကျွန်မတို့ကတော့ ... အကြိမ်ကြိမ်မြောက် ပြန်ဆုံရတာနော် ... ”





နေနန်းတော် နှုတ်ခမ်းလေးမဲ့သည်။

“ကံမကုန်လို့ ပြန်ဆုံရတာယ်ပဲ ရှင်သဘောထားလိုက်ပါ”

“မလိုပါဘူး ... ခင်ဗျားတို့နဲ့ ထပ်ပြီးတော့ ပတ်သက်ဖို့ အစီအစဉ်လည်း ကျွန်တော့်မှာမရှိတော့ဘူး ... အကောင်းဆုံးက ခင်ဗျားတို့နှစ်ယောက်စလုံး ကျွန်တော့်ညီမလေး ပန်းမြတ်ချယ်ကို ထားခဲ့ပြီး ဒီနေရာကနေ အမြန်ဆုံးထွက်သွားလိုက်ပါ ... ”

“ဟာ ... စံမြန်း မလိုက်ဘူးနော် ... အဟင့် ... ”

“စံမြန်းရိပ် ... ”

“ရှင် ... မမနွေးလိုက်ဖြာ ... ”

“ဒါ ... နင့်ရဲ့အစ်ကို နေနန်းတော်၊ နင် သူခေါ်တဲ့နောက်ကို လိုက်သွားရမယ် ... ငါတို့နောက်ကို ပြန်လိုက်ဖို့ နင်လုံးဝ မစဉ်းစားနဲ့၊ ကဲ ... အန်တီလှိုင်းမခ ... နွေးတို့သွားမယ်၊ ကားပေါ် ပြန်တက်လိုက်တော့ ... ”

ပြောပြီးတာနဲ့ ... ကားပေါ်တက်ကာ နေရာလေးကနေ ဝေါခနဲ မောင်းထွက်သွားခဲ့ပြီ။ ဒါကိုကြည့်ကာ ဦးထွန်းထွန်းဇော် တက်တစ်ခေါက်ခေါက်နဲ့။

“တောက် ... ပိုက်ဆံချမ်းသာသလောက် တော်တော်ရက်စက်တာပဲကွာ”

“ရတယ် ... ဦးဇော် ... ကျွန်တော့်ညီမလေးကို ပြန်တွေ့တာ ကျွန်တော် အရမ်းဝမ်းသာတယ်၊ အတိတ်မေ့နေလို့ သူ ... ကျွန်တော့်ကို မမှတ်မိပေမယ့် ကျွန်တော့်ညီမလေးက ကျွန်တော့် ညီမလေးပဲလေ ဦးဇော် ... သူ့ကို ကျွန်တော် ခေါ်သွားမယ်၊ လာ



www.burmeseclassic.com

www.burmeseclassic.com



ညီမလေး ... ကိုကြီးနဲ့လိုက်ခဲ့ ... ”

“ရှင် ... ”

မျက်ရည်တွေပြည့်နေတဲ့ မျက်ဝန်းလေးတွေနဲ့ သူ့ကိုပင် ငေး ကြည့်နေတဲ့ ညီမလေး ပန်းမြတ်ချယ်ရယ်ပါလား။

ညီမလေးရယ် ...

ကိုကြီးကို ရင်နင့်အောင် မလုပ်ပါနဲ့။

ကံကြီးလို့ ညီမလေးနဲ့ကိုကြီး ပြန်တွေ့ရတာပါ။

ညီမလေး ပျောက်သွားလို့ ကိုကြီးလိုက်ရှာနေတာ တစ်နှစ် တောင် ကျော်သွားခဲ့ပါပြီ ညီမလေးရယ်။

## အခန်း ( ၁၉ )

“ဖြောင်း ... ”

“ဟား ... ဟား ... ဟား ... ”

“ဟား ... ဟား ... ဟား ... ”

“ဖြစ်မှဖြစ်ရလေ ကိုကြီးရယ် ... တိုက်တိုက်ဆိုင်ဆိုင် တွေ့မှ တွေ့ကတတ်တယ် ကိုကြီးရေ ... နွေးတို့ကလေ စံမြန်းလေးကို သနားပြီး စားချင်တာစားပါစေဆိုတဲ့ စေတနာနဲ့ ရွှေပုဇွန်မှာ မုန့် လိုက်ကျွေးတာလေ ... အဲဒါ ... အဲဒါ ... စံမြန်းလေးနဲ့တောကနေ နိုးရာလိုက်ပြေးလာတဲ့ ကောင်လေးနဲ့ ပြန်တွေ့သွားတာ စံမြန်း လေးကလည်း အဲဒီကောင်လေးကိုတွေ့တော့ မှတ်မိသွားတယ် ကိုကြီးရေ ... ရယ်ရတယ် ... ရယ်ရတယ် ... အရမ်းရယ်ရတယ် သိလား ကိုကြီး ... ”

“ဟား ... ဟား ... ”

နွေးလိုက်ဖြာရယ်နေတာ အူလိုက် သည်းလှိုက်လေးနဲ့မဆုံး နိုင်အောင်ကိုပဲ ရယ်နေတော့တာပါ။ နွေးလိုက်ဖြာ ရင်းပြနေတဲ့



www.burmeseclassic.com

www.burmeseclassic.com



စကားတွေကို နားထောင်ပြီး ဖွားရေစဉ်က သူ့ကို အမိပွှာယ်ပါသည့် မျက်ဝန်းအကြည့်လေးတွေနဲ့ လှမ်းကြည့်နေရှာပါသည်။

ထိုအဓိပ္ပာယ်ကိုလည်း မင်းသိင်္ခာက သိပါသည်။

စံမြန်းလေးကို ကားနှင့်တိုက်မိသည့်နေ့က ပါလာသည့်အိတ်ထဲမှာ ယောက်ျားလေးဝတ်စုံတွေလေ။ ဒါတွေကိုကြည့်ပြီး တစ်နေ့ ဖြစ်လာသလား။ ဘယ်လိုပတ်သက်လာခဲ့သလဲဆိုသည့် အတွေး တွေနှင့် ဖွားရေစဉ်ရော မင်းသိင်္ခာပါ သံသယတွေ ဖြစ်ခဲ့ကြတာ လေ။

ခုတော့ ... ညီမလေး နွေးလိုက်ဖြာ ရှင်းပြနေသည့်အတိုင်း သာဆိုလျှင် စံမြန်းလေးဟာ သူ့ချစ်သူနဲ့ နိုးရာလိုက်ပြေးရင်း ကွဲကွာ သွားခဲ့တာ သေချာသွားခဲ့ပြီ။ ဖွားရေစဉ်က ဝင်ပြောပါသည်။

"ဟင်း ... ဒါပေါ့လေ ... ဖူးစာရင်းမှန်လို့ သူ့ချစ်သူနဲ့ပြန်တွေ့ သွားကြတယ်လို့ပဲ ဖွားရေစဉ်တို့ သဘောထားလိုက်ရတော့မှာပေါ့ ဘယ်လိုလဲဟင် ... နွေးလိုက်ဖြာ ... သူ့ချစ်သူကောင်လေးကချော ချောရဲ့လား ... "

"ဟာ ... ချောတယ် ... ချောတယ် ... ဆံပင်ရှည်ရှည်လေး တွေကလည်း ပခုံးလေးနှစ်ဖက်ပေါ်မှာ ခွေခွေလေးဝဲကျနေတာ အရပ်ကလေးကလည်း မြင့်မြင့်လေး အသားလေးကလည်း ဖြူဖြူ လေး၊ မျက်ခုံးတန်းကြီးနှစ်ဖက်ကဆိုရင် ထူပိတ်ပြီးတော့ စိမ်းနေ တာ ကိုကြီးရဲ့ ... သိလား ... သိလား ... "

"ဟား ... ဟား ... "

နွေးလိုက်ဖြာ ရယ်လို့မဆုံး။

ထိုအချိန်မှာ ဖွားရေစဉ် ပင့်သက်ချလိုက်တာက တရား





သဘောလေးနဲ့ပါ။ ဖေဖေနဲ့မေမေက ဘာမှ ထူးထူးခြားခြားမခံစား ရသလို နွေးလိုက်ဖြာနဲ့ရောကာ ရယ်ပဲ ရယ်နေလျှက်။

"ဘာပဲဖြစ်ဖြစ်ပေါ့ မြေးလေး နွေးလိုက်ဖြာရယ်၊ ကံကြမ္မာ တရားရုံးက ချမှတ်တဲ့ စီရင်ချက်ဆိုတာ ဘယ်သူကမှ အယူခံဝင် လျှောက်လဲချက်ပေးလို့ရတတ်တာမျိုး မဟုတ်ဘူးလေ ... ကံရှိလို့ ဒီကလေးမလေး ဖွားတို့ခြံထဲကို ရောက်ခဲ့တယ်၊ ဟော ... ကံကုန် သွားလို့ ဖွားတို့ခြံထဲကနေ ပြန်ထွက်သွားပြီဆိုတော့လည်း လွမ်း ဆွေးသတိရပြီးတော့ပဲ ဖွားတို့ကျန်ခဲ့ရတော့မှာပေါ့ ... ဘယ်တတ် နိုင်ပါ့မလဲ ... အရာရာဟာ သဗ္ဗေသတ္တာ ကံမသကာပဲဥစ္စာ ... မြေးကြီးလည်း ဒီကလေးမလေးကို မေ့လိုက်တော့ ... "

"အမလေး ဖွားရယ် ... မမေ့တော့လည်း ကိုကြီးဘာလုပ်လို့ ရတော့မှာမို့လို့လဲ၊ ဟိုက တောကနေ သူနဲ့နိုးရာလိုက်ပြေးလာတဲ့ ကောင်လေးကိုတွေ့တော့ ... ချက်ချင်းပဲ ပြန်မှတ်မိသွားလိုက်တာ ပြန်လိုက်သွားတာလည်း ကော့လို့ ... "

"ကဲ ... အပိုစကားတွေ ဘာမှပြောမနေနဲ့တော့၊ သားတို့ သမီးတို့ရေ အကောင်းဆုံးကတော့ ပျက်သွားတဲ့ မင်္ဂလာပွဲကြီးကိုပဲ ခမ်းခမ်းနားနား ပြန်ကျင်းပနိုင်အောင် ကြိုးစားကြ၊ ဒီတစ်ခါ ... မြတ်သောမေဆိုတဲ့ မိန်းကလေးကို ခြံထဲမှာ ထမင်းစားဖိတ်ပြီး တော့ ဖေဖေကိုယ်တိုင် မေတ္တာရပ်ခံမယ် ... ကိုယ်နဲ့အဆင့်အတန်း တူတာပဲ ကောင်းပါတယ်ကွယ် ... "

"ဗျာ ... ဖေဖေ ... "

သူ မျက်တောင်လေးကော့ကာပဲ ဖေဖေ ချမှတ်တဲ့အမိန့်ကို နားထောင်ခဲ့ရပြီ။ ဖွားကလည်း မျက်ဝန်းလက်လက်လေးတွေနှင့်



www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်နှာလေးကိုပဲ ကရုဏာသက်စွာ ငေးကြည့်လို့ နေခဲ့ပါသည်။

နွေးလှိုက်ဖြာကတော့ ကျေနပ်နေသော အသံကလေးဖြင့်

“ဟွန်း … အဲဒါကြောင့်မို့ ကိုကြီးကို အစကတည်းက နွေး သတိပေးခဲ့တာလေ၊ ဘယ်ကလာမှန်းလည်းမသိ၊ ဘာတွေဖြစ်လာမှန်းလည်းမသိတဲ့ ကောင်မလေးတစ်ယောက်ကို အရေးပေးနေတာ ကိုကြီး တစ်နေ့ကျရင် မှားတော့မယ်ဆိုတာ … ”

“တော်ပြီ နွေးရာ … မင်း … ကိုကြီးကို ဘာမှမပြောနဲ့တော့”

စိတ်ပျက်စွာ လှည့်ထွက်လာခဲ့ရတဲ့ သူ့ရင်ထဲမှာတော့ …

ကြေကွဲထိခိုက်ရမှုတွေ များစွာနဲ့။

ထိုအချိန်မှာ …

နွေးလှိုက်ဖြာနဲ့တိုင်ပင်ထားပြီး ချစ်သူတွေကို သပ်လျှိုသွေးခွဲဖို့ ကြိုးစားနေတဲ့ ဒေါ်လှိုင်းမခကလည်း မြတ်သောမေရှေ့မှာ မျက်နှာလေးမော့ကာ မော့ကာနဲ့ … ရယ်စရာဇာတ်လမ်းတစ်ပုဒ်ကို ပြောသလို ပြောနေခဲ့တာလေ။

“ဟား … ဟား … လောကကြီးက အရမ်းဆန်းကြယ်တယ်ဆိုတာ အန်တီလည်း ခုမှပဲသိတော့တယ် … မေရေ … တကယ်ပဲ တကယ်ပဲ … နေနန်းတော်ဆိုတဲ့ကောင်လေးနဲ့ မောင်မင်းသိင်္ခ ခေါ်လာတဲ့ အတိတ်မေ့နေတဲ့ဟိုကောင်မလေး တောကနေခိုးပြေးလာကြတယ်ဆိုတာ ယုံတောင်မယုံဘူး … စံမြန်းရိပ်ကိုတွေ့တော့ သူ့ချစ်ပါဆိုပြီး နေနန်းတော်က အတင်းဆွဲခေါ်တော့တာလေ”

“ရှင် … ”

မေ့မှာတော့ မျက်တောင်လေးကော့ကာ တစ်ကိုယ်လုံး





အေးစက်လို့။

နေနန်းတော်ရယ် … ရှင် တော်တော်ရက်စက်တာပဲ။

ခိုးပြေးလာတဲ့ ချစ်သူတစ်ယောက် ရှင့်မှာရှိခဲ့တာတောင် ကျွန်မရဲ့ ပါးကလေးတွေပေါ်မှာ အနမ်းဒဏ်ရာနက်နက်ကလေးတွေ ရှင်ပေးသွားခဲ့သေးတယ်နော်။

ခုတော့ … ကျွန်မ သိပါပြီ။

ရှင့်ကို ဘဝတစ်သက်တာ မုန်းနိုင်ဖို့အတွက် ဦးမင်းသိင်္ခဆိုတဲ့ ယောကျ်ားတစ်ယောက်ကိုပဲ ကျွန်မ ရွေးချယ်လိုက်တော့မယ်။

“ဟင်း … ဟင်း … ဒီဇာတ်လမ်းမှာ အံ့ဩဖို့ကောင်းတာက စံမြန်းရိပ်ဆိုတဲ့ အဲဒီအတိတ်မေ့နေတဲ့ ကောင်မလေးက နေနန်းတော်ကိုတွေ့တော့ မှတ်မိနေတာလေ၊ သူ့ချစ်သူ နေနန်းတော်ကို ရင်ထဲကနေ ဘယ်လောက်စွဲလမ်းတမ်းတနေသလဲဆိုတာ ကောင်မလေးက တစ်ခါတည်း သက်သေပြလိုက်တာ၊ အန်တီဆို မယုံနိုင်လွန်းလို့ သူတို့နှစ်ယောက်ကို ကြည့်ပြီး အသက်ရှူတောင်မှားတယ်၊ တကယ်ပဲ … တကယ်ပဲ … လောကကြီးမှာ ဒီလိုအဖြစ်မျိုးတွေရှိနေတာ အမှန်ပဲ … အန်တီနဲ့နွေးဆို ဘာမှတောင်မပြောနိုင်တော့ဘဲ လက်ဆွဲထွက်သွားတဲ့ သူတို့နှစ်ယောက်ကို ငေးကြည့်ပြီးတော့မှ ကျန်ခဲ့ရတာ … ”

“တော်ပါတော့ အန်တီရယ် … ဒီအကြောင်းတွေ မေ ဘာမှ မကြားချင်တော့ဘူး၊ ဒါတွေအားလုံးက မေ ကံမကောင်းလို့ဖြစ်ခဲ့ရတာတွေပါ … ခုတော့ … မေ ဆုံးဖြတ်လိုက်ပါပြီ၊ သူ့ကိုစိတ်နာနာနဲ့ မေ … ဦးမင်းသိင်္ခနဲ့ပဲ လက်ထပ်လိုက်တော့မယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ... ဘာပြောတယ် မေ ..."

ဒေါ်လှိုင်းမခ မျက်တောင်တွေ ကော့ပျံလျှက်။

မေ့ မျက်နှာလေးကို လှမ်းကြည့်ကာ ဝမ်းသာရတော့မလိုလို ဝမ်းနည်းရတော့မလိုလို။

မေ့ဆီက အဖြေကိုရလိုက်တာနှင့် ချက်ချင်းပဲ ဖုန်းဖွင့်ကာ နွေးလိုက်ဖြာဆီကို လှမ်းဆက်သည်။

"နွေးရေ ..."

"ရှင် ... အန်တီလှိုင်းမခ ..."

"အန်တီတို့ စီစဉ်ထားတဲ့မင်္ဂလာပွဲ အောင်မြင်ပြီနွေးရဲ့"

"ဟင် ... မြတ်သောမေက ဘာပြောလို့လဲ ..."

"ဦးမင်းသိင်္ခာနဲ့ပဲ လက်ထပ်လိုက်တော့မယ်တဲ့"

"ဟယ် ... အဲဒါ အန်တီ တကယ်ပြောတာ ..."

"တကယ်ပြောတာ ... တကယ်ပြောတာ၊ အန်တီလေ ... နွေးပြောနိုင်းထားတဲ့အတိုင်း ပြောလိုက်တာ၊ မေက ... နေနန်းတော်ဆိုတဲ့ကောင်လေးကို အရမ်းစိတ်နာသွားပြီလေ ..."

"ဟား ... ဟား ... အဲဒါကြောင့်၊ အန်တီ့ကို နွေးပြောတာပေါ့ အန်တီရဲ့ ... အရေးကြီးတာ သူတို့နှစ်ယောက် မောင်နှမတော်တာ ဘယ်သူမှမသိဖို့ အရေးကြီးတယ်၊ အခုဆို ... ကိုကြီးမင်းသိင်္ခာလည်း စိတ်ဓာတ်အရမ်းကျသွားလို့ မြတ်သောမေနဲ့ လက်ထပ်ဖို့ ဖေဖေ့ကို ခေါင်းညိတ်လိုက်ပြီ၊ အဲဒါ ... အန်တီ အခုချက်ချင်း မြတ်သောမေကိုခေါ်ပြီး မေတို့အိမ်ဖက်ကို ထွက်လာခဲ့၊ ဖေဖေကလည်း အန်တီနဲ့မြတ်သောမေကို အရမ်းတွေ့ချင်နေတယ်"

"လာမယ် ... လာမယ် ... ဒီကိစ္စကို အမြန်ဆုံးဖြစ်အောင်





ဒ်နဲ့ပြီးတော့ စီစဉ်ကြမယ် ... ဒီတစ်ခါတော့ ဘယ်လိုအကြောင်းနဲ့မှ ပွဲမပျက်နိုင်တော့ပါဘူး နွေးရယ် ..."

"မြန်မြန်လာခဲ့နော် အန်တီ ..."

မေကတော့ ကြီးကြီးမိုးရှေ့မှာ။

"ကြီးကြီးမိုးရယ် ... မေလေ ... မေ ... အရမ်းဝမ်းနည်းပြီး ချင်လာလို့ ကြီးကြီးမိုးဆီပြေးလာတာ၊ နေ ... နေနန်းတော်လေ ပျောက်နေတဲ့သူ့ချစ်သူနဲ့ ပြန်တွေ့သွားပြီတဲ့ ..."

"ဟင် ... ဟုတ်လား ..."

ကြီးကြီးမိုး မျက်နှာပျက်သွားသလို ရင်ထဲမှာလည်း ထိတ်သွားသည်။

အိုးလေးကလည်း အံ့ဩကာ နှုတ်ခမ်းလေးဝိုင်းဟလျှက်။

"အဟင့် ... ဟင့် ..."

"အို ... မငိုနဲ့လေ မေ ..."

"ဟုတ်လို့လား မမမေရယ် ... ကိုကြီး နေနန်းတော်မှာ ရှေ့တုန်းက ချစ်သူရှိခဲ့တယ်ဆိုတာ အိုးလေးကတော့ မယုံပါဘူး၊ သူ့ပုံစံလေးက မျက်နှာထားတည်တည်လေးနဲ့ ရည်းစားနှစ်ယောက် ထားတာ လုံးဝမဖြစ်နိုင်ဘူး ..."

"အိုးလေး ... ညည်းအသာနေစမ်း ..."

ကြီးကြီးမိုးက အိုးလေးကို ဝင်မပြောဖို့ လှမ်းဟန့်သည်။

မေ့ရှိုက်သံလေးက ရပ်မသွားဘဲ တဖြည်းဖြည်း ပိုတောင် ကျယ်လာ၏။ ကြီးကြီးမိုးနဲ့အိုးလေးကတော့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လျှက်။

"ဒီမှာ ... ညည်းသိထားဖို့က ကိုယ့်ရဲ့ဖူးစာရှင် ဘယ်သူဖြစ်



www.burmeseclassic.com

www.burmeseclassic.com



လာမလဲဆိုတာ မွေးလာကတည်းက နဖူးမှာ စာရေးပြီးလွှတ်လိုက်တာဟဲ့ … နားလည်လား၊ ကိုယ်နဲ့ဘယ်လောက်ချစ်ချစ် နဖူးမှာရေးထားတဲ့စာမပါရင် ဘယ်တော့မှမညားဘူး … ဒါကြောင့်မို့ နဖူးစာရွာလည်ဆိုတဲ့စကား ပေါ်လာတာ၊ ခုလည်း … ဒီအတိုင်းပဲ၊ မေနဲ့ဘယ်လိုပဲချစ်သူတွေ ဖြစ်ခဲ့ ဖြစ်ခဲ့၊ ဟော … သူ့ရဲ့ ဖူးစာရှင်အစစ်နဲ့တွေ့တော့ တစ်ခါတည်းကို ကောက်ကောက်ပါသွားရော …"

"ဟာ … ကြီးကြီးမိုးကလည်း အဲဒီပျောက်နေတဲ့ကောင်မလေးကရော ကိုကြီး နေနန်းတော်နဲ့ တကယ်ချစ်ခဲ့တာ ဟုတ်လို့လား …"

"ဟဲ့ … အိုးလေး … ညည်း မသိဘဲနဲ့မဝေဖန်နဲ့လေ၊ မေဏ ဒီအချက်ကိုသူကိုယ်တိုင်သိနေလို့ မမလှိုင်းမခ ပြောတာကို လက်ခံလိုက်တာ၊ သူများပြောတိုင်း မေကလွယ်လွယ်နဲ့ ယုံလာစရာလား"

"ဟွန်း … အိုးလေးကတော့ မထင်ပေါင် …"

"သွား … သွား … ကိုယ့်အလုပ်ရှိတာ ကိုယ်သွားလုပ်၊ လူကြီးတွေ စကားဝိုင်းထဲ ဟိုစပ်စပ် ဒီစပ်စပ် ဝင်ပါမနေနဲ့၊ အောက်ထပ်မှာ မမလှိုင်းမခ တစ်ယောက်တည်း … တော်ကြာ … အသားကုန် အော်ခေါ်နေလို့ ဒုရောသောပါ၊ ဆင်းပြေးနေဦးမယ်"

"အိုးလေးရေ … ဟဲ့ … အိုးလေး မရှိဘူးလား"

"ဟော … တွေ့လား … ပြောရင်းဆိုရင်း လေကားရင်းက နေ မမလှိုင်းမခ အော်ခေါ်နေပြီ၊ သွား … သွား … မြန်မြန်ဆင်း"

အော်သံကြားမှပင် အိုးလေး အောက်ထပ်ကို ဆင်းပြေးတော့၏။

အောက်ထပ်ဧည့်ခန်းမှာ ဒေါ်လှိုင်းမခ တစ်ယောက်တည်း





ဟန်းဖုန်း တစ်လုံးကိုကိုင်ရင်း ခေါက်တုန့်ခေါက်ပြန် လျှောက်ကာ … စဉ်းစားလျက်၊ အိုးလေးဆင်းလာတာကိုမြင်တော့ အောက် လှည့်လာ၏။

"အိုးလေးကို ခေါ်တယ်ဆို … တီတီလှိုင်း …"

"ခေါ်တယ် … ခေါ်တယ် … မမမေကို သွားပြောစမ်း၊ အောက်ထပ်ကို ခဏလောက် ဆင်းခဲ့ပါဦးလို့၊ ဒီမှာ … အန်တီလှိုင်း စကားပြောချင်လို့ စောင့်နေတယ်လို့ …"

"ဟုတ် … တီတီလှိုင်း …"

ဒါနဲ့ပဲ လှုပ်တုတ်လှုပ်တုတ်လေးနဲ့ အပေါ်ထပ်ကို အိုးလေး ပြေးတက်ခဲ့ရပြန်သည်။

"မမမေရေ … မမမေ …"

"ဟဲ့ … ဟဲ့ … ဘာဖြစ်လာပြန်ပြီလဲ အိုးလေး … ပြောစမ်း"

"မမမေ … မမမေကို တီတီလှိုင်းက စကားပြောချင်လို့ အောက်ထပ်ကို ခဏလောက် ဆင်းခဲ့ပါတဲ့ …"

"ဟင် …"

မေ အောက်ထပ်ကို ရောက်သွားတော့ …

"ခုပဲ ဇွေးလိုက်ဖြာ ဖုန်းဆက်သွားတယ် … ဒီညနေ စားသောက်ဆိုင်တစ်ခုမှာ မေ့ကို ညစာကျွေးချင်လို့တဲ့၊ မောင်မင်းသိကျွာနဲ့ သူ့မိဘတွေက မေ့ကို အရမ်းတွေ့ချင်နေကြတယ်တဲ့"

အန်တီလှိုင်းမခ ဒီလောက်ပြောရင် မေသဘောပေါက်ပြီ။

"မေ … မေလိုက်ခဲ့ပါ့မယ် အန်တီ …"

"မေ … သမီးလေး …"

ဒေါ်လှိုင်းမခက တုန်ယင်လှိုက်ခတ်နေသည့် အသံကလေး



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် မေ့နာမည်လေးကို ခေါ်သည်။ ဒီလိုခေါ်လိုက်တာလည်း ရှာ
ရှားပါးပါး ဖြစ်ရပ်လေးတစ်ခုပင်။

"ရှင် ... အန်တီလှိုင်းမခ ..."

"အန်တီလှိုင်းမခကို မိထွေးပီပီ ရက်စက်တယ်လို့ မ
လိုက်ပါနဲ့မေရယ် ... မေ့ဘဝလေးရဲ့ အနာဂတ်တွေကို စိန်စီတဲ့
မှာ လျှောက်လှမ်းစေချင်လို့ ဒီပွဲကို မဖြစ်ဖြစ်အောင် အန်တီလှိုင်
စီစဉ်နေရတာပါ"

"ရပါတယ် အန်တီလှိုင်းမခ ... မေ နားလည်ပါတယ်၊ ဦး
သိက္ခာဟာ မေ တကယ်လက်ထပ်ရမယ့်ဖူးစာရှင်တစ်ယောက်
မေ သတ်မှတ်ထားလိုက်ပါပြီ၊ မေ့မှာ ဖေဖေနဲ့မေမေပါ ရှိမှမရှိ
တာ၊ အန်တီလှိုင်းမခ ဒီလိုစီစဉ်ပေးတာကိုလည်း မေ အပြစ်
ချင်တော့ပါဘူး ... ဘယ်အချိန်သွားမလဲဆိုတာပဲ မေ့ကိုပြော
မေ အဆင်သင့် ပြင်ထားလိုက်ပါ့မယ် ..."

တကယ်လည်း မေ စိတ်လျှော့လိုက်တာ။

နေနန်းတော်ကြောင့် မဟုတ်ရင် ဘယ်သူ့ကြောင့်ဖြစ်
မလဲ။

တကယ်တော့ ... နေနန်းတော်ကို စိတ်နာရလွန်းလို့ ဦး
သိက္ခာကို မေ အရွဲ့တိုက် လက်ထပ်ပစ်ချင်နေတာ။

မေ့ဘဝက ပြီးဆုံးသွားခဲ့ပြီပဲ။

ခုလောက်ဆိုရင်တောင် ...

သူချစ်သူလေးနဲ့ နေနန်းတော် ပျော်နေပြီလား။

အခန်း ( ၂၀ )

"အဟင့် ... ကိုကြီးကို စံမြန်း မသိဘူးနော် ... ကိုကြီး"

"ညီမလေးရယ် ... ကိုကြီးနဲ့ညီမလေး မီးရထားကြီးစီးပြီး
အမေ့ကိုရှာဖို့ ရန်ကုန်ကို ထွက်လာတာလေ ... အမေလေ ... ညီ
မလေးပဲ အမေနဲ့တွေ့ချင်တယ်ဆို ..."

"ဟာ ... မသိဘူး ... မသိဘူး ... ဘယ်ကအမေလဲ"

ခေါင်းကလေးခါပြီး အကြောက်အကန်လေး ငြင်းနေတဲ့ ညီ
မလေး ပန်းမြတ်ချယ်ကိုကြည့်ကာ နေနန်းတော် မဖြေနိုင်အောင်
ခံစားနေရသည်။

ညီမလေး ... တကယ် အတိတ်မေ့နေတာပဲ။

မျက်ဝန်းလေးတွေက ရီရီဝေဝေနဲ့။ သူ့မျက်နှာလေးကို
လည်း ခဏ ခဏ ပြန်ပြန်မော့ကြည့်ကာ ခေါင်းကလေးကိုပဲ တွင်
တွင်ခါနေသည်။

"ညီမလေးရယ် ... ကိုကြီးက ညီမလေးနဲ့ပြန်ဆုံတွေ့လိုက်
ရလို့ အရမ်းဝမ်းသာနေတာပါကွာ၊ ကိုကြီးကို စိတ်ထိခိုက်အောင်



www.burmeseclassic.com

www.burmeseclassic.com



တော့ ညီမလေး မလုပ်လိုက်ပါနဲ့ ... ”

“ဟာ ... ကိုကြီးကို စိတ်ထိခိုက်အောင် စံမြန်းလုပ်နေတာ မဟုတ်ဘူးလေ၊ ကိုကြီးကိုလည်း စံမြန်းမှမသိတာ၊ စံမြန်းရဲ့ကိုကြီး က ဦးမင်းသိင်္ခာတဲ့ ... ”

“ဟွန်း ... ”

နေနန်းတော်က ဟွန့်ခနဲ နှုတ်ခမ်းလေးကို မဲ့မိသည်။

ဒါကို ... ပြန်ပြောနေစရာလိုသလား။

“ဒီနာမည် ကိုကြီးကို မပြောနဲ့ ... ”

မျက်နှာထားမာမာလေးနဲ့ နေနန်းတော်က ပြောတော့ စံမြန်း မျက်နှာလေးက သွေးပျက်တွန့်ဆုတ်သွားသလိုဖြစ်သွား နေနန်းတော် မျက်နှာကိုလည်း စံမြန်းက အထိတ်တလန့်လေး ကြည့်သည်။

“ဟင် ... မပြောလို့ရမလား၊ ဦးမင်းသိင်္ခာဆိုတာ စံမြန်းရဲ့ ကိုကြီးလေ ... ”

စံမြန်း မျက်တောင်လေး ပုတ်ခတ် ပုတ်ခတ်နဲ့။

နေနန်းတော်ကို ပြန်မော့ကြည့်နေတာ သနားစရာလေး

“ညီမလေးရယ် ... ဒီနာမည်တွေ ဒီအကြောင်းတွေ ကိုကြီး မကြားချင်တော့လို့ ညီမလေးကို ပြောလိုက်မိတာပါ တကယ်တော့ ညီမလေးက ကိုကြီးရဲ့ညီမလေး ပန်းမြတ်ချယ်

“ဟာ ... ဘယ်က ပန်းမြတ်ချယ်လဲ စံမြန်း မသိဘူး”

“လာ ... လာ ... ညီမလေး ပတ်ဝန်းကျင်လူတွေမြင် တစ်မျိုးထင်ကုန်ကြလိမ့်မယ်၊ ကိုကြီးကိုလည်း ညီမလေးမကြော





နဲ့ ရှေ့က အိမ်ကလေးက ကိုကြီးနေတဲ့အိမ်ပဲ ... ”

“ရှင် ... ဒီတဲလေးမှာ ကိုကြီးနေတာ ... ဟုတ်လား ... ”

တဲလေးကိုကြည့်ပြီး စံမြန်း မျက်နှာပျက်ရပြီ။

စံမြန်းကို လက်ဆွဲခေါ်လာတဲ့ နေနန်းတော်ဆိုတဲ့ကိုကြီးက တဲလေးမှာ နေတာတဲ့။ ကိုကြီးမင်းသိင်္ခာနဲ့တော့ တစ်ခြားစီပါ။ ကိုကြီး စံမြန်းကို ထားခဲ့သည့်ခြံကြီးက ပန်းရောင်စုံတွေနဲ့ ကျယ်ဝန်း သလို တိုက်မြင့်မြင့်ကြီးကပါ ခမ်းနားထည်ဝါလွန်းလှတာလေ။

ခုတော့ ... ဒီတဲလေးမှာ စံမြန်းနေရတော့မည်။

“ဟင် ... ဘယ်သူတွေလဲဟင် ... ဦးနေလား၊ ဦးနေ ... မမကို ခေါ်ပြီး ပြန်လာတာလား ... ”

အမှောင်ထဲကနေ ကြားလိုက်ရတာက ခရေပွိုးလေးရဲ့အသံ။

ခြေသံနှင့်အတူ နေနန်းတော်ရှိရာကို ခရေပွိုးလေးက ပြေး ထွက်လာ၏။

“ဟင် ... ဒါ ... ဒါ ... မမမေလည်း မဟုတ်ဘူး”

စံမြန်းကို ကြည့်ကာ ခရေပွိုးလေးက နားမလည်နိုင်။

“ဦးနေ ... ဒီမမက ဘယ်သူလဲ ... ”

နေနန်းတော် ပြုံးသွားသည်။

“သူက ဦးနေဆွဲပြတဲ့ ပန်းချီပုံလေးထဲက ဆံရစ်ဝိုင်းလေးနဲ့ လေ ... ပျောက်နေတဲ့ ဦးနေရဲ့ အချစ်ဆုံးညီမလေး ပန်းမြတ် ချယ် ... ”

“ဟယ် ... ဒီမမကို ဦးနေ ပြန်တွေ့လာပြီ ... ဟုတ်လား”

နေနန်းတော် ပြုံးနေသလို ခရေပွိုးလေးကပါ ဝမ်းသာလို့ ဆုံးနိုင်။ ညီမလေး ပန်းမြတ်ချယ်ရဲ့ လက်ကလေးကို ခရေပွိုးလေး



www.burmeseclassic.com

www.burmeseclassic.com



က ခင်ခင်မင်မင်လေး လှမ်းဆွဲသည်။

"မမ ... ညီမလေးကို ခင်ပါတယ်၊ မမအကြောင်းတွေကို ဦးနေက ပြောပြထားလို့ ညီမလေးက သိနေတာ ... ညီမလေး နာမည်က ခရေပြုံးပါ၊ ဟိုဘက်တဲမှာ ညီမလေးကနေတာ"

ခရေပြုံးလေးက သူ့ကိုယ်သူ ပြန်မိတ်ဆက်ရင်း မျက်နှာလေးက ရွှင်လန်းတက်ကြွနေ၏။ မမမြတ်သောမေနေရာမှာ ဒီမမ ပန်းမြတ်ချယ်ရောက်လာတာ ခရေပြုံးလေးက မပျော်ဘဲနေပါတော့မလား။

"ဟုတ်တယ် ... ညီမလေး၊ ခရေပြုံးလေးက အရမ်းချစ်စရာကောင်းတယ် ... ညီမလေး ဒီမှာနေရတာ ခရေပြုံးလေးရှိနေတော့ အဖော်ရတာပေါ့ ... "

စံမြန်း နည်းနည်းလေးတော့ အားတက်သွားမိ၏။

ဘာပဲဖြစ်ဖြစ် ဒီအိမ်လေးမှာ ကိုကြီး နေနန်းတော်ဆိုသည့် လူတစ်ယောက်နှင့် စံမြန်းနေရတော့မှာပေ့။ စံမြန်းဟာ သူတို့အားလုံးပြောသလို အတိတ်မေ့နေတာ တကယ်ဖြစ်နေမှာပါ။

ဖွားရေစဉ်ကိုယ်တိုင်က စံမြန်းကို ဒီလိုပဲပြောခဲ့တာမဟုတ်လား။

ဖွားရေစဉ် ပြောတာကိုတော့ စံမြန်း ယုံပါသည်။

ဒီကိုကြီးကလည်း စံမြန်းကို ဂရုစိုက်သည်။

"ခရေပြုံးရေ ... ဦးနေကို နောက်ဖေးက ပန်းကန်တွေ ရှိုင်တွေယူပေးစမ်း ... ဒီမှာ ... မမကို ကျွေးဖို့ ဦးနေ ခေါက်ဆွဲကြော် တွေဝယ်လာတယ်ကွ၊ ခရေပြုံးလည်း လာစား ... "

နေနန်းတော် ပျော်ရွှင်တက်ကြွနေသလို ...





ဟိုးနောက်ဖက်အိမ်က ဦးပုကလည်း နေနန်းတော်ကို လာပေးသည်။

"ဟေ ... ဘာပြောတယ် ... ဒီကောင်မလေးက ပျောက်နေတဲ့ မင်းရဲ့ညီမလေး ပန်းမြတ်ချယ် ဟုတ်လား ... ဒါ ... ဒါဆို ဒီညီမလေးကို ပြန်တွေ့လာတာ မင်းအရမ်းကံကောင်းတာပေါ့၊ အတိတ်မေ့နေတယ်ဆိုတာလည်း အကြောင်းအရာတစ်ခုခုနဲ့ တိုက်မိသွားရင် ပြန်သတိရလာတတ်တာမျိုးပါကွာ ... စိတ်ဓာတ်မကျနဲ့ကွာ သိလား ကောင်လေး ... မင်းတို့မောင်နှမနှစ်ယောက် ခုလို ပြန်ဆုံဆည်းသွားတာ ဦးလေး အရမ်းဝမ်းသာတယ် ... "

အားလုံး ပြန်သွားတော့မှ ...

"ညီမလေး ... "

"ရှင် ... ကိုကြီး ... "

"ဒီမှာလေ ... ညီမလေးနဲ့ကိုကြီးတို့ရဲ့ မေမေ ပန်းချီပုံလေး"

ဒေါ်လှိုင်းမခရဲ့ ဒရိုင်ဘာကြီးဦးစံကိုယ်တိုင် နေနန်းတော်ကို ပို့လာပေးသွားတဲ့ ပန်းချီပုံလေးပါ။ သည်တစ်ခါတော့ စာရွက်လေးအတိုင်း မဟုတ်တော့ဘဲ ... ပန်းကနုတ်မှန်ဘောင်လေးနဲ့ ပန်းတနားလေးဖြစ်အောင် မြတ်သောမေက ပြင်ဆင်ပေးလိုက်တာလေ၊ ဒါတောင် ... မြတ်သောမေက မပေးချင်ပေးချင်နဲ့ ပြန်ပေးလိုက်တာတဲ့ ... "

"ဒါ ... မေမေ ဟုတ်လား ... ကိုကြီး ... "

စံမြန်း မသိပါ။

ပန်းကနုတ်ဘောင်တပ် ပန်းချီကားလေးကိုကြည့်ပြီး စံမြန်း



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းကလေးကိုပဲ ခါနေမိသည်။ ပြီးတော့ … တစ်ခုခုကို သတိရပြီး စီးကျလာတဲ့ မျက်ရည်စက်လေးတွေက တစ်ပေါက်ပြီးတစ်ပေါက် ပါးပြင်လေးပေါ်ကို ခုန်ဆင်းလာသည်။

"ဟင် … ညီမလေး ငိုနေတယ် … "

နေနန်းတော် ပျာယာခတ်သွားတာ ဘာလုပ်ရမှန်းမသိ။

"အဟင့် … ညီမလေး … ညီမလေးပျောက်သွားလို့ ခုလောက်ဆိုရင် ဦးမင်းသိင်္ခာက ညီမလေးကို လိုက်ရှာနေတော့မှာ ကိုကြီးရဲ့ … သူ … သူက … ညီမလေးကို … ညီမလေးကို"

"ဟင် … ညီမလေးကို … ဘာဖြစ်လဲ … "

စံမြန်း ဆက်ပြောလို့မရတော့ပါ။

ရင်ထဲမှာ ဆို့နင့်ကြေကွဲနေရတာကိုပဲ စံမြန်းက နားလည်နေသည်။

"ဝေါ့ … "

"ဟာ … ညီမလေး … "

ကြည့်စမ်း …

စားထားသမျှ ခေါက်ဆွဲတွေ ညီမလေး အန်ချလိုက်ပြီ။ နေနန်းတော် မျက်လုံးပြူးသွားသည်။

"ဒုက္ခပါပဲကွာ … ညီမလေး ရင်ပြည့်နေပြီနဲ့တူတယ်"

လျှက်ဆားပုလင်းလေးကို နေနန်းတော် ပြေးယူရ၏။

"ရော့ … ညီမလေး … ဒီလျှက်ဆားလေး စားလိုက်"

လျှက်ဆား စားလည်း မရပါ။

တဝေါ့ဝေါ့နဲ့ ထိုးထိုးအန်နေတာလည်း အဆက်မပြတ်လေးပင်။





နည်းနည်းလေး သက်သာသွားပြီဆိုတော့မှ မြတ်သောမေ အိပ်ခဲ့သည့် အိပ်ရာလေးပေါ်မှာပင် ညီမလေးကို သိပ်လိုက်ရသည်။

ညီမလေးရယ် …

ညီမလေးကို မသေကောင်း မပျောက်ကောင်း ပြန်တွေ့ရတာပဲ ကိုကြီး ဝမ်းသာလှပါပြီ။

နောက်ရက်တွေမှာတော့ … ညီမလေး စားချင့်တာမှန်သမျှ ဆိုင်ကဝယ်ကျွေးတာရော … ကိုယ်တိုင်ချက်ကျွေးတာတွေပါ ပြေးပြေးလွှားလွှား နေနန်းတော် လုပ်ရတာအမော။ အလုပ်ကိုလည်း ပြေးရသည်။

ဦးဇော်ကဆို …

"နေနန်းတော်ရာ … မင်းတို့မောင်နှမနှစ်ယောက်ပြဿနာက ငါ့အတွက် တကယ်ဦးနှောက်စားရတဲ့ ပြဿနာတစ်ခုဖြစ်နေပြီဆိုတာ မင်းသိရောသိရဲ့လားဟင် ကောင်လေး … နွေးလှိုက်ဖြာနဲ့ ဒေါ်လှိုင်းမခက မင်းသိက္ခာ မသိပါစေနဲ့ဆိုပြီး ငါ့ဆီကို ဖုန်းတဂွမ်ဂွမ်ဆက်ပြီး သတိပေးနေတာလေ၊ ငါကလည်း ဘော့စ်သိအောင် ပြောပြချင်နေတာ … နွေးလှိုက်ဖြာတို့ ဒေါ်လှိုင်းမခတို့ပါ စိတ်အနှောက်အယှက်ဖြစ်ရမှာစိုးလို့ ဒီအကြောင်းတွေ ပြန်မပြောတော့ဘဲ လျှို့ဝှက်ထားရတာ၊ အခုရော … ဘယ်လိုလဲ … မင်းတို့မောင်နှမနှစ်ယောက်နေရတာ အဆင်ပြေရဲ့လား … "

"ပြေပါတယ် ဦးဇော်ရာ … ညီမလေးက အတိတ်မေ့နေလို့ ကျွန်တော့်ကို ခပ်စိမ်းစိမ်းဖြစ်နေပေမယ့် ကျွန်တော့်စကားကိုတော့ နားထောင်ပါတယ် … ဒါပေမဲ့ဗျာ … "

"ဟေ … ကောင်လေး … ဒါပေမဲ့ ဘာဖြစ်လဲ … "

www.burmeseclassic.com



"ညီမလေးက ဦးမင်းသိင်္ဃာဆိုတဲ့ လူကြီးကိုပဲ သံယောဇဉ်ကြီးနေတာဗျ ... "

"ဟေ ... "

"သတိရတိုင်းလည်း ငိုနေတာ ... ကျွန်တော် ခံစားရတယ်"

ဒီအကြောင်းတွေကို နေနန်းတော် သိပ်လည်းမပြောချင်တော့ပါ။ ခံစားရတဲ့ အတိုင်းအဆ အတိမ်အနက်ကိုလည်း ကိုယ်ပဲ နားလည်နေတာလေ။ ပြီးတော့ ... ဘဝချင်းတွေက မိုးနဲ့မြေလို ထိစပ်လို့မရဘဲ ကွာချင်တိုင်းကွာနေတာ။

"မင်း ... မင်းက ဘယ်လိုခံစားနေရလို့လဲ၊ နေနန်းတော်"

"ခင်ဗျားကို အမှန်အတိုင်းပဲ ကျွန်တော်ပြောလိုက်တော့မယ် ဦးဇော်ရာ ... အဲဒီ ဦးမင်းသိင်္ဃာဆိုတဲ့ ခင်ဗျားရဲ့ ဟိုက်ဘော့စ်နဲ့ လက်ထပ်ပွဲ ပျက်သွားခဲ့ရတဲ့ သတို့သမီးလောင်း မြတ်သောမဆိုတာ မင်္ဂလာပွဲကနေ ထွက်ပြေးလာရင်း ကျွန်တော်နဲ့တွေ့ခဲ့တာ"

"ဟေ ... "

"ကျွန်တော် သိပ်ချစ်ခဲ့တယ်ဆိုတာ အဲဒီကောင်မလေး"

"အောင်မလေးကွာ ... ကြည့်စမ်း ... "

ဦးထွန်းထွန်းဇော် သူ့နဖူးသူပြန်ရိုက်ရင်း မျက်လုံးပြူးကာ အံ့သြနေသည်။

"ဒါ ... ဒါဆို ... မင်းတို့မောင်နှမနှစ်ယောက်ရဲ့အဖြစ်က တော်တော်ဆန်းကြယ်တာပေါ့ ... မင်းညီမလေး ပန်းမြတ်ချယ်က လည်း ဘော့စ်ကားနဲ့တိုက်မိပြီး အတိတ်မေ့ဝေဒနာသည်လေးအဖြစ်နဲ့ ဦးမင်းသိင်္ဃာရဲ့ခြံထဲကို ရောက်သွားလို့ မင်းနဲ့ကွဲသွားတယ် ဟော ... ဦးမင်းသိင်္ဃာနဲ့လက်ထပ်ပွဲ ပျက်သွားခဲ့ရတဲ့ မြတ်သောမ





ကလည်း မင်းနဲ့တွေ့ပြီး မင်းနေတဲ့ ကျူးကျော်တဲလေးကိုပါသွားတယ်၊ ကဲ ... ဘယ်လောက်အံ့ဩဖို့ကောင်းတဲ့ ဇာတ်လမ်းလေးလည်းဆိုတာ ... ဦးမင်းသိင်္ဃာကလည်း မင်းရဲ့ညီမလေး ပန်းမြတ်ချယ်ကို ချစ်တယ် ... မြတ်သောမေကလည်း မင်းကို ... "

"တော်တော့ ဦးဇော် ... ခင်ဗျား ဆက်မပြောနဲ့တော့"

နေနန်းတော် မကြားချင်ပါ။

ကိုယ်ကလေးကို ချာခနဲလှည့်ကာ ဦးဇော်ရှေ့ကနေ လှည့်ထွက်သွားဖို့အထိ နေနန်းတော် ကြိုးစားမိသည်။ သို့သော် ... ဦးဇော်က အသွားမခံဘဲ နေနန်းတော်လက်ကို ကပျာကယာလှမ်းဆွဲကာ။

"ဟေ့ကောင် ... မင်းမသွားနဲ့ဦးနော်၊ မင်းကို ... နောက်ဆုံးငါရထားတဲ့သတင်းတစ်ခုကို ပြောချင်လို့စောင့်နေတာ ... မင်းသိရင်လည်း အံ့ဩသွားမှာသေချာတယ်"

"ဗျာ ... ဘာသတင်းလဲ ... "

"မင်းသိပ်ချစ်တဲ့ မြတ်သောမေနဲ့ ငါတို့ဘော့စ် ဦးမင်းသိင်္ဃာ ရှေ့တန်ဂ်ပတ်ထဲမှာ မင်္ဂလာဆောင်တော့မယ် ... ဟောဒီမှာ ဖိတ်စာ"

"ဗျာ ... "

ဦးဇော် လက်ထဲမှာ ...

ခမ်းနားလှပသော ရွှေရောင်ဖိတ်စာလေး။

သူ ... ကမန်းကတန်း ကောက်ဖတ်ကြည့်လိုက်တော့ ...

"ဟာ ... "

သူ ဦးဇော်ကိုပင် ဘာတစ်ခုမှပြန်မပြောနိုင်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



မောင်မင်းသိင်္ကာနှင့် မမြတ်သောမေတ္တာ။

"ကျွန်တော် ... ကျွန်တော် ... "

ဖိတ်စာလေးက လက်ထဲကနေ အလိုလိုလွတ်ကျသွားသည်။

ဒါပေမဲ့ ... သူ့နှုတ်ခမ်းလေးကတော့ နာကျင်စွာ ညွတ်ကွေးလို့ပေါ့။

"ဟုတ်တယ် နေနန်းတော် ... ဒီမင်္ဂလာပွဲကိစ္စအတွက် မင်းနဲ့တွေ့ချင်လို့ အန်တီတို့ လိုက်လာတာ ... "

"ဟာ ... "

အသံကြားတော့မှ ဦးဇော်ရော နေနန်းတော်ပါ နောက်ကို ချာခနဲလှည့်ကြည့်လိုက်တော့ ... သူတို့နှစ်ယောက်နောက်မှာရပ်နေတာ နွေးလှိုက်ဖြာနဲ့ အန်တီလှိုင်းမခ။

"ဟွန်း ... "

နေနန်းတော် နှုတ်ခမ်းလေးက ထပ်ပြီးတော့မဲ့သွားသည်။

"ဒီမင်္ဂလာပွဲပျက်အောင် မနှောက်ယှက်ပါဘူးဆိုတဲ့ ကတိတစ်ခုကို မင်းတို့မောင်နှမနှစ်ယောက်ဆီက လိုချင်လို့ ... "

ဒေါ်လှိုင်းမခက စကားကိုသွယ်ဝိုက်မနေတော့ဘဲ တစ်ခါတည်း ပြောချသည်။ နွေးလှိုက်ဖြာကလည်း မျက်နှာလေးမှောင်ကာ ဝင်ထောက်ခံ၏။

"ဟုတ်တယ် ... နေနန်းတော် ... ဒီကတိကိုတော့ ရှင်ကျွန်မတို့ကိုပေးရမယ် ... ခုလောလောဆယ် ဒီကတိက ကျွန်မတို့အတွက် အသက်တမျှ အရေးကြီးနေတယ် ... မင်္ဂလာပွဲကိုလည်း





နောက်တစ်ခါ ထပ်ပြီးတော့ အပျက်မခံနိုင်တော့ဘူး ... "

အသံတွေက စွာနေသလို ...

မျက်နှာထားတွေကပါ မာနေတာ ... သိသာနေသည်။

"ဦးထွန်းထွန်းဇော် ... "

"ဗျာ ... ဒေါ်လှိုင်းမခ ... "

"ဒီကောင်လေးနဲ့ ပတ်သက်တာမှန်သမျှ ရှင်တာဝန်ယူပြီးတော့ ထိန်းထားပေးပါ ... ရှုတ်ရှုတ်ယှက်ယှက်ဖြစ်လာမယ့်အသံတွေ ကျွန်မတို့ မကြားချင်ဘူး"

"ဗျာ ... "

ဒီလို အထက်စီးကလေးပြောတာကိုတော့ ဦးထွန်းထွန်းဇော် မခံချင်။

နေနန်းတော်မှာ ဘာအပြစ်ရှိလို့လဲ။

ပြီးတော့လည်း ... ဒီကောင်လေးကို သူကပဲ ကြည့်ရှုစောင့်ရှောက်လာခဲ့ရတာ။ ဒီကောင်လေး မဟုတ်တာလည်း ဘာမှလုပ်ခဲ့တာမဟုတ်။ ဒါကို ... သွားထိလို့ကတော့ ဒီကောင်လေး သည်းခံမှာမဟုတ်မှန်း ဦးထွန်းထွန်းဇော်ကိုယ်တိုင်လည်း သိနေသည်။

"ဒီကောင်လေး ... ရှင်နဲ့ပတ်သက်နေတာကိုလည်း ကျွန်မတို့အံ့ဩတယ်၊ ဒီအသိုင်းအဝိုင်းလုပ်ငန်းခွင်ထဲမှာ ဒီကောင်လေး ရှိနေတာကိုလည်း ကျွန်မတို့ မလိုလားဘူး ... ဒီကောင်လေးကြောင့် ကျွန်မတို့ မင်္ဂလာပွဲမပျက်စေရဘူးဆိုတာ ... ရှင် တာဝန်တော့ယူရလိမ့်မယ် ... "

"ဒါကတော့ဗျာ ... "

"နေ ... ဦးဇော် ... ဦးဇော် မပြောနဲ့၊ ဒါ ... ကျွန်တော့်ကိစ္စ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ပဲပြောမယ်”

ဦးဇော် ရှေ့ကနေ နေနန်းတော် ခပ်ပြတ်ပြတ်ပဲ ဝင်ရပ်သည်။

ဒါ ... ဦးဇော်နဲ့ပတ်သက်နေတဲ့ကိစ္စမှ မဟုတ်တာ။

ဦးဇော်ကို သတိပေး ခြိမ်းခြောက်စကားတွေ ဘာပြောနေစရာ လိုသလဲ။

“နေပါဦး ... ကျွန်တော် တစ်ခုလောက်တော့ အန်တီတို့ကို မေးပါရစေ အန်တီ ...”

“အို ... မေးလေ ... မင်းက ဘာမေးချင်တာလဲ ...”

“ဒီမင်္ဂလာပွဲကိုပျက်အောင် ဘယ်သူက ဖျက်နေလို့လဲ”

“ဘာရယ် ...”

“အန်တီတို့စကားပြောတာ ဆင်ဆင်ခြင်ခြင်လေးတော့ ပြောပါအန်တီ ...”

“အောင်မလေးနော် ... မင်းလိုကောင်ကများ ... ငါ့ကို”

ဒေါ်လှိုင်းမခ ... မျက်နှာပျက်ကာ နှုတ်ခမ်းကိုပါ မဲ့မိသည်။

“မဟုတ်ဘူးအန်တီ ... အန်တီတို့ ထင်ထားတာတွေအားလုံး မှားနေလို့ ကျွန်တော်ပြောနေတာ ... ဒီကိစ္စဟာ ... ကျွန်တော့် အလုပ်ရှင် ဦးဇော်နဲ့မဆိုင်တဲ့ကိစ္စ ... ဒါကို ဘာဖြစ်လို့ ဦးဇော်ကို အထက်စီးကနေ ခြိမ်းခြောက်အကြပ်ကိုင်ချင်နေရတာလဲ ...”

“ဟဲ့ ... ဒါ ... ငါတို့က အကြပ်ကိုင်ခြိမ်းခြောက်နေတာ မဟုတ်ဘူးနော် ... ဦးထွန်းထွန်းဇော်ကို သတိပေးသင့်တယ်ထင်လို့ သတိပေးနေတာ ... အရေးကြီးတာ ... ဒီလုပ်ငန်းခွင်ထဲမှာ မင်းရှိနေတော့ ပတ်ဝန်းကျင်မှာ ဒီသတင်းတွေပြန့်သွားမှာ ငါတို့





စိုးရိမ်တယ် ... ဒီပွဲကိုလည်း အပျက်မခံနိုင်တာပါတယ်၊ အဲဒီတော့ ငါအကောင်းဆုံး တစ်ခုပဲပြောမယ် ... ငါတို့ပေးတဲ့လျော်ကြေးငွေ ကိုယူပြီး ဒီအလုပ်ထဲကနေ မင်းထွက်သွားလိုက်ပါ ...”

“ဘာပြောတယ် အန်တီ ...”

နေနန်းတော် မျက်လုံးတွေ ပင့်တက်ခဲ့ရပြီ။

“ဟုတ်တယ် ... ဦးထွန်းထွန်းဇော် ... အန်တီလှိုင်းမခ ပြောတာ မှန်တယ် ... သူတို့မောင်နှမ နှစ်ယောက်နဲ့ ဦးထွန်းထွန်းဇော် ပတ်သက်နေတာ ကိုကြီးသိသွားလို့မဖြစ်ဘူး၊ ဒီကိစ္စအရေးကြီးတယ်၊ အဖြစ်မှန်တွေအားလုံး ကိုကြီးသိသွားတာနဲ့ ဒီပွဲက ပျက်သွားမှာ”

နွေးလိုက်ဖြာ စိုးရိမ်နေတာလည်း အဲဒါပဲ ... ။

တကယ်တော့ ... သူတို့အားလုံးပေါင်းပြီး ကိုကြီးကိုညာထားတာလေ။

ကိုကြီးရဲ့ သံယောဇဉ်တွေ စံမြန်းရိပ်ဆိုတဲ့မိန်းကလေးကို စိတ်နာပြီး ပြတ်တောက်သွားအောင်လို့ မောင်နှမဆိုတဲ့အဖြစ်မှန်တွေကို ဖုံးဖိထားခဲ့ကြတာ။

ဒါကို ကိုကြီးသိသွားရင် ပြဿနာက တက်တော့မှာ။

“ဟွန်း ... ရပါတယ်အန်တီ ... ကျွန်တော့်ကြောင့် ဦးဇော်တို့ ထိခိုက်ရမှာတော့ ကျွန်တော် မလိုလားပါဘူး၊ ဒီအလုပ်ထဲကို မလာနဲ့ဆိုလည်း ကျွန်တော် မလာဘူး ... ကဲ ... ဦးဇော် ... ကျွန်တော် သွားတော့မယ် ...”

“ဟာ ... နေနန်းတော် ... မင်းမသွားနဲ့ ...”

ကျောပိုးအိတ်လေး ကောက်လွယ်ကာ ချာခနဲလှည့်ထွက်



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့တဲ့ နေနန်းတော်။ ထွက်လာခဲ့ရပေမယ့် ရင်ထဲမှာတော့ နာကျင်ခြင်းတွေများစွာနဲ့။

ဘယ်သွားရမလဲဆိုတာ မသိပေမယ့် ...
ညီမလေး ပန်းမြတ်ချယ်ရဲ့ ငိုမဲ့မဲ့ ပုံရိပ်ကလေးက ...
သူ့မျက်ဝန်းလေးထဲမှာ ထင်းခနဲ။

အခန်း ( ၂၁ )

"တီ ... တီ ..."

"ကျွီ ... ကျွီ ..."

"ဟာ ... ဟာ ..."

"ဒုံး ..."

"အို ..."

ဘရိတ်ကို ဒုံးခနဲ အုပ်ချလိုက်တာ မြန်သွားသလို တိုက်မိဘူမလို ဖြစ်သွားသည့် လူတစ်ယောက်က ကားရှေ့ကနေလွတ်အောင် ခုန်ထွက်ရှောင်သွားတာ မြန်လိုက်လို့ ဘာမှမဖြစ်ခဲ့ပေမယ့် တ်ဝန်းကျင်လမ်းမပေါ်မှာတော့ ရှုတ်ယှက်ခတ်ကာ ဆူညံသွားခဲ့သည်။

မေဆို ... တိုက်မိသွားပြီဆိုသည့်အသိနှင့် အထိတ်တလန့်သားတောင် အော်လိုက်မိတာ ... ပါးစပ်အဟောင်းသားလေးနှင့်။ ာ်တောင်ရှည်တွေကပါ အပေါ်ကို ပင့်ကပ်သွားခဲ့သည်။

"ကြည့်စမ်းကွာ ... ကံကောင်းလို့ ..."



www.burmeseclassic.com

www.burmeseclassic.com



ကားစီးရာတိုင်ကို ကိုင်ထားသည့် ဦးမင်းသိက္ခာပင်လျှင် အသက်ဖြောင့်အောင် ရှူလိုက်ဖို့ မေ့နေသည်။

တိုက်မိတော့မလို ဖြစ်သွားတာ ... ဆံပင်ရှည်ရှည် အရောင် မြင့်မြင့်လေးနဲ့ ကောင်လေးတစ်ယောက်။

"ဘုရားရေ ..."

မေကလည်း အခုမှ ထိုကောင်လေးကို ကြည့်မိသွားသည်။

ဘယ်သူဖြစ်ရမှာလဲ ...

ကျောပိုးအိတ်အဟောင်းလေးကိုလွယ်ကာ ခေါင်းလေးငိုက်စိုက်ချပြီး ကားလမ်းမကျယ်ကြီးကို ဖြတ်ကူးလာတဲ့ နေနန်းတော်လေ။

လှည့်ကြည့်လိုက်တော့မှ ... နေနန်းတော်ကို မေကမြင်သွားသည်။

သူကတော့ ... ခပ်တည်တည်ရယ်ပါပဲ။

ကားကိုလည်း ပြန်ငဲ့မကြည့်ဘဲ တစ်ဖက်ကားလမ်းရောက်အောင် သူက ကူးသွားသည်။ ဒါကိုကြည့်ပြီး ... ရင်ထဲမှာ တလှျပ်လှျပ် ခံစားလိုက်ရတာ မေ ...

ပြောရရင် ... စားသောက်ဆိုင်တစ်ခုမှာ စကားပြောချင်တယ်ဆိုပြီး ဦးမင်းသိက္ခာက ခေါ်လာခဲ့လို့ မေကလည်း လိုက်လာခဲ့မိတာပါ။

"ကြောက်သွားလားမေ ... လမ်းပေါ်မှာသွားနေတဲ့လူတွေက အမြဲဒီလိုပဲလေ ... တွေးရင်း စဉ်းစားရင်း သွားနေကြတာဆိုတော့ လမ်းပေါ်မှာ ဟွန်းသံပေးပြီး ဖြတ်မောင်းလာတဲ့ကားကိုတောင် မြင်ချင်မှမြင်ကြတာ၊ ဟွန်း ... ကံကောင်းလို့ပေါ့"



ဦးမင်းသိက္ခာ ပြောနေသည့်စကားသံတွေဆီမှာ မေ့စိတ်တွေကမရှိ။

မေ့မှာတော့ သူ့ကိုပဲ လှည့်ကြည့် လှည့်ကြည့်နဲ့။

သူက ဆံပင်ရှည်လေးတွေ ပခုံးစွန်းလေးပေါ်မှာဝဲကာ ဖရိုဖရဲလေးနဲ့ ... မေ သူ့ကို မမေ့နိုင်တာ ဘယ်လိုလုပ်ရမလဲ။

ဒါပေါ့လေ ...

သူက ... သူ့ချစ်သူနဲ့ပြန်ဆုံတွေ့သွားခဲ့ပြီဆိုတော့ မေ့ကို ဘယ်သတိရပါတော့မလဲ။ အရာအားလုံးကိုလည်း သူပြည်ဖုံးကားလိုက်ပြီပေါ့။ မေ တွေးရင်းနဲ့ရင်ထဲမှာ နာကျင်သွားရတော့ နှုတ်ခမ်းလေးမဲ့ကာ ... မျက်တောင်တွေကို ပိတ်ချပစ်မိ၏။ လက်ရှိအခြေအနေမှာ မေက ဦးမင်းသိက္ခာ ခေါ်ဆောင်သွားတဲ့နောက်မှာ လှုပ်မယှက်လေး အေးစက်စွာ လိုက်ပါလာခဲ့ရတဲ့အဖြစ်။

နေနန်းတော်ကတော့ ...

မနေ့ကမှ အလုပ်ဝင်ခဲ့ရသည့် နေရာလေးတစ်ခုကို အပြေးအလွှားလေး အလုပ်ဝင်ဖို့သွားနေရတာလေ။ ဦးဇော်ဆီမှာ မလုပ်တော့ဘဲ အလုပ်သစ်ကလေးကို ရှာခဲ့ရတာပါ။

လုပ်ရတဲ့နေရာလေးကလည်း ကန်တော်ကြီးစောင်းတစ်နေရာမှာ ဖွင့်ထားသည့် ရက်စတောရင့် စားသောက်ဆိုင်ကလေး။

ဒီနေ့မှ ... ဆိုင်မှာ လူကကျနေတော့ မနားရ။

ဆံပင်ရှည်လေးတွေ တယမ်းယမ်းနဲ့ နေနန်းတော်တစ်ယောက် ဟိုဘက်ဝိုင်းပြေးလိုက် ဒီဘက်ဝိုင်းပြေးလိုက်နှင့် စားသောက်ဖွယ်ရာတွေကို ခပ်သွက်သွက်လေး ချပေးနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... နေနန်းတော် ... တေဘာယ်အလဲဗင်းမှာ ညှော့သည်နှစ်ယောက် ဝင်လာတယ်နော် ... ဘာမှာမလဲဆိုတာ မြန်မြန်သွားမေးစမ်း ..."

"ဟာ ..."

"ဟာင် ..."

မထင်မှတ်ပါဘဲ မျက်ဝန်းနှစ်ခုက တအံ့တသြလေး ဆုံမိသွားသည်။ သတိရရချင်း နေနန်းတော် ခေါင်းငုံ့ကာ မျက်လွှာချလိုက်ပေမယ့် ခြေလှမ်းတွေကို နောက်ပြန်ဆုတ်ဖို့ဆိုတာ ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်တော့ပါ။

မေ ... မြတ်သောမေ ...

ဖြူနုတည်ခန့်တဲ့ လူတစ်ယောက်နဲ့ ...

တေဘာယ်အလဲဗင်းမှာ နှစ်ယောက်တွဲလေး ထိုင်နေတာလေ။

မထင်မှတ်ဘဲ ဒီရက်စတောရင့်ထဲမှာ နေနန်းတော်ကို ထပ်မြင်လိုက်တော့ မေကိုယ်တိုင်လည်း မအံ့သြဘဲ မနေနိုင်ဖြစ်ကာ အသက်ရှူမှားရင်း ... မျက်တောင်တွေကော့လျှက်။

"ဩော် ... ဟုတ်ကဲ့ ... အလိုရှိတာ မှာလို့ရပါတယ်ခင်ဗျာ"

နေနန်းတော် ခေါင်းငုံ့ရပ်ရင်း မေးနေတာ တကယ့်ကိုတရိုတသေ လေးစားဟန်ကလေးနဲ့ပါ။ ကိုယ်သိပ်ချစ်ခဲ့ရတဲ့ ချစ်သူတစ်ယောက်ကို ကိုယ့်ထက်အဆင့်အတန်းများစွာ သာသည့်လူတစ်ယောက်နှင့် အတူတွဲတွေ့လိုက်ရတာ သူ မခံစားရဘဲနေပါတော့မလား။





မေ ရှေ့မှာခေါင်းကလေးငုံ့ကာ ရပ်နေရပေမယ့် ...

နှလုံးသားထဲမှာတော့ နာကျင်ခံခက်ရခြင်းတွေများစွာနဲ့။

မေကလည်း နေနန်းတော်ကို စားသောက်ဆိုင် စားပွဲထိုးဝန်ထမ်းဝတ်စုံကလေးနှင့်တွေ့လိုက်ရချိန်မှာ စိတ်ထဲမှာဘယ်လိုဖြစ်သွားမှန်းမသိ။

မျက်ဝန်းထောင့်မှာ မျက်ရည်တွေ ချက်ချင်းပြည့်အိုင်တက်သွား၏။

"ဟို ... ဟိုလေ ..."

စကားသံကပါ မထိန်းနိုင်သောရင်ကြောင့် လှိုက်တုန်သည်။

"အဟင့် ..."

"ဟာ ... မြတ်သောမေ မင်းဘာလို့ငိုလိုက်တာလဲ ... ကိုယ့်ကိုပြောစမ်း ..."

မထင်မှတ်ဘဲ ကြားလိုက်ရသည့်ရှိုက်သံကြောင့် တုန်လှုပ်သွားရတာ မင်းသိကျွာပါ။ သူမလေးရဲ့ မျက်နှာလေးကိုလည်း အထိတ်တလန့်လေး သူငေးကြည့်လိုက်မိသည်။

"ဘာ ... ဘာမှမဟုတ်ပါဘူး၊ ရတယ် ... ကျွန်မ ဘာမှမဖြစ်ဘူး"

မေ စိတ်ကိုတင်းကာ ပါးပြင်ပေါ်က မျက်ရည်စက်လေးကို သုတ်ပြီး မျက်နှာလေးကို တင်းတင်းလေးပြန်မော့သည်။

"ရှစ် ... ရှစ် ... ဒီမှာ ..."

လက်ညှိုးလေးကို ကွေးလိုက်ဆန့်လိုက်လုပ်ပြီး အနားမှာခေါင်းငုံ့ရပ်နေသည့် စားပွဲထိုးကောင်လေးကို ဦးမင်းသိကျွာ လှမ်းခေါ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ... အမိန့်ရှိပါ ခင်ဗျာ ... "

ဖြေလိုက်ရပေမယ့် သူတို့နှစ်ယောက်အနားကနေ နေနန်းတော် လှည့်ထွက်သွားချင်နေတာ စိတ်ထဲမှာ တစ်ပိုင်းသေနေသည်။

"ငါးကြင်းမြီးစတူးရယ် ... ကြက်ပေါင်ကြော်ရယ်၊ ယိုးဒယားဟင်းချိုရယ်၊ ပုစွန်သုပ်ရယ်၊ အဲဒါချပေးကွာ ... ကိုကာလည်း နှစ်ဗူးပေး ... "

"ဟုတ်"

မှာတာတွေကို စိတ်ထဲကနေ ချက်ချင်းမှတ်ပြီး နေနန်းတော် ချာခနဲလှည့်ထွက်လာတာ သူတို့နှစ်ယောက်ရှေ့မှာ ကြာကြာဆက်ပြီးတော့ မရပ်ချင်တော့လို့ပါ။

ဦးမင်းသိင်္ခာက ဒါကိုမသိ။

သူ့အကြည့်တွေက မြတ်သောမေရဲ့ မျက်နှာလေးကိုပဲ အကဲခတ်သလိုကြည့်ကာ နှုတ်ခမ်းလေးတွန့်ပြီးတော့ ဦးမင်းသိင်္ခာ ပြုံးပါသည်။

"ဟွန်း ... ဘာလဲ မြတ်သောမေ ... ကိုယ်နဲ့နှစ်ယောက်တည်း လိုက်လာခဲ့ရလို့ မင်းစိတ်ထဲမှာ အနှောင်အဖွဲ့တစ်ခုအောက်ကို ရောက်သွားပြီထင်လိုက်လို့လား၊ ကိုယ့်ရဲ့ရည်ရွယ်ချက်က မင်းနဲ့ကိုယ်နဲ့ နှစ်ယောက်ကြားမှာ နားလည်မှုတစ်ခုကိုယူချင်တဲ့သဘောပါ ... ချုပ်ချယ်မှုတွေ၊ ကန့်သတ်မှုတွေမပါဘဲ လွတ်လပ်တဲ့သဘောဆန္ဒတစ်ခုနဲ့ ကိုယ်တို့နှစ်ယောက်ရဲ့ အနာဂတ်ကို ဖန်တီးချင်တာတစ်ခုပဲ ကိုယ့်မှာရှိပါတယ် ... ကဲ ... မျက်ရည်သုတ်လိုက်နော် မြတ်သောမေ ... "

"ကျွန်မ ... ကျွန်မ ငိုတာ ဦးမင်းသိင်္ခာကြောင့်မဟုတ်ဘူး။





နေ ... နေနန်းတော်လေ ... ကျွန်မ သိပ်ချစ်ခဲ့တဲ့ နေနန်းတော်"

"ဘယ် ... ဘယ်လို မြတ်သောမေ ... နေနန်းတော် ဟုတ်လား ... "

ဦးမင်းသိင်္ခာက နားမလည်သလို ဝေဝါးသွားတဲ့မျက်နှာထားမျိုးနဲ့။

"ဘယ်က နေနန်းတော်လဲ ... "

မြတ်သောမေကို ထိတ်ထိတ်ပျာပျာမေးမိသလို ပတ်ဝန်းကျင်စားပွဲဝိုင်းတွေဆီကိုလည်း မယုံသလို ဦးမင်းသိင်္ခာက လှည့်ကြည့်သည်။

ပတ်ဝန်းကျင်မှာလည်း ထူးခြားတာ ဘာမှမရှိ။

သေချာတာက ... နေနန်းတော်ဆိုသည့် နာမည်ကို ဦးမင်းသိင်္ခာ ပထမဆုံး ကြားဖူးတာပင်။ မေ ပြောလိုက်တာ ကျွန်မ သိပ်ချစ်ခဲ့တဲ့ နေနန်းတော်တဲ့။

ဟွန်း ...

မြတ်သောမေ ပြောချင်တာတွေကို ခုချိန်မှာ သူနားထောင်ရတော့မှာပေါ့။ တကယ်တမ်းတွေးကြည့်တော့လည်း သူသိပ်ချစ်ခဲ့တာ စံမြန်းရိပ်ဆိုတဲ့ အတိတ်မေ့ဝေဒနာသည် ကောင်မလေးတစ်ယောက်ကိုပဲလေ။

မလွဲသာလို့ မြတ်သောမေနဲ့ လက်ထပ်ရတော့မှာပါ။

"ဟို ... ဟိုလေ ... ဦးမင်းသိင်္ခာ ... "

"ဟင် ... မြတ်သောမေ ... မင်းဘာပြောချင်လို့လဲ ... "

"ကျွန်မ ... ကျွန်မ ... အသိတစ်ယောက်ကို ဟိုဘက်ဝိုင်းတွေဘက်မှာတွေ့လိုက်လို့ ခဏလေး သွားနှုတ်ဆက်လိုက်ဦးမယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... သွားပါ မြတ်သောမေ ... ကိုယ်ဒီကပဲ စောင့်လိုက်ပါ့မယ်"

သူ့ကိုတွေ့ရင် မနေနိုင်တာ မြတ်သောမေပါ။

ဦးမင်းသိင်္ခါဆီက ခွင့်ပြုချက်ကိုရတာနှင့် မေ ဆတ်ခနဲထရပ်လိုက်ပြီး မေ့မျက်ဝန်းလေးက သူထွက်သွားရာဘက်ဆီ အမောတကောလေး ရှာဖွေနေမိသည်။

မေ လျှောက်လာတာ စားသောက်ဖွယ်ရာတွေကို ချက်ပြုတ်နေသော မီးဖိုခန်းတွေရှိရာဘက်ကိုပါ။

"ဒီမှာ ... ဒီမှာ မောင်လေး ... နေ ... နေနန်းတော်လေ ဒီဆိုင်က စားပွဲထိုးလေ ... အဲဒါ ... အဲဒါ ... သူဘယ်မှာလဲဟင် မောင်လေး ... သူ့ကို အစ်မ တွေ့ချင်လို့ ..."

"ဗျာ ... နေနန်းတော် ဟုတ်လား ..."

ဆိုင်အလုပ်သမားကောင်လေးက စဉ်းစားလိုက်ပြီးတော့မှ မသိသလို ခေါင်းခါသည်။

"ကျွန်တော် ... ကျွန်တော် မသိဘူးအစ်မ ..."

"ဟာ ... ဟေ့ကောင် ... နေနန်းတော်ဆိုတာ မနေ့ကမှ တို့ဆိုင်မှာအလုပ်ဝင်လာတဲ့ အသားဖြူဖြူ ဆံပင်ရှည်ရှည်လေးနဲ့ ကိုကြီးကိုပြောတာကွ ... မင်းကိုမေးတာ အဲဒီကိုကြီးကို မေးနေတာ"

"ဟာ ... အဲဒီကိုကြီးဆို ငါသိတာပေါ့ကွ၊ ဟိုမှာ ... ဟိုမှာ ဟိုနားက ဝါးရုံပင်ကြီးအောက်မှာ အမှိုက်တွေရှင်းမယ်ဆိုပြီး တေ ဘယ်အလဲဗင်းက မှာထားတာတွေ ငါ့ကို ပို့ခိုင်းသွားတာ"

"ဟာ ... ကျေးဇူးနော် မောင်လေး ..."





အလုပ်သမားကောင်လေးတွေကို နှုတ်ဆက်ပြီး ဆိုင်ညာဘက်ဘေးက ဝါးရုံပင်ကြီးအောက်ကို ကြည့်လိုက်တော့ နေနန်းတော်ရယ်လေ။ တံမြက်စည်းကိုကိုင်ပြီး ငိုင်စင်းစင်းလေး တစ်ယောက်တည်း ရပ်နေတာ။

မေ ... မပြေးရုံတမယ်လေးလှမ်းကာ သူ့ဆီကိုသွားလိုက်သည်။

"နေ ... နေနန်းတော် ..."

"ဟင် ..."

သူ လှည့်ထွက်ပြေးဖို့ ခြေလှမ်းပြင်လိုက်ပေမယ့် နောက်ကျသွားသည်။ မေ လှမ်းဆွဲလိုက်တာ သူ့လက်မောင်းတစ်ဖက်က အင်္ကျီစတွေကိုပါ။

"ရှင် မသွားနဲ့ ..."

မေ အတင်းဆွဲထားတာမို့ သူရုန်းပေမယ့် လှည့်ထွက်သွားလို့ မရ။

သူ ... မေ့ကို ခပ်မာမာလေး လှည့်ကြည့်သည်။

"မင်း ... မင်း ဘာဖြစ်လို့ ငါ့နောက်ကို လိုက်ခဲ့တာလဲ၊ ငါ မင်းနဲ့မတွေ့ချင်ဘူး"

ပခုံးပေါ်က ဆံပင်ရှည်တွေယမ်းသွားအောင် သူခေါင်းကို ခပ်ဆတ်ဆတ်လေးခါနေသည်။ သူ့မျက်ဝန်းတွေကို ကြည့်ရတာလည်း တစ်ခုခုကို နာကျင်နေတဲ့ အမိပ္ပာယ်။

ပိုဆိုးတာက သူ မေ့ကို လှည့်မကြည့်။

"ရှင် မတွေ့ချင်လို့မရဘူး နေနန်းတော် ... ရှင့်ကို ဒီဆိုင်မှာ ဝင်လုပ်နေတာ ကျွန်မ အံ့သြသွားလို့ ရှင့်နောက်ကို လိုက်လာတာ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ဘာကိစ္စလဲ ... "

အခုမှ မလှည့်ချင် လှည့်ချင်နှင့် သူ့မျက်နှာလေး မေ့ဘက် လှည့်လာသည်။

"ကျွန်မ ... ကျွန်မ ... ဦးမင်းသိင်္ခာဆိုတဲ့လူတစ်ယောက်နဲ့ လက်ထပ်ရတော့မယ် ... "

"အဲဒါ ... ငါသိတယ် ... "

"ဘုရားရေ ... ရှင် သိတယ် ... "

မေ အံ့ဩသွားတာ မျက်တောင်လေးတွေ ပင့်တက်လို့။

"ဘာလဲ မြတ်သောမေ ... ဒီမင်္ဂလာပွဲကို ငါတက်လာမှာ ကြောက်လို့ မင်းကပါ ငါ့ကို တားဆီးချင်နေတာလား ... မစိုးရိမ်ပါနဲ့၊ ငါမလာပါဘူး"

"ဒီ ... ဒီကိစ္စ ရှင့်ကို ဘယ်သူပြောတာလဲ ... "

"အဲဒါ ... မင်းသိစရာမလိုဘူး"

ဖြေရင်းနဲ့ အကြည့်တွေကို သူပြန်လွှဲသွားသည်။

မေ မခံချင်ပါ။ မထင်မှတ်ဘဲ ပြန်တွေ့လိုက်ရလို့ သူ့နောက်ကို လိုက်ခဲ့ရပေမယ့် ရင်ထဲမှာ နာနေရတာ သူ့ကိုသိပ်ချစ်ခဲ့လို့လား။

သူကလည်း သူ့ချစ်သူနဲ့ပြန်တွေ့သွားခဲ့ပြီဆိုတော့။

"ဒီမှာ ... ရှင် ကျွန်မကို အထင်လွဲမနေနဲ့ ... ကျွန်မ ဦးမင်းသိင်္ခာနဲ့လက်ထပ်ဖို့ သဘောတူခွင့်ပြုလိုက်တာ ရှင့်ကိုစိတ်နာလို့ ခွင့်ပြုလိုက်တာ ... "

"ဘာ ... ဘာပြောတယ် ... "

"ရှင့်ချစ်သူနဲ့ ရှင်ပြန်တွေ့သွားပြီဆို ... "

"ဘယ် ... ဘယ်လို ... "





"ရှင့်မှာ ချစ်သူရှိနေပါလျက်နဲ့ ကျွန်မဆီက အချစ်ကို ရှင်တောင်းခဲ့တာကို ကျွန်မ စိတ်နာတာ ... "

"သေစမ်းကွာ ... အဲဒါ မင်းကို ဘယ်သူပြောတာလဲ"

"မမနှေးလိုက်ဖြာနဲ့ အန်တီလှိုင်းမခ ပြောတာ ... "

ဒီစကားကိုကြားလိုက်တော့ နေနန်းတော် နှုတ်ခမ်းလေးက သူ့အလိုလိုလေး မဲ့သွားသည်။

"ဟွန်း ... မင်းမဟုတ်တာတွေ လာပြောမနေနဲ့ မြတ်သောမေ ... ပြန်တွေ့တာ ငါ့ချစ်သူမဟုတ်ဘူး၊ အမေ့ကို မြို့မှာလိုက်ရှာရင်း ပျောက်သွားတဲ့ ငါ့ရဲ့အချစ်ဆုံးညီမလေးကို ပြန်တွေ့တာ"

"ဟင် ... အချစ်ဆုံး ညီမလေး ဟုတ်လား ... "

မေ အံ့အားသင့်ကာ မျက်လုံးတွေပြူးလျက်။

သူ့ကို မယုံနိုင်သလို ပြန်မော့ကြည့်ရင်း မေ့တစ်ကိုယ်လုံး အေးစက်သွားသည်။

"ဟုတ်တယ် ... ငါ့မှာ မြို့ကိုထွက်လာကတည်းက ပန်းမြတ်ချယ်ဆိုတဲ့ ဆံရစ်ဝိုင်းကလေးနဲ့ သိပ်ကိုချစ်ဖို့ကောင်းတဲ့ညီမလေးတစ်ယောက်ပါလာခဲ့တယ်၊ မမျှော်လင့်ဘဲ ဦးမင်းသိင်္ခာ မောင်းတဲ့ကားနဲ့တိုက်မိပြီး ညီမလေးက ငါ့ဘဝထဲကနေ ပျောက်ဆုံးသွားခဲ့တယ် ... ဒါကြောင့်မို့ ... ငါ့ညီမလေးကို သတိရပြီး ဆံရစ်ဝိုင်းကလေးနဲ့ကောင်မလေးတစ်ယောက်ရဲ့ ပန်းချီပုံကလေးတွေ ငါအမြဲရေးခဲ့တာ ... "

"ဒါ ... ဒါဆို ကျွန်မ မှားသွားပြီပေါ့ ... "

သူ့ရှေ့မှာ လဲပြိုမသွားအောင် မေ့စိတ်တွေကို ထိန်းချုပ်ထားရသည်။ တကယ်တမ်းကြတော့ ဒီအထင်လွဲမှားမှုတွေကြောင့် သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



စိတ်နာပြီး သူ့အိမ်ကလေးကနေ မေပြန်သွားခဲ့တာ။

ခုတော့ ကြည့်ပါဦး ...

မေ အထင်လွဲခဲ့တဲ့ ဆံရစ်ဝိုင်းကလေးနဲ့ကောင်မလေးက သူ့ရဲ့ အချစ်ဆုံးညီမလေးတဲ့။ ဘယ်လိုလုပ်ကြမလဲ။ စံမြန်းရိပ်ဆိုတဲ့ ဦးမင်းသိက္ခာရဲ့ခြံထဲမှာ ကြမ်းတိုက်နေရှာတဲ့ အတိတ်မေ့ဝေဒနာသည်ကောင်မလေး။

ပန်းမြတ်ချယ်တဲ့။

အဖြစ်တွေဟာ တိုက်ဆိုင်လွန်းလှချည်လား။

အမေကိုရှာဖို့ ထွက်လာခဲ့တဲ့ မောင်နှမနှစ်ယောက်။

ညီမလေးက ကားတိုက်ခံရပြီး ပျောက်ဆုံးသွား။ အစ်ကိုက ချောင်းနဘေးက ကျူးကျော်တဲကလေးကိုရောက်။ ဟော ... ခုလို မမျှော်လင့်ဘဲ မောင်နှမနှစ်ယောက် ပြန်ဆုံသွားပြီဆိုတော့ သူ ဘယ်လောက်များ ဝမ်းသာနေလိုက်မလဲ။

"မမှားဘူး ... မင်းကိုမှားတယ်လို့ ဘယ်သူကမှ မစွတ်စွဲဘူး"

"ဟင့်အင်း ... ကျွန်မသိတယ်"

မေခေါင်းခါတော့ မျက်ရည်စက်လေးတွေက တစ်ပေါက်ပြီး တစ်ပေါက် ပြုတ်ပြုတ်ကျလာသည်။

"ကျွန်မ ... ကျွန်မ ... ဦးမင်းသိက္ခာနဲ့ လက်ထပ်မယ့်အစီအစဉ်ကို ဖျက်သိမ်းခိုင်းလိုက်တော့မယ်၊ ပြီးတာနဲ့ ရှင့်အိမ်ကလေးဆီကို ရောက်အောင် ကျွန်မ ပြန်ပြေးလာခဲ့မယ် ... ကျွန်မ ရှင့်ကိုပဲ ချစ်တယ် နေနန်းတော် ... "

"ဘာပြောတယ် ... "

"ကျွန်မ ရှင့်ကိုချစ်တယ် ... "





ဒါကိုတော့ နေနန်းတော် လုံးဝ လက်မခံနိုင်ပါ။

"မင်း ... မင်း မဖြစ်နိုင်တာတွေ မပြောနဲ့ မြတ်သောမေ ငါနဲ့မင်းက မတန်ပါဘူး၊ ငါ့ဘဝထဲကို မင်းဝင်လာဖို့ဆိုတာ လုံးဝ မဖြစ်နိုင်ဘူး၊ မင်းနဲ့ပတ်သက်နေတဲ့ ပတ်ဝန်းကျင်အသိုင်းအဝိုင်းတွေရဲ့ လက်ညှိုးထိုးဝေဖန်တာတွေလည်း ငါ မခံစားနိုင်ဘူး"

"အဲဒါတွေ ကျွန်မ ဂရုမစိုက်ဘူးလေ ... နေနန်းတော်"

ရူးလက်သော မျက်ဝန်းကလေးများဖြင့် မေ သူ့ကိုမော့ကြည့်မိသည်။

သူကတော့ သူ့ဆုံးဖြတ်ချက်တွေကို မပြင်ဆင်နိုင်တော့သည့် မျက်နှာထားမျိုးဖြင့် မေ့ကိုပင်မကြည့်တော့ဘဲ တစ်ဖက်ကို မျက်နှာလွှည့်သွားသည်။

"ရှင် ... ရှင် ... ကျွန်မပြောတာ ကြားရဲ့လား နေနန်းတော် ကျွန်မချစ်တာ ရှင့်ရဲ့စိတ်ဓာတ်လေးကိုချစ်တာ၊ ကျွန်မကို မဖျက်ဆီးဘဲနဲ့ ကယ်ဘင်စောင့်ရှောက်ခဲ့တဲ့ ရှင့်ရဲ့စိတ်ဓာတ်ကလေးကို ကျွန်မ မြတ်နိုးခဲ့တာ၊ ရှင်နဲ့သာ အတူတူနေရမယ်ဆိုရင် ဘယ်ဘဝမှာပဲနေရနေရ ကျွန်မ နေရဲတယ် ... "

"ဟွန်း ... "

သူ နှုတ်ခမ်းလေးမဲ့ပြီးတော့ ပြုံးမိသည်။

"မင်းသွားတော့ မြတ်သောမေ ... ဦးမင်းသိက္ခာ လိုက်လာလို့ ငါတို့နှစ်ယောက်ကိုမြင်သွားရင် မကောင်းဘူး"

"ဟင် ... ရှင်က ဦးမင်းသိက္ခာကိုသိတယ် ... "

"မင်းနဲ့နှစ်ယောက်တွဲထိုင်နေမှတော့ ဒီပုဂ္ဂိုလ်ဟာ ဦးမင်းသိက္ခာကလွဲရင် တခြားဘယ်သူဖြစ်နိုင်မှာလဲ ... မင်း သူနဲ့ပဲလက်



www.burmeseclassic.com

www.burmeseclassic.com



ထပ်လိုက်ပါ ... "

"ဟာ ... နေနန်းတော် ... ရှင် ထွက်မသွားနဲ့နော်"

ဝါးရုံပင်လေးအောက်မှာ တောင့်တောင့်လေးရပ်ပြီးတော့ ကျန်ခဲ့တဲ့ မြတ်သောမေ။ သူကတော့ ဆံပင်ရှည်တွေ တယမ်းယမ်းနဲ့ ဆိုင်အတွင်းဘက်ကို ပြန်ဝင်ကာ ပျောက်ကွယ်သွားခဲ့ပြီ။

"ဟင် ... "

မေ နောက်ကို လှည့်ကြည့်လိုက်တော့ ...

မေ့နောက်မှာ ဝါးရုံပင်ကို ပခုံးထိကာ မှီရပ်နေတဲ့ ဦးမင်းသိက္ခာ။

"ကိုယ် ... မြင်လည်းမြင်တယ်၊ ကြားလည်းကြားပါတယ် မြတ်သောမေ ... နေနန်းတော် မဆိုးပါဘူး၊ ဆင်းရဲပေမယ့် ... စိတ်ဓာတ်အဆင့်အတန်းက တော်တော်မြင့်တယ်၊ ကိုယ်တစ်ခုပဲ အံ့သြသွားတာက နေနန်းတော်ဟာ စံမြန်းရိပ်လေးရဲ့ အစ်ကိုရင်းခေါက်ခေါက်ဖြစ်နေခဲ့တာ ... "

"အို ... အဲဒါကို ရှင်သိသွားပြီ ... "

"ကိုယ်တို့နှစ်ယောက်စလုံး အညာခံထားရတာ အဓိကတရားခံနှစ်ယောက်က နွေးလှိုက်ဖြာနဲ့ဒေါ်လှိုင်းမခပဲ ... ကိုယ်သဘောတူပါတယ်၊ မင်းစောစောက နေနန်းတော်ကို ပြောခဲ့သလိုပဲ ဒီပွဲကို ဖျက်လိုက်ဖို့ မင်းဘက်က ကိုယ်ပါထောက်ခံတယ်"

"ရှင် ... ဦးမင်းသိက္ခာ တကယ်ပြောနေတာ ... "

"အဲဒါ ... မင်းတို့ချစ်သူနှစ်ယောက်အတွက် ကိုယ်ပေးနိုင်တဲ့ promiss ပါ"

"ဟာ ... "





မေ ဝမ်းသာသွားတာ ဘာနဲ့မှ နှိုင်းမရတော့ပါ။

ခြံထဲပြန်ရောက်တော့ စိတ်တွေအားလုံးပေါ့ပါးလွတ်လပ်နေခဲ့လျှက်။

အိုးလေးနဲ့ ကြီးကြီးမိုးကို ပြောပြလိုက်တော့။

"ဟယ် ... ဒါဆို ... သူတို့က မောင်နှမတွေပေါ့ ... "

"အဲဒါကြောင့်မို့ ... အစကတည်းက မမမေကို အိုးလေးပြောခဲ့တာပေါ့။ ကိုကြီးနေနန်းတော်ပုံစံလေးက မျက်နှာထားတင်းတင်းလေးနဲ့ ရည်းစားနှစ်ယောက်ထားတာ မဖြစ်နိုင်ဘူးလို့၊ ကဲ ... ခုတော့ အိုးလေးပြောတာ မှန်နေပြီမို့လား ... "

"ဒါ ... ဒါပေမဲ့ အိုးလေးရယ် ... သူ့ကိုတွေ့လိုက်ရတာ မမမေ အရမ်းစိတ်ထိခိုက်သွားရတယ် ... သူ့ကို မောင်နှမနှစ်ယောက်စလုံးရဲ့ ဘဝလေးတွေ အေးချမ်းပျော်ရွှင်သွားအောင် မမမေ ကူညီချင်တယ် ... သူ့ဆီကိုလည်း မမမေသွားမယ် ... သွားတဲ့နေ့ကျရင် ကြီးကြီးမိုးရော အိုးလေးပါ မမမေနဲ့လိုက်ခဲ့ ... "

"လိုက်မယ် ... လိုက်မယ် ... ပျော်စရာကြီး ခစ် ခစ် ... "

အရေးကြီးတာ မင်္ဂလာပွဲဖျက်လိုက်တဲ့အကြောင်း

မမနွေးလှိုက်ဖြာနဲ့ အန်တီလှိုင်းမခကို အသိပေးရဦးမယ်လေ။

တွေးရင်းနဲ့ရင်ထဲမှာ နွေးသွားတာ။

သူပေးခဲ့တဲ့ အနမ်းလေးကြောင့်လား။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၂ )

"ဘာ ... ဘာပြောတယ် ... အဘဖြူ ... ကျွန်တော့် ညီမလေး ပန်းမြတ်ချယ်မှာ ကိုယ်ဝန်သုံးလ လွယ်ထားရပြီ ... ဟုတ်လား ..."

"ဟုတ်တယ် နေနန်းတော် ... မင်းညီမလေး တဝေ့ဝေ့နဲ့ ထိုးထိုးအန်နေလို့ အဘဖြူသမီးနဲ့ မြေးမလေး ခရေပွင့်လေးတို့နှစ်ယောက် ဆေးခန်းလိုက်ပြပေးတာ ... အဲဒါ ... ဆရာဝန်က ပြောလိုက်တာလေ၊ မင်းဘာမှတော့ စိတ်မကောင်းမဖြစ်နဲ့၊ ပန်းမြတ်ချယ်ကို မေးတော့လည်း ဘာမှမပြောဘဲ တရှုံ့ရှုံ့လေးနဲ့ပဲ ငိုနေတော့တာ ..."

"ကျွန်တော် ... ကျွန်တော် ..."

ရပ်ကွက်ထဲကို ပြန်အရောက်မှာပင် အဘဖြူထံမှ မထင်မှတ်ဘဲ ကြားလိုက်ရသည့်စကားကြောင့် သူ့အသားတွေ တဆတ်ဆတ်တုန်ကာ တစ်ကိုယ်လုံး အေးစက်သွားသည်။

ညီမလေး ... ညီမလေးမှာ ကိုယ်ဝန်သုံးလလွယ်ထားရပြီတဲ့။





သူ မယုံပေမယ့် မယုံလို့လည်း မရနိုင်တော့တာမို့ အဘဖြူကို နှုတ်ဆက်ပြီး ... သူ့အိမ်ကလေးရှိရာကိုပဲ ဆက်လျှောက်လာခဲ့သည်။

အိမ်ရှေ့ကို လှမ်းကြည့်လိုက်တော့ ညီမလေး ပန်းမြတ်ချယ်က အိမ်ရှေ့ခန်း ဝါးကွပ်ပြစ်လေးပေါ်မှာ ထရံလေးကိုမှီရင်း ခေါင်းစင်းစင်းလေးထိုင်လို့။

"ညီမလေး ..."

သူ့အိမ်ပေါ်ကို လှမ်းတက်ကာ ညီမလေးရှေ့မှာပဲ ဒူးထောက်ထိုင်ချသည်။

ကြည့်စမ်း ...

ညီမလေးရဲ့ ပါးပြင်လေးပေါ်မှာ မျက်ရည်စတွေ ဝေ့လို့။

"တောက် ..."

ညီမလေးရဲ့ ပခုံးလေးနှစ်ဖက်ကို အားမလိုအားမရလေး ဆုပ်ဖက်လိုက်မိချိန်မှာ သူ့တက်ခေါက်သံက ကျယ်လောင်စွာပေါ်ထွက်သွားသည်။

"ပြောစမ်း ညီမလေး ... ညီမလေးမှာ သုံးလရင်သွေးလေး လွယ်ထားရပြီဆို၊ ဘယ်လိုဖြစ်တာလဲ ... ဒီလိုဖြစ်အောင် ညီမလေးကို ဘယ်သူစော်ကားလိုက်တာလဲ ... ကိုကြီးကို မကြောက်နဲ့၊ ညီမလေး ရဲရဲတင်းတင်းဖြေ ... မော့ကြည့်စမ်း ... ကိုကြီးမျက်နှာကို ညီမလေး မော့ကြည့်စမ်း ..."

ဒေါသနှင့် မခံချင်စိတ်တွေ ရောနှောပေါက်ကွဲရတော့ နှုတ်ခမ်းတွေလည်း တဆတ်ဆတ်တုန်သည်။ ညီမလေးရဲ့ ပခုံးနှစ်ဖက်လုံးကိုလည်း ဆွဲကိုင်လှုပ်ယမ်းပစ်မိသည်။ ဒီလိုဆွဲလှုပ်တော့ ညီ



www.burmeseclassic.com

www.burmeseclassic.com



မလေး မျက်ဝန်းထဲက မျက်ရည်တွေကို ချုံချလိုက်သလိုဖြစ်သွားကာ မျက်ရည်တွေက သူ့လက်မောင်းတွေပေါ်ကိုပင် ထိစင်လွင့်ကျလာ၏။

"ပြောလေ ညီမလေး ... ညီမလေးကို ဒီလိုဖြစ်အောင် ဘယ်သူစော်ကားလိုက်တာလဲ၊ အခုသွားမယ် ... အဲဒီလူနဲ့တွေ့ပြီး ဒီကိစ္စကို ကိုကြီးအပြတ်ရှင်းမယ် ... "

သူ ဆွဲလှုပ်မေးသမျှ ညီမလေးကတော့ စက္ကူရုပ်ပျော့ဖတ်လေးတစ်ခုလို သူ့လက်ထဲမှာ ယိမ်းထိုးနေ၏။

"အဟင့် ... စံမြန်းကို မဆူပါနဲ့ကိုကြီးရဲ့ ... သူ ... သူက စံမြန်းကို စော်ကားတာ မဟုတ်ပါဘူး၊ သူ့ကို ... သူ့ကို စံမြန်းချစ်မိသွားလို့ ... "

"ဘာ ... ဘာပြောတယ် ... ညီမလေးက အဲဒီလူကို ချစ်မိသွားတယ် ဟုတ်လား ... ပြောစမ်း ... အဲဒီလူက ဦးမင်းသိင်္ခာဆိုတဲ့လူလား ... ညီမလေးကို တကယ်လက်မထပ်ဘဲ အဲဒီလူက စော်ကားလိုက်တာလား ... "

"အဟင့် ... ဟင့် ... ဟင့် ... "

ညီမလေး ပြန်မဖြေနိုင်ပါ။

သူကတော့ တက်ကို တစ်ချက်ပြီးတစ်ချက်ခေါက်ရင်း ဒေါသတွေနဲ့ ပေါက်ကွဲနေခဲ့ရပြီ။

"နင် ... နင် ... ကိုယ့်ဘဝကိုယ် နားမလည်ဘူးလားဟင် ပန်းမြတ်ချယ် ... နင် ဘယ်လိုပဲ အတိတ်ကိုမေ့နေ မေ့နေ ... အဲဒီ ဦးမင်းသိင်္ခာဆိုတဲ့ လူကြီးတစ်ယောက်ရဲ့ခြံထဲမှာ အခိုင်းအစေတစ်ယောက်လို နင့်ကို ထားခဲ့တာလေ ... "





အော်ရင်းနှင့် ဒေါသတွေ ဖြစ်လာတာက သူ့ကိုယ်သူလည်း မထိန်းနိုင်။ မထိန်းနိုင်တော့ ... ညီမလေး ပခုံးတွေကို အားနှင့်ဆောင့်တွန်းပစ်သည်။

ဆူဆူညံညံအသံတွေကြောင့် ခရေပြုံးလေးက သူတို့အနားကို ပြေးလာ၏။

"ဦးနေ ... ဦးနေ ... မမပန်းမြတ်ချယ်ကို မဆူပါနဲ့ ... မမမေက အရမ်းသနားဖို့ ကောင်းပါတယ် ဦးနေရယ် ... "

သူ့မမ ပန်းမြတ်ချယ်ကို ခရေပြုံးလေးက ပြေးဖက်ထားသည်။

ပါးပြင်လေးပေါ်က မျက်ရည်လေးတွေကိုလည်း ခရေပြုံးလေးကပဲ သုတ်ပေး၏။ ဒါတွေအားလုံးကို သူသိခဲ့တာဟာ သူ့ဆရာဦးထွန်းထွန်းတောက်ပြောလို့ တဆင့်စကားနဲ့ သူသိခဲ့တာပါ။

"နေနန်းတော်ရာ ... မင်းညီမလေး ပန်းမြတ်ချယ်ရဲ့အကြောင်းတွေကို ငါသိလိုက်ရတဲ့အချိန်မှာ ရင်ထဲမှာ နာကျင်သွားခဲ့ရတယ် ... မင်းညီမလေးကို အခိုင်းအစေသာသာ သဘောမျိုးလေးနဲ့ ဦးမင်းသိင်္ခာတို့ခြံထဲမှာ နေခွင့်ပေးထားခဲ့တာတဲ့ကွာ၊ ဒီလိုဖြစ်အောင်လည်း နွေးလိုက်ဖြာက လုပ်ခဲ့တာတဲ့ ... ဒါကြောင့်မို့မင်းတို့မောင်နှမနှစ်ယောက် ပြန်ဆုံသွားတာကို ငါဝမ်းသာတယ်၊ ငါတစ်ခုပဲ ဆုတောင်းတာက အတိတ်မေ့နေတဲ့ဘဝကနေ မင်းညီမလေး လွတ်မြောက်နိုင်ပါစေလို့ ငါဆုတောင်းပါတယ်ကွာ"

အလုပ်ကအပြန် ဦးထွန်းထွန်းတောက်နဲ့ လမ်းမှာတွေ့ပြီး ပြောဖြစ်ခဲ့တဲ့စကားလေးတွေပါ။ ဒီစကားတွေကြောင့် သူ့ရင်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



နာကျင်မှုတွေ ထပ်တိုးသွားခဲ့ရသလို အဘဖြူနဲ့တွေ့လိုက်တော့ ပိုဆိုးသွားခဲ့ရ၏။

ခုလည်း ... ညီမလေးက တရှုံ့ရှုံ့လေးနဲ့။

သူ့နောက်ကို လိုက်လာခဲ့ရပေမယ့် အတိတ်ကို သတိမရနိုင်သေးတော့ သူ့ကို ကြောက်နေတဲ့အမူအယာလေးက ထင်ရှားနေဆဲ။

"အဟင့် ... ဟင့် ... ဟင့် ... ကိုကြီးကို စံမြန်း ကြောက်ပါတယ်၊ မမရွှေလိုက်ဖြာက အတင်းထည့်လိုက်လို့ ကိုကြီးနောက်ကို လိုက်ခဲ့ရပေမယ့် ကိုကြီးကို စံမြန်း မသိပါဘူး ... စံမြန်း ... စံမြန်းကို ဦးမင်းသိင်္ခာဆီကိုပဲ ပြန်ပို့ပေးပါနော် ကိုကြီး ... စံမြန်းရင်ထဲမှာ လွယ်ထားရတဲ့ရင်သွေးလေးက ဦးမင်းသိင်္ခာရဲ့ ... အဟင့် ... ဟင့် ဟင့် ..."

"ဘာ ..."

သူ မျက်လုံးတွေ ပြူးကျယ်ဝိုင်းစက်ခဲ့ရပြီ။

ဒီရင်သွေးလေးက ဦးမင်းသိင်္ခာရဲ့ ရင်သွေးလေးတဲ့။

ဒီလူ သစ္စာမဲ့တာ ...

အတိတ်မေ့နေတဲ့ ဝေဒနာရှင်ညီမလေးကို ဒီလူစော်ကားခဲ့တာ။

ဒါကိုတောင် ညီမလေးက စွဲလမ်းပြီး ပြန်ပို့ခိုင်းနေတာ။

"ဦးမင်းသိင်္ခာ ဟုတ်လား ... နင် ... နင် ... နားမလည်ဘူးလား ... ကိုယ်နဲ့အဆင့်ချင်းမတူတာကို သံယောဇဉ်တားမိရင် ကိုယ်ပဲရှုံးရမယ်ဆိုတာ၊ နင် ... နည်းနည်းလေးတောင် မစဉ်းစားခဲ့ဘူး





လား"

"အား ... အား ..."

ခရေပွင့်လေးက ညီမလေး ပန်းမြတ်ချယ်ကို ဖက်ထားသည့်ကြားမှ ပန်းမြတ်ချယ်ရဲ့ နဖူးပြင်လေးပေါ်က ဆံပင်လေးတွေကို ခပ်တင်းတင်းလေး စုကိုင်ကာဆွဲတော့ နာကျင်လွန်းသဖြင့် ပန်းမြတ်ချယ်လေးက တအားအားလေးနဲ့ အော်နေသည်။

မခံစားနိုင်တာက နေနန်းတော်ပါ။

"ပြောစမ်း ... ညီမလေး ... နင် ... နင် ဒီလူကြီးကို ဘာကြောင့်ချစ်ခဲ့တာလဲ ... အတိတ်မေ့နေတဲ့ ဝေဒနာခံစားနေရတဲ့အချိန်မှာ အဲဒီအိမ်ကြီးထဲမှာ ဒူးကလေးထောက်ပြီး၊ နင် ... ကြမ်းတိုက်ခဲ့ရတာလေ၊ ဒီလိုကောင်မလေးတစ်ယောက်ကို ဒီလူကြီးက ချစ်သတဲ့လား ... အခုပဲ ... ဒီလူကြီးက မြတ်သောမေနဲ့လက်ထပ်ဖို့ကြိုးစားနေတာ ... နင့်လို အတိတ်မေ့နေတဲ့ကောင်မလေးတစ်ယောက်ကို ဒီလူကြီးက သတိရ တမ်းတနေမယ်လို့ နင်ထင်သလား၊ မကျေနပ်ဘူး ... ဒီကိစ္စကို ငါလုံးဝ ခွင့်မလွှတ်နိုင်ဘူး၊ နင် ... အခု လိုက်ခဲ့ ... ဦးမင်းသိင်္ခာဆိုတဲ့လူကြီးရှေ့ကို ရောက်အောင်သွားပြီး ... ဒီပြဿနာကို ငါရှင်းမယ် ..."

နေနန်းတော် မျက်လုံးထဲမှာ ဘာမှမမြင်ရတော့ပါ။

ညီမလေး ပန်းမြတ်ချယ်ကို လက်ဆွဲခေါ်ကာ သူ ... ချက်ချင်း ရောက်သွားခဲ့တာက ... ဦးမင်းသိင်္ခာ ရုံးထိုင်တဲ့ ကုမ္ပဏီအဆောက်အဦကြီးရှေ့ကို ရောက်သွားခဲ့တာပါပဲ။

တရှုံ့ရှုံ့လေးငိုပြီးလိုက်လာတဲ့ ညီမလေး ပန်းမြတ်ချယ်ကတော့ ဆံပင်လေးတွေ ဖရိုဖရဲလေးနဲ့ ငိုထားရလွန်းသဖြင့် မျက်ခွံ



www.burmeseclassic.com

www.burmeseclassic.com



ဝန်းလေးတွေကပါ မို့အစ်အစ်ကလေး ဖြစ်နေသည်။

"ဟင် ..."

ဒါကိုမြင်သွားတာ နွေးလှိုက်ဖြာရယ်လေ။

နေနန်းတော် ...

ဟိုအရိုင်းအစိုင်း ခပ်မိုက်မိုက်ကောင်လေး။

ကိုကြီး ကုမ္ပဏီရှေ့ကို ဘာလာလုပ်တာလဲ။ ကြည့်ပါဦး ... ဒီမောင်နှမနှစ်ယောက် ကုမ္ပဏီအဆောက်အဦရှေ့က သံတံခါးကြီးကို တဝုန်းဝုန်းဆွဲလှုပ်ကာ ကိုကြီးနာမည်ကိုပဲ အသံအကျယ်ကြီးနဲ့ အော်ခေါ်နေသည်။

"ဦးမင်းသိက္ခာ ..."

"ခင်ဗျား ဘယ်မှာလဲ ..."

"ဝုန်း ..."

"ဒုန်း ..."

ဂိတ်တံခါးစောင့် ဝန်ထမ်းတချို့ အပြေးအလွှားရောက်လာတာလည်း ကားပေါ်ကနေ နွေးလှိုက်ဖြာ မြင်နေရသည်။

"ဟိတ် ... ဟိတ် ... မင်းဘယ်သူလဲ"

"မင်း ဘာဖြစ်လို့ ကုမ္ပဏီရှေ့ကနေ ဘော့စ်နာမည်ကို တအားစွတ်အော်နေတာလဲ ..."

တံခါးဖွင့်မပေးဘဲ အထဲကနေ လှမ်းအော်မေးနေတာ ဖြစ်သည်။

"ဟွန်း ... ဒီမှာ ... ကျွန်တော် ခင်ဗျားတို့ကုမ္ပဏီရဲ့ မန်နေဂျင်းဒါရိုက်တာ ဦးမင်းသိက္ခာနဲ့ တွေ့ချင်လို့လာတာ၊ ဦးမင်းသိက္ခာ ဘယ်မှာလဲ ..."





"နေပါဦး ... မင်းက တို့ဘော့စ်နဲ့တွေ့ချင်ရအောင် မင်းနဲ့ ဘော့စ်က ဘယ်လိုပတ်သက်နေလို့လဲ ..."

"ဟွန်း ..."

နွေးလှိုက်ဖြာ ကားပေါ်ကဆင်းတော့ ဒေါ်လှိုင်းမခကပါ လိုက်ဆင်းသည်။

"ရတယ် ... ဦးမောင်တင့်၊ ဒီမောင်နှမနှစ်ယောက်ကို ကုမ္ပဏီ ခြံဝင်းတံခါး ဖွင့်ပေးစရာမလိုဘူး ... ကျွန်မရှင်းမယ်"

"ဟာ ... ကြည့်စမ်း ..."

သူ့ အသံကြားလို့ နောက်ကိုလှည့်ကြည့်လိုက်တော့ နွေးလှိုက်ဖြာနဲ့ ဟိုအန်တီကြီး။ မျက်နှာထားမာမာတွေနဲ့ သူတို့ရှိရာကို လျှောက်လာနေကြပြီ။

"နေနန်းတော် ..."

"ခင်ဗျား ... ခင်ဗျား ..."

"ရှင် ... ဘာတွေဖွချင်လို့ ကုမ္ပဏီကို လိုက်လာရတာလဲ နေနန်းတော် ... ကိုကြီးနဲ့တွေ့ချင်တယ်ပြောရအောင် ရှင်နဲ့ကိုကြီး ဘယ်လိုပတ်သက်နေလို့လဲ ..."

နွေးလှိုက်ဖြာ ဂရုမစိုက်ပါ။

နှစ်ယောက်စလုံးကို နှုတ်ခမ်းလေးမဲ့ရင်း ခပ်တည်တည်ပဲ မျက်လုံးလေးဝေ့ကာ နွေးလှိုက်ဖြာ ကြည့်သည်။

"ဒီမှာ ... ဦးမင်းသိက္ခာဆိုတဲ့လူတစ်ယောက်ကို ပတ်သက်ချင်လို့ လိုက်လာတာမဟုတ်ဘူး ... ဦးမင်းသိက္ခာ သဏ္ဍာန်ရှိရှိနဲ့ လက်ထပ်ယူရမယ့် ကောင်မလေးတစ်ယောက်ကို သူ့လက်ထဲအပ်



www.burmeseclassic.com

www.burmeseclassic.com



ချင်လို့လာတာ ... ”

နေနန်းတော် ပြောလိုက်တာလည်း ခပ်ပြတ်ပြတ်ပဲ။

“ဘာပြောတယ် ... ဦးမင်းသိင်္ခာ သတ္တိရှိရှိနဲ့လက်ထပ်ယူရမယ့်ကောင်မလေး၊ ဟုတ်လား ... ဟား ဟား ... ရှင်တို့ မောင်နှမနှစ်ယောက် ကယောင်ချောက်ချားနဲ့ အခုမှ လာပြီး ပြဿနာကို လေလံတင်ဖို့ မစဉ်းစားနဲ့ ... ကုမ္ပဏီရှေ့ကနေ ရှင်တို့နှစ်ယောက် စလုံး အခုချက်ချင်းထွက်သွား ... ဦးမင်းသိင်္ခာနဲ့လည်း တွေ့စရာ ဘာအကြောင်းမှ မရှိဘူး”

နွေးလှိုက်ဖြာ ပြောတာကိုတော့ နေနန်းတော် မခံနိုင်ပါ။

စလိုက်လာကတည်းက မကျေနပ်လို့ လိုက်လာခဲ့တာပါ။ မိုးကိုပဲ ဒူးနဲ့တိုက်ရမလား၊ ကောင်းကင်ကြီးကိုပဲ မီးတက်ရှို့ရမလား မဟုတ်မတရားတာ လုပ်လို့ကတော့ ဘယ်လိုအကြောင်းပြချက်မျိုးနဲ့မှ ခွင့်မလွှတ်နိုင်တာ နေနန်းတော်ရဲ့အကျင့်။

အရေးကြီးတာ ဦးမင်းသိင်္ခာနဲ့ တွေ့ဖို့ပဲ။

ကံကောင်းချင်တော့ ဦးမင်းသိင်္ခာ ဆင်းလာတာနှင့်တည့်တည့်ပဲ သွားဆုံသည်။ ဒီနေ့တော့ ... ဦးမင်းသိင်္ခာဟာ အနောက်တိုင်းဝတ်စုံ အနက်ရောင်လေးကို သေသပ်ကျနအောင် ဝတ်လျက်။

ကားကို ကိုယ်တိုင်မောင်းရင်း ကုမ္ပဏီခြံဝင်း ဂိတ်တံခါးကြီးဘက်ကို ထွက်လာတာလေ။ သူနှင့်အတူ ကားပေါ်မှာပါလာတာ မြတ်သောမေရယ်ပါ။ မေကိုယ်တိုင်လည်း နေနန်းတော်တို့ မောင်နှမနှစ်ယောက်ကို တွေ့လိုက်တော့ မျက်လုံးပြူးနေသည်။

“ဟာ ... ဟိုမှာ ... ဟိုမှာ ... ဟိုမောင်နှမနှစ်ယောက်”





“ဟင် ... ”

တွေ့လိုက်တော့ ဦးမင်းသိင်္ခာပါ အံ့ဩလို့။

တကယ်တော့ ... ဦးမင်းသိင်္ခာနဲ့မြတ်သောမေတို့နှစ်ယောက် ချိန်းပြီး နေနန်းတော်နဲ့စံမြန်းလေးရှိတဲ့ နေရာကိုသွားဖို့ အတူတူထွက်လာခဲ့တာပါ။

“ဟာ ... ပြဿနာပဲ အန်တီလှိုင်းမခ ... ကိုကြီးထွက်လာတာနဲ့ တိုးနေပြီ ... ဒုက္ခပါပဲ ... ”

နွေးလှိုက်ဖြာ စိတ်ဓာတ်ကျသွားသည်။

သူတို့ ညာထားတာတွေ အလိမ်ပေါ်တော့မည်။

“ဟာ ... ဟိုမှာ ကိုကြီးထွက်လာပြီ၊ အဲဒါ ... အဲဒါ စံမြန်းကို အရမ်းချစ်တဲ့ ကိုကြီး ... အဟင့် ဟင့်ဟင့် ... ”

ဦးမင်းသိင်္ခာကလည်း စံမြန်းကို မြင်ပါသည်။

ကားကို ခြံဝင်းတံခါးအပြင်ဘက်မှာပဲ ဦးမင်းသိင်္ခာ ကပ်ရပ်လိုက်သည်။ ကားပေါ်ကနေ အပြေးကလေး ဆင်းလိုက်မိတာ မြတ်သောမေ။

“နေ ... နေနန်းတော် ... ”

မြေပြင်ပေါ် ခြေချရပ်မိသည်နှင့် နေနန်းတော်တို့မောင်နှမနှစ်ယောက်ရှိရာကို မေ ... အပြေးကလေး ရောက်သွားသည်။

“သမီး မြတ်သောမေ ... နောက်ဆုတ်နေစမ်း ... ”

မျက်လုံးပြူးရတာ ဒေါ်လှိုင်းမခရယ်ပါ။

“အန်တီ မကြိုက်ဘူး၊ ဒီကောင်လေးနဲ့ ဆက်ပြီးတော့ ပတ်သက်သွားမှာ အန်တီ လုံးဝလက်မခံနိုင်ဘူး ... အခု အန်တီတို့လိုက်လာတာ မောင်မင်းသိင်္ခာနဲ့ သမီးမြတ်သောမေကို ဈေးရုံးမှာ



www.burmeseclassic.com

www.burmeseclassic.com



လက်မှတ်ထိုးပြီးတော့ လက်ထပ်ပေးစားဖို့လိုက်လာတာ၊ အခုချက်ချင်း ကားပေါ်ကို သမီးပြန်တက်စမ်း ... မင်္ဂလာဆောင်တာ ဘယ်အချိန်ဆောင်ဆောင် ရတယ် ... အရေးကြီးတာ လက်မှတ်ထိုးဖို့ပဲ"

"ဟွန်း ... "

ဒီစကားကိုကြားတော့ နှုတ်ခမ်းလေးတွန့်ပြီး ပြုံးလိုက်တာ နေနန်းတော်ပေါ့။ လောကကြီးမှာ ဒီလိုအောက်တန်းကျတဲ့ နည်းတွေနဲ့ နှလုံးသားတွေကို နာကျင်အောင် နင်းချေပစ်လိုက်လို့ရမလား။

ဒါကိုတော့ သူ ... လုံးဝ လက်မခံနိုင်ပါ။

သို့သော် ... ဒေါ်လှိုင်းမခ ပြောတာကို သူ လုံးဝအရေးမစိုက်ဘဲ ဦးမင်းသိက္ခာရဲ့ ကားရှိရာကိုပဲ သူ့တန်းပြီးတော့ သွားလိုက်သည်။

"သမီး လိုက်မသွားနဲ့ ... "

ဒေါ်လှိုင်းမခက မြတ်သောမေရဲ့လက်ကလေးကို ဆွဲထားသလို နွေးလိုက်ဖြာကလည်း စံမြန်းရိပ်ရှေ့ကနေ ပိတ်ကာရပ်ထားသည်။

"ဟုတ်တယ် ... စံမြန်းရိပ်၊ နင် ... ငါ့ကားပေါ်တက်လိုက်၊ နေနန်းတော်နောက်ကို နင်လိုက်သွားစရာအကြောင်းမရှိဘူး"

မေကတော့ အန်တီလှိုင်းမခ တားဆီးထားတာကို လက်မခံနိုင်ပါ။

"ဖယ် ... အန်တီလှိုင်းမခ၊ မေ့လက်ကို မဆွဲနဲ့ ... နေနန်းတော်ကို မေချစ်တယ်၊ သူ ဘယ်လောက်ပဲ ဆင်းရဲ ဆင်းရဲ ... သူ့ရင်ထဲက နှလုံးသားကို မေတန်ဖိုးထားတယ်၊ ဦးမင်းသိက္ခာကလည်း မေတို့နှစ်ယောက်ရဲ့အချစ်ကို နားလည်တယ်၊ လက်ထပ်မယ့်အစီ





အစဉ်တွေ အားလုံးကိုလည်း မေနဲ့ဦးမင်းသိက္ခာ နှစ်ဦးသဘောတူဖျက်သိမ်းလိုက်ပြီ ... "

"ဘယ် ... ဘယ်လိုမေ ... "

"အန်တီရယ် ... ဒီအချိန်ရောက်မှတော့ မထူးတော့ပါဘူး၊ အန်တီ့ကို မေတစ်ခါတည်း အပြတ်ပြောလိုက်တော့မယ်၊ အခု ... အန်တီသဘောမတူနိုင်လို့ အထင်အမြင်တွေသေး၊ တောကတက်လာတဲ့ စုတ်စုတ်ချာချာ မောင်နှမလေးတွေပါဆိုပြီး အဆင့်အတန်းတွေခွဲ၊ အန်တီအတင်းနှိမ်ချဆက်ဆံခဲ့တဲ့ နေနန်းတော်တို့မောင်နှမနှစ်ယောက်ဟာ ဘယ်သူကမွေးတဲ့ သားနဲ့သမီးလို့ အန်တီထင်နေလို့လဲ ... "

"ဟင် ... ဘယ်သူက မွေးခဲ့တာလဲ ... "

"ရွှေဖျိုင်းဖြူဆိုတဲ့ မိန်းမတစ်ယောက်က မွေးတုန်းကမွေးခဲ့ပြီးတော့မှ ဆင်းရဲတဲ့ ယောကျ်ားကစ်ယောက်ကို မပေါင်းနိုင်တော့ပါဘူးဆိုပြီး ပစ်ထားခဲ့တဲ့ သားနဲ့သမီးလေ အန်တီ ... "

"ဘုရားရေ ... ညည်းက ရွှေဖျိုင်းဖြူဆိုတဲ့ နာမည်ကိုသိနေတယ် ... "

ဒေါ်လှိုင်းမခ အသက်ရှူမှားကာ တစ်ကိုယ်လုံးအေးစက်သွားခဲ့ရပြီ။

"ဒါ ... ဒါဆို ... နေနန်းတော်နဲ့ ပန်းမြတ်ချယ်ဆိုတာ ... "

"ဟာ ... အန်တီ ... ဟိုမှာ ... ဟိုမှာ ... ကိုကြီးကားပေါ်ကို နေနန်းတော် တက်လိုက်သွားပြီ၊ သူ ... သူတို့နှစ်ယောက်၊ ထိုးကြိတ်ကြနဲ့ ပြဿနာဖြစ်ကြတော့မယ်ထင်တယ်၊ ဒုက္ခပါပဲ ... လာ



www.burmeseclassic.com

www.burmeseclassic.com



လာ ... အန်တီ ... မေနဲ့စံမြွန်းရိပ်ကိုပါခေါ်ပြီး နွေးလှိုက်ဖြာတို့နောက်ကနေ လိုက်မယ် ..."

"ဘုရား ... ဘုရား ..."

ဒီလိုနဲ့ မျက်လုံးတွေပြူးရင်း ဦးမင်းသိင်္ခာနဲ့ နေနန်းတော်တို့ နှစ်ယောက်ပါသွားတဲ့ ကားနောက်ကို ထိတ်ထိတ်ပြာပြာလိုက်ခဲ့ကြတဲ့ ... နွေးလှိုက်ဖြာတို့ ကားကလေး။

မီးပွိုင့်တစ်ခုမှာ မီးနီနေတာကို သတိမထားမိဘဲ အရှိန်မြင့်ကာ ဖြတ်ကူးပစ်လိုက်တော့ ...

"ဝုန်း ..."

"ဂျိမ်း ..."

"အမလေး ... သေပါပြီ ..."

ရှေ့ပိုင်းကားခေါင်းတစ်ခုလုံး စိစိညက်ညက်ကြေသွားရတဲ့ ကားကလေးကို ကြည့်ကာ ... ပတ်ဝန်းကျင်မှာ ရှိနေသမျှလူတွေ အားလုံး အသက်ရှူမှားလျှက်။

ကားထဲက လူတွေအားလုံးရဲ့ ကံကြမ္မာက မတွေးရက်စရာ။

လမ်းပေါ်မှာတော့ တိုက်မိသွားတဲ့ ကားနှစ်စီးရဲ့ မှန်ကွဲစတွေက မြင်မကောင်းအောင် ကြဲဖြန့်ချလိုက်သလို ဖြစ်သွားခဲ့ရပြီ။

အခန်း ( ၂၃ )

ဒါကို မသိသေးတဲ့ နေနန်းတော်နဲ့ဦးမင်းသိင်္ခာတို့နှစ်ယောက်ကတော့ ...

"ဟား ... ဟား ... မင်းရဲ့ဇွတ်ဇွဲတိုက်ခိုက်မှုတွေက တကယ်ပြင်းထန်လွန်းတယ် နေနန်းတော်ရာ ... ဟား ဟား ... အခုလည်း မင်းက နှစ်ယောက်တည်း ပြတ်ပြတ်သားသား စာရင်းရှင်းချင်တယ်ဆိုလို့ မင်းခေါ်တဲ့နောက်ကို သတ္တိရှိရှိနဲ့ ကိုယ်လိုက်လာခဲ့တာလေ နေနန်းတော် ... ကိုယ် ဘယ်ကိုမောင်းရမလဲ ... ကဲ ... ပြော"

ဦးမင်းသိင်္ခာက လုံးဝတုန်လှုပ်မသွားသည့်ဟန်နှင့် ကားကို အေးဆေးပဲမောင်းရင်း ရယ်ကာမောကာ လှည့်မေးသည်။

နေနန်းတော်ကတော့ မျက်နှာနုနုလေးမှာ ရဲလို့ပါ။

"ဟွန်း ... ကျွန်တော်ပြောနေတာ ရှင်းရှင်းလေးပဲလေ ဦးမင်းသိင်္ခာ ... ကျွန်တော့်ညီမလေး ပန်းမြတ်ချယ်ကို ခင်ဗျား ဖျက်ဆီးလိုက်တာ မကျေနပ်လို့ ခင်ဗျားနောက်ကို လိုက်လာတာ၊ ကမ္ဘာပေါ်မှာ ကျွန်တော်အချစ်ဆုံးက ကျွန်တော့်ညီမလေးပဲ"

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ကိုယ်သိတယ် ..."

ဖြေလိုက်ရပေမယ့် ဦးမင်းသိင်္ခာရဲ့ နှုတ်ခမ်းတွန့်ကွေးကွေးလေးပေါ်က အပြုံးလေးကတော့ ပြေကျမသွားခဲ့သေးပါ။ ဟွန်း ... နေနန်းတော်ရာ ... မင်းဘာကြောင့် ကိုယ့်ကိုအထင်လွဲနေသလဲဆိုတာ ကိုယ်သိပါတယ်။

ကိုယ်နဲ့မြတ်သောမေကို မင်း ...

"ခင်ဗျား မယုတ်မာနဲ့ ဦးမင်းသိင်္ခာ ..."

"ဟင် ... ကိုယ် ဘာယုတ်မာလို့လဲ ..."

"ကျွန်တော့်ညီမလေးကို ခင်ဗျား ..."

"ကိုယ် ... ချစ်ခဲ့တာပါ ..."

"ဘာပြောတယ်ဗျ ..."

"မင်းမယုံလည်း ကိုယ်ဘာမှမတတ်နိုင်ဘူး နေနန်းတော်၊ မင်းညီမလေး ပန်းမြတ်ချယ်ကို စံမြန်းရိပ်ဘဝနဲ့ အတိတ်မေ့နေတဲ့ကာလတစ်လျှောက်လုံး ကိုယ်တန်ဖိုးထားခဲ့တယ်ဆိုတာ ကိုယ့်ခြံထဲက လူတွေအားလုံးသိတယ်၊ ဒါပေမဲ့ ... ပန်းမြတ်ချယ်ကို ကားနဲ့တိုက်မိပြီး ကိုယ့်ခြံထဲကို ခေါ်လာခဲ့တဲ့အချိန်မှာ သူ့ကျောပိုးအိတ်လေးထဲမှာပါလာတဲ့ ယောက်ျားလေးအဝတ်အစားတွေကြောင့် နယ်ကနေ ခိုးရာလိုက်ပြေးလာသလားဆိုတဲ့ သံသယတွေနဲ့ ပန်းမြတ်ချယ်လေးကို ကိုယ်ရဲရဲတင်းတင်း မချစ်ရဲခဲ့တာပါ၊ ခုတော့ ကိုယ်သိပါပြီ ..."

"ဟင် ... ခင်ဗျား ဘာသိတာလဲ ..."

"ပန်းမြတ်ချယ်လေးဟာ မြူမတင် ဖြူစင်လွန်းတဲ့ကောင်မလေးတစ်ယောက်ဆိုတာ ..."





ဦးမင်းသိင်္ခာ ကြည်ကြည်နူးနူးကလေးပဲ ပြောမိသည်။ ဒါပေမဲ့ ... နေနန်းတော်ကတော့ လက်မခံနိုင်သေးပဲ။

"ခင်ဗျား အပိုမပြောနဲ့ ..."

အသံက ခပ်မာမာပဲ ကျယ်လောင်သွားသည်။

"ဟာ ... အဲဒါ ကိုယ် မင်းကိုအပိုတွေ ပြောနေတာမဟုတ်ဘူးလေ ... ကိုယ့်ရင်ထဲမှာ ခံစားရတဲ့အတိုင်း ကိုယ်ပြောလိုက်တာ"

"ဟား ... ဟား ..."

မပြောမဆို ခေါင်းကလေးမော့ပြီး ရယ်ချလိုက်တာ နေနန်းတော်ရယ်ပါ။

"ဟင် ... မင်းဘာလို့ ရယ်လိုက်တာလဲ နေနန်းတော်"

"ဟား ... ဟား ..."

မရပ်မနား ဆက်တိုက်ရယ်နေတာလည်း နေနန်းတော်ပဲဖြစ်နေသည်။

"မင်း ... မင်း ..."

"ခင်ဗျား ... ခင်ဗျားပြောတာ ကျွန်တော် အရမ်းသဘောကျလို့ရယ်လိုက်တာပါဗျာ ... ဘာလဲဟင် ဦးမင်းသိင်္ခာ ... အချစ်ဆိုတာကို ဘာမှနားမလည်ခဲ့သလို အတိတ်မေ့နေတဲ့ မိန်းကလေးတစ်ယောက်ကို ဒီလို အချစ်စကားလေးတွေသုံးပြီး ထောင်ချောက်လှလှလေးထဲမှာ ပိတ်လှောင်ဖမ်းဖို့ ခင်ဗျား ကြိုးစားခဲ့တာလားဟင်၊ အခု ... ကျွန်တော့်ညီမလေး ဘာဖြစ်နေပြီလဲဆိုတာ ခင်ဗျားသိရဲ့လား ..."

"ကိုယ်နားလည်တယ် နေနန်းတော် ... သူ့အတိတ်ကို ပြန်



www.burmeseclassic.com

www.burmeseclassic.com



သတိမရမချင်း သူ ကိုယ့်ကိုပဲ တမ်းတနေမှာ ... ”

“ကျွန်တော်ပြောတာ အဲဒါ မဟုတ်ဘူး”

နေနန်းတော် မျက်နှာထားလေးက စောစောကထက် နှစ်ဆပိုလို့ မာသွားခဲ့ရပြီ။ ခေါင်းကလေးကိုမော့ပြောတော့ ပခုံးစွန်းပေါ်က ဆံပင်ရှည်တွေကပါ ဖျတ်ခနဲ လှုပ်သွားရသည်။

“ခင်ဗျားနဲ့ရတဲ့ ရင်သွေးလေး ... ကျွန်တော့်ညီမလေး လွယ်ထားရပြီလေ ဦးမင်းသိက္ခာ ... ”

“ဘာ ... ဘာပြောတယ် ... ”

တုန်လှုပ်သွားရတာ ဦးမင်းသိက္ခာ။

စံမြန်းရိပ်ခေါ် ပန်းမြတ်ချယ်လေးမှာ ရင်သွေးလေးလွယ်ထားရပြီတဲ့။

ကားကိုလည်း ဆက်မမောင်းတော့ဘဲ လမ်းဘေးမှာထိုးရပ်လိုက်ရတဲ့အဖြစ်။

“အဲဒါ ခင်ဗျား တာဝန်ယူရမယ် ... ခေါင်းခါဖို့မစဉ်းစားနဲ့ ဒီကိစ္စကို ပြောချင်လို့ ... ခင်ဗျားကို ဒီနေရာရောက်အောင်ခေါ်လာတာ”

**“ဟာ ... နေနန်းတော် ... မင်း ... ”**

**နေနန်းတော်က ခပ်ပြတ်ပြတ်ခပ်ကြမ်းကြမ်းပဲ ဦးမင်းသိက္ခာ**ရဲ့ အင်္ကျီကော်လံစတွေကို စုချုပ်ကိုင်ကာ ဆွဲလှုပ်ရင်းပြောလိုက်တာမို့ ဦးမင်းသိက္ခာရဲ့ခန္ဓာကိုယ်က နေနန်းတော်လက်ထဲမှာ ဒယီးဒယိုင် ဖြစ်သွားသည်။

“ကျွန်တော် ... ကျွန်တော်မေးတာ ခင်ဗျားဖြေနော်၊





ဟောက်စား ချောက်စားလုပ်ပြီး ဒီပြဿနာထဲက ရှောင်ထွက်သွားဖို့ ခင်ဗျားမစဉ်းစားနဲ့ ... ကျွန်တော် နာမည် နေနန်းတော်၊ ကျွန်တော့်ညီမလေးကို တရားဝင်လက်ထပ်ယူဖို့ ခင်ဗျားငြင်းရင်၊ ခင်ဗျားကို သတ်ပြီးမှ ကြိုးစင်ပေါ်ကို ရင်ကော့ခေါင်းမော့ပြီး နေနန်းတော် တက်သွားမယ် ... ဟောဒီမှာ တွေ့လား ... ဓါး ... ”

“မင်း ... မင်း ... ”

“ဖြေနော် ... ဦးမင်းသိက္ခာ ... ”

“မင်း ... မင်းက မင်းညီမလေးကို တကယ်ချစ်တာပဲနော်၊ အေး ... မင်းက တကယ်ချစ်တာဆိုတော့ ကိုယ်ကလည်း မင်းနားလည်အောင် ရှင်းပြရတော့မှာပေါ့၊ ဟုတ်တယ် ... ကိုယ်ကလည်း မင်းညီမလေးကို သိပ်ချစ်လို့ သူ့အချစ်ကိုရအောင် အတင်းအကြပ်ယူခဲ့မိတယ် ... ကိုယ် လက်ထပ်ဖို့ ကြိုးစားနေတဲ့အချိန်မှာပဲ သူ့ချစ်သူနောက်ကို ပြန်ပါသွားတယ်ဆိုပြီး အားလုံးက ကိုယ့်ကိုလာပြောကြလို့ ကိုယ်စိတ်လျှော့ခဲ့ရတာ၊ နောက်မှ ... အဖြစ်မှန်တွေကိုယ်သိခဲ့လို့ ဒီနေ့မှ မြတ်သောမေကိုခေါ်ပြီး ပန်းမြတ်ချယ်လေးနောက်ကို ကိုယ်လိုက်လာတော့မှာ ... ”

“အဲဒါ ... အဲဒါ ... ခင်ဗျား တကယ်ပြောတာ ... ”

“နေနန်းတော်ရာ ... လောကကြီးမှာ ပိုက်ဆံချမ်းသာတဲ့သူတိုင်း အသည်းနှလုံးမရှိဘူးလို့ မင်းထင်နေလို့လား၊ ကိုယ်က မင်းသိက္ခာပါ၊ ကိုယ့်ကားနဲ့မတော်တဆ တိုက်မိသွားလို့ မင်းညီမလေးကို ကိုယ်စပြီး တွေ့လိုက်ရကတည်းက ရင်ထဲမှာ နင့်နေအောင် ကိုယ်ချစ်သွားခဲ့တယ် ... အဆင့်အတန်းခွဲတဲ့ ကိုယ့်ပတ်ဝန်းကျင်က သူတစ်ချို့ကြောင့် ကိုယ်အခက်အခဲတွေ အများကြီးကို ရင်ဆိုင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



တော့မှ ပန်းမြတ်ချယ်ဆီကအချစ်ကို ကိုယ်ရခဲ့တာ၊ ဒါကြောင့်မို့ ပန်းမြတ်ချယ်ကို ကိုယ်လက်ထပ်မှာပါ ...”

“တီ ... တီ ...”

“ဟာ ... ခဏလေးနော် နေနန်းတော်၊ ဒီမှာ ဖုန်းခေါ်နေလို့”

နေနန်းတော်ကို လက်ကာပြရင်း ခါးထဲက ဟန်းဖုန်းကိုဆွဲ ဖြုတ်ကာ ဖွင့်ကိုင်လိုက်တော့ ...

“ဗျာ ... ကားအက်စီးဒင့်ဖြစ်တာ နွေးလှိုက်ဖြာနဲ့အန်တီလှိုင်း မခ ပွဲချင်းပြီး ဆုံးသွားတယ် ...”

ဦးမင်းသိက္ခာ တစ်ကိုယ်လုံး တောင့်တင်းအေးစက်လျှက်။

“လာမယ် ... လာမယ် ... အခုချက်ချင်း ကျွန်တော်လိုက် ခဲ့မယ်”

မမြင်နိုင်တဲ့ကံကြမ္မာဆိုတာ ဒါကိုပြောတာလား။

နှစ်ယောက်သား ဆေးရုံကြီးအရေးပေါ်ကိုရောက်သွား တော့ မြတ်သောမေနဲ့ ပန်းမြတ်ချယ်လေးတို့ နှစ်ယောက်ကတော့ ကားနောက်ခန်းမှာ ထိုင်လိုက်လာသူတွေမို့ ပွန်းပဲ့ဒဏ်ရာလေး လောက်သာ။

“အဟင့် ... ကိုကြီး ...”

နေနန်းတော်ကိုတွေ့တော့ လူနာခုတင်ထက်မှာ ထိုင်နေ သည့် ပန်းမြတ်ချယ်လေးက သူ့ဆီကို အပြေးကလေးလှမ်းလာပြီး အားကိုးတကြီး ပြေးဖက်သည်။ ဦးမင်းသိက္ခာကိုတော့ ဘာတစ်ခုကို မှ မမှတ်မိတော့သည့် ခပ်စိမ်းစိမ်းအကြည့်လေးတွေနှင့်။

“စိတ်မကောင်းပါဘူး ဦးမင်းသိက္ခာ ... ကံဆိုးလို့နှစ်ယောက် က ပွဲချင်းပြီးဆုံးသွားပေမယ့် ပန်းမြတ်ချယ်လေးကတော့ သတိ





ရတဲ့အချိန်မှာ သူ့အတိတ်ကို ပြန်မှတ်မိသွားတယ်၊ သူနဲ့သူ့ကိုကြီး အမေကိုရှာချင်လို့ မြို့ကိုတက်လာတာ၊ သူ့ကိုကြီးနောက်ကို စိတ်ပူ သို့လိုက်သွားရင်း ကားတစ်စီးက သူ့ကိုတိုက်မိသွားတာ၊ သူ့ကိုကြီး ကို တွေ့အောင်ရှာပေးပါနဲ့ ... ကြားထဲမှာဖြစ်ခဲ့သမျှတွေကို ဘာမှ မမှတ်မိတော့ဘဲ ခုတင်ပေါ်မှာ တရှုံ့ရှုံ့လေးနဲ့ ထိုင်ငိုနေတာလေ”

“ကြည့်စမ်း ...”

မြတ်သောမေကလည်း နဖူးပြင်တစ်နေရာလေးမှာ ပလာ စတာလေးကပ်လျှက်။ ရီဝေသော မျက်ဝန်းလေးအစုံဖြင့် ဆေးရုံ အမိုးမျက်နှာကျက်ကိုပဲ ငေးစိုက်ကြည့်နေသည်။

“အဟင့် ကိုကြီးရယ် ... ကိုကြီးတယ်တွေလျှောက်သွားနေ တာလဲဟင် ကိုကြီး ... ကိုကြီးပြန်မလာလို့ ညီမလေးလိုက်ရှာနေ တာ၊ ဒီလူတွေက ညီမလေးကိုသိနေပေမယ့် ညီမလေးက သူတို့ကို မသိဘူး၊ ပြီးတော့ ... ဒီဆံပင်ရှည်တွေက ညီမလေးဆံပင်ရှည်တွေ မှ ဟုတ်ရဲ့လား ... ညီမလေးသိတာက ဂုတ်ဝဲဆံပင်လေးလေ၊ အခုမှ ညီမလေးဆံပင်တွေက ဘာလို့ဒီလောက်အရှည်ကြီးဖြစ်သွားတာ လဲ”

သူ့ရင်ခွင်ထဲ ဝင်ငိုနေသည့် ညီမလေးကိုကြည့်ကာ ဝမ်းနည်း ရမလို ဝမ်းသာရမလိုနှင့် နေနန်းတော် ဘာကိုပြောရမှန်းမသိ။ အတိတ်ကို ညီမလေး ပြန်သတိရလာပြီဆိုတော့ ဟိုလူတွေအားလုံး ကို ညီမလေး မေ့သွားခဲ့ပြီပေါ့။

“ရှင် ... ရှင် ... လိုက်လာတယ်နော် နေနန်းတော် ...”

မေ ခုတင်လေးပေါ်ကထကာ သူ့ကိုနှုတ်ဆက်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ... မင်း ဘာမှမဖြစ်ဘူးနော် မြတ်သောမေ ..."

"ကျွန်မတို့နှစ်ယောက်စလုံး ကံကောင်းသွားတယ်လို့ ပြောရတော့မယ် နေနန်းတော် ... ရှင့်အတွက် ပိုပြီးတော့ ကောင်းသွားတာက ရှင့်ညီမလေး ပန်းမြတ်ချယ် အတိတ်ကို သတိရသွားခဲ့တာပါ၊ မမနွေးလိုက်ဖြာနဲ့ အန်တီလှိုင်းမခတို့နှ ယောက်ကတော့ အဟင်း ..."

မေ ဝမ်းနည်းစွာရှိုက်ငိုချလိုက်မိတာက အန်တီလှိုင်းမခ ဒီမောင်နှမ နှစ်ယောက်အတွက်ရယ်ပါပဲ။ ဒီအကြောင်းတွေကို သိ တာက မေတို့အိမ်က အိမ်တော်ထိန်းသစ္စာရှိ လူယုံတော်ကြ ကြီးကြီးမိုးကလွဲရင် တခြားဘယ်သူရှိရဦးမှာလဲ။

"ဟုတ်တယ် ... နေနန်းတော်၊ အစတုန်းကတော့ အကြောင်းတွေအားလုံး ဘယ်သူ့ကိုမှ မပြောဘဲ ကြီးကြီးမိုး နှုတ်ပိ နေခဲ့ရတာလေ၊ တကယ်ဆိုရင် ... အားလုံးကို အချိန်မှီ ဖွင့်ပြောသ ပေမယ့် မပြောရဲခဲ့တာ ... မမလှိုင်းမခက ကြီးကြီးမိုးကို ခြိကြီး ကနေ မောင်းထုတ်လိုက်မှာကြောက်လို့ မပြောရဲခဲ့တာပါ"

"ဗျာ ... ကြီးကြီးမိုး ... ကြီးကြီးမိုးပြောတာကို ကျွန်တော နားမလည်ဘူး"

"ဒီလိုလေ ... နေနန်းတော် ... အခု ဆုံးသွားတဲ့ မမလှိုင်းမ ရဲ့ ငယ်နာမည်က ရွှေဖျိုင်းဖြူလေ၊ မေယူလာတဲ့ ပန်းချီပုံလေးထဲ ရွှေဖျိုင်းဖြူက မေးဖျားချွန်ချွန်လေးထိပ်မှာ မှဲ့နက်ကလေးနဲ့"

"ဟာ ... ကြီးကြီးမိုးကလည်း အန်တီလှိုင်းမခရဲ့ မေးဖျ လေးပေါ်မှာ မှဲ့နက်ကလေးမှ မရှိတဲ့ဥစ္စာ ..."

ဖိုးလပြည့်စာပေ



"အဲဒါ ... မေ့ဖေဖေနဲ့ အိမ်ထောင်ကျတဲ့နေ့မှာ ခွဲစိတ်ကုသ ပလပ်စတစ်ဆာဂျရီလုပ်ထားလိုက်လို့ သူ့ဘဝဟောင်းက မှဲ့နက် လေးပျောက်သွားခဲ့တာလေ၊ သူကိုယ်တိုင်လည်း လူသစ် စိတ် သစ်နဲ့ လှိုင်းမခဆိုတဲ့နာမည်ကို ပေးခဲ့တာ၊ ကြီးကြီးမိုး သိခဲ့တယ်၊ မေယူလာတဲ့ ပန်းချီပုံစာရွက်လေးကိုကြည့်လိုက်တော့မှ ..."

"အမေ ... ဟုတ်လား ... အန်တီလှိုင်းမခက ကျွန်တော်တို့ နှစ်ယောက်ရဲ့အမေ ..."

နေနန်းတော် မယုံနိုင်သလို တစ်ကိုယ်လုံးလည်း အေးစက် သွားသည်။

"ရှင် ... ကိုကြီး ... အမေ့ကို တွေ့ပြီလား ..."

ပန်းမြတ်ချယ်လေးကတော့ အမေ့ကိုပဲ တမ်းတနေခဲ့။

"အမေ ... အမေ ဘယ်မှာလဲဟင် ကိုကြီး၊ အမေ့ကိုပြန်တွေ့ ပြီဆိုရင် ဒီလူတွေနားမှာမနေဘဲ အမေ့ဆီကိုပဲသွားမယ်လေ ..."

နေနန်းတော်ရဲ့ ပခုံးနှစ်ဖက်စလုံးကို ကိုင်လှုပ်ရင်း ပန်းမြတ် ချယ်လေးက ငိုသံအစ်အစ်ကလေးနဲ့ ပြောနေသည်။

ဒါကိုကြည့်ပြီး အားမလိုအားမရဖြစ်နေတဲ့ ဦးမင်းသိင်္ခာက တော့ မိမိကိုပင် တစ်ချက်လေး လှည့်ကြည့်ဖော်မရတော့သည့် ချစ် ရသူ စံမြန်းလေးနားအထိ တိုးရပ်ကာ အသံဖွဖွလေးနဲ့ခေါ်မိသည်။

"စံမြန်းလေးရယ် ... ကိုယ့်ကိုတောင် မမှတ်မိတော့ဘူးလား ဟင်"

"ဟင် ..."

အသံကြားလို့ ပန်းမြတ်ချယ် နောက်ကိုလှည့်ကြည့်လိုက် ပေမယ့် သူ့ကို ပန်းမြတ်ချယ်မသိ။

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ရှင့်ကို ပန်းမြတ်ချယ် မသိဘူးနော် ... "

"စံမြန်းလေးရယ် ... "

ဦးမင်းသိင်္ခာ ခေါင်းငိုက်စိုက်ကျသွားတာ အားလုံးကလည်း မြင်လိုက်ပါသည်။

နေနန်းတော် ဦးမင်းသိင်္ခာကို ဘယ်လိုပြောရပါတော့မလဲ။

"ဟွန်း ... ခင်ဗျားဘာမှစိတ်မကောင်းမဖြစ်ပါနဲ့၊ ဦးမင်းသိင်္ခာ ... ခင်ဗျားဘက်ကိုလိုက်မယ့် အစိက မျက်မြင်သက်သေ ကျွန်တော်တစ်ယောက်လုံး ရှိပါသေးတယ်"

"ကိုကြီး ... သူတို့နဲ့မပြောနဲ့ အမေ့ဆီကိုပဲသွားမယ်"

ပန်းမြတ်ချယ်လေးက သူ့လက်ကိုပဲ အတင်းဆွဲခေါ်နေသည်။

"ညီမလေးရယ် ... ညီမလေးစိတ်လျော့လိုက်ပါတော့"

"ဟင် ... ဘာဖြစ်လို့လဲကိုကြီး ... "

"ကိုကြီးတို့ရှာနေတဲ့အမေက ဆုံးပြီ ... "

"ရှင် ... ကိုကြီး အမေဆုံးပြီ ဟုတ်လား ... အဟင့် – ဟင့် ... "

သိပ်ကို ကြေကွဲရတဲ့ မောင်နှမနှစ်ယောက်။

အစ်ကိုဖြစ်သူ နေနန်းတော်က သူ့ညီမလေး ပန်းမြတ်ချယ်လေးရဲ့ ပခုံးလေးကိုဖက်လို့။

"မငိုနဲ့နော် ညီမလေး ... ကိုကြီးတို့ရှာနေတဲ့ အမေကဆုံးသွားခဲ့ပေမယ့် ညီမလေး လက်ထပ်ရမယ့် ဖူးစာရှင်တစ်ယောက်ကိုတော့ ကိုကြီး ရှာတွေ့ထားတယ် ... "

"ဘုရားရေ ... ညီမလေးရဲ့ဖူးစာရှင် ဟုတ်လား ... "





ပန်းမြတ်ချယ်လေးက မျက်တောင်ရှည်လေးတွေ ပင့်ကော့လျှက်။

"အဲဒါ ဘယ်သူလဲဆိုတာ ညီမလေးကို ကိုကြီးမိတ်ဆက်ပေးမယ် ... အခု ... ညီမလေးရှေ့မှာရပ်နေတဲ့ အသားဖြူဖြူလေးနဲ့ ကိုကြီးနာမည်က ဦးမင်းသိင်္ခာတဲ့ ... "

"ရှင် ... "

"ညီမလေး မှတ်ထားနော်၊ ကဲ ... ဦးမင်းသိင်္ခာ၊ ဆုံးတဲ့သူတွေလည်း ဆုံးသွားခဲ့ပြီဆိုတော့ ရုပ်အလောင်းတွေ မြေကျအောင် ကျွန်တော်တို့ စီစဉ်စရာရှိတာတွေ စီစဉ်ရဦးမယ်လေ၊ ညီမလေးကလည်း မကြောက်နဲ့ ... ဒီကိုကြီး ဦးမင်းသိင်္ခာနောက်ကို ညီမလေးလိုက်သွား၊ ပြီးတော့မှ ညီမလေးတို့ရှိမယ့်နေရာကို ကိုကြီးလိုက်လာခဲ့မယ် ... "

ပြုံးသွားတာ ဦးမင်းသိင်္ခာကလွဲရင် တခြားဘယ်သူဖြစ်နိုင်ဦးမှာလဲ။

နေနန်းတော်ကတော့ မေ့မျက်နှာလေးကိုပဲ လှမ်းကြည့်လျှက်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၂၄ )

"ဟာ ... နေနန်းတော် ... ရှင် ... ဘယ်ကိုသွားနေတာလဲ"

လူကိုမပြောမဆိုနဲ့ လက်ဆွဲခေါ်ချလာပြီးမှ၊ ခုတော့ ... ဘယ်ကိုသွားလို့သွားနေမှန်းလည်းမသိ။ မေလိုက်လာတာ ဒေါက်မြင့်ဖိနပ်သံလေး တခွပ်ခွပ်ကပါ တစ်လမ်းလုံး တဒေါက်ဒေါက်ညံလာခဲ့ရတာပါ။

သတိရလို့ ကြည့်လိုက်တော့မှ ...

မေ့ရှေ့မှာ မီးရထားသံလမ်းကြီး။

"ဟင် ... နေနန်းတော် ... ဒါ ... ဒါ ... "

"မင်း ... မအံ့သြနဲ့၊ ဒီနေရာလေးကို ပြန်လျှောက်ချင်လို့ မင်းကိုခေါ်လာခဲ့တာ၊ တစ်ခုတော့ရှိတယ် ... မင်းမလျှောက်ချင်တော့ဘူးဆိုလည်း ဒီနေရာကနေ လှည့်ပြန်သွားလို့ရတယ် ..."

"ရှင် ... ရှင် ..."

"ဟွန်း ..."





နှုတ်ခမ်းလေးမဲ့လိုက်ရင်း ... တစ်ယောက်တည်း ဆက်လျှောက်လာခဲ့တာ နေနန်းတော်ပါ။ တကယ်တော့ ... မေ့ဆီက နေ သူတကယ်လိုချင်ခဲ့တာ အနိုင်းမဲ့သော ချစ်ခြင်းမေတ္တာ။

"နေနန်းတော် ... ရှင် ခဏနေဦး ..."

မေ သူ့ကိုမကျေနပ်တာလည်း အဲဒါပဲ။

မေ့ကို သူဒီလိုအနိုင်ယူနေတာ ဘယ်နှစ်ခါရှိနေပြီလဲ။

"ပြောလေ ... မင်း ဘာပြောချင်လို့လဲ ..."

"ရှင်က ကျွန်မချစ်ခဲ့တာကို မယုံလို့ ကျွန်မစိတ်ကိုစမ်းနေတာလား ..."

"ရတယ် ... မင်းကြိုက်သလို ထင်မြင်ယူဆခွင့်ရှိတယ်"

"ဟုတ်တယ် ... တစ်ခါတုန်းကတော့ သေလုမျောပါးဖြစ်ရတဲ့ စိတ်နဲ့ ဒီမီးရထားလမ်းပေါ်မှာ ရှင့်နောက်ကို ကျွန်မလိုက်ခဲ့မိတယ်၊ မှောင်ရီပိုးတဝါးဖြစ်နေတဲ့အချိန်မှာ ဖျတ်ခနဲလက်သွားတဲ့ ရှင့်မျက်ဝန်းအကြည့်တွေထဲက ခပ်ထန်ထန်မာနလေးကို ကျွန်မမြင်လိုက်ရလို့ ရှင့်ကို စိတ်ထဲကနေ သဘောကျသွားခဲ့တာ"

"ဟွန်း ... ခုထိလည်း အဲဒီလို မာနလေး ငါ့မျက်ဝန်းထဲမှာ လက်နေတယ်ဆိုရင် မင်းဘာပြောမလဲ ... သိပ်လှတဲ့ကောင်မလေး တစ်ယောက်ကို ရင်ထဲကနေ ငါဘယ်လောက်ပဲချစ်နေ ချစ်နေ အောက်ကျခံပြီး အချစ်ကိုမတောင်းချင်တာ ငါ့မာနပဲ ..."

"ဟွန်း ... ကျွန်မသဘောကျခဲ့တာလည်း ရှင့်ရဲ့အဲဒီစိတ်မာတ်ပဲ ..."

တကယ်လည်း သူ့ရဲ့အဲဒီမာနလေးကို မေက မြတ်နိုးခဲ့တာ

www.burmeseclassic.com



လေ။

ပြောရရင် … လှတာမက်တဲ့ယောက်ျား၊ ပိုက်ဆံချမ်းသာတာကိုမက်တဲ့ယောက်ျား၊ အဲဒီလိုယောက်ျားမျိုးကို မေက အမုန်းဆုံးပဲ။ ခုလည်း … ဒီရထားလမ်းကြီးပေါ်မှာ သူနဲ့အတူ လျှောက်ဖို့ဆန္ဒမရှိတော့ဘူးဆိုရင် ဒီနေရာကနေ လှည့်ပြန်သွားလို့ရတယ်ဆိုပြီး မေ့ကို ခပ်ပြတ်ပြတ် စိမ်ခေါ်သွားခဲ့တာ။

"ငါ … မင်းကိုအမှန်အတိုင်း ဝန်ခံရမယ်ဆိုရင် မင်းကိုစတွေ့ခဲ့ရတဲ့ အဲဒီညမှာပဲ ငါကိုယ်တိုင် ေသွးပျက်သွားခဲ့ရတယ်ဆိုရင် မင်းယုံမလား … "

"ရှင် … "

သူနဲ့ပခုံးချင်းယှဉ်လျှောက်ရင်း သူ့မျက်နှာလေးကိုလှည့်ကြည့်လိုက်မိတော့ … မေ ချော်လဲတော့မလိုဖြစ်သွားတာ သူမေ့ကိုသိမ်းကျုံးပွေ့ဖက်လိုက်ပေလို့။

"ဟာ … "

"အို … "

သတိရတော့ မျက်နှာလေးရဲကာ သူ မေ့ကိုကမန်းကတန်းပြန်လွှတ်ချသည်။ ပြီးတော့လည်း မေ့ကိုမစောင့်ဘဲ တစ်ယောက်တည်း ရှေ့ကိုဆက်လျှောက်သွားသည်။ မေ လိုက်ခဲ့ရတာ ထူပူစိုရဲသွားတဲ့ မျက်နှာကလေးနဲ့။

"ရှင် … ရှင် ကျွန်မကို အနိုင်မယူပါနဲ့ နေနန်းတော်၊ ရှင့်ကိုမမျှော်လင့်ဘဲ ဒီရထားလမ်းကြီးပေါ်မှာ တွေ့ခဲ့ရတာမှန်ပေမယ့်ဟိုတုန်းက ရှင့်နောက်ကို လိုက်ခဲ့တာ ဖြစ်ချင်ရာဖြစ်ဆိုတဲ့စိတ်က





လေးနဲ့ လိုက်ခဲ့တာ … အခု လိုက်ခဲ့တာနဲ့မတူဘူး … "

"ဟင် … ဘာတွေမတူတာလဲ"

"အခုလိုက်ခဲ့တာ မခွဲနိုင်လို့ … "

"ဘာပြောတယ် … "

နေနန်းတော် ဖျတ်ခနဲလှည့်ကြည့်တော့ ပခုံးစွန်းနှစ်ဖက်ပေါ်က ဆံပင်ရှည်တွေ ဘယ်ညာယမ်းသွားသည်။ နှုတ်ခမ်းလေးပြုံးသွားတာလည်း စက္ကန့်များစွာ ကြာအောင်ပါပဲ။

မခွဲနိုင်လို့တဲ့။

"ရှင်မခေါ်လည်း ရှင့်နောက်ကိုလိုက်ဖို့ ကျွန်မက ဆုံးဖြတ်ခဲ့ပြီးသား … ရှင်နဲ့ပတ်သက်လာရင် ကျွန်မ အမြဲယုံကြည်ထားတာတစ်ခုရှိတယ် … ကျွန်မအနားမှာ ရှင်ရှိနေရင် ကျွန်မအတွက် အရာရာပြည့်စုံတယ် … ကျွန်မအနားကနေ ရှင်အရိပ်ကလေးပျောက်ဆုံးသွားမယ်ဆိုရင် ရှင်လျှက်နဲ့တောင် ကျွန်မ သေရတော့မှာ … "

"ဟင် … အဲဒါ မင်းတကယ်ပြောနေတာ … "

"ရှင် … မယုံလို့လား နေနန်းတော် … "

"မင်းကွာ … ကျွတ် … "

သူ စိတ်ပျက်လက်ပျက်လေးနဲ့ ကျွတ်ခနဲ စုတ်သပ်သည်။

"တကယ်ဆိုရင် ပျော်ရွှင်အေးချမ်းနေတဲ့ မင်းတို့မိသားစုလေးရဲ့ဘဝလေးထဲကို ရွှေဗိုင်းဖြူဆိုတဲ့ ကလေးနှစ်ယောက်အမေက မင်းအဖေကို လက်ထပ်ပြီးဝင်လာခဲ့တာလေ … အမေ့ကိုမိထွေးတစ်ယောက်အဖြစ်နဲ့ မင်းမုန်းခဲ့သလို ဒေါ်ရွှေဗိုင်းဖြူရဲ့သား



www.burmeseclassic.com

www.burmeseclassic.com



ငါ့ကိုလည်း မင်းက မုန်းသင့်တယ် ... ”

“ဘာဆိုင်လို့လဲ ... အမေက ရက်စက်ခဲ့တာမှန်ပေမယ့် ရှင်ကမှ ကျွန်မကို မရက်စက်ခဲ့တာ ... ”

“ငါ ... ရက်တယ်ကွ ... ”

သူမကို မကြည့်တော့ဘဲ နေနန်းတော် မျက်နှာလေးကို ပြန်လှည့်သည်။

“ဒီမှာ နေနန်းတော် ... ”

မေ ခပ်ပြတ်ပြတ်ပဲ သူ့လက်ကလေးကို လှမ်းဆွဲသည်။

“ရှင် ... ဘယ်လောက်မာနကြီးတယ်ဆိုတာ ကျွန်မသိတယ်၊ ရှင့်ဘဝနဲ့ကျွန်မဘဝ မတန်ပါဘူးဆိုတဲ့စိတ်နဲ့ ဦးမင်းသိကျွာနဲ့လက်ထပ်ဖို့ ရှင် ကျွန်မကို ထားသွားခဲ့တာလည်း ကျွန်မ နားလည်တယ်၊ အခုလည်း ... ဘာထူးလို့လဲ၊ အဲဒီစိတ်နဲ့ ကျွန်မကို ထားခဲ့ပြီး ကျွန်မနဲ့အဝေးဆုံးကို ရှင်ထွက်သွားဖို့ ကြိုးစားနေပြီဆိုတာ ... ”

“ဟင် ... အဲဒါလည်း မင်းသိတယ် ... ”

နေနန်းတော် တကယ်လည်း အဲဒီအတိုင်းပဲ ဆုံးဖြတ်ခဲ့တာပါ။

ဒါကြောင့်မို့ ... ဒီရထားလမ်းပေါ်ကို နေနန်းတော် ပြန်တက်လာခဲ့တာ။

ညီမလေး ပန်းမြတ်ချယ်အတွက် သူ့မှာ သောကတွေမရှိတော့ပေမယ့် ရွှေအိမ်စံ မင်းသမီးတစ်ယောက်ကိုလက်ထပ်ပြီး အလိုလို ချမ်းသာသွားရတဲ့အဖြစ်မျိုးကိုလည်း နေနန်းတော် အရောက်





မခံနိုင်ပါ။

ဒီမာနတွေ ရင်ထဲမှာရှိနေသမျှ ... ရွှေအိမ်စံမင်းသမီးလေးကိုလည်း သူအောက်ကျမခံနိုင်။

“ဟာ ... နေနန်းတော် ... ရှင့်စိတ်ဓာတ်နဲ့ရှင့်မာနကို ကျွန်မသိလို့ပြောနေတာလေ၊ ဘာလဲ နေနန်းတော် ... ချမ်းသာတဲ့စည်းစိမ်တွေရှိနေတဲ့ ကျွန်မကိုလက်ထပ်ပြီး ကျွန်မတို့ခြံကြီးထဲကို ရှင်မလိုက်ချင်တာလား၊ ရတယ် ... အဲလို မလိုက်ချင်တာဆိုရင် ရှင်နေတဲ့အိမ်ကလေးမှာပဲ ကျွန်မ နေမယ် ... ”

“ဘာပြောတယ်ကွ ... ”

“ဟိုတုန်းက ရှင့်အိမ်ကလေးကနေ ကျွန်မပြန်သွားတာ၊ ရှင့်ဘဝထဲမှာ မနေနိုင်လို့ ပြန်သွားတာမဟုတ်ဘူး၊ ရှင့်မှာဆံရစ်ဝိုင်းကလေးနဲ့ ချစ်သူရှိနေတယ်ထင်ပြီး စိတ်ကောက်ကောက်နဲ့ကျွန်မပြန်သွားတာ ... ”

မေ နှုတ်ခမ်းလေးမဲ့ပြီး ပြုံးလိုက်တာ သူ့ကိုမခံချင်စိတ်လေးနဲ့ပါ။

“ခုတော့ ... ကျွန်မ ဆုံးဖြတ်လိုက်ပြီ၊ ရှင်နေတဲ့အိမ်ကလေးပေါ်ကိုလည်း ကျွန်မ ရဲရဲတင်းတင်းတက်မယ်၊ အိမ်ရှေ့က ဝါးကွပ်ပြစ်လေးပေါ်မှာလည်း ရှင်မအိပ်နဲ့တော့ ... ”

“ဟာ ... မြတ်သောမေ၊ ဒါ ... ဒါဆို မင်းက ငါ့ကို တကယ်ချစ်ခဲ့တာ ... ”

“ရှင်မယုံရင် ရှင့်အိမ်ကလေးပေါ်ကိုရောက်မှ ကျွန်မ သက်



www.burmeseclassic.com

www.burmeseclassic.com



သေပြမယ်လေ ...”

“မေရာ ... မင်း ... မင်း ...”

နေနန်းတော် ဘယ်လိုမှစိတ်မထိန်းနိုင်တော့သလို ... မေ့ကိုလည်း ကျုံးပွေ့ဖက်ပစ်လိုက်တာလည်း အားရပါးရ။

“ဟေး ... ဟေး ... မိုက်တယ် ... မိုက်တယ်ကွ၊ ဖက်ထား ဖက်ထား ... မမမေကို မလွတ်အောင် သေသေချာချာဖက်ထား။ ဟား ... ဟား ...”

“ဟောဗျာ ...”

အသံတွေကြားလို့ နောက်ကိုလှည့်ကြည့်လိုက်တော့မှ သူတို့နှစ်ယောက်နောက်ကို လမ်းလျှောက်လိုက်လာကြတဲ့လူတွေက တစ်ပုံကြီး။

“ဟယ် ... ကြည့်စမ်း ... အိုးလေး ...”

အိုးလေးက လက်ခုပ်တဖြောင်းဖြောင်းတီးရင်း ခုန်ပေါက်ပျော်ရွှင်နေသလို ကြီးကြီးမိုးတို့ သူ့ဆရာဦးဇော်တို့ ညီမလေး ပန်းမြတ်ချယ်နဲ့ ဦးမင်းသိက္ခာတို့ပါမကျန် အိုးလေးနောက်ကနေ စီတန်းပြီးတော့ လိုက်လာကြတာလေ။

“ဟုတ်တယ် ... နေနန်းတော်ရေ ... မင်းညီမလေး ပန်းမြတ်ချယ်က သူ့ကိုကြီးကို စိတ်မချလို့ဆိုပြီး ငါတို့အားလုံး မင်းနောက်ကို လိုက်လာကြတာ ... ပန်းမြတ်ချယ်က သူ့ကိုကြီးစိတ်ဓာတ်ကိုသိတယ်တဲ့ ... ဘယ်သူ့ကိုမှ လက်မထပ်ဘဲ အဝေးကို ထွက်သွားမှာ သေချာတယ်ဆိုလို့ ...”





“ကိုကြီး ...”

“ညီမလေး ...”

မောင်နှမနှစ်ယောက်ရဲ့အပြုံးလေးတွေက ဝင်းလက်နေကြသလို အားလုံးရဲ့ပျော်ရွှင်ခြင်းတွေက ရင်ခုန်သံတွေကို ညံသွားစေခဲ့လျှက်။

ပြောရရင် မေဖြစ်ချင်ခဲ့တာ။

ချစ်သူနမ်းမယ့် ပန်းပဲဖြစ်ချင်ခဲ့တာပါ။

ခုတော့ ... အားလုံးလည်း ပျော်ရွှင်ခဲ့ရပါပြီ။

မိုးရထားလမ်းတစ်လျှောက်မှာလည်း လေပြေလေညှင်းလေးတွေက တသွင်သွင်လေး တိုက်ခတ်လို့လာနေခဲ့ချေပြီ။

စာဖတ်ပရိသတ်အပေါင်းကို
လေးစားချစ်ခင် ကျေးဇူးတင်လျှက်
လွန်းတမို



www.burmeseclassic.com